

www.burmeseclassic.com
ဂျူ
အဆိပ်ပင်လယ်
BURMESE CLASSIC
အချစ်
လုံးချင်းဝတ္ထုသစ်
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဖေဖော်ဝါရီလ၊ ၂၀၁၆ ခုနှစ်

ထုတ်ဝေသူ
ဦးမြိုးကျော်သူ (၀၀၇၇၇) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၀၀၂၄၀) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယ၃၀

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅.၈၃

လုံမ
အဆိပ်ပင်လယ် / လုံမ။ – ရန်ကုန်၊
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၆
၂၆၀ စာ၊ ၁၂ × ၁၈ စင်တီမီတာ
(၁) အဆိပ်ပင်လယ်

# လုံမ

# အဆိပ်ပင်လယ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"အမယ်လေး . . . အမယ်လေး သေပါပြီ အဒေါ်မိုး . . . အဒေါ် ရ လုပ်ပါဦး . . . ကယ်ပါဦး၊ ကျွန်မဘယ်လိုမှမခံနိုင်တော့ဘူး၊ မခံ နိုင်တော့ဘူး၊ အား . . . အား အမယ်လေး သေပါတော့မယ်၊ သေရ တော့မယ် အဒေါ်မိုးရဲ့၊ ကျွန်မကိုမကယ်နိုင်ကြတော့ဘူးလား၊ လုပ်ပါ ကယ်ကြပါဦး"

အံကြိတ်တင်းခံထားသည့်ကြားမှ ဝေဒနာကိုမခံစားနိုင်လွန်းစွာ နိုင်ရဲ့အသံက ကျယ်လောင်လာသည်။ အခြေအနေမဟန်၍ လက် ဒေါ်မှူက ခပ်စောစောကပင် ပိုက်ဆံမယူတော့ဘဲ ထွက်ပြေးသွား သည်။

"ဟဲ့ . . . မကြူ ဘယ်လိုလုပ်မှာလဲ၊ ငါ့တူမတော်တော်ခံနေရပြီ လက်သည်က စိတ်ချရတယ်ဆိုအေ့၊ နှုတ်လည်းလုံတယ်ဆိုလို့ ကိုပါ ပွဲစားခပေးထားတာနော်၊ အခု သူမနိုင်တော့လို့ ထွက်ပြေး တာမဟုတ်လား၊ ငါ့တူမတစ်ခုခုဖြစ်လို့ကတော့ ညည်းကိုပါတရားစွဲ မကြူ"

"မမိုးရယ် နေစမ်းပါဦး၊ ကျွန်မလည်းစဉ်းစားနေတာ ပေါင်း ထုပ္ပနေပါပြီ၊ ဒေါ်မှူလုပ်တာ အရင်လူတွေဘာပြဿနာမှ ရှိပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အားလုံးရှောရှောရှူရှူ အဆင်ပြေပြေချည်းပါပဲ၊ မမိုးတူမကျမှ ဘယ်လိုဖြစ်တယ်မသိပါဘူး''

''မသိပါဘူးလုပ်မနေပါနဲ့၊ ညည်းသေချာတယ်ဆိုလို့သာ ညည်းအိမ်ကိုလာလုပ်တာ၊ ဒို့ရပ်ကွက်ထဲဆို လူသိမှာစိုးလို့လာလုပ်ခါမှအေးကဲ . . . အခု ညည်းကဘာတွေစဉ်းစားနေတာလဲ၊ ဟိုကအသက်ထွက်တော့မယ်၊ သေလို့ကတော့အေ ညည်းအရင်ဆုံးအမှုပတ်မှာ''

''ကျွန်မကို ခြိမ်းခြောက်မနေပါနဲ့မမိုးရယ်၊ ပွင့်ဖူး ခံစားနေတာကြည့်ပြီး ကျွန်မလည်းသေလောက်အောင်ကြောက်နေပါတယ်၊ အခုမနိုင်မှ ဆေးရုံသွားလည်း တရားစွဲခံရမှာ သန္ဓေသားဖျက်ဆီးမှု သတ်မှုနဲ့ဖြစ်မှုမြောက်နေပြီ''

''အေးလေ၊ အဲဒါကြောင့် ဘာလုပ်မှာလဲလို့ မေးနေတာပေါ့''

''ကျွန်မစဉ်းစားမိတယ်၊ ကျွန်မတို့ ရပ်ကွက်ထိပ်ကကွန်ဒိုမှာနေတဲ့ အထူးကုဆရာဝန်မကြီးလေ၊ သူက အရမ်းကိုသဘောကောင်းတာ၊ ဟိုတလောက အဲ့ဖေမဆုံးခင် ကျန်းမာရေးမကောင်းတော့ ဆေးရုံလည်း မသွားနိုင်၊ အဲဒါ သူ့ကိုအကူအညီတောင်းတာ လာကြည့်ပေးတယ်၊ သူ့ကြောင့်အဖေ အသေကောင်းသွားတယ်ပြောရမှာပဲ၊ ဟိုဘက်လမ်းထဲက အသက်ရှစ်ဆယ်ကျော်အဘိုးကြီး ကျန်းမာရေးမကောင်းတာလည်း တစ်ရက်ခြားလာကြည့်ပေးတယ်တဲ့''

''အဲဒါဘာဖြစ်လဲ''

''သူ့ကိုအကူအညီတောင်းကြည့်ရမလားလို့ပေါ့၊ သူက မနိုင်ဆင်းရဲသားတွေအပေါ် ဂရုဏာစာနာမှုရှိတယ်၊ စိတ်ထားဖြူစင်တယ်၊ သနားအောင်တော့ပြောရမှာပေါ့၊ အမှုတွေဘာတွေပတ်မှာစိုးလို့ အိမ်မှာပဲ ကြည့်ပေးပါလို့ တောင်းပန်ကြည့်ရမှာပဲ''

''အဲဒါဆိုလည်း လုပ်လေအေ၊ မခံစားနိုင်လို့ ဒီထက်ပိုအော်ရင်



ညည်းအိမ်ပတ်ဝန်းကျင်ကသိလို့ အရှက်ကွဲနေပါဦးမယ်''

''အိမ်ခြေကအလှမ်းဝေးပါတယ်၊ ဒီအချိန်ဆို သူ့အလုပ်ကိုယ့်အလုပ်နဲ့ အိမ်တွေမှာလည်း လူသိပ်မရှိပါဘူး။ ကဲ ကျွန်မသွားကြည့်လိုက်ဦးမယ် ပွင့်ဖူးကိုပေါ့ မမိုးရယ်''

ကြောက်လန့်ထိတ်ပျာစွာနှင့်ပင် မကြူထွက်သွားသည်။ ပွင့်ဖူးဒိုင်ကတော့ ဝေဒနာကိုလူးလှိမ့်ကာခံစားရင်း အံကြိတ်အော်ဟစ်ညည်းညူနေဆဲပါ။ ကံမကောင်းလျှင် အသက်ပါပါသွားနိုင်တာမို့ . . .။

OOO

[redacted]

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

"ဒီလိုကိစ္စဆိုတာ အရမ်းကိုအသက်အန္တရာယ်နဲ့ နီးစပ်တယ်၊ ကြိုတင်ကာကွယ်လို့ရရဲ့နဲ့ ဘာလို့ဒီလိုတွေဖြစ်မှလုပ်ရတာလဲ၊ ဆရာမသာ အချိန်မီရောက်မလာနိုင်ရင် မတွေးဝံ့စရာပဲ"

"ဟုတ်ကဲ့ အဲဒါကြောင့် ဆရာမကြီးကိုအရမ်းကိုကျေးဇူးတင်နေတာပါ၊ တူမလေးအသက်ကို ဆရာမကြီးက ကယ်လိုက်တာပါပဲ၊ တကယ်ကိုကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်တာထက် နောက်ထပ်အဲဒီလိုကိစ္စမျိုးတွေထပ်မဖြစ်ဖို့ အရေးကြီးပါတယ်၊ ပြီးတော့ ဒီလိုကိစ္စမျိုးနဲ့ဆိုရင် ဆရာမကို လာမခေါ်ကြပါနဲ့၊ ဆေးရုံကိုသာသွားကြပါ၊ အခုက အရမ်းကို ပွင့်ဖူးလေးကံကောင်းသွားလို့ အသက်ရှင်တာ၊ ချွေးကိုပြန်သွားတာပဲ"

တကယ်ကို ဆရာဝန်မကြီး ခေါ်နှင်းယုလှိုင် ကျွမ်းကျင်ပါးနပ်လွန်းလို့သာပါ။ စေတနာထားကာ သနားကရုဏာသက်တတ်သူမို့ လိုက်လာခဲ့လို့သာတော်သေး၏။ သွားခေါ်တုန်းက ဒီကိစ္စလို့ပြောလိုက်တာနှင့် အင်တင်တင်ဖြစ်နေသေးသည်။ ဆေးရုံကိုပဲဖွတ်သွားခိုင်းတော့ ...

"လုပ်ပါ ဆရာမရယ်၊ ကူညီပါနော်၊ ကောင်မလေးက အသက်နှစ်ဆယ့်ငါးနှစ်ပဲရှိပါသေးတယ်၊ ချစ်သူနဲ့လက်ထပ်မယ်ဆိုပြီးအတူနေရင်း



ထားယွင်းသွားတာပါ၊ အခုမှကောင်လေးက နိုင်ငံခြားအလုပ်သွားလုပ်မယ်ဆိုပြီး အဲဆက်အသွယ်ပါဖြတ်သွားတာ၊ ဖအေမရှိဘဲ ဒီကလေးကို ဘယ်လိုမွေးမလဲ၊ အပျိုဂုဏ်လေးနဲ့မှ ရှေ့ဆက်လုပ်ကိုင်စားလို့ရမှာပါ၊ ဒီအတိုင်းဆို ပတ်ဝန်းကျင်တံတွေးခွက်ထဲ ပက်လက်မျောပြီး အရှက်ရသေရုံပဲရှိလိမ့်မယ်၊ အခုလည်း လက်သည်ကအဆုံးထိမလုပ်ရဲလို့ သေလုဖြစ်နေပါပြီ၊ အသက်တစ်ချောင်းကို ကယ်တင်ပေးပါ ဆရာမကြီးရယ်၊ ကောင်းပန်ပါတယ်နော်၊ ကျွန်မကန်တော့လည်း ကန်တော့ပါတယ် ... ဆရာမကြီးရယ်"

မကြူ့ အပြောကောင်း အငိုကောင်းလို့သာ အားနာနာနှင့်လိုက်လာခြင်းဖြစ်သည်။ ဒီကိုရောက်တော့ ပွင့်ဖူးခိုင် အော်ပင်မအော်နိုင်တော့ဘဲ အသက်ရှူဖို့တောင် ခက်ခဲသည့်အနေအထားဖြစ်နေသည်။ မီးယပ်အထူးကုဆရာဝန်မကြီးမို့ ကျွမ်းကျင်စွာ အမြန်ဆုံးလုပ်နိုင်လိုက်၍ ပွင့်ဖူးခိုင် အသက်ရှင်သန်လာခဲ့ခြင်းဖြစ်သည်။

ပွင့်ဖူးခိုင်က အားလျော့နွမ်းနယ်နေသည့်ကြားမှ ဆရာဝန်မကြီးကို လက်အုပ်ကလေးချီ၍

"ပွင့်ဖူးမှာ ဆရာမကြီးပေးတဲ့အသက်ပဲရှိပါတော့တယ်၊ ပွင့်ဖူးတကယ်ကို ဝေဒနာခံစားနေရတာ သေမတတ်ပါပဲ၊ ခဏလေးအတွင်းမှာ မခံစားနိုင်လွန်းလို့ ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့တောင် စဉ်းစားလိုက်သေးတယ်"

"အဲဒီလိုလုပ်လိုက်ရင် သန္ဓေသားဖျက်ဆီးမှု ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်မှုတွေနဲ့ ပြစ်မှုတွေတိုးလာမှာပေါ့၊ သေသွားရင်တောင် ဒီအပြစ်ကလွတ်မှာမဟုတ်ဘူး၊ ဒီလိုကိစ္စဆိုတာ မဖြစ်ခင်က တားဆီးရမှာပါကွယ်၊ အခုခေတ်မှာ တားဆီးလို့ရတဲ့ ခေတ်မီဆေးဝါးတွေ အများအပြားဒီလောက်တောင်ရှိနေတာ အခုဘယ်လောက်တောင် အန္တရာယ်

[redacted]

www.burmeseclassic.com



များထားလဲ၊ ကံမကောင်းရင် သေသွားနိုင်တယ်''

''ပွင့်ဖူးတော်တော်လေး နောင်တရမိပါတယ်၊ သူများအသက်ကို သတ်ရင်းနဲ့ ကိုယ့်အသက်လည်း သေမတတ်ခံစားလိုက်ရတယ်၊ တကယ်ကိုနောင်တရမိသွားတာပါ''

''သူများအသက်မဟုတ်ဘူး၊ အဲဒါပွင့်ဖူးရဲ့သန္ဓေသား မိခင်စိတ်လေးသာရှိရင် ဒီလိုမျိုးဖျက်ဆီးရက်ပါ့မလား။ ပွင့်ဖူး အရမ်းကိုမှားတယ်''

''ပွင့်ဖူး နားလည်ပါတယ်၊ ဒါပေမဲ့ လင်ကောင်မပေါ်ဘဲ ကလေးမွေးရင် လောကမှာ ဘယ်လောက်တောင်အရှက်ရလိုက်မလဲ၊ ဒီလောကထဲ ပွင့်ဖူးဘဝ ပွင့်ဖူးရပ်တည်ရဦးမှာလေ၊ ပွင့်ဖူးတို့လို လူတန်းစားအတွက် ကလေးတစ်ဖက်နဲ့ ရုန်းကန်ဖို့ အရမ်းကိုခက်ခဲပါတယ်''

''အဲဒီလိုတွေဖြစ်မယ်မှန်းသိရင် အစကတည်းက ဆင်ခြင်သင့်တာပေါ့ကွယ်၊ ယောကျ်ားတွေကို ဘာကြောင့်များလွယ်လွယ်ယုံလိုက်ရတာလဲ၊ အသက်နှစ်ဆယ့်ငါးနှစ်ဆိုတာ မနုမနပ်အပျိုပေါက်အရွယ်လေးလည်း မဟုတ်ဘဲနဲ့''

''ဟုတ်ပါတယ် ဆရာမကြီး၊ ပွင့်ဖူးအရမ်းကိုမှားသွားပါတယ် ချစ်သူကို အိမ်ထောင်ဖက်အဖြစ် အားကိုးမိလိုက်တာပါ၊ နောက်တော့ သူက မိဘစကားနားထောင်ပြီး နိုင်ငံခြားကို အလုပ်လုပ်ဖို့ထွက်သွားတယ်၊ ဆိုးတာက သူ့မိဘကသဘောမတူဘူးဆိုပြီး ပွင့်ဖူးကိုပါ တစ်ခါတည်း အဆက်အသွယ်ဖြတ်သွားခဲ့တာပါပဲ''

ဒေါ်နှင်းယုလှိုင် စိတ်မကောင်းသလို ခေါင်းလေးခါသည်။

''မိန်းကလေးဘဝဆိုတာ ဒီလိုပဲ၊ ဘဝအတွက် အားကိုးပြီး ပုံအပ်လိုက်ရင် အညှာလွယ်တယ် အထင်သေးခံပြီး၊ ခြေတော်တင်လို့ အားရမှစွန့်ပစ်ခံရတာမျိုးလည်းရှိတတ်တယ်၊ မိန်းမသားဘဝဆိုတာ ပန်းကလေးနဲ့တူတယ်၊ အပင်ပေါ်မှာလန်းဆန်းလှပနေတဲ့ အချိန်လေးမှာ



တန်ဖိုးရှိတာ၊ ခူးဆွတ်နမ်းရှိုက်ပြီး အပန်ခံလိုက်ရပြီးပြီဆိုရင်တော့ ပန်းဆိုတဲ့အမျိုးက နွမ်းခြောက်သွားတတ်တာပဲလေ၊ အဲဒီအချိန်ကျရင် စွန့်ပစ်ခံလိုက်ရတာထုံးစံပဲ''

''ဟုတ်ပါတယ် ဆရာမကြီးပြောတဲ့စကားတွေ တန်ဖိုးရှိလိုက်တာ၊ ပွင့်ဖူးမှာ အဲဒီလိုဆုံးမသွန်သင်ပြောဆိုမယ့်မိဘမရှိပါဘူး၊ ဒေါ်လေးကလည်း သူ့ဘဝအတွက် သူရုန်းကန်နေရတာဆိုတော့ ပွင့်ဖူးကိုလေးလေးနက်နက်မဆုံးမနိုင်ဘူးလေ၊ ဆရာမကြီးကို ပွင့်ဖူးမိဘနေရာမှာ ထားလိုက်ပါပြီ၊ ညတိုင်းစိတ်ကရည်မှန်းပြီး ရှိခိုးပြီးမှအိပ်ပါ့မယ်''

''ဩော်. . . အေးပါကွယ်၊ ဒီလိုစိတ်လေးရှိတာနဲ့တင် နောက်မမိုက်တော့ဘူးလို့ ဆရာမကြီး ယုံကြည်လိုက်ပါ့မယ်''

တကယ်ကို ပွင့်ဖူးခိုင်လေးကစိတ်ထားနူးညံ့သူလေးပါ၊ စကားသံချိုချိုလေးဖြင့် ကလန်ကဆန်လုပ်ခြင်းမရှိဘဲ ဆုံးမသွန်သင်တာကိုနာခံတတ်တာလေးက လိမ္မာယဉ်ကျေးသူဟုသတ်မှတ်လို့ရသည်။ နွမ်းလျမောပန်းနေသော်လည်း ပြောသမျှစကားများကို နားလည်စွာလက်ခံပေး၏။

ဆေးရုံမှာ ဒီလိုအခက်အခဲဖြစ်ကာရောက်လာသည့် မိန်းကလေးပေါင်းများစွာကို ဆေးကုသပေးပြီး ပညာပေးဆုံးမစကားများပြောဖူးသမယ့် ဝေဒနာကလွတ်မြောက်သွားလျှင် မနာခံချင်သလို တစ်ဖက်ကိုလှည့်သွားကြတာများ၏။ တချို့ကျတော့လည်း နောင်တရသလို ကျေးဇူးတင်ပါသည်ဟု အထပ်ထပ်ပြောသွားကြသည်။ အခုခေတ်မိန်းကလေးတွေ ဘာကြောင့်များ ကိုယ်ကျင့်တရားဂုဏ်သိက္ခာတွေကို တန်ဖိုးမထားအရှက်အကြောက်မရှိကြတာပါလိမ့်။

ပွင့်ဖူးခိုင်က ရုပ်ရည်လေး ချောချောမောမော လှလှပပလေးနှင့် နှမြောစရာကောင်းလိုက်တာ၊ ဘယ်လိုများဖြစ်ရတာပါလိမ့်။

○○○

www.burmeseclassic.com

## အခန်း (၃)

"ဘယ်လိုဖြစ်ရတာလဲမသိဘူး၊ ဆရာဝန်မကလည်း ဆေးကုမှာကုသွားတာမဟုတ်ဘူး။ တရားကဟောသွားသေးတယ်၊ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ပေါ့ အရစ်ကိုရှည်တယ်"

"ဪ ... မမိုးရယ်၊ ဒီလိုကိစ္စမျိုးဆေးကုဖို့ကြုံလာရင် မိန်းကလေးတွေ နောက်ထပ်အမှားမလုပ်အောင် ဒီလိုတွေဆုံးမသြဝါဒပေးရတာထုံးစံပဲ။ ဆရာဝန်ဆိုတာလည်း ဆေးကုရုံသက်သက်မဟုတ်ဘူး။ ပညာရှင်တွေအားလုံးက ပရဟိတပါတွဲလုပ်နေကြတော့ စေတနာတွေပါပါမှဖြစ်တာ"

"ညည်းပဲတော်တော်တတ်တယ်မကြူ၊ ငါကဖြစ်သင့်တာကိုပြောတာ၊ အဲဒီလိုပြောဆိုဆုံးမနေရအောင် သူ့ဆွေမျိုးသားချင်းမို့လို့လား။ ငါ့သာဆို အာညောင်းခံမနေဘူး"

"အဲဒါကြောင့်ပဲ ပွင့်ဖူးနိုင် ဒီလိုဖြစ်သွားတာမဟုတ်လား။ အဒေါ်ဆိုပြီးနေသာသလိုနေတယ်၊ ဆုံးမသွန်သင်တာမျိုးမရှိလို့ ဒီလိုဖြစ်နေတာ၊ အဲဒီလိုမျိုး စပွန်ဆာမရှာလည်း ပွင့်ဖူးရုပ်ရည်နဲ့ လင်ကောင်းသားကောင်းတော့ ရနိုင်ပါတယ်"

"အမယ်လေး ... သူကိုယ်တိုင်က ဒီကိစ္စမျိုးဝါသနာပါနေတာ



ပါတော်၊ ကျုပ်ကပြောပါတယ်၊ မဟုတ်တရုတ်တွေနဲ့ညားမယ်၊ အကောင်ကြီး အမြီးရှည်ရှည်နဲ့ မဟုတ်ရင် အမိမဖမ်းနဲ့လို့၊ ဟိုကလူရည်လည်တော့ ခံရရောမဟုတ်လား။ နောက်ကြောင်းကိုလည်း ကြည့်ဦးမှပေါ့၊ အခုတော့ ကိုယ်ဝန်ဆောင်လိုက်ရင် သူ့ကိုမဖြစ်မနေလက်ထပ်မှာပဲလို့ မျှော်လင့်တာလေ၊ ညည်းအပြောကောင်းပြီး ဟိုဆရာဝန်မ ဆေးလာကုပေးလို့သာ အသက်ရှင်တာ၊ မဟုတ်ရင် တမလွန်ကိုကောင်းကောင်းကူးသွားပြီ"

"ဒေါ်လေးတို့ ဘာတွေဒီလောက်ဆူညံအောင်ပြောနေကြတာလဲ"

အပြင်ဘက်ကအသံတွေကြောင့် အိပ်ရာထဲလှဲနေရာမှ ပွင့်ဖူးနိုင်ထလာသည်။ ဆေးကောင်းသုံးထားတာမို့ တော်တော်လေးသက်သာသွားတာမို့ ပွင့်ဖူးနိုင် ထူထူထောင်ထောင်လေးဖြစ်နေ၏။ မကြူက ပွင့်ဖူးနိုင်လက်ကိုဆွဲကာ ဆက်တီခုံမှာထိုင်ခိုင်းပြီး

"ထိုင်စမ်းပါဦးအေ၊ ညည်းအဒေါ်က ဟိုဆရာဝန်မကို ကျေးဇူးတင်ရမှန်းမသိဘဲ အပြစ်တင်နေလို့ ငါပြောနေရတာပါ"

"ဒေါ်လေးမိုးက ဘာလို့များအပြစ်တင်နေရတာလဲ၊ သူ့ကြောင့်သာ ပွင့်ဖူးအသက်ရှင်လာတာ၊ အဲဒီဝေဒနာမျိုးနောက်တစ်ခါခံရမှာ သေလောက်အောင်ကိုကြောက်မိတယ်"

"ငါက သူစကားများများပြောတာ မကြိုက်တာပါ၊ ကိုယ့်အလုပ်ကို တာဝန်ကျေအောင်လုပ်သွားရင် ပြီးပြီပေါ့"

"ဪ ... ဒါကလည်း တော်တန်ရုံစေတနာလောက်နဲ့ပြောနေပါ့မလား။ သူ့ကိုဆရာဝန်မကြီးနဲ့ ဒီထက်သိကျွမ်းခင်မင်ရင်းနှီးဖို့တောင်ကြိုးစားရဦးမယ်"

"ဟဲ့ ... ဘာဖြစ်လို့လဲ၊ နောက်တစ်ခါ ဒီလိုဖြစ်ရင် ငိုက်ချက်ချခိုင်းရအောင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အာ . . . ဟုတ်ပါ့မလား ဒေါ်လေးမိုးရဲ့၊ ဒီလိုအဆင့်အတန်းရှိတဲ့သူနဲ့ သိကျွမ်းခင်မင်ရတော့ ဂုဏ်ရှိတာပေါ့၊ ဒါနဲ့ဒေါ်လေးကြူ သူ့မှာအိမ်ထောင်ရှိလား။ အပျိုကြီးလား"

"အပျိုကြီး ဘယ်ဟုတ်ရမှာလဲ၊ အိမ်ထောင်ရှိတယ်၊ သူ့ထက်ဆယ်နှစ်လောက်ငယ်မယ်ထင်တယ် ယောက်ျားက၊ သားတစ်ယောက်လည်းရှိတယ်၊ ဒါပေမဲ့ နိုင်ငံခြားကျောင်းတက်ခိုင်းထားတာထင်တယ်၊ ဒီမှာတော့မတွေ့ဘူး"

"အထူးကုဆရာဝန်မကြီးဖြစ်ဖို့အတွက်တော့ နောက်ခံအသိုက်အဝန်း တောင့်တင်းလို့နေမှာပေါ့"

"အိုကွယ် . . . သိန်းလေးငါးထောင်တန်ကွန်ဒိုမှာနေနိုင်တဲ့အဆင့်အတန်းဆိုတာ မှန်းကြည့်ပေါ့၊ ကိုယ်တိုင်ရှာဖွေနိုင်ရုံနဲ့တော့ ဒီလိုနေနိုင်မှာတဲ့လား။ တို့တွေအတွက်တော့ ထီသုံးခါလောက်ဆုကြီးပေါက်တောင် မမျှော်မှန်းနိုင်တဲ့ဘဝ"

"အဟင်းဟင်း . . . လူ့ကံဆိုတာပြောလို့ရမလား ဒေါ်လေးကြူရဲ့၊ အခုတဲကုတ်မှာနေရပေမယ့် တော်ကြာရွှေဘုံပေါ်မှာ မစံရဘူးလို့ပြောနိုင်မလား"

ပွင့်ဖူးခိုင်စကားကို ဒေါ်မိုးဝေ နှုတ်ခမ်းမဲ့ကာလျောင်သည်။

"ပွင့်ဖူးခိုင်တို့ကတော့ ပြောလိုက်ရင် အကြီးကြီးတွေချည်းပဲ၊ လုပ်ရပ်ကသာ ဒီအချိန်ထိ ဘာမှဖြစ်မလာသေးတာ"

"အချိန်မကျသေးလို့ပေါ့ ဒေါ်လေးမိုးရယ်၊ ပွင့်ဖူးကို ကံတရားက ဒီအတိုင်းကြည့်မနေပါဘူး။ ကံကောင်းရင်သာ ဒေါ်လေးမိုးကို မေ့သွားတယ်မပြောနဲ့"

"ညည်းက ကျေးဇူးကန်းဖို့ ကြံပြီးစဉ်းစားထားတယ်ပေါ့လေ၊ ငါသာစောင့်ရှောက်မထားရင် ညည်းမိဘတွေသေကတည်းက ညည်း



လမ်း ဘေးရောက်နေပြီ"

"စတာပါ ဒေါ်လေးမိုးရဲ့၊ ပွင့်ဖူးက အဲဒီလိုလုပ်ပါ့မလား။ တစ်ဦးတည်းသော ဆွေမျိုးအရင်းကြီးဒေါ်လေးကို၊ ပွင့်ဖူးချမ်းသာလို့ကတော့ အိမ်ဦးခန်းမှာတင်ထားမှာ"

"အမယ်လေး . . . အဲဒီစကားကြားတာနဲ့တင် ကျုပ်ကကျေနပ်နေပါပြီ၊ ဒါပေမဲ့ ညည်း . . . ယောက်ျားတိုင်းကိုတော့ အချဉ်လို့မမှတ်နဲ့နော်၊ အတတ်နိုင်ဆုံး ဒီလိုကိစ္စမျိုးထပ်မဖြစ်စေနဲ့၊ မကြူအပြောကောင်းလို့ ဟိုဆရာမလိုက်လာလို့သာ ညည်းကံကောင်းသွားတာ၊ မဟုတ်လို့ကတော့အေ တွေးတောင်မတွေးရဲဘူး"

"ဒေါ်လေးမိုးကလည်း ဒါပဲထပ်ပြောနေတော့တာပဲ၊ ပွင့်ဖူး သိပါတယ်၊ အဲဒီလူကြီးမှာ သားသမီးတွေမရှိဘူး။ မိန်းမကြီးက ကလေးလည်းမမွေးနိုင်ဘူး။ ဒီလိုရင်သွေးလွှယ်လိုက်ရင် မိန်းမကြီးကိုကွာပြီး ပွင့်ဖူးကိုယူမှာပဲလို့ တွေးလိုက်လို့ပါ"

"ဟဲ့ . . . အခုခေတ်ယောက်ျားတွေကို ရင်သွေးတွေ ကလေးတွေနဲ့ စည်းရုံးဖြားယောင်းပြီး မမျှားစမ်းပါနဲ့၊ ဥ မခင်တော့ဘူး မ ခင်တဲ့ဟာတွေ၊ သားသမီးရှိကြတော့ရော သားသမီးမျက်နှာထောက်ပြီး မကွာရှင်း မပြတ်စဲတဲ့ အိမ်ထောင်ရေးဆိုတာရော ရှိကြလို့လား။ ကိုယ့်သာယာမှု ကိုယ်ရှာနေကြတဲ့လူတွေချည်းပဲ"

"အဟင်းဟင်း . . . ဒေါ်လေးမိုးပြောမှ ပိုပြီးသဘောပေါက်တော့တယ်၊ ကဲပါ ပွင့်ဖူးလည်း သက်သာနေပြီပဲ၊ အဲဒီအကြောင်းတွေ မပြောပါနဲ့တော့"

"ဟဲ့ . . . ငါကပြောချင်လို့ပြောနေတာမဟုတ်ဘူး။ ငါက ညည်းကိုဆုံးမသွန်သင်မှုမရှိဘူးလို့ မကြူအပြစ်တင်နေလို့ပြောနေရတာ၊ ငါက ညည်းကို လင်ကောင်းသားကောင်းရစေချင်လို့ ရွေးချယ်ခိုင်းနေတာ ပြော

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်စမ်းပါ''

''ဟုတ်ပါတယ် မမိုးက တော်ပါတယ်၊ သူကိုယ်တိုင်က တစ်ယောက်ပြီးတစ်ယောက် ရွေးချယ်ပြီး မကြိုက်တိုင်းကွာရှင်း ခွာပြနေလို့ တစ်ယောက်တည်းဖြစ်နေတာ''

''ဟဲ့ ... ညည်းလိုမုဆိုးမ မဟုတ်ရင်ပြီးတာပဲလေ၊ တစ်ယောက်တည်းအပိုင်ယူလိုက်တော့ ညည်းမှာမကောင်းလည်း ပေါင်းခဲ့ရတာပဲမဟုတ်လား၊ သားသမီးတွေမွေး၊ အရွယ်မရောက်ခင်နိုင်းစား၊ လင်တွေမယားတွေရကုန်၊ လင်ဆိုးမယားတဖားဖားနဲ့ ကိုယ့်ဝမ်းစာကိုယ်လည်း ရှာစားရသေး၊ လင်လည်းပြုစုရသေး၊ သေမှညည်းဝဋ်ကျွတ်သွားတာ မဟုတ်ဘူးလား''

ဒေါ်မိုးဝေပြောတာ မှန်နေတော့ မကြူရယ်နေသည်။ ဒေါ်မိုးဝေနှင့် မကြူတို့က ငယ်သူငယ်ချင်းတွေပါ။ ငယ်ငယ်ကတည်းက ပေါင်းသင်းလာကြပေမယ့် အခြေအနေချင်းမတူတာမို့ အမြဲလိုမတွေ့ကြဘဲ တစ်ခါတစ်ရံမှသာတွေ့ဖြစ်ကြသည်။ အရေးအကြောင်းဆိုလျှင်တော့ နှစ်ယောက်ဆုံဖြစ်ကြသည်။ အခုလည်း ပွင့်ဖူးခိုင် ဒီလိုဖြစ်တော့ မကြူကို အကျိုးအကြောင်းတိုင်ပင်ရင်း မကြူက သူတို့ရပ်ကွက်ထဲမှာ ဒီလိုကလေးဖျက်ချပေးသည့် လက်သည်ရှိသည်ဆို၍ တူအရီးနှစ်ယောက်လာခဲ့ကြခြင်းပင်။ ဒီရောက်မှ လက်သည်က မကျွမ်းကျင်မှန်းသိကြသည်။ ဆရာဝန်မကြီးဒေါ်နှင်းယုလိုင်သာ မကယ်လျှင် ပွင့်ဖူးခိုင်အသက်သေမှာ သေချာ၏။ ဒီလိုဖြစ်မှ ဆေးရုံသွားလည်း အရှက်တကွဲအကျိုးနည်းကာ မလွယ်ဘူး မဟုတ်လား။

ဟူး ... အခုမှပဲ သက်မမောတွေချနိုင်ကြတာ ...။

ဝဝဝ

# အခန်း (၄)

''မမလှိုင် ထတော့လေ၊ ဒီနေ့ဆေးရုံကြီးမှာ ဂျူတီဝင်ရဦးမှာဆို၊ မောင် မနက်စာစီစဉ်ထားတယ်''

''အင်း ... မောင်ကလည်း စောသေးတယ်မဟုတ်လား၊ မမလှိုင် ညကဆေးပညာစာအုပ်တွေ ပြန်လှန်လာပြီးဖတ်နေတာ အိပ်ရာဝင်နောက်ကျသွားလို့ပါ၊ မောင်ကတော့ စောစောအိပ်သွားပြီး မမလှိုင်ကိုတော့ မစောင့်ဘူး''

အိပ်ရာထဲက ဒီဘက်စောင်းလှည့်ရင်း ပြောလိုက်သော မမလှိုင်စကားကြောင့် နဖူးလေးကို ခပ်ဖွဖွနမ်းမွှေးကာ ချော့လိုက်ရသည်။

''မောင်ကကုမ္ပဏီမှာ ပင်ပန်းလာလို့ပါ မမလှိုင်ရယ်၊ နိုင်ငံခြားကနေ ပစ္စည်းသစ်တွေ တင်သွင်းဖို့အတွက် ဝန်ထမ်းတွေနဲ့ မီတင်ထိုင်လိုက်၊ ဥက္ကဋ္ဌနဲ့ ဒါရိုက်တာအဖွဲ့ဝင်တွေနဲ့ မီတင်ထိုင်လိုက်၊ ပစ္စည်းတင်မယ့် နိုင်ငံခြားက ပါတနာတွေနဲ့ ဆွေးနွေးလိုက်၊ ဒီဘက်အခက်အခဲတွေ ဆင်ပြလိုက်နဲ့ အခုတလော စိတ်ရောလူရောကို အနားမရဘူး၊ အဲဒါကြောင့် မမလှိုင်အပေါ်ဝတ္တရားပျက်ကွက်မှုလေးတွေဖြစ်သွားတာ ခွင့်လွှတ်နော်''

''မမလှိုင် နားလည်ပါတယ်၊ ခွင့်လွှတ်ပါတွေ ဘာတွေပြော

[redacted]

www.burmeseclassic.com



မနေပါနဲ့၊ မောင်သာ ပင်ပန်းတယ်ညည်းညူရင်းနဲ့ ဒီအလုပ်ကို စိတ်ပျက်စိတ်ကုန်သွားမှာစိုးရိမ်တာ''

''စိတ်ပျက် စိတ်ကုန်စရာလား မမလှိုင်ရယ်၊ ဒီလုပ်ငန်းအတွက် မောင်ဂုဏ်သိက္ခာရှိဖို့ဆိုပြီး မမလှိုင်ဘယ်လောက်တောင် ရင်းနှီးမြှုပ်နှံထားရလဲ မောင်သိပါတယ်၊ အခုဆို ရှယ်ယာများများထည့်နိုင်လို့ MD ရာထူးတောင်ရနေပြီ၊ ဒီလုပ်ငန်းမှာ လူရာဝင်ဆံ့ပြီး ဂုဏ်သိက္ခာမြင့်မားလို့ မောင်ပျော်နေပါပြီ၊ ပင်ပန်းတယ်လို့ ညည်းတာကလည်း မောင်မလုပ်ချင်မလုပ်နိုင်လို့ မဟုတ်ပါဘူး၊ မမလှိုင်အပေါ်ဝတ္တရားပျက်ကွက်မှုလေးတွေရှိခဲ့ရင် မောင့်ကိုနားလည်ပေးစေချင်လို့ပါ''

''နားလည်ပေးပါ့မယ်ရှင်၊ ဒါပေမဲ့ အမြဲတမ်းကြီးတော့ မဟုတ်ဘူးနော်၊ မမလှိုင်က မောင့်အပြုအစုတော့ခံချင်တယ်၊ မောင့်ကို ပိုချစ်လာလို့ပဲလား၊ အသက်ပိုကြီးလာလို့ပဲလားမသိဘူး၊ မောင်နဲ့အမြဲတမ်းကြင်ကြင်နာနာနေချင်တယ်၊ သားကလည်း အနားမှာမရှိတော့ ဘာကိစ္စပဲဖြစ်ဖြစ် တိုင်တိုင်ပင်ပင်လေးလည်း ဖြစ်ချင်တာပေါ့၊ သားကိုမောနင်းဖုန်း ဆက်ပြီးပြီလားမောင်''

''အခုပဲဆက်မလို့ မမလှိုင်ရဲ့၊ မမလှိုင် အိပ်ရာထနောက်ကျနေတာနဲ့ အရင်နှိုးနေတာ''

''ကဲ ... ကဲ မမလှိုင်ထပြီ၊ သားကိုဖုန်းခေါ်လိုက်ပါဦး''

အိပ်ရာကထကာ ညအိပ်ဝတ်စုံကိုဆွဲဆန့် ဆံပင်တွေကို သေသပ်အောင်ဖြီးသင်ပြီး သားဆီဖုန်းခေါ်နေသည့် မောင့်အနားမှာဝင်ထိုင်လိုက်သည်။ မောင့်လက်ဖျားက မိမိပခုံးလေးတွေကို ဆုပ်ဖက်ထားရင်းနှင့်

''သားလေး မောနင်း''

''မောနင်းပါ ဒယ်ဒီ၊ မာမီရောနိုးပြီလား''



''နိုးပြီကွ၊ ဒယ်ဒီအာဘွားပေးမှပဲ မင်းမာမီအိပ်ရာကထတော့တယ်၊ အပျင်းကြီးနေတာလေ''

''အံမယ် မောင်နော်၊ သားကိုဘာတွေလျှောက်ပြောနေတာလဲ၊ မာမီ ညကဆေးစာအုပ်ဖတ်နေလို့ နောက်ကျတာသားရေ''

ဖုန်းကိုလုကာ အော်ပြောလိုက်တော့ မောင်ကဖုန်းကိုပြန်လုသည်။

''သား ... ဘရိတ်ဖတ်စ်ကို ကောင်းကောင်းဆွဲနော်၊ အဆာခံရုံလောက်မစားနဲ့၊ မနက်စာကို အဝစားထားမှ သားတစ်နေကုန် စာကောင်းကောင်းသင်နိုင်မှာ၊ နေ့လယ်စာချိန် အဆာခံရင်လည်း အစာအိမ်ရောဂါရမယ်နော်သား၊ အစားကိုတော့ ပုံမှန်စား၊ စာကိုလည်းကြိုးစား''

''ဟုတ်ကဲ့ပါ ဒယ်ဒီရဲ့၊ ဒီမှာတမ်းတွေက နေ့တိုင်းကြားနေရလို့ သားအလွတ်ရနေပါပြီ၊ ဒယ်ဒီရော သားဆီဘယ်တော့လာဦးမှာလဲ''

''ဒယ်ဒီလာဖြစ်သေးမှာမဟုတ်ဘူးသားရဲ့၊ ကုမ္ပဏီကိစ္စတွေနဲ့ အလုပ်ရှုပ်နေလို့၊ အေးအေးဆေးဆေးကျရင် မာမီ့ကိုပါခေါ်ပြီး သားကို လာတွေ့မှာပေါ့နော်သား''

''မာမီကျ၊ ဘာလို့ ဒယ်ဒီ့ကို အလုပ်လုပ်ခိုင်းရတာလဲ မသိဘူး အလုပ်မလုပ်ခင်ကမှ သားဆီကို ဒယ်ဒီသွားချေ ပြန်ချေလုပ်လို့ရသေးတယ်''

''နေဦး မောင်၊ မမလှိုင်သားနဲ့စကားပြောဦးမယ်''

သားပြောနေသည့် စကားသံတွေကြားနေရတာမို့ မောင့်ဆီက ဖုန်းကိုယူ၍ သားနှင့်ပြောရသည်။

''သား ... မာမီက သားဒယ်ဒီကို အလုပ်လုပ်ခိုင်းတယ်ဆိုတာ သားဒယ်ဒီရဲ့ဂုဏ်သိက္ခာကြောင့်ပါတယ်သားရဲ့၊ သူ့ကိုရှင်က

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမခိုင်းဘဲ သားနဲ့ပတ်သက်တဲ့ ဝေယျာဝစ္စတွေပဲလုပ်ခိုင်းနေတော့ သားအဘိုးအဘွားတွေက မိန်းမထဘီနားခိုစားတဲ့ကောင်ဆိုပြီး အထင်သေးချင်ကြတယ်လေ၊ တခြားကုမ္ပဏီတွေလက်အောက်မှာလည်း လခစားပုံစံမျိုးနဲ့ မာမီကမခိုင်းရက်ခဲ့လို့ပါ၊ အခုက သားဘွားဘွားဆုံးပြီး အမွေခွဲလိုက်တော့ အရင်းအနှီးလုပ်ဖို့ ငွေတွေရလာတယ်၊ အဲဒီအရင်းအနှီးတွေကို ကုမ္ပဏီကြီးမှာ မြှုပ်နှံလိုက်တော့ ရာထူးကြီးနဲ့နေရာရလာတယ်၊ ပင်ပန်းတာလည်း မဟုတ်ဘူး၊ သက်သောင့်သက်သာပဲ မဟုတ်လားသားရဲ့''

''အဲဒီလိုလုပ်ပေးလိုက်တော့ အဘိုးကဒယ်ဒီ့ကို ဘာမှမပြောဘူးလား''

''အဘိုးကတော့ အရင်ကတည်းက အဘွားလောက်စကားများများမပြောတဲ့သူပဲလေ၊ နေရာကောင်းကောင်းရဖို့ အလုပ်ကောင်းကောင်းလုပ်ဖို့လိုတယ်၊ ဂုဏ်သိက္ခာရှိအောင် နေတတ်ဖို့လိုတယ် ယောကျာ်းဆိုတာ ရှေ့ကပဲဦးဆောင်ရမယ်လို့ သင်ထားတာလောက်ပါပဲ အဲဒါကြောင့် သားဒယ်ဒီက အလုပ်တွေကြိုးစားနေရလို့ သားဆီမလာနိုင်တော့တာပါသားရဲ့''

''ဟုတ်ပါပြီ မာမီ၊ သားနားလည်ပါပြီ၊ ဒါပေမဲ့ မောနင်းနဲ့ နိုက်ကိုတော့ သားဖုန်းဆက်ဖို့ ဒယ်ဒီရော မာမီရော မမေ့နဲ့နော်၊ သားက အဝေးမှာနေရတာ၊ ဒယ်ဒီနဲ့ မာမီ့အသံလေးကြားပြီး အားတင်းထားတာဗျ''

''ဟုတ်ပါပြီရှင်၊ ဟုတ်ပါပြီ၊ သားဒယ်ဒီနဲ့ဖုန်းပြောလိုက်ဦးလေ''

''ဟုတ်ကဲ့''

သားက မအေထက် ဖအေကိုပိုချစ်သူမို့ ဖုန်းလွှဲကာပေးလိုက်ရသည်။ ဖအေဖြစ်သူကလည်း သားကိုအလွန်ချစ်သူပါ။ ဖုန်းဆက်ပြီး



စကားတမ်းချွေလို့မပြီးနိုင်။ ညဘက်ဆိုလည်း ဘာတွေပြောနေကြမှန်းမသိ။ မောင်ရယ် ဘာတွေများသားအဖနှစ်ယောက် ဒီလောက်ကြာအောင် ပြောနေရတာလဲဟု မေးပြီဆိုလျှင်၊ သားကမိဘရင်ငွေ့အရိပ်အောက်က ခွဲနေရတာ၊ သားအားမငယ်အောင် အားပေးစကားပြောနေရတာပေါ့။ တစ်ခါတလေတော့လည်း သားအိပ်ချင်လို့ ပုံပြောပြပါဆိုတော့လည်း ပြောရတာပေါ့ မမလှိုင်ရယ်တဲ့။

ဒီအရွယ်ကြီးမှာတောင် ဒီလိုတွေချွဲကြတုန်းပင်။ တကယ်ကို ချယ်စရာကောင်းသည့်သားအဖပါ။

''မမလှိုင် ... မောင်ဖုန်းပြောတာကို ဘာလို့ရယ်နေတာလဲ''

ဖုန်းပြောပြီးသွားသော ဦးမင်းဆက်ရာက သူ့ကိုကြည့်ကာ ရယ်နေတာကိုတွေ့သွားပြီး ဒေါ်နှင်းယုလှိုင်ကို မေးလိုက်ခြင်းဖြစ်သည်။ ဒေါ်နှင်းယုလှိုင်က ဦးမင်းဆက်ရာရဲ့ မေးဖျားလေးကို လက်နှစ်ဖက်ဖြင့်ညှပ်ကိုင်ပြီး

''မောင်တို့သားအဖ အလွမ်းသယ်တာကို သဘောကျလို့ပါ၊ သားက ဒီအမေထက်တောင် အဖေကိုပိုချစ်သလိုပဲ''

''ဒါကတော့ သားနဲ့မောင်က ပိုပြီးအနေနီးခဲ့တာကိုး မမလှိုင်ရဲ့ မောင်တို့လက်ထပ်ပြီး ကလေးရတော့ မောင့်မှာကျောင်းကိုအဝေးသင်နဲ့ ဘွဲ့ရအောင်ယူပြီး သားအနားမှာပဲနေခဲ့တယ်၊ မမလှိုင်ကတော့ အဲဒီအချိန်မှာ အထူးကုပါရဂူဘွဲ့တွေယူဖို့ စာတမ်းပြုစုဖို့ ဆေးစာအုပ်တွေ လေ့လာရ၊ ဆေးရုံမှာ ဂျူတီတွေဝင်ရနဲ့ မောင်တို့သားအဖအတွက် အချိန်လည်း မပေးနိုင် ဂရုလည်းမစိုက်နိုင်ခဲ့ဘူးမဟုတ်လား၊ မောင်ကတော့ အိမ်အကူရှိပေမယ့် သူ့မှာချက်ပြုတ်ရ အိမ်သန့်ရှင်းရေးလုပ်နေရတာမို့ သားကိုကိုယ်တိုင်ရေချိုးပေးတယ်၊ ထမင်းကျွေး မုန့်ကျွေး ကျောင်းပို့ကြိုနဲ့ နောက်ပြီးညကျတော့လည်း မမလှိုင် စာဖတ်နေတဲ့အချိန်မှာ

[redacted]

www.burmeseclassic.com



သားကိုမောင်ပဲ ချော့သိပ်ရ၊ ပုံပြောသိပ်ရနဲ့ အဲဒီလိုနေခဲ့ရတာမဟုတ်လား''

''အဲဒါကြောင့် သားကမောင့်ကိုပိုပြီး ခင်တွယ်တာမမလှိုင်နားလည်ပါတယ်၊ သားအဖချင်းချစ်တာ၊ ပိုပြီးတော့တောင် ကြည်နူးမိပါတယ်မောင်၊ အဲဒီအချိန်တွေက မမလှိုင်ကိုနားလည်ပေးခဲ့လို့လည်း ဒီနေ့အချိန်မှာ မောင့်ကို မမလှိုင်ပေးဆပ်နေတာပေါ့''

''ဘာလဲ မမလှိုင်''

''အဲဒီလို သားနဲ့ မမလှိုင်အတွက် မောင်အချိန်တွေပေးနေရတာကို မေမေတို့က မောင့်ကိုတစ်မျိုးမြင်ခဲ့တယ်မဟုတ်လား၊ အဲဒါကြောင့် ကုမ္ပဏီလုပ်ငန်းကို မောင့်နာမည်နဲ့လုပ်ခိုင်းတာပေါ့၊ သားအတွက်တော့ သူ့အဖေနဲ့ အမြဲမတွေ့နိုင်တော့တာ စိတ်မကောင်းပါဘူး။ သားကို ဒီလေးငါးနှစ်အတွင်း နိုင်ငံခြားမှာ ကျောင်းထားတာ အစပိုင်းလောက်ပဲ မောင်သွားနေနိုင်ခဲ့တယ်၊ အဲဒါကြောင့် သားက သူ့အဖေကိုအလုပ်လုပ်ခိုင်းရပါ့မလားဆိုပြီး ဒီအမေကိုစိတ်ကောက်ချင်နေတာနဲ့ စောစောက ရှင်းပြပြီး ချော့လိုက်ရတာလေ ဟင်းဟင်း''

ပြောရင်း ဒေါ်နှင်းယုလှိုင် ကြည်နူးစွာရယ်လိုက်မိသလို ဦးမင်းဆက်ရာကလည်း ဒေါ်နှင်းယုလှိုင်ရဲ့ ပခုံးလေးကိုဖက်ကာ ပြုံးလိုက်သည်။

''သားက အသက်ဆယ့်ရှစ်နှစ်ထဲသာရောက်လာတော့မယ် မရင့်ကျက်သေးဘူးပြောရမလား၊ ဒီအဖေနဲ့ အမေကို ချွဲချင်နေတုန်းပဲ မောင်လည်း သားကိုသတိရပါတယ်၊ မမလှိုင်က ပညာရေးကိုဦးစားပေးနေလို့ မမလှိုင်နဲ့သား အနေဝေးသလိုဖြစ်ခဲ့ရပေမယ့် သားနဲ့က လက်ပွန်းတတီးနေခဲ့ရတာ၊ ကျောင်းပိတ်ရက်တွေဆို အမေကိုတွယ်ကပ်နေမှာစိုးလို့ ကစားကွင်းကိုလိုက်ပို့ ရုပ်ရှင်လိုက်ပြ၊ မောင်တို့သားအဖမရောက်ဖူးတဲ့နေရာကိုမရှိဘူး''



''အင်း ... အဲဒီအချိန်တွေက မမလှိုင်ကိုနားလည်ပေးခဲ့လို့ မောင့်ကိုကျေးဇူးတင်ပါတယ်၊ မောင်ကသားအတွက် စိတ်ချရတော့ မမလှိုင်နောက်ဆံမတင်းဘဲ ပညာကောင်းကောင်းသင်နိုင်ခဲ့တာ၊ အခုတော့ အဲဒီအချိန်တွေလွန်မြောက်ပြီး မမလှိုင်တို့အေးအေးချမ်းချမ်းနေနိုင်ပြီ မဟုတ်လား''

ဒေါ်နှင်းယုလှိုင်စကားကြောင့် ဦးမင်းဆက်ရာ စိတ်ကောက်သလို နှုတ်ခမ်းချွန်သွားသည်။

''ဘာအေးအေးချမ်းချမ်းလဲ မမလှိုင်၊ အခုရော မမလှိုင်က မောင့်အတွက် အချိန်ဘယ်လောက်များပေးနိုင်လို့လဲ၊ ကုမ္ပဏီကိုရော ဘယ်နှခေါက်လာနိုင်လို့လဲ၊ ပုဂ္ဂလိကဆေးခန်းသုံးခုလောက်မှာ အချိန်ပိုင်းထိုင်တယ်၊ ပရဟိတအသင်းအဖွဲ့အစည်းတွေနဲ့ နယ်တွေဘက်ထိဆေးကုလိုက်တယ်၊ ဆေးရုံမှာလည်း ဂျူတီဝင်လိုက်သေးတယ်၊ ညဘက်ဆိုလည်း ဆေးစာအုပ်ဖတ်တဲ့အချိန်နဲ့ တစ်ခါတလေတွေးကြည့်ရင် မမလှိုင်နဲ့မောင်က ဝေးကွာနေသလို ခံစားရတယ်''

''ဟင်း ဟင်း မောင်က ကလေးကျနေတာပဲ၊ ကဗျာဆန်နေလိုက်တာ၊ မမလှိုင်တို့အရွယ်တွေလွန်လာကြပြီလေမောင်ရဲ့၊ ဒီလိုပရဟိတအလုပ်လေးတွေလည်း တွဲလုပ်ဦးမှပေါ့၊ ပုဂ္ဂလိကဆေးခန်းမှာထိုင်ပြီး ငွေရှာတယ်ဆိုတာလည်း မောင်နဲ့သားအတွက်ပဲလေ၊ သေရင် မမလှိုင်က မောင့်ထက်ဆယ်နှစ်တောင်ကြီးတာဆိုတော့ မမလှိုင်က အရင်သေမှာ၊ မောင်နဲ့သားအတွက် ငွေတွေအများကြီးရှာပြီးထားခဲ့ရမှာပေါ့''

''အဲဒီလိုမပြောပါနဲ့ ...၊ မမလှိုင်က မောင့်ထက်ဆယ်နှစ်သာ အသက်ကြီးပေမယ့် နုပျိုလန်းဆန်းနေပါသေးတယ်၊ မမလှိုင်အသက်လေးဆယ့်ရှစ်နှစ်ဆိုတာကို သူများတွေကယုံကြမှာမဟုတ်ဘူး''

''ဟင်းဟင်း ... မောင်အဲလိုပြောတာနဲ့ မမလှိုင်အသက်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်လောက်ပြန်ငယ်သွားသလိုပဲ''

''တကယ်ပြောတာပါ၊ မမလှိုင်ချောလွန်းခန့်လွန်းလှလွန်းလို့ ကျွန်တော်လှူပျိုပေါက်အရွယ် အသက်ဆယ့်ခြောက်နှစ်ကျော်လောက်ကတည်းက ချစ်ခဲ့ရတာ''

''ဖွဲ့ကောင်းကောင်းနဲ့ချစ်တတ်လို့လည်း မမလှိုင်ဥပေက္ခာမပြုရက်ခဲ့တာပေါ့၊ ဒါကြောင့်လည်း မိဘတွေတားတဲ့ကြားက လက်ထပ်ဖြစ်ခဲ့ကြတာ၊ အဲဒီအချိန်က ရင်တွေလည်းတုန် စိတ်တွေလည်းလှုပ်ရှားနဲ့ ပညာရေးကိုစွန့်လွှတ်ချင်လောက်အောင်ကို မောင့်ကိုချစ်ခဲ့ရတာ၊ အခုတော့ မရင့်ကျက်သေးတဲ့အရွယ်နဲ့ မောင့်ကိုလက်ထပ်ခဲ့မိပေမယ့် မမလှိုင်လူရွေးမှန်သွားတယ်လို့ ပြောရမယ်၊ မောင်ကလူကြီးလေးလိုပဲ၊ မမလှိုင်ကိုနားလည်ပေးတယ်၊ အလိုလိုက်တယ်၊ သားနဲ့ပတ်သက်ပြီးလည်း ဖြည့်ဆည်းပေးဆပ်တယ်''

မင်းဆက်ရာ သဘောကျကျေနပ်သွားစွာဖြင့်

''အခုရော မောင်ပဲဖြည့်ဆည်းပေးဆပ်နေရတာမဟုတ်ဘူးလား။ မနက်ဆို မောင်ပဲမမလှိုင်ကို အိပ်ရာကနိူးရတယ်၊ မချိုနဲ့အတူ မမလှိုင်ကြိုက်တတ်တဲ့ ဘရိတ်ဖတ်စ်ကို စီစဉ်ပေးရတယ်၊ နေ့လယ်ကျတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် အပြင်မှာပဲစားဖြစ်ကြတယ်၊ ညဘက်ကျတော့ တစ်ခါတလေ မမနိုင်က ခရီးထွက်ချင်ထွက်၊ မထွက်ဖြစ်လို့ အိမ်ပြန်စောပြီး ဆိုင်မှာစားရအောင်ဆိုတော့ မမလှိုင် အချိန်မပေးနိုင်ဘူး။ အလုပ်တွေများလို့ ကိစ္စတွေအရေးကြီးလို့ စာတွေဖတ်စရာပါလာလို့နဲ့ ဟုတ်တယ်မဟုတ်လား''

''ဟင်းဟင်း မောင်ကပြောတော့မယ်၊ မမလှိုင်လည်း အလုပ်တွေကို လုပ်နိုင်တုန်းရှလေးလုပ်နေတာပါ၊ နောင်တစ်နှစ် နှစ်နှစ်လောက်ဆိုရင် ဆေးရုံအလုပ်ကိုနားပြီး မောင်တို့သားအဖအတွက် အချိန်ပိုပေး



ချယ်လို့ စဉ်းစားထားပါတယ်၊ အဲဒီအချိန်ဆို သားလည်းပြန်လာတော့မယ်လေ၊ သားဘာတွေလုပ်ချင်လဲ သားအတွက်စီစဉ်ပေးရမယ်၊ သူဘတ်မြောက်လာတဲ့ ပညာရေးနဲ့ဆိုင်တဲ့အလုပ်ပဲလုပ်လုပ်၊ တခြားသူဝါသနာပါရာပဲလုပ်လုပ်၊ မမလှိုင်နဲ့ မောင်ကပဲ ဦးဆောင်စီမံပေးရမှာ''

''ဒါပေါ့ သားကမောင်တို့ရဲ့အနာဂတ် မျှော်လင့်ချက်ပဲ၊ သားဖြစ်ချင်တာဖြစ်အောင် မောင်တို့ကြိုးစားပေးရမှာ''

''အဲဒါကြောင့် ဖခင်ကောင်း လင်ယောကျ်ားကောင်းဖြစ်တဲ့မောင့်ကိုချစ်ရတာ''

ဒေါ်နှင်းယုလှိုင်က ဦးမင်းဆက်ရာရဲ့နဖူးလေးကို ကလေးဆန်စွာပင် နမ်းလိုက်သည်။ ဦးမင်းဆက်ရာက ထိုအနမ်းကိုကျေကျေနပ်နပ်ခံယူလျက် ဒေါ်နှင်းယုလှိုင်ရဲ့ ပါးပြင်လေးကို မြတ်နိုးစွာပြန်နမ်းလိုက်၏။

''ကဲ . . . မမလှိုင် ဆေးရုံသွားဖို့ နောက်ကျနေတော့မယ်၊ ရေချိုးပြီး မြန်မြန်ဆင်းလာခဲ့တော့၊ ဒီနေ့ မမလှိုင် စားချင်တယ်ဆိုလို့ အုတောင်ခေါက်ဆွဲချက်ထားတယ်၊ ဟင်းရည်နွေးဖို့ မချိုကို မောင်ပြောလိုက်ဦးမယ်နော်''

''မောင် . . . မမလှိုင် ဒီနေ့ဘာဝတ်ရမှာလဲ''

''ဒီမှာလေ မမလှိုင်၊ ဘီရိုထဲကလိုက်ဖက်မယ့်ဟာလေ မောင်ထုတ်ထားတယ်၊ ဂျူတီကုတ်က အိတ်နဲ့ထည့်ပြီး ကားပေါ်တင်ပေးထားမယ်လေ''

''အိုကေ့မောင် . . . သိုင်းကျူး''

အရာရာအလိုက်သိနားလည်လွန်းသောမောင့်ကို အသည်းအသက်မျှချစ်မြတ်နိုးရလွန်းသည်၊ ဘယ်တုန်းကမှ မောင်ဝတ်မည့် အဝတ်အစားကို မိမိမထုတ်ပေးခဲ့ရဖူးပါ။ မောင်ကသာ မမဒါလေးဝတ် ဒါလေးနဲ့လိုက်တယ်၊ ဖိနပ်အရောင်လေးနဲ့လိုက်အောင် ဒါလေး...ဆင်ပြေ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တယ်နှင့် ဖိနပ်စီးဖို့ကအစ စီစဉ်ပေးသည်။

ကုန်တိုက်တို့ စင်တာတို့ ဘယ်ကိုသွားသွား မမလှိုင်နဲ့လိုက်ဖက်မယ့်ဟာလေးတွေ ဒီဇိုင်းလန်းလို့ဝယ်လာတာ၊ အသက်ကြီးလာရင် ဒီဇိုင်းလန်းတာလေးတွေဝတ်မှ အသက်ကြီးမှန်းမသိရတာဟုဆိုပြီး သူပဲ ဝယ်လာတတ်၏။ အဲဒီလို ဝယ်လာအောင်တော့ မိမိကပဲ မောင့်ပိုက်ဆံအိတ်ထဲ အမြဲလိုငွေအပြည့်ထည့်ပေးထားခဲ့ခြင်းဖြစ်သည်။

မောင့်အတွက် အဝတ်အစားအသုံးအဆောင်ဆိုတာလည်း မိမိက စီစဉ်ပေးရသည်ဆိုတာမရှိ။ မမလှိုင် မောင်ဒါလေးဝယ်လာတယ်၊ ဒီအရောင်လေး မောင့်မှာမရှိသေးလို့၊ ဒီရေမွှေး မောင့်မှာကုန်သွားလို့ ဝယ်လာတာနှင့် အစီရင်ခံတတ်သည်။ ဒါပေမဲ့ မောင်ပြောသမျှ အချိန်ပေးနားမထောင်နိုင်ပါ။ အထူးကုပါရဂူဆရာဝန်မကြီးဂုဏ်ပုဒ်နှင့်အညီ မိမိမှာ တာဝန်တွေ အလုပ်တွေများလှသည်။

မောင်နှင့်သားအတွက် အခွင့်အရေးရတုန်းလေးမှာ ပုဂ္ဂလိကဆေးခန်းတွေမှာ အချိန်ပိုင်းထိုင်သလို၊ ပရဟိတအသင်းအဖွဲ့အစည်းမှာလည်း ဥက္ကဋ္ဌရာထူးနှင့်မို့ ခေါင်းဆောင်မှုအပိုင်းတွေနှင့် တာဝန်ကကြီးလှ၏။ ဆေးရုံမှာလည်း ဒုဆေးရုံအုပ်ရာထူးက အမြဲတမ်းဂျူတီအော့(ဖ်) နေလို့မဖြစ်။

အသက်ကြီးမှ ပိုပြီးတာဝန်ကြီးတွေ ထမ်းဆောင်ပြီး အချိန်မပေးနိုင်ဖြစ်နေသည်မို့ မောင်စိတ်ကောက်ချင်နေခြင်းဖြစ်မည်။

"မမလှိုင်"

"ဩော် ... လာပြီ မောင်ရေ..ပြီးပြီ ပြီးပြီ"

အချိန်ကြာနေသည်မို့ တံခါးခေါက်ကာလာခေါ်နေ၏။ မြန်မြန်အဝတ်အစားလဲကာထွက်လိုက်ပြီး အခန်းဝမှာရှိနေသေးသော မောင့်လက်ထဲကို ဆေးအိတ်ကလေးထည့်ပေးလိုက်သည်။ မောင်က ဆေးအိတ်



ကိုကားထဲမှာသွားထားပြီးမှ ထမင်းစားခန်းထဲလိုက်လာသည်။

"မချို ... မမလှိုင်အတွက် ကျွန်တော်ပဲပြင်ပေးလိုက်မယ်၊ ငရုတ်သီးတွေများသွားရင် မကောင်းဘူး။ အငန်များရင်လည်း သွေးတိုးလိမ့်မယ်၊ ကြက်သွန်နည်းနည်းပဲထည့်မယ်နော် မမလှိုင်"

"မောင်အဆင်ပြေသလိုလုပ်ပါကွယ်၊ မမလှိုင်က မောင်ကျွေးသလိုစားနေကျပဲ"

"အဟင်း ... အဲဒီလိုချေးမများလို့ မောင်လုပ်ပေးရတာ အားရှိတာ၊ ကဲ စားမမလှိုင်၊ မောင်လည်းကုမ္ပဏီသွားတာ နောက်ကျနေဦးမယ်"

"မောင်ကရေချိုးပြီးပြီလား"

"အင်း ... ကုတ်အင်္ကျီလေးထပ်ဝတ်လိုက်ရင် ပြီးပြီ"

"ဟိုလေ ဒီဆန်းဒေးမှာ မောင်ကလည်းကုမ္ပဏီပိတ်တယ်၊ မမလှိုင်လည်း ဆေးရုံဂျူတီမရှိဘူး။ ပရဟိတအသင်းလည်း ဒီတစ်ပတ်နားတယ်၊ ပုဂ္ဂလိက ဆေးခန်းတစ်ခုကို ဂျူတီအော့(ဖ်)လိုက်ရင် မနက်ပိုင်းကနေ နေ့လယ်အထိ နားလို့ရတယ်မောင်ရဲ့၊ အဲဒီနေ့ကျ အိမ်မှာပဲ မနက်စာရော နေ့လယ်စာရော မမလှိုင်ကိုမောင်ချက်ကျွေးရမယ်နော်၊ မနက်စာကို နန်းကြီးသုပ်စားမယ်၊ နေ့လယ်စာကို ဝက်သားနဲ့မျှစ်ချဉ်ရယ်၊ ငါးရံ့အုရယ်၊ ကန်စွန်းပလိန်းရယ်၊ သံပရာသီးသုပ်ရယ်"

"ဟုတ်ပါပြီ မမလှိုင် အကြိုက်တွေ မောင်သိနေတာပဲ၊ မမလှိုင်သာ အချိန်ပေးနိုင်မယ်ဆို မောင်ချက်ကျွေးမှာပေါ့၊ ကျေနပ်ပြီလား"

"ဟုတ်ကဲ့ ... ကျေနပ်ပါပြီရှင့်၊ ဒါပေမဲ့ မချိုနဲ့ပဲလုပ်နော်၊ မမလှိုင်က လှူနာစာရင်းတွေတော့ လုပ်ရမယ်၊ နောက်အပတ်သွားရမယ့် ဘာရွာလေးမှာ ရောဂါအသစ်အဆန်းလူနာတွေကို ဆေးပေးထားခဲ့သော အခြေအနေကြည့်ရဦးမယ်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ မမလှိုင်ကို မောင်ချက်ကျွေးတိုင်း မမလှိုင် ဘာကူလုပ်တာရှိလို့လဲ၊ မောင်ပဲ အပင်ပန်းခံပါ့မယ်"

"ဟင်းဟင်း အဲဒါကြောင့် မောင့်ကိုချစ်ရတာ"

ကလေးဆန်သည်ပဲဆိုဆို၊ မချိုရွှေမှာပင် ဟန်မဆောင်နိုင်စွာပင် ပြောလိုက်မိသည်။ တချို့ဆိုလျှင် အသက်ငယ်သည့်ယောကျာ်းကိုယူပြီး မိန်းမကပဲ အလိုလိုက်အလျှော့ပေးကာ အရာရာသည်းညည်းခံရသည်တဲ့။

မိမိကတော့ ထိုသို့မဟုတ်ပါ။ အသက်ဆယ်နှစ်လောက်ငယ်သောမောင့်ကို ပိုင်ဆိုင်ထားရပေမယ့် အလိုလိုက်ခံရသည်။ ချစ်မြတ်နိုးခံရသည်။ ကြင်နာယုယပြုစုခံရသည်။

သားအတွက်လည်း ဖြည့်ဆည်းပေးဆပ် ချစ်ခင်ကြင်နာတတ်သော ဖခင်ကောင်းတစ်ယောက်ဖြစ်၏။ ဘယ်လောက်တောင်ကံကောင်းလိုက်ပါသလဲ။ ဒီမိသားစုဘဝလေးကို တစ်သက်လုံး တောင့်တမြတ်နိုးစွာနှင့်ပင် ...။

ဝဝဝ

## အခန်း (၅)

"ဘာ ... ညည်းက အဲဒီအိမ်ကို ဘာလို့သွားမှာလဲ"

"ဩော် ... အသက်သခင်ကျေးဇူးရှင်မို့ ကိုယ်တတ်နိုင်တဲ့ မုန့်လေးတွေ သစ်သီးလေးတွေနဲ့ သွားကန်တော့မလို့ပါဆို"

"ဟဲ့ ... ဟိုက အဲဒီထက်တန်ဖိုးကြီးတာတွေ ဝယ်စားနိုင်တယ်၊ အထူးကုဆရာဝန်ကြီးဆိုပြီး သူများတွေကလည်း ဒီထက်တန်ဖိုးကြီးတာတွေ ကန်တော့ကြမှာပဲ၊ ညည်းကမဖြစ်စလောက်နဲ့ ဘာတွေသွားပုံကြီးချဲ့မလို့လဲ"

"ဩော် ... စေတနာက အဓိကပဲဒေါ်လေးမိုးရယ်၊ ဆရာမကြီးက နည်းတယ်များတယ် တန်ဖိုးဖြတ်မယ့်သူမျိုးမဟုတ်လောက်ပါဘူး တကယ်ကိုကျေးဇူးတင်လွန်းလို့ သွားကန်တော့မှာပါ"

"အေး ... အဲဒီလို သိတတ်တာတော့ ကောင်းပါတယ်၊ ပိုက်ဆံအစ်ပြားမှမယူဘဲ စေတနာနဲ့ အသက်ကယ်ခဲ့တာဆိုတော့ ကျေးဇူးတင်သင့်တယ်၊ ဒါပေမဲ့ ဆရာဝန်တွေဆိုပြီးတော့လည်း ကိုယ်တတ်နိုင်တာလေး ကန်တော့တာကို အသိအမှတ်ပြုဦးမှ၊ တချို့က လူနာတွေအပေါ်ထားသော ဝါသနာအလျောက် စေတနာပါတာ၊ အပြင်ရောက်သွားရင်တော့ ဘာမန်လိုပဲ ရာထူးဂုဏ်ဒြပ်ကြောင့် မာနကကြီးချင်လာရော"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဆိုလည်း တစ်ခါပဲပေ့ါ ဒေါ်လေးမိုးရယ်၊ ပွင့်ဖူးကတော့ ဒိုင်ကိုကီစ္စကြီးရှင်းသွားတာကို တကယ်ကျေးဇူးတင်လွန်းလို့ ကန်တော့မှာပါ"

ပွင့်ဖူးခိုင်က အသေအချာဆုံးဖြတ်ထားပြီးသလို ဆရာဝန်မကြီး ဒေါ်နှင်းယုလှိုင်ကို ကန်တော့ဖို့ပြင်ဆင်နေသည်။ ဒေါ်မိုးဝေက စဉ်းစားမိဟန်ဖြင့်

"တကယ်လို့ ညည်းသွားမယ်ဆိုရင်လည်း စောစောသွားနိုင်အောင်လုပ်၊ အဲဒီဆရာဝန်မကြီးက ဆေးရုံဆေးခန်းနဲ့ အရမ်းအလုပ်ရှုပ်တာတဲ့၊ သွားပြီးမှ မတွေ့ဘဲနေရင် အလကားပဲ"

"ဟုတ်ကဲ့ပါ ဒေါ်လေးမိုးရဲ့၊ သစ်သီးတွေ ဒီနေ့ဝယ်ထားပြီး မနက်ဖြန်ကျရင် စောစောသွားလိုက်မယ်"

"ဖုန်းလေးကြိုဆက်ထားရင်တော့ အဆင်ပြေမှာ၊ ညည်းမှာ ဖုန်းနံပါတ်ရှိလား"

"ဘယ်လိုလုပ်ရှိမှာလဲ ဒေါ်လေးကြူတောင် အဲဒီဆရာဝန်မကြီးရဲ့ဖုန်းနံပါတ်ကို မသိဘဲနဲ့၊ ခင်မင်ရင်းနှီးမှုရှိတဲ့သူမှပဲ ပေးမှာပေ့ါ၊ အခုက ဆရာဝန်နဲ့လူနာ ပတ်သက်မှုမျိုးပဲကို"

"အေး . . . အဲဒါလည်း ဟုတ်တာပဲ၊ ဒါနဲ့ညည်းကလေးဖျက်ချတာ ဟိုအဘိုးကြီးသိသွားပြီလား"

"သူ့ဘာသာသိလား မသိလား စိတ်ကိုမဝင်စားတော့တာ၊ အဲဒီတွေလိုက်ဖမ်းရတာလည်း စိတ်တွေကုန်နေပါပြီ၊ အခုခေတ်ယောကျ်ားတွေကလည်း တစ်ယောက်ပြီးတစ်ယောက်လိုက်စားရတာပဲ အရသာတွေ့နေကြတာ၊ မယားပြိုင်တို့ အငယ်အနှောင်းထားရတာတို့ဆိုရင် ပြဿနာရှင်းရတာ ရှုပ်လို့တဲ့၊ အတည်တကျ တိုက်ခန်းဝယ်ပေးထားတာ အိမ်လေးဝယ်ပေးထားတာမျိုးတွေ စိတ်မဝင်စားကြတော့ဘူး၊ မရှိတော့



ဘူးလားဆိုတော့လည်း ရှိပါသေးတယ်၊ ဒါပေမဲ့ ရှားသွားပြီ"

"ဟဲ့ . . . သူတို့ကိုယ်တိုင်က လက်ကြောမတင်း မိန်းမထဘီနားခိုစားမှတော့ နောက်ထပ်တစ်စင်ထောင်ပြီး ထောက်ပံ့ပေးကမ်းနိုင်တဲ့ အင်အားရှိပါ့မလား၊ မိန်းမကိုငယ်နိုင်လိုသဘောထားပြီး ကိုယ့်ဘာသာ ထူထောင်နိုင်တဲ့သူမျိုးကသာ မိန်းကလေးငါးယောက်ယူလည်း မှုမှာ မဟုတ်ဘူး၊ အေးလေ . . . ညည်းလည်း ကံမကောင်းသေးလို့ဖြစ်ပါလိမ့်မယ်"

"ပွင့်ဖူးတစ်ခုစဉ်းစားမိတယ်၊ ပွင့်ဖူးအသက်အရွယ်က ချမ်းသာကြွယ်ဝချင်စိတ်နဲ့ စွန့်စားရာပြီး ကြီးပွားအောင်လုပ်မယ်လို့ စိတ်ကူးယဉ်မယ့်အရွယ်မဟုတ်တော့ဘူးထင်တယ်၊ အချစ်စစ်ကိုရှာပြီး တစ်အိုးတစ်အိမ် အတည်အတံ့ မိသားစုဘဝနဲ့ဖြစ်သင့်နေပြီထင်တယ်"

"အဲဒါတော့ဟုတ်တယ်၊ အခုက အဲဒီလိုလုပ်ဖို့ နှစ်ဆယ်အောက်ကလေးတွေပဲ ခေတ်စားနေတာ၊ နုနုငယ်ငယ် ဖျတ်ဖျတ်လတ်လတ် သွားကြနေတဲ့အရွယ်ပေ့ါ၊ ညည်းအသက်အရွယ်ကတော့ ချစ်သူထား အိမ်ထောင်ပြုမိသားစုရဲ့ အေးအေးချမ်းချမ်းနေသင့်တဲ့အရွယ်မျိုးပဲ၊ ငါ့လိုနဲ့ စိတ်တိုင်းမကျတိုင်း ကိုယ့်အပေါ်အခွင့်အရေးယူမယ့်သူပဲတွေ့လို့ အတည်အတံ့ အိမ်ထောင်မပြုသင့်တာမျိုးတော့ မဖြစ်စေချင်ဘူး၊ အသက်ကြီးရင် ခိုကိုးရာမဲ့မယ်လေ၊ ကိုယ့်ဘာသာရှာဖွေစားသောက်နေနိုင်တဲ့ အချိန်ဆိုရင်တော့ တစ်မျိုးလေး၊ အရွယ်လွန်ရင်တော့ တောင်းစားဖို့ပဲ ရှိတော့တယ်"

ဒေါ်လေးမိုး စကားကြောင့် သွေးပျက်ထိတ်လန့်မိသလို ရယ်ညည်းရယ်လိုက်မိသည်။ ဒေါ်လေးမိုးကို ခါးလေးဖက်ကာ နှစ်သိမ့်လိုက်ပြီး . . .

"ပွင့်ဖူးတစ်ယောက်လုံးရှိပါသေးတယ် ဒေါ်လေးမိုးရယ်၊ ပွင့်ဖူး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဒါ သော်မိုးကို ပစ်ထားပါ့မလား။ ပွင့်ဖူးငယ်ပါသေးတယ်၊ ဒေါ်လေးမိုး ကို အိမ်ထောင်ကျတောင် လုပ်ကျွေးဦးမှာပါ''

''အေးပါ. . . ညည်းသာယောကျ်ားရအောင်ယူပါဦး။ အခုခေတ်မှာ အချစ်တွေက ရှားပါးသွားပြီ၊ သာယာမှုတွေပဲပေါ်များနေတာ၊ တကယ့်အချစ်စစ်ကိုသာရှာတော့ ပွင့်ဖူးရေ၊ သူ့အိမ်ထောင်လေးနဲ့သူ အတည်အတံ့ဖြစ်တော့လည်း နောင်ရေးစိတ်အေးရတာပေါ့၊ သားသမီးမိသားစုနဲ့ဖြစ်လာရင် သာယာမှုလေးလည်းရှိလာနိုင်တာပေါ့၊ ငါကတော့ လင်စံရွေးရင်း လင်ခွေးနဲ့မညားဘဲ တစ်ယောက်တည်းဖြစ်နေတာပဲ တော်သေးတယ်လို့ထင်တယ်၊ အချစ်စစ်ပဲ မတွေ့တာလား၊ အိမ်ထောင်ရေးကံပဲ မပါတာလား။ လင်ကောင်းသားကောင်းတွေ့ဖို့ပဲ ကံမပါတာလား မပြောတတ်တော့ပါဘူး။ တစ်ခါတလေတော့လည်း အပူအပင်မရှိ တစ်ယောက်တည်းနေရတာပဲကောင်းပါတယ်လို့တွေးမိတယ်၊ အင်း . . . တစ်ခါတလေတော့လည်း မိသားစု အပူအပင်တွေနဲ့နေချင်သား၊ သားဆိုးသမီးဆိုးတွေကို ဆူလိုက်ပူလိုက်၊ မယားငယ်ရှာတဲ့ ယောကျ်ားကို အော်လိုက်ငေါက်လိုက် ပြဿနာရှာလိုက်နဲ့လေး အရက်သောက်တတ်တဲ့ယောကျ်ားကို အရက်ဝယ်ပေးရင်းနဲ့လေ''

''အဟင်းဟင်း ဒေါ်လေးကပြောတော့မယ်''

အဲဒီလို မရေမရာတွေပြောပြီး ဒေါ်လေးနှင့်ရယ်ရတာလည်း အမောပါ။ ချစ်သူရည်းစားမရှိ၊ လင်ယောကျ်ားမရှိသည့်ဘဝမှာ တူအင်းနှစ်ယောက်လုံး အပူအပင်ကင်းခဲ့ကြတာတော့ အမှန်ပါ။ ဒါပေမဲ့ နောင်ရေးနှင့် အနာဂတ်ဆိုတာကရှိသေးသည်။ အခုဆို ဒေါ်လေးမိုးက ဈေးရောင်းလိုက် အပေါင်ခံလိုက် မရေမရာအလုပ်လေးနှင့် အသက်မွေးဝမ်းကျောင်းပြုသလို သူမကလည်း မယ်မယ်ရရ အလုပ်လုပ်သည်ဆိုတာမရှိပေ။ စတိုးဆိုင်ဝင်လုပ်လိုက်၊ ဘားဆိုင် ကော်ဖီဆိုင်လုပ်လိုက်၊ အဲ



ဒနေ တစ်ယောက်ယောက်နှင့် အဆင်ပြေသလိုလိုရှိလျှင် အလုပ်နားပြီးတွဲလိုက်။

ကြာရှည်တော့လည်း ဘယ်သူနဲ့မှအလုပ်မဖြစ်။ ဒီခေတ်မှာယောကျ်ားတွေကပဲ မိန်းကလေးတွေထက် လိမ်လည်လှည့်ပတ်တတ်နေသည်ဟု ပြောရတော့မလား။ တစ်နပ်စားဉာဏ်အကြံအစည်ပဲရှိသည်ပြောရမလား။ အချစ်ဆိုတာကိုရော ဘဝအဖော်မွန်ဆိုတာကိုရောဘယ်သူမှ အလေးအနက်မထားကြတော့ပါ။

မိန်းကလေးတွေဘဝကို ဘယ်သူကစာနာသနားကြလို့လဲ၊ တွေးရင်းက ရင်ထဲတွေတောင် မကောင်းတော့ပါ။

''ဒေါ်လေးမိုး ဒီနေ့ဘာချက်မှာလဲ၊ ပွင့်ဖူးချက်လိုက်မယ်လေ''

''ဈေးသွားရင်း အကြွေးတောင်းတာ အဆင်မပြေလို့ ဈေးလည်းဝယ်ရပါဘူးအေ၊ အိမ်မှာ ရေခဲသေတ္တာထဲရှိတာချက်စားကြတာပေါ့''

''ကြက်အူချောင်းနဲ့ ငါးသေတ္တာဘူးတွေရှိတယ်၊ ပွင့်ဖူး ကြည့်ချက်လိုက်မယ်''

''အေး . . . အဆင်ပြေသလိုသာလုပ်လိုက်၊ ငါ့တူမက ကျန်တဲ့အရာသာပေါ့ပေါ့နေတာ ဟင်းချက်ကတော့ကောင်းပါတယ်၊ ဟင်းကောင်းကြိုက်တဲ့ယောကျ်ားမျိုးဆိုရင်တော့ ငါ့တူမကိုစွဲလမ်းမှာပါ''

''ပြောတော့မယ် ဒေါ်လေးက အခုခေတ်ကဟင်းကောင်းကြိုက်တော့ဘူး။ ပစ္စည်းကောင်းပဲကြိုက်တော့တာ၊ ဩော် . . . ဒေါ်လေးကြေကို ဆရာမကြီးအိမ်လိပ်စာလှမ်းမေးရဦးမယ်''

''ဟဲ့ . . . အဲဒီရပ်ကွက်ထဲသွားမှာပဲ၊ မကြူအိမ်ဝင်မေးပြီး သွားလိုက်ပေါ့''

''မဝင်တော့ဘူးလေ၊ စောစောသွားရမှာဆိုတော့ တစ်ခါတည်း သွားလိုက်တော့မယ်''

[redacted]

www.burmeseclassic.com



"အေး ... အဲဒီလိုဆိုတော့လည်း ဖုန်းဆက်မေးကြည့်ပေါ့"

"ဟုတ်ကဲ့ ဒေါ်လေးမိုး။ ဟင်းချက်ပြီးမှဆက်လိုက်တော့မယ်"

"အေးအေး"

ပွင့်ဖူး မီးဖိုခန်းထဲဝင်ပြီး ရေခဲသေတ္တာထဲက ဟင်းချက်စရာတွေယူ ဟင်းချက်ဖို့ပြင်လိုက်သည်။ ဟင်းကိုတော့ အရသာလေးခံကာ စားချင်သူမို့ ဝါသနာပါ၍ သေချာချက်ပြုတ်ပြင်ဆင်ရမှ ကျေနပ်သည်။ ဒေါ်လေးမိုးကလည်း သူမချက်တာဆို အလွန်ကြိုက်၏။

ဒေါ်လေးမိုးလည်း ကျန်တာတွေဒီလောက်မဟုတ်ပေမယ့် ဟင်းချက်သည့်နေရာမှာတော့ တော်သည်ဟုပြောရမည်။ သူမကိုလည်း ဒေါ်လေးမိုးပဲ သင်ပေးထားတာပါ။ ငါတို့မှာက တခြားအရသာခံစရာ မရှိဘူး။ ထမင်းဟင်းလေးတော့ အရသာခံစားမှအေး။ လင်ယူပြီး အိမ်ပေါ်တင်လိုက်ရင် သူတို့ကိုပါချက်ကျွေးနေရဦးမယ်။ ယောကျ်ားတွေ ကောင်းမှန်းမကောင်းမှန်း သိပြီးပြီပဲ။ ငါကတော့တော်ပြီဟု ဟစ်ကြွေးသည်။

ဒေါ်လေးမိုးက တရားဝင်မဟုတ်သော ယောကျ်ားနှစ်ယောက်နှင့် ပေါင်းသင်းပြီးကွဲသွားသည်မို့ တစ်ခုလပ်ပြောရမလား။ နှစ်လင်ကွာပြောရမလား။ ဒါပေမဲ့ သူမအတွက်တော့ အဖော်ကောင်းပေမို့ ...။

○○○

# အခန်း (၆)

"ကလင် ... ကလင်"

"မချိုရေ ဧည့်သည်ထင်တယ် သွားကြည့်ပါဦး။ တခြားကိစ္စလား။ လူနာအတွက် လာပင့်တာလား"

ဧည့်ခန်းမှာ လူနာစာရင်းတွေကြည့်နေရင်းက နောက်ခန်းထဲမှာ မောင်နှင့်အတူ ချက်ပြုတ်ကြော်လှော်နေသော မချိုကိုအော်ပြောလိုက်ရသည်။ မချိုက ကပျာကယာ တံခါးသွားဖွင့်ပေး၏။

"ဆရာမကြီး"

"ဪ ... ဘယ်သူများလဲလို့ ဟိုရက်က"

"ပွင့်ဖူးပါ ဆရာမကြီး"

"အေး ... ထိုင်လေကွယ်၊ ဘာကိစ္စများရှိလို့လဲ၊ မချို လုပ်စရာရှိတာသွားလုပ်ပါ၊ ဧည့်သည်အတွက် ကော်ဖီတစ်ခွက်လောက်တော့ ဖျော်ပါဦး။ ထိုင် ပွင့်ဖူး"

"ဟုတ်ကဲ့"

မချိုကိုလည်းပြော ပွင့်ဖူးကိုလည်း ဧည့်ခံရမှာမို့ စာရင်းစာအုပ်တွေကို ပိတ်လိုက်သည်။ ပွင့်ဖူးက လက်ထဲမှာပါလာသည့် သစ်သီးအိတ်တွေကို စားပွဲပေါ်တင်၍ အောက်ကော်ဇောခင်းပေါ်မှာထိုင်၍

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လက်အုပ်ချီသည်။

"ဘာလုပ်တာလဲကွယ်"

"ဆရာမကြီးက ပွင့်ဖူးအသက်ကိုကယ်ပေးထားလို့ ကျေးဇူးတင်ပြီး လာကန်တော့တာပါ၊ တန်ဖိုးကြီးတော့မဟုတ်ပါဘူး"

"ရပါတယ်ကွယ်၊ ကျေးဇူးကိုသိလို့ စေတနာနဲ့ လာကန်တော့တာ တန်ဖိုးကြီးစရာမလိုပါဘူး။ ကဲ . . . ခုံပေါ်မှာထိုင်ပါ"

"ဟုတ်ကဲ့ ဆရာမကြီး"

သေချာဝပ်တွားကာ ဦးသုံးကြိမ်ချပြီးမှ ပွင့်ဖူးခိုင် ခုံပေါ်မှာ ထိုင်သည်။ ဒေါ်နှင်းယုလှိုင်မှာ ပွင့်ဖူးမျက်နှာလေးကိုကြည့်ပြီး

"ပွင့်ဖူးက ချောလည်းချော လှလည်းလှနဲ့ နောက်ဒီလိုကိစ္စမျိုးသာဖြစ်အောင်မနေပါနဲ့ကွယ်၊ ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းပြီး ကိုယ့်ကိုယ်ကိုယ်တန်ဖိုးရှိအောင်သာနေပါ"

"ပွင့်ဖူးလည်း နောင်တရနေပါတယ်၊ ချစ်သူရည်းစားရပြီး လက်ထပ်မယ်ဆိုတော့လည်း မှားယွင်းသွားတာပါ၊ ဒီလိုအခွင့်အရေးယူပြီး ထားခဲ့မယ့်လူလို့လည်း မထင်ဘူးလေ၊ ယုံကြည်လွယ်သွားခဲ့မိလို့ ဒီလိုမျိုး . . ."

"ဒီလိုမျိုးတွေကဖြစ်တတ်ပါတယ်၊ ဒီလိုကိစ္စဖြစ်ရင် မိန်းကလေးတွေကပဲ နစ်နာတာလေ၊ ယောကျ်ားတွေကတော့ အပေါ်စီးအသာစီးကပေါ့၊ ဆရာဝန်ဆိုတော့ အားပေးလို့မကောင်းပေမယ့် ဒီလိုလနနမရှိအောင်လုပ်လိုက်တာလည်း ကောင်းပါတယ်၊ ယူလိုက်လို့လည်း သူတို့ကတာဝန်သိမှာမှမဟုတ်တာ၊ ဒါပေမဲ့ တကယ်ဆိုရင် မမှားယွင်းခင်ကကာကွယ်ထားရမှာ ယောကျ်ားလေးဆိုတာ စိတ်ချရတဲ့အမျိုးမှမဟုတ်တာ"

"အခုတော့ ပွင့်ဖူးတော်တော်နောင်ကျဉ်သွားပါပြီ၊ ဘယ်သောကျ်ားမျိုးဖြစ်ဖြစ် မယုံကြည်သင့်ဘူးဆိုတာ နောင်တလည်းရမိတယ်"



"အေးပါကွယ်၊ အဲဒီလိုနားလည်သွားတယ်ဆိုရင်ပဲ ဆရာမကြီးဆေးကုပေးရကျိုးနပ်ပါပြီ"

"ဟုတ်ကဲ့ ပွင့်ဖူးလည်း ကျေးဇူးမမေ့ပါဘူး။ ဒီကိစ္စ . . ."

"ရှူး"

ညှော်ခန်းထဲကို မောင်ဝင်လာတာမြင်၍ ပွင့်ဖူးကိုစကားရပ်နိုင်းလိုက်ရသည်။ ပွင့်ဖူးရဲ့အရှက်သိက္ခာအတွက် ဆရာဝန်တစ်ယောက်အနေနှင့် ကာကွယ်ပေးသင့်သည်မဟုတ်လား။ ဒီအသက်အရွယ်ချောချောလှလှမိန်းကလေးက ဒီလိုရှက်စရာ အထင်သေးစရာကိစ္စမျိုးရှိခဲ့သည်ဆိုတာမောင့်ကို မသိစေချင်ပါ။ သားသမီးချင်း ကိုယ်ချင်းစာစိတ်နှင့်ပင် တစ်သက်လုံးဖုံးကွယ်ပေးမည်ဟု ဆုံးဖြတ်လိုက်သည်။

"မမလှိုင် . . . ဩော် ညှော်သည်ရောက်နေတာလား။ မချိုကဘာဖိုဖိုလုပ်နေတာ"

"ဟုတ်တယ် အခုလေးပဲရောက်လို့ စကားပြောနေတာ၊ လူနာတစ်ယောက်ရဲ့တူမလေးပါ ပွင့်ဖူးခိုင်တဲ့၊ မမလှိုင်ကို ကျေးဇူးတင်လို့ဆိုပြီး သစ်သီးတွေလာကန်တော့တာ"

"ဩော် . . . မောင်က မမလှိုင်ကို ဘရိတ်ဖတ်စ်အဆင်သင့်ဖြစ်ပြီဆိုပြီး လာပြောတာ"

"အင်း . . . ဒါဆို ပွင့်ဖူးပါတစ်ခါတည်းစားသွားပါလား"

"ရပါတယ် ပွင့်ဖူးအိမ်ကစားလာခဲ့ပါပြီ"

"ဒီအချိန်အစောကြီးရှိသေးတာ စားလာခဲ့သေးမှာမဟုတ်ပါဘူး။ လာပါ တစ်ခါတည်းဝင်စားသွားပါ"

ဒေါ်နှင်းယုလှိုင် လက်ဆွဲခေါ်တာမို့ အားနာနာနှင့် ပွင့်ဖူးခိုင်လိုက်လာခဲ့ရသည်။ တန်ဖိုးကြီး ကွန်ဒိုကြီးက ကြီးကျယ်ခမ်းနားလှ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သလို မီးဖိုခန်း ထမင်းစားခန်းကလည်း အကျယ်ကြီးပါ။

စားပွဲပေါ်မှာ စားသောက်ဖွယ်ရာများ ပြင်ဆင်ထားတာလည်း စားပွဲနှင့်အပြည့်ပင်။ လက်ဖက်ရည် ကော်ဖီ အချိုပွဲနှင့် နန်းကြီးသုပ်။

"ထိုင် ပွင့်ဖူး။ ဒါတွေအားလုံး မချိုအကူအညီနဲ့ မောင်အားလုံး ပြင်ဆင်ထားတာလေ"

"ရှင်"

"အခုလိုနားရက်ဆို မောင်ကနေ့လယ်စာရော၊ မနက်စာရော၊ သရာမကြီးအကြိုက် အားလုံးချက်ပြုတ်လုပ်ကိုင်ပြီး ကျွေးတာလေ၊ အရမ်း လက်ရာကောင်းတာ၊ မောင် ပွင့်ဖူးအတွက် နန်းကြီးသုပ်တစ်ပွဲပြင်ပေး လိုက်ပါဦး"

"ဟုတ်ကဲ့ မမလှိုင်၊ ဒြော် ပွင့်ဖူးက ရှောက်သီးအစပ်ကြိုက်လား နည်းနည်းစားတတ်တာလား"

"ရပါတယ် အဆင်ပြေသလိုသာသုပ်ပါ"

"ဘယ်ဟုတ်မလဲ၊ စားတတ်သလိုပြောပါ၊ မမလှိုင်နဲ့ ဦးနဲ့က အကြိုက်ချင်းသိပ်မတူဘူး။ မမလှိုင်က အစပ်သိပ်မစားဘူး၊ နန်းကြီးသုပ် ကို ကြက်သားနည်းနည်း ပဲမှုန့်စီးထွေးထွေး နံနံပင်များများ စားတတ် တာ၊ ဦးကကျတော့ ကြက်သားများများ ပဲမှုန့်နည်းနည်း ကြက်သွန်စိမ်း ထည့်ပြီးစားတာ"

"လက်ဖက်ရည်ဆို မောင်ကယောကျ်ားလေးဖြစ်ပြီး ချိုချိုကြိုက် တာ၊ မမလှိုင်ကကော်ဖီခါးခါး။ မမလှိုင်က သစ်သီးနဲ့ မောင်က ကိတ်မုန့် ပေါင်မုန့်နဲ့၊ အဲဒီလိုသာပြောလိုက်ပါတော့၊ အဲဒါကြောင့် နှစ်ယောက် အကြိုက်မတူလို့ စားပွဲပေါ်မှာပြည့်နေတာ ပွင့်ဖူးရေ့ ကဲပါ. . . ပွင့်ဖူးက ဘယ်လိုကြိုက်တာလဲပြောလိုက်၊ မမလှိုင်ယောကျ်ားက လက်ရာကောင်း ပါတယ်ဆို"



"ဟုတ်ကဲ့၊ ရှောက်သီးစပ်စပ် ကြက်သားများများ၊ ကြက်သွန် ထည့်မယ်"

"ဒြော် အင်းရတယ်"

ပွင့်ဖူးပါးစပ်က လွှတ်ခနဲ ဒီလိုမျိုးထွက်သွားမှန်းမသိလိုက်ပေ။ အမှန်အတိုင်းဝန်ခံရလျှင် သူမတစ်ခါမှ နန်းကြီးသုပ် မစားဖူးပေ။ မနက် စာဆို ထမင်းကြော်၊ ထမင်းဖြူဆီဆမ်းနှင့်ပဲပြုတ်၊ တစ်ခါတစ်ရံ မုန့် ဟင်းခါး၊ အစုံသုပ် ဒီလောက်ပါပဲ။ ကော်ဖီမစ်တွဲတွေ အိမ်မှာဝယ်ထား သည်၊ တစ်ခါတစ်ရံမှသာ သောက်ဖြစ်တာ။

"မြည်းကြည့်ပါဦး အဆင်ပြေရဲ့လားလို့"

"ဟုတ်ကဲ့"

ယောကျ်ားလေးတန်မဲ့ စေ့စေ့စပ်စပ်လုပ်တတ်တာတော့ အံ့ဩ စရာပင်။ ကြက်သား၊ ဆီချက်၊ နံနံပင်၊ ပဲမှုန့်၊ ရှောက်သီးမှုန့်၊ အချိုမှုန့်၊ ငံပြာရည် အားလုံးပန်းကန်သေးသေးလှလှလေးတွေနှင့် စားချင်စဖွယ် လေးတွေ ပြင်ဆင်ထားသည်။

"အဆင်ပြေတယ် ကောင်းပါတယ်"

တကယ်ကို အရသာကကောင်းလွန်းတာမို့ သူမလိုက်လှဲစွာ ပြောလိုက်မိခြင်းဖြစ်သည်။ ယောကျ်ားလေးဖြစ်ပြီး ဒီလောက်ပဲ လက်ရာ ကောင်းကောင်းလုပ်တတ်ရသတဲ့လား။

"သံပရာသီးအချဉ်ကြိုက်လားဟင်၊ မမလှိုင်ကတော့ အချဉ် အရမ်းကြိုက်တယ်၊ နှစ်စိတ်သုံးစိတ်လောက်ကို ညှစ်ထည့်ပြီး သုပ်ပေးရ တာ၊ ဦးကတော့ အစိတ်သေးသေးလေးကို အပေါ်ယံကနည်းနည်းလေး ဆမ်းပြီးတော့ပဲ စားတယ်"

"ပွင့်ဖူးလည်း အချဉ်အရမ်းမကြိုက်ဘူး၊ နည်းနည်းပဲညှစ်ပါ မယ်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းဆက်ရာက သံပရာသီးအစိတ်သေးသေးလေးကို ရွေး၍ သူမအသုပ်ပန်းကန်ထဲကို ပါးပါးလေးဆမ်းကာထည့်ပေးသည်။ ယောကျ်ား ကြီးတစ်ယောက်ဖြစ်ပြီး လုပ်တတ်ကိုင်တတ်တာကို စိတ်ဝင်စားမိသလို ဘယ်လိုစားသောက်တာလဲ သိချင်လှ၍ သူမထိုသို့လုပ်ခိုင်းလိုက်ခြင်းပင်၊ သူမလည်း အစားကောင်း အရသာကောင်းကြိုက်သည် မဟုတ်လား။

"ဘယ်လိုလဲ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ်၊ အရမ်းစားလို့ကောင်းတယ်၊ ဦးက ကော်တော်သုပ်တတ်တာပဲနော်၊ ဆိုင်ကဝယ်စားရတဲ့ အသုပ်တွေနဲ့ကို မတူဘူး"

"အဲဒီလိုမြှောက်ပေးလို့ကတော့ နေ့လယ်စာပါစားသွားလို့ ပြော ရတော့မယ်နဲ့တူတယ်၊ ဒီနေ့ မမလှိုင် စားချင်တာလေးတွေချက်ကျွေး မှာလေ"

"ဟုတ်လား၊ တော်ပါပြီ အားနာပါတယ်"

"အားမနာပါနဲ့ ပွင့်ဖူးရယ်၊ လူရင်းတွေလိုဖြစ်သွားပြီပဲ၊ ပွင့်ဖူး အလုပ်ရှိရင် တခြားသွားစရာရှိရင်တော့ ..."

"သွားစရာမရှိပါဘူး၊ အလုပ်ကလည်း စတိုးဆိုင်ကနေ အလုပ် ခဏထွက်ထားတယ်၊ တခြားအလုပ် အဆင်ပြေမလား နောက်မှရှာ ကြည့်မလို့ပါ"

"ဟုတ်လား ... ဒါဆိုလည်း အေးအေးဆေးဆေးမှပြန်ပေါ့ ဆရာမကြီး ... အဲ အန်တီလို့ပဲ ရင်းရင်းနှီးနှီးပြောတော့မယ်ကွယ်၊ ဂုဏ်ပုဒ်ကြီးတပ်ခေါ်နေရတာမကောင်းပါဘူး၊ နေ့လယ်စာစားပြီးမှပဲ ပြန် တော့လေ ပွင့်ဖူး"

"ဟုတ်ကဲ့ ... ဒါပေမဲ့ သူများလုပ်ကျွေးတာကို အဲဒီလို ညည်သည်လုပ်ပြီးတော့ မစားပါရစေနဲ့၊ ပွင့်ဖူးကိုတစ်ခုခုခိုင်းပါ၊ ပွင့်ဖူး



သုပ်ပေးပါရစေ"

"ဟား ... မမလှိုင်က ဘာတစ်ခုမှကူညီလုပ်ပေးနိုင်မှာ မဟုတ် ဘူးလို့ပြောထားပေမယ့် မောင်သက်သာအောင်လုပ်ပေးမယ့်သူကို နတ် တွေက ဖန်ဆင်းပေးလိုက်ပြီထင်တယ်နော်"

"အဟင်းဟင်း မောင်ကပြောတော့မယ်၊ ကဲ ... ပြီးမှ ပွင့်ဖူး အလုပ်၊ အခုအသုပ်စားပြီးပြီဆိုတော့ ပွင့်ဖူးကော်ဖီသောက်မလား၊ လက် ဖက်ရည်သောက်မလား၊ နှစ်မျိုးလုံး အဆင်သင့်ဖျော်ထားတာရှိတယ်"

"လက် ... လက်ဖက်ရည်ပဲသောက်ပါ့မယ်"

"ဒါဆို ... မောင်ထဲကထည့်ပေးလိုက်လေ"

"ဟုတ်ကဲ့ မမလှိုင်"

ကြွေခရားလေးများဖြင့် လက်ဖက်ရည်တစ်အိုး၊ ကော်ဖီတစ်အိုး ဖျော်ထားဟန်တူသည်။ ဦးမင်းဆက်ရာသောက်သော လက်ဖက်ရည် ကို သူမသောက်ကြည့်ချင်လို့ပါ။ ယောကျ်ားရင့်မာကြီးဖြစ်ပါလျက် လက်ဖက်ရည်အချိုကြိုက်သည်တဲ့။ ဦးမင်းဆက်ရာက သူမအတွက် လက်ဖက်ရည်တစ်ခွက်ထည့်ပေးပြီး လှီးထားသော ကိတ်မုန့်များကိုစား ပြီး လက်ဖက်ရည်သောက်လိုက်လုပ်နေသည်။

သူ့ထက်ဆယ်နှစ်မျှကြီးသော ဇနီးမယားအပေါ် အသေးစိတ် ဂရုစိုက်လွန်းတာလည်း အံ့ဩစရာပင်။ ကော်ဖီထည့်ပေးတာ၊ တစ်သျှူး စသဖြင့် သုတ်ပေးတာ၊ သစ်သီးလေးတွေခွာပြီး စိတ်ထားတာလည်း ဘာတယ့်ကိုလှလှပပ။

"လက်ဖက်ရည်ရောကောင်းရဲ့လား ပွင့်ဖူး"

"ရှင် ... ဟုတ်ကဲ့၊ ကောင်းပါတယ် ကြိုက်တယ်"

လက်ဖက်ရည်တစ်ခါမှ မသောက်ဖူးသူ၊ ကော်ဖီပဲသောက်နေ ကျရှိတာလို့ မပြောဖြစ်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"မချိုရေ မနက်စောစောက ဈေးသွားထားတဲ့ပစ္စည်းတွေ ရေခဲသေတ္တာထဲက ထုတ်လိုက်တော့နော်၊ ပြီးရင် မုန့်စား၊ ကော်ဖီသောက်ပြီးမှ အေးအေးဆေးဆေး ကူလုပ်လို့ရတယ်၊ ဒီမှာကူပေးမယ့်သူ တစ်ယောက်ရောက်နေပြီ"

"ဟုတ်ကဲ့"

"မမလှိုင် စာရင်းလုပ်မယ့်နှာ၊ ဘာလုပ်ပေးထားရဦးမလဲ၊ ဘာစားချင်သေးလဲ၊ မမလှိုင် မောင်ဘာလုပ်ပေးရမလဲ"

"တော်ပါပြီ မောင်ရယ်၊ မောင့်လက်ရာ နန်းကြီးသုပ်ကောင်းလွန်းလို့ စားလိုက်တာ ဗိုက်တင်းသွားပြီ၊ နေ့လယ်စာလည်း စားရဦးမှာဆိုတော့ . . . ဒီကြားထဲ ဘာမှမစားမှဖြစ်မယ်"

"ဟုတ်ပါပြီ . . . ကဲ ညှော်ခန်းထဲကို မောင်လိုက်ပို့မယ်"

"အိုကေ"

ဦးမင်းဆက်ရာက ဒေါ်နှင်းယုလှိုင်ကို ပခုံးလေးဖက်ကာ ညှော်ခန်းထဲလိုက်ပို့သည်။ ညှော်ခန်းနှင့် ထမင်းစားခန်း ဘယ်လောက်များဝေးလို့လဲ။ ဒီအသက်အရွယ်ကြီးတွေမှာ ဒီလောက်ပဲအကဲပိုရသလား။ ဦးမင်းဆက်ရာ ကြင်နာဂရုစိုက်တတ်လွန်းတာတော့ လက်ဖျားခါလောက်သည်။

"ပွင့်ဖူး လက်ဖက်ရည်သောက်ပြီးပြီလား"

"ရှင် ဟုတ်ကဲ့"

"ဒါဆို ဟင်းချက်တာကူလုပ်ဖို့ အဆင်သင့်ဖြစ်ပြီပေါ့"

"အဟင်၊ ဟုတ်ကဲ့"

"ဝက်သားနဲ့ ငါးရဲ့အစုတော့ မကိုင်ပါနဲ့၊ အသီးအရွက်နဲ့ ကြက်သွန်ဖြူကိုပဲလုပ်ပေး။ ပြီးရင် မချိုလည်းကူလိမ့်မယ်"

"ဟို . . . ပွင့်ဖူးလည်း ဟင်းချက်တာ ဝါသနာပါတယ်၊ ဘယ်လိုချက်တာလဲ ကြည့်လို့ရမလားဟင်"



"ကြည့်လေ ကြည့်ပါ၊ အသားတွေကိုဆားနဲ့ ဆေးလိုက်ရင် အနံ့နံ့တာပျောက်တယ်၊ ပြီးရင် ဆား၊ အချိုမှုန့်၊ သံပရာသီးနဲ့နယ်ပြီး ခဏနှပ်ထားရတယ်၊ ခဏနေမှ ဟင်းအိုးထဲမှာ ခရမ်းချဉ်သီး၊ ကြက်သွန်နီ အနှစ်ရအောင်ထည့်၊ ပါကင်နဲ့အနှစ်လုပ်ပြီးသား အထုပ်တွေနဲ့ချက်တာ ဦးမကြိုက်ဘူး"

"ဟုတ်တယ် ပွင့်ဖူးလည်းမကြိုက်ဘူး"

"ပွင့်ဖူးက ဟင်းချက်နေကျရှိတယ်ထင်တယ်"

"အဒေါ်နဲ့နေတာ၊ တူအရီးနှစ်ယောက်တည်းဆိုပေမယ့် အပြင်စာသိပ်ဝယ်မစားဖြစ်ဘူး။ ပွင့်ဖူးပဲချက်တာ၊ ဒေါ်လေးဆီကသင်ထားတာလေ"

"ဩော် . . . ကောင်းတယ်၊ ဦးကတော့ မေမေ့ဆီကသင်ခဲ့တာ၊ မေမေက ထမင်းဆိုင်ဖွင့်ခဲ့တာလေ၊ အခုတော့ ဆုံးသွားတာ နှစ်နှစ်ဆယ်နီးပါးရှိသွားပါပြီ၊ မေမေ့လက်ရာပဲ မမေ့ဘဲကျန်နေခဲ့တာပေါ့"

"ဩော် . . . ဟုတ်လား။ မအေတူသားပေါ့။ ဒါကြောင့် အားလုံးသုပ်တတ်နေတာဖြစ်မယ်၊ ပွင့်ဖူးမိဘတွေကတော့ ပွင့်ဖူးကို အဲဒီလိုသင်ပေးလောက်အောင်အထိ နေမသွားကြရရှာပါဘူး"

ငိုသံလေးစွက်ကာပြောလိုက်တော့ ဦးမင်းဆက်ရာစိတ်မကောင်းဖြစ်သွားဟန်တူပါသည်။ သူမမျက်နှာလေးကို ခဏမျှငြိမ်သက်စွာကြည့်ပြီးမှ သူလုပ်စရာရှိတာတွေလုပ်သည်။

"အဲဒါ ဘယ်လိုချက်မှာလဲဟင်"

"ဩော် . . . ဝက်သားနဲ့ မှျစ်ချဉ်ချက်မှာလေ၊ သူများတွေလို ကြက်သွန်ဖြူတွေ ဆီသတ်ပြီးမှ အသားထည့်လုံးမှာမဟုတ်ဘူး၊ တစ်ခါတည်း ဝက်သား‌ရော၊ မှျစ်ချဉ်ရော၊ အနှစ်ရမယ့်ဟာတွေရော ရောချေနယ်ပြီးမှ ဆီပါထည့်ပြီးလုံးမှာ၊ ဟင်းအိုးထဲကို ငံပြာရည်ထည့်၊ မှျင်ငပိ



www.burmeseclassic.com

www.burmeseclassic.com



လေးလက်တစ်ဆစ်လောက်ပါထည့်ရတယ်၊ အဲဒါမှ အသားဟင်းက သံပရာသီးလည်းပါထားတော့ မာမာခဲခဲလေးနဲ့ ပျော့မသွားဘဲ အသားထဲမှာ အရသာတွေအားလုံးဝင်တာလေ"

"ဟုတ်လား မှတ်ထားရဦးမယ်၊ ပွင့်ဖူးတို့ကကျတော့ ဟင်းကိုဆီသတ်ပြီးမှချက်တတ်တာ၊ အသီးအရွက် အကြော်အလှော်ဆိုလည်း အဲဒီအတိုင်းပဲ ကြက်သွန်ဖြူကိုအရင်ဆီသတ်လိုက်တာပဲ"

"အကြိုက်ချင်းတော့ မတူဘူး။ အဲဒီလိုပဲ အရသာလည်းတူမှာမဟုတ်ဘူး။ ဦးရဲ့အမေက အညာသူလေ၊ ကြက်သွန်ဖြူတွေ အနှစ်တွေကို ဘယ်တော့မှဆီမသတ်ဘူး။ ဆီသတ်ချက်တာက ဟင်းအိုးတိုင်း ဒီအနံ့ အရသာပဲထွက်တယ်၊ ဦးတို့ကျတော့ ကြက်သွန်ဖြူကို ခပ်သင့်တဲ့အိုးကျမှ ဟင်းအိုးချခါနီးမှာခပ်လိုက်တာ"

"ဩော် ... အဲဒီလိုလား။ ပွင့်ဖူး စားကြည့်လို့ကောင်းရင် ဦးချက်သလိုပဲ ချက်တော့မယ်"

သူမဘာကြောင့် ဒီလိုတွေပြောနေမိမှန်းမသိပေ။ တကယ်ဆို ဒီအိမ်မိသားစုနှင့် ဒီလောက်ထိမရင်းနှီးသေးပါ။ ဒီတစ်ခါပဲရောက်ဖူးပြီး သူတို့ရဲ့ဖော်ရွေမှုကြောင့် ခပ်မြန်မြန်ရင်းနှီးသွားခဲ့ခြင်းပင်။

ဘာကြောင့် ဦးမင်းဆက်ရာလုပ်ကိုင်နေသမျှ သူမစိတ်ဝင်စားနေမိတာလဲ။ ယောကျ်ားကြီးတစ်ယောက်ဖြစ်ပါလျက် အသက်ကြီးကြီးမိန်းမအပေါ် ကြင်နာရှုရိုက်တတ်လွန်းတာ။ ချက်တာပြုတ်တာ သေသပ်စနစ်ကျလွန်းတာ။ အရာရာဟာ ဆွဲဆောင်မှုရှိနေတာ ဘာကြောင့်ပါလဲ။

ပြီးတော့ ဦးမင်းဆက်ရာရဲ့အပြုံး။ နွေးထွေးကြင်နာတတ်သောမျက်ဝန်းများ။ အမှတ်တမဲ့ရောက်လာခဲ့မိသော ဒီအိမ်ဟာ မှတ်မှတ်ထင်ထင်လေးတွေဖြစ်သွားခဲ့သည်ဆိုတာတော့ ...။

○○○

# အခန်း (၇)

"ဘာအေ့ ... ညည်းက အဲဒီအိမ်မှာ မနက်စာရော နေ့လယ်စာရော စားလာခဲ့တယ်၊ သူတို့က အဲဒီလောက်တောင် ဖော်ရွေကြသလား"

"ဖော်ရွေသလားတော့ မမေးနဲ့၊ လင်မယားနှစ်ယောက်လုံး အရမ်းကိုသဘောကောင်းကြတာ၊ ထူးဆန်းတာကလေ.."

"အေး"

"ဆရာမကြီးရဲ့ယောကျ်ားက ဆရာမကြီးထက် အသက်ဆယ်နှစ်တောင်ငယ်တာ"

"ဩော် ... အဲဒါဘာထူးဆန်းလို့လဲ၊ မကြူပြောပြသားပဲ ငယ်ခဲ့တယ်လို့"

"တကယ်ထူးဆန်းတာက အဲဒါမဟုတ်သေးဘူး"

"ဘာလဲ"

"အဲဒီ ဦးမင်းဆက်ရာကလေ သူ့မိန်းမကိုချစ်လိုက်တာမှ တုန်နေတာပဲ"

"ဟဲ့ ... ယောကျ်ားက မိန်းမကိုချစ်တာ မိန်းမကယောကျ်ားကိုချစ်တာ၊ လင်နဲ့မယား ဘာတွေကထူးဆန်းတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုမဟုတ်ဘူး ဒေါ်လေးမိုးရဲ့၊ အခုကပြောင်းပြန်ဖြစ်နေတာ။ အသက်ကြီးတဲ့သူကသာ ငယ်တဲ့ယောက်ျား မိန်းမကိုအလိုလိုက်တာ ဂရုစိုက်တာ၊ လိုက်လျောရတာမျိုးတွေရှိတာ ထုံးစံလေ၊ အခုက အဲဒီလိုမဟုတ်ဘူး ဦးမင်းဆက်ရာက ဆရာမကြီးစားချင်တာ ကြိုက်တာလေးတွေကို ရှုံးနားရက် ဆရာမကြီးနားရက်တွေမှာ ချက်ကျွေးတယ်၊ လုပ်ကိုင်ကျွေးတယ်၊ ပြောရရင် နေ့လယ်စာထမင်းစားရင်းနဲ့မှ ပြောတာပါ၊ ဆရာမကြီး အဝတ်အစားဝတ်ဖို့ အလှပြင်ဖို့ ဖိနပ်စီးဖို့ကအစ ဦးမင်းဆက်ရာက စီစဉ်ပေးတာတဲ့"

"ဟဲ့ ... အဲဒါတော့ထူးဆန်းသား"

ဒေါ်လေးမိုး အခုမှထူးဆန်းတာကို လက်ခံစပြုလာ၏။ သူမအတွက်တော့ အဲဒီအိမ်မှာနေခဲ့သည့်တစ်ချိန်လုံး ထူးဆန်းနေခဲ့တာပါ။

"ပိုပြီးထူးဆန်းတာက ဆရာမကြီးက ဦးမင်းဆက်ရာကို ပြန်ပြီးပြုစုယုယရတာမျိုးမရှိဘူးထင်တယ်၊ သူ့အလုပ်နဲ့သူ မအားလပ်လို့လေ၊ ဦးမင်းဆက်ရာကပဲ တစ်ချိန်လုံးနားလည်မှုပေးနေရတဲ့ပုံစံမျိုး"

"ဟဲ့ ... ဒါဆို အဲဒီလူက အလုပ်အကိုင်မရှိဘူးလား။ မိန်းမထဘီနားခိုစားနေလို့ ဒီလောက်ကျိုးနွံနေရတာမျိုးလား"

"မဟုတ်ပါဘူး၊ ဦးမင်းဆက်ရာ ကုမ္ပဏီတစ်ခုမှာ ဆရာမကြီးက ရှယ်ယာတွေအများကြီးဝင်ပေးထားပြီး MD ရာထူးနဲ့ပဲ သူလည်းအလုပ်နည်းနည်းများတယ်၊ ဒါပေမဲ့ ကျန်တဲ့အချိန်တွေက ဆရာမကြီးကို အချိန်ပေးတယ်၊ ပြုစုတယ်၊ ယုယတယ်၊ ကြင်နာတယ်၊ ပြီးတော့သားကိုလည်း အရမ်းချစ်တဲ့သူတဲ့"

"သူတို့မိသားစုလေးက ကြည်နူးစရာလေးပေါ့၊ ညည်းကအားကျလာခဲ့တာလား၊ ယောက်ျားယူပြီး အဲဒီလိုမိသားစုဖြစ်အောင်ကြိုးစားတော့မယ် အဲဒီလိုလား၊ ညည်းကနောက်တစ်ယောက်ရှာတော့မယ်ပေါ့လေ"



ဒါကိုတော့ မွှင့်ဖူးခိုင်အသံတိတ်သွားသည်။ အချစ်နှင့် အိမ်ထောင်ရေးဆိုတာ ကိုယ်ရှာဖွေချင်တိုင်း ရှာဖွေလို့ရသည့်အရာမျိုးမဟုတ်တာ။

"ညည်းက ဘာလို့ငြိမ်သွားတာလဲ"

"ဩော် ... အိမ်ထောင်ရေးက အားကျတယ်ဆိုပြီး ကိုယ်ပြုချင်တိုင်းပြုလို့ရတာမှမဟုတ်တာ၊ အခုလောလောဆယ် အဲဒီကိစ္စတွေစိတ်ကုန်လွန်းလို့ပါ ဒေါ်လေးမိုးရယ်"

"အေး ... အဲဒါစိတ်ကုန်တယ်ဆိုလည်း ညည်းအလုပ်လေးဘာလေးလုပ်ဖို့ရှာဦးလေ၊ ဒီအတိုင်း ငါ့လုပ်စာထိုင်စားဖို့ပဲ စဉ်းစားမနေနဲ့ ငါလည်းလုပ်ရကိုင်ရ သိပ်အဆင်ပြေတာမဟုတ်ဘူး"

"အရင်အလုပ်အတူလုပ်ဖူးတဲ့ သူငယ်ချင်းတွေနဲ့ ချိန်းထားပါသယ် ဒေါ်လေးရဲ့၊ သူတို့လည်း အလုပ်တစ်ခုမကောင်း တစ်ခုပြောင်းနေကြတာ၊ အဆင်ပြေတဲ့သူနဲ့ မပြေတဲ့သူနဲ့ ဘာပဲလုပ်လုပ် အဆင်ပြေတာလည်း သိပ်မရှိကြပါဘူး"

"အဆင်မပြေဘူးဆိုတိုင်း မလုပ်လို့မရဘူးလေ၊ ထမင်းကျ မစားဘဲနေမှာလား၊ သုံးစရာရှိတာကျ မသုံးဘဲနေမှာလား။ အခုထိ ဒီအသက်အရွယ်ရောက်နေပြီ တည်တည်ငြိမ်ငြိမ်အလုပ်လေးနဲ့ အတည်အတံ့နေစမ်းပါတော့လား၊ ရည်းစားထားမယ်ဆိုလည်း ကောင်းကောင်းမွန်မွန်ထား၊ ကောင်းကောင်းမွန်မွန်အိမ်ထောင်ပြု၊ အခုတော့ ဒီဘဝကို မတင်းတိမ်နိုင်တာနဲ့ပဲ ချမ်းသာချင်စိတ်နဲ့ ဟိုလူဟုတ်နိုးနိုး ဒီလူဟုတ်နိုးနိုးပြောသည်း မပြောချင်တော့ပါဘူး"

"မပြောချင်လည်း မပြောပါနဲ့တော့ ဒေါ်လေးရယ်၊ ဒီမှာလေးငါးနှစ်ခဲ့ပြီး လိုက်နေရတဲ့အထဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ခေါင်းတွေခဲအောင် ဟိုအိမ်ကဘာတွေနဲ့စားလာတာလဲ"

"ဝက်သားနဲ့မှုစ်ချဉ်၊ ငါးရံ့အူ၊ သံပရာသီးသုပ်၊ ကန်စွန်းရွက်ကြော်၊ ဦးမင်းဆက်ရာက ငါးရံ့ခြောက်မီးကင်နဲ့ ရေတိုသီးငံပြာရည်ကြော် လုပ်စားသေးတယ်"

"ဟဲ့ ... လင်မယားနှစ်ယောက်တည်း ဟင်းတွေကလည်း များလှချည်လား၊ ညည်းကရော အကုန်စားလာတာပဲလား"

ပွင့်ဖူးနိုင် မျက်နှာလေးက ပြုံးယောင်သမ်းနေကာ

"ဦးမင်းဆက်ရာကလေ သူ့မိန်းမကို ဝက်သားအသားတုံးလေးတွေ ခပ်ထည့်ပေးလိုက် ငါးရံ့အူလေးထည့်ပေးလိုက် သံပရာသီးသုပ်လေးနဲ့ စား၊ မအီဘူး မမလှိုင်ရဲ့နဲ့ တစ်စက်မှသူကောင်းကောင်းမစားနိုင်ဘူး၊ ဂရုစိုက်လိုက်တာများ ပွင့်ဖူးကိုလည်း ဝက်သားကို အသားကြိုက်တာလား၊ အဆီအခေါက်ကြိုက်တာလား၊ သူကတော့ ဝက်သားဆို အဆီအခေါက်ပဲစားတယ်တဲ့"

"ညည်းက ဝက်သားမှမစားတာ"

"အခု အဆီအခေါက်သုံးထပ်သားစားခဲ့တယ်"

"ဟင်"

"လက်ရာကတော့ မပြောနဲ့တော့ဒေါ်လေးရေ၊ ပွင့်ဖူးထက်ဆယ်ဆလောက်သာတယ်၊ မနက်ပိုင်း နန်းကြီးသုပ်ကလည်း ကောင်းကောင်း၊ ယောကျာ်းကြီးဖြစ်ပြီး တကယ်ကိုလုပ်တတ်တာ၊ ပွင့်ဖူးတောင်သင်ခဲ့သေးတယ်"

"အောင်မယ် ညည်းနဲ့က အဲဒီလောက်တောင်တရင်းတနှီးဖြစ်ခဲ့တာလား"

"ပွင့်ဖူးက ဝါသနာပါတယ်ဆိုတော့လည်း သင်ပေးတာပေါ့



ကယ်ပါဒေါ်လေးရယ် ဂုဏ်နေရော ငွေကြေးချမ်းသာမှုရော မိသားစုဝရော အရာရာပြည့်စုံတယ်ဆိုတာ ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ ဦးမင်းဆက်ရာကလေ ထမင်းစားရင်းနဲ့ သူ့သားဆီဖုန်းလှမ်းဆက်တာ၊ သားနားရက်မို့ ဒယ်ဒီဟင်းချက်ကျွေးနေတာတဲ့၊ အရင်ရက်တွေကတော့က်တစ်ခါ ညတစ်ခါပဲ ဖုန်းပုံမှန်ဆက်တာတဲ့လေ၊ တကယ်ကို ကြည်နူးကောင်းတာပါ၊ ဦးမင်းဆက်ရာလိုလူမျိုးကတော့ ရှားပါတယ်၊ ကယ်ကို မိသားစုကိုချစ်ပြီး ကြင်နာနွေးထွေးတတ်တာလွန်ပါရော"

"အေးအေး ... သူများမိသားစုကို အဲဒီလောက်အားကျမနေ ကိုယ့်အခြေအနေ ကိုယ်သာသိ"

"ဟုတ်ကဲ့"

ဒေါ်လေးနှင့် စကားပြောပြီး အခန်းထဲဝင်လာခဲ့သည်။ မျက်လုံးမှာ ဒေါ်နှင်းယုလှိုင်အပေါ် ဦးမင်းဆက်ရာ ကြင်နာဂရုစိုက်တာတွေ၊ ပုံကိုင်ပုံတွေကိုသာ မြင်ယောင်နေ၏။

သူမဘဝမှာ ဒီလိုကြင်နာနွေးထွေးမှုပေးတတ်သော ယောကျာ်း လက်ထပ်ခွင့်ရလျှင် ဘယ်လောက်များကောင်းမလဲ။ ဒီလိုယောကျာ်း သာရလျှင် ချမ်းသာကြွယ်ဝမှုတွေကိုလည်း မလိုချင်တော့။

တောင့်တမှုတွေ ပြည့်ဝဖို့ဆိုလျှင် ...။

ooo

[redacted]

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

"ကျွီ"

"ပွင့်ဖူး ... ပွင့်ဖူး မဟုတ်လား"

"ရှင် ... ဦး"

ထီးလေးဆောင်းကာလျှောက်နေသော ပွင့်ဖူးကိုနောက်ကနေ ဟုတ်မှဟုတ်ပါ့မလားလို့ ဟွန်းတီးကာ လှည့်ကြည့်အောင်လုပ်လိုက်တာပါ။ တကယ်ဟုတ်နေတော့ ကားတံခါးဖွင့်ဆင်းကာ နှုတ်ဆက်ရသည်။

"ပွင့်ဖူးက စိမ်းလန်းစိုပြည်ထဲ တစ်ယောက်တည်းဘာလာလုပ်တာလဲ၊ ရည်းစားနဲ့ချိန်းထားလို့ထင်တယ် ဟုတ်လား"

"မဟုတ်ပါဘူး ဦးရဲ့၊ သူငယ်ချင်းတွေနဲ့အလုပ်ကိစ္စစကားပြောဖို့လာတာ၊ အဆင်မပြေတာနဲ့ တစ်ယောက်တည်းပြန်ထွက်လာတာ၊ ဦးကရော"

"ဦးက ဝန်ထမ်းတစ်ယောက်ရဲ့မွေးနေ့ပွဲဖိတ်လို့ လာအားပေးတာလေ၊ လူငယ်တွေ ဆူညံနေတာနဲ့ စောပြီးပြန်လာတာ"

"ဟို ... ဦးအချိန်ရလား"

"ဘာဖြစ်လို့လဲ ပွင့်ဖူး"

"ပွင့်ဖူး စကားနည်းနည်းပြောပြီး အကူအညီတောင်းချင်လို့ပါ"



"ဪ ... ရတယ်လေ၊ ဟိုရှေ့က အအေးဆိုင်မှာ ခဏထိုင်ကြမယ်၊ ကားပါကင်ထိုးလိုက်မယ်နော်"

"ဟုတ်ကဲ့"

ဦးမင်းဆက်ရာ ကားပါကင်ထိုးပြီးသည်နှင့် အအေးဆေးတိတ်ဆိတ်သောဆိုင်လေးထဲကို နှစ်ယောက်သားဝင်လာခဲ့ကြသည်။

"ထိုင် ပွင့်ဖူး၊ ဘာစားမလဲ၊ ဘာသောက်မလဲ"

"သူငယ်ချင်းတွေနဲ့ စားခဲ့သောက်ခဲ့ပါပြီ၊ ဂျူ့စ်တစ်ခွက်လောက်ပဲ မှာလိုက်တော့မယ်၊ ဦးကရော"

"အင်း ... ဦးလည်းအဲဒါပဲပေါ့"

အကြိုက်ချင်းတူနေသည်လို့ပဲပြောရမလား၊ တမင်တကာတူအောင်ပဲ ဖန်တီးနေမိသလားတော့မသိပေ။ အရောင်တူသော ဂျူ့စ်နှစ်ခွက်က စားပွဲပေါ်ရောက်လာသည်။

"ပွင့်ဖူးပြောမယ်ဆိုတာဘာလဲ ပြောလေ"

"ဟုတ် ... ဟိုဦးကုမ္ပဏီမှာ အလုပ်တစ်နေရာလောက်မလိုဘူးလားလို့ မေးမလို့ပါ"

"ဟင်"

"ပွင့်ဖူး ဒီဘက်မှာ အလုပ်ရှာရတာခက်နေတယ်၊ ကိုယ်က သူများတွေလို အောင်လက်မှတ်ကများများစားစားမရှိဘူး၊ ဘွဲ့ရတဲ့အထိတောင်း ပညာမသင်ခဲ့ရဘူးဆိုတော့၊ အလုပ်တစ်ခုလျှောက်တိုင်းမျက်နှာငယ်ရတယ်၊ အဲဒါအကူအညီတောင်းကြည့်တာပါ"

"ဪ ... ပွင့်ဖူးရယ်"

မပြည့်စုံသူတစ်ယောက်မို့ သနားကရုဏာဖြစ်သွားမိခြင်းဖြစ်သည်။ ကိုယ်လည်း အဆင်မပြေသည့်အချိန်တွေရှိခဲ့ဖူးတာပဲ။ မေမေက ဆိုင်ထောင်ပြီး အောင်မြင်အဆင်ပြေခဲ့သည်ဆိုပေမယ့် ကိုယ်က

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပညာမပြည့်စုံခင်မှာ မမလှိုင်နှင့် အိမ်ထောင်ကျခဲ့သည်။ သားကိုထိန်း ကျောင်းရင်း အဝေးသင်ဘွဲ့လေးတစ်ခုသာ မဖြစ်မနေယူခဲ့ရ၏။

ဒါကိုယောကျာ်းမတွေက နှိမ်ချင်သည်၊ အထင်သေးချင်သည်။ မမလှိုင်အချစ်တွေနဲ့သာမဟုတ်လျှင် သိမ်ငယ်စွာနှင့် ခက်ခက်ခဲခဲဖြတ် သန်းရမှာပါ။

"အဆင်မပြေနိုင်ဘူးလားဟင် ဦး"

"ဩော် ... အင်း ဦးကလည်း ကုမ္ပဏီကြီးဆိုတော့ ဘွဲ့လက် မှတ်တွေ၊ အောင်လက်မှတ်တွေမပါတဲ့သူကို အလုပ်ခန့်လိုက်ရင် ဒါရိုက် တာအဖွဲ့ဝင်တွေနဲ့ စကားပြောရတာ အဆင်မပြေဖြစ်လိမ့်မယ်၊ ဒီလိုလုပ် ပါလား။ ပွင့်ဖူးအင်္ဂလိပ်စပီကင်လေး၊ ကွန်ပျူတာလေး၊ အဆင့်မြင့် စာရင်း ကိုင်လေး တက်လိုက်ပါလား၊ အဲဒါဆိုရင်တော့ အင်တာဗျူးရာဘဲ ဦး အလုပ်ခန့်ပေးလို့ရပါတယ်"

"အဲဒါတွေတက်ဖို့ ငွေရေးကြေးရေးအဆင်မပြေလို့ပေါ့ဦးရယ်၊ စားဝတ်နေရေးကရှိသေးတယ်၊ အဲဒီအတွက်က ငွေတွေအများကြီးကုန် ဦးမယ်၊ အချိန်တွေပေးရဦးမယ်၊ ဒေါ်လေးဆီမှာ ဒီအတိုင်းအလကား စားလို့မရဘူးဦးရဲ့"

ဒီမိန်းကလေးအတွက် ဦးမင်းဆက်ရာ ရင်ပူသွားသလိုရှိသည်။ ရုပ်ရည်လေးပြေပြစ်ချောမောလှပပါလျက် ကံမကောင်းရှာပါလား။ အိမ်မှု ကိစ္စနှင့် အချက်အပြုတ်တော့ အတော်ဝါသနာပါဟန်ရှိသည်။ ကိုယ့်ကို အကူအညီတောင်းနေတာလည်း တကယ်လိုအပ်လွန်းလို့ဖြစ်မည်။

ဒါပေမဲ့ ကိုယ်မှာက ရှယ်ယာရှင်အဖွဲ့အစည်းနှင့်လုပ်တာမို့ ပညာပါမလာသောသူကို ကိုယ့်သဘောနှင့်ကိုယ် အလုပ်ခန့်လို့မဖြစ်ပါ။

"ဒီလိုလုပ်ရအောင် ပွင့်ဖူးရယ်၊ ပွင့်ဖူးအကူအညီတောင်းတာကို ဦးကလည်းဖြစ်အောင်ကူညီချင်ပါတယ်၊ သင်တန်းတွေကတော့ မတက်လို့



ဖြစ်ဘူး။ အဲဒီအတွက် ကုန်ကျစရိတ်တွေကို ဦးပေးမယ်"

"ရှင် ... အဲ ... အဲဒီလိုတော့ မလုပ်ပါနဲ့ ဟို ... ပွင့်ဖူးအားနာ သို့ပဲ"

"အားနာရင် ပွင့်ဖူးအလုပ်ရတဲ့အချိန်ကျ ပြန်ဆပ်လို့ရတာပဲ ပွင့်ဖူးရဲ့မဟုတ်ဘူးလား။ ကောင်းမွန်တဲ့ အလုပ်တစ်ခုရဖို့ဆိုရင် အဲဒီလို ရေးလို့တော့မရဘူး။ အားနာလို့ငြင်းလိုက်ရင် ပွင့်ဖူးအတွက်နောက် သည်း အလုပ်ရဖို့ခက်ခဲနေဦးမှာပဲ"

ပွင့်ဖူး ငြိမ်သက်တွေဝေသွားခဲ့ပြီး အအေးပိုက်တံလေးကို နှုတ်ခမ်းလေးဖြင့် စုပ်သောက်ဖို့ ပြင်လိုက်၏။ ထိုအချိန်မှာ ဦးမင်းဆက်ရာ ၁ ကပျာကယာလေးနှင့်

"ပွင့်ဖူး ခဏလေး၊ တစ်သျှူးနဲ့သုတ်လိုက်ဦးမှ အဆင်ပြေမယ်၊ သင်ကောင်တွေဘာတွေ နားတတ်တယ်"

ပွင့်ဖူးအအေးခွက်လေးက ပိုက်တံလေးကို တစ်သျှူးစလေးဖြင့် သေသေချာချာလှမ်းသုတ်ပေး၏။ ဒီလူကြီး ဒီလောက်တောင် အသေးစိတ် ရိုက်တတ်သူလား။ ဒါကြောင့်လည်း ဒေါ်နှင်းယုလှိုင် တမောင်မောင် နှင့် အသည်းယိုနေတာဖြစ်မည်။ တည်ငြိမ်ခံ့ညားသော ဦးမင်းဆက်ရာ ကို ပွင့်ဖူးခိုင်ခဏမျှ မှင်တက်ငေးမောမိသွား၏။

"ရပြီ ပွင့်ဖူး"

"ဟုတ်ကဲ့"

ကျိုးနွံသည့်ပုံစံမျိုးလေးဖြင့် ခေါင်းလေးငုံ့ကာ ပိုက်တံလေးကို သုတ်သောက်နေသော ပွင့်ဖူးကို ဦးမင်းဆက်ရာ မှင်တက်ကြည့်နေရင်းက ကရုဏာစိတ်လေးတွေဖြစ်ပေါ်နေမိသည်။ ပညာလည်းမပြည့်စုံ ငွေကြေး သည်း မပြည့်စုံ။ ဘဝကိုသိမ်ငယ်မှုတွေနှင့် ဖြတ်သန်းနေရတာ ဘယ် လောက်တောင် သနားစရာကောင်းလိုက်ပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ဖူးအခေါ်က ဘာလုပ်တာလဲ"

"ဒီလိုပါပဲ၊ ဈေးထဲမှာ ဈေးလေးဘာလေး ရောင်းချင်တဲ့အခါ ရောင်းလိုက်၊ ငွေတိုးငွေစလေးပေးလိုက်၊ ဆုံးတဲ့အခါ အရင်းပြုတ်လိုက်နဲ့ အဆင်ပြေတဲ့အခါပြေလိုက်၊ မပြေတဲ့အခါ မပြေလိုက်နဲ့ပေါ့"

"ရှန်းကန်ရတဲ့ဘဝတွေဆိုတာလည်း မလွယ်ဘူးပေါ့၊ ဒါနဲ့ ဦး ပြောတာကို လက်ခံတယ်မဟုတ်လား"

"ဟုတ်ကဲ့ ... ဒါပေမဲ့ အနိတ်ိသိရင်တော့ မကောင်းဘူးထင် ဘယ်နော်ဦး၊ ဟိုက တစ်မျိုးထင်မှာစိုးလို့ပါ၊ မိန်းမဆိုတော့ အသေးအမွှား ဘာမှမဟုတ်တာလေးကိုလည်း သဝန်တိုတတ်တယ်မဟုတ်လား"

"အင်း ... အဲဒါတော့ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် ခင်မင်ရင်းနှီး တယ်ဆိုလည်း ပွင့်ဖူးက သူစိမ်းက သူစိမ်းပဲလေ၊ တစ်မျိုးမြင်သွားလို့ ပွင့်ဖူးကို မကူညီရဘူးဆိုရင်လည်း ဦးစိတ်ကောင်းမှာမဟုတ်ဘူး၊ အဲ တော့ ဒီကိစ္စကို မမလှိုင်ကို ဦးမပြောတော့ပါဘူး"

"ကျေးဇူးတင်ပါတယ် ဦးရယ်၊ ပွင့်ဖူးအလုပ်ရတဲ့အခါကျရင် ဦး စိုက်ပေးထားတဲ့ငွေကို ပွင့်ဖူး ပြန်ဆပ်ပါ့မယ်နော်"

"စိတ်ထဲမထားပါနဲ့ ဦးစေတနာပါ၊ ဩော် ... သင်တန်းကိစ္စ စုံစမ်းထားလိုက်လေ၊ အဆင်ပြေတာနဲ့ ဦးအပ်ပေးမယ်"

"ဘယ်မှာ ဘယ်လိုအပ်ရမယ်မှန်း ပွင့်ဖူးမသိဘူး ဦးရဲ့၊ ဘယ် ဘာသာရပ်က အရေးကြီးပြီး ဘယ်ဟာအရင်တက်ရမှာလဲ"

"ကဲပါ ဦးပဲစုံစမ်းလိုက်ပါ့မယ်၊ တစ်ပြိုင်နက်တည်း တက်ပြီး တစ်နေ့တည်း ဘာသာသုံးမျိုးလောက်ချိန်းပြီးလုပ်နိုင်ရင်တော့ ပွင့်ဖူး အလုပ်မြန်မြန်ရတာပေါ့၊ ပွင့်ဖူးအချိန်ပေးနိုင်ရဲ့လား၊ အပင်ပန်းခံနိုင်ရဲ့ လား"

"ရပါတယ်၊ ပွင့်ဖူးမှာ ဘာမလုပ်မှမရှိတာ အချိန်ပေးနိုင်ပါ



တယ်၊ ဘဝသမားဆိုတော့ အပင်ပန်းလည်း ခံနိုင်ပါတယ်"

"အင်းပါ ... အဲဒါဆိုရင်ပဲ ဦးစိတ်သက်သာပါပြီ"

ထိုသို့ ပြောလိုက်တာကို ပွင့်ဖူးခိုင်ရင်ထဲ လှပ်ခနဲဖြစ်သွား၏။ သူ့အတွက် ဘာတွေစိတ်ပူနေသလဲလို့ပါ။ ဦးမင်းဆက်ရာရဲ့ အကြင်နာ မျက်ဝန်းတွေက သူမနှလုံးသားထဲထိစိုးမိုးနေတာ ဘာကြောင့်ပါလဲ။

ကြင်နာနွေးထွေးမှုတွေ ကင်းဝေးနေသော နှလုံးသားက ဘာ ဆွကို တောင့်တမိနေသလဲ၊ သူမကိုယ်သူမ နားမလည်နိုင်စွာနှင့်ပင်။

ooo

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"မောင် ... သားဆီဖုန်းဆက်ပြီးပြီလား"

"ဩော် ... မမလှိုင်"

စာဖတ်ခန်းတံခါးကိုတွန်းဖွင့်ဝင်လာပြီး မမလှိုင်ခေါ်လိုက်မှ သား ဆီဖုန်းဆက်ဖို့ သတိရတော့သည်။ မမလှိုင်မမြင်ခင် ကွန်ပျူတာ အလျှင်အမြန်ပိတ်လိုက်ရပြီး

"ကုမ္ပဏီကစာရင်းလေးတွေပါလာလို့မမလှိုင်ရဲ့၊ ဒါပြီးမှသား ဆက်မလို့လုပ်နေတာ၊ မမလှိုင်ကို သတိပေးဖို့ကလည်း မမလှိုင်လည်း အလုပ်ရှုပ်နေတာနဲ့ မောင်မပြောတော့တာ"

"အင်း ... ဒါဆိုဆက်လိုက်ဦးလေမောင်ရဲ့၊ ဖုန်းဆက်တာ နောက်ကျလို့ သားကစိတ်ကောက်နေဦးမယ်၊ သားက မောင်အရင်ဆက် မမလှိုင်ကဆက်ရင်တောင် ဒယ်ဒီက ဘာလုပ်နေလို့လဲလို့ အရင်မေးတာ"

"ဟုတ်ပြီ မောင်ဆက်လိုက်ပါ့မယ်၊ မမလှိုင်လည်း စောင့်နေ နော်၊ သားကမမအေနဲ့စကားမပြောရလည်း ဖြစ်တာမဟုတ်ဘူး၊ အမေ အမြန်းက ထူသလားမမေးနဲ့"

"ဟင်းဟင်း ဟုတ်ပါပြီ"

သားနှင့်မျက်နှာချင်းဆိုင် စကားပြောနိုင်ဖို့ ကွန်ပျူတာပြန်ဖွင့်



အင်တာနက်ဖွင့်ဖြင့် သားဆီဖုန်းခေါ်လိုက်ရသည်။

"ဟယ်လို သားလေး"

"ဒယ်ဒီဖုန်းခေါ်တာ တစ်နာရီကျော်နောက်ကျတယ်နော်"

"အင်း သားလေး၊ ကုမ္ပဏီက အလုပ်တွေပါလာလို့သားရဲ့၊ မာမီကလည်း လူနာကိစ္စတွေနဲ့ရှုပ်ပြီး ရောဂါအသစ်အဆန်းတွေအတွက် ဆေးစာအုပ်တွေ ထပ်ဖတ်နေရလို့ပါ၊ သားလေး နေကောင်းရဲ့လား။ စာတွေရောလိုက်နိုင်ရဲ့လားသား"

"ဟုတ်ကဲ့ အားလုံးအိုကေပါ ဒယ်ဒီ၊ ဒယ်ဒီရော အိုကေလား"

"အိုကေပေါ့သားရဲ့၊ မာမီနဲ့စကားပြောဦးလေ"

"ဟုတ်ကဲ့"

"မမလှိုင် သားကစကားပြောဦးမယ်တဲ့"

မမလှိုင် သားနှင့်ပြောဖို့ နေရာရွှေ့ပေးလိုက်ရသည်။ ပွင့်ဖူး အင်တန်းကိစ္စတွေအတွက် စုံစမ်းထားသမျှကိုတော့ အားလုံးပိတ်ပြီးသွား၍ စိတ်ချမ်းသာရသေးသည်။ ဒီနေ့ည ပွင့်ဖူးကိစ္စလေးတွေလုပ်နေတာကြောင့် မမလှိုင်ကိုတောင် ကော်ဖီဖျော်မပေးဖြစ်သေးပါ။

သားနှင့်ဖုန်းပြောဖို့တောင် သတိမေ့နေတာကို ပွင့်ဖူးကိစ္စက သားထက်အရေးတကြီးလုပ်နေမိသည်ဆိုတာ ကိုယ့်ကိုယ်ကိုယ်ပင်မသိလိုက်။

"သားလေး မာမီနေကောင်းပါတယ်၊ သားဒယ်ဒီရော မာမီရော အလုပ်တွေနည်းနည်းများနေလို့ပါသားရယ်၊ နောက်ဒါမျိုးမဖြစ်စေဘူးနော်၊ စိတ်ချသား အင်း ... ဟုတ်ပါပြီ သားလေးရယ်၊ သားလေး ကျန်းမာရေး ဂရုစိုက်နော်၊ အိုကေ ... အိုကေ ဂွတ်နိုက်သား"

"ဒယ်ဒီရော"

"အေး ... ဂွတ်နိုက်ပါသားလေး၊ ချစ်တယ်သား အာဘွား"

[redacted]

www.burmeseclassic.com



အနမ်းလေးပါပေးလိုက်မှသားက စိတ်ကျေနပ်သွားသည်။ ဖုန်းဆက်နောက်ကျရသည့်အကြောင်းရင်းကို မမလှိုင်သေချာမေးမနေသေး၍ တော်သေး၏။

"မောင် အလုပ်ပြီးပြီလား"

"အင်း . . . ပြီးပြီပဲပြောပါတော့ မမလှိုင်၊ နောက်မှအေးအေးဆေးဆေးဆက်လုပ်လည်းရပါတယ်"

"ဒါဆို မမလှိုင်ဖို့ကော်ဖီလေးတစ်ခွက်လောက်ဖျော်ပေးနော်"

"မမလှိုင်မပြီးသေးဘူးလား"

"ဘယ်ပြီးမှာလဲမောင်ရယ်၊ နောက်ရက်တွေမှာ ခရီးထွက်ဖို့ကလည်းရှိနေသေးတော့ သေချာပီပြီးလုပ်နေရတာယ်၊ ဆရာဝန်အလုပ်ကိုရွေးချယ်ခဲ့တာ မှားများမှားပြီလား မသိပါဘူး။ ဆေးပညာတွေက ပင်စင်ယူရမယ့်အချိန်တောင် လျှော့လာလို့ကုန်မှာမဟုတ်ဘူး။ ကိုယ်မသင်ယူခဲ့တဲ့ရောဂါအသစ်အဆန်းတွေ ပေါ်လာလိုက်တာလည်းမနည်းဘူး"

"ဟုတ်ပါပြီ . . . ကဲ မောင်ကော်ဖီဖျော်လိုက်မယ်နော်၊ မမလှိုင်မအိပ်သေးဘူးမဟုတ်လား"

"အင်း . . . မောင်ကအိပ်တော့လေ"

"ဟုတ်ကဲ့"

မမလှိုင်ကိုကော်ဖီဖျော်ပေးပြီး ဒီနေ့အနမ်းမပေးဖြစ်ခဲ့။ အိပ်ခန်းထဲကိုဝင်လာကာ ပွင့်ဖူးဆီဖုန်းခေါ်လိုက်သည်။ မမလှိုင်က ဘုရားခန်းနှင့်ကပ်လျက် စာဖတ်ခန်းထဲမှာမို့ ကိုယ်ဖုန်းပြောသံကိုကြားမှာမဟုတ်ပေ

"ဟယ်လို ပွင့်ဖူးလား"

"ဟုတ်ကဲ့ ဦး"

"မအိပ်သေးဘူးမဟုတ်လား။ စကားပြောလို့ အဆင်ပြေမလား"



"ပြေပါတယ်ဦးရဲ့၊ နေ့လယ်က ဦးဖုန်းနံပါတ်တောင်းသွားတာတည်းက ဦးစုံစမ်းလို့ရရင် ဖုန်းဆက်မယ်ဆိုတာသိလို့ ပွင့်ဖူးမအိပ်ဘဲစောင့်နေတာ"

"ဪ . . . ဟုတ်လား၊ ဦးစုံစမ်းကြည့်လိုက်တော့ သင်တန်းချိန်ခုရှိတယ်၊ စပီကင်နဲ့ စာရင်းကိုင်ကို တစ်ချိန်စီသင်မယ့်နေရာရယ်၊ ကွန်ပျူတာသင်မယ့်နေရာရယ်၊ ဟိုဘက်ဒီဘက်သွားတက်ဖို့ မနက်ကိုးနာရီလောက်ကနေ ညနေငါးနာရီ ခြောက်နာရီလောက်အထိ အချိန်ပေးသိမ့်မယ်ထင်တယ်၊ သင်တန်းတစ်ခုနဲ့တစ်ခုကြားမှာ အိမ်ပြန်နားနေမယ်ဆိုရင်တော့ ပွင့်ဖူး အချိန်မီမှာမဟုတ်ဘူး"

"ဟုတ်ကဲ့ ပွင့်ဖူးနားလည်ပါပြီ၊ တစ်ပတ်မှာ ဘယ်နှရက်လဲဦး"

"ရက်တိုအပြတ်သင်မှာဆိုတော့ တနင်္လာကနေ သောကြာနေ့အထိပဲ ပွင့်ဖူး၊ လူနည်းနည်းနဲ့ ရက်ကန့်သတ်ပြီး သင်ပေးလိမ့်မယ်၊ သီးသန့်ဆိုတော့ အမြန်အတတ်သင်ဆိုတော့ အဆင်ပြေပါတယ်"

"ဟုတ် . . . ကျေးဇူးပဲ ဦး၊ ကျေးဇူးတင်တယ်နော်၊ တကယ်ပြောတာပါ"

"ဒါဆို မနက်ဖြန်သင်တန်းအပ်ပေးဖို့ ဦးဘယ်ကိုလာခေါ်ရမလဲ"

"ပွင့်ဖူးတို့လမ်းထိပ်ကိုပဲလာခေါ်လိုက်ပါ၊ ရွှေမြင့်မိုရ်စတိုးဆိုင်နားမှာ ပွင့်ဖူးစောင့်နေမယ်"

"ဒါဆိုဒါပဲနော် ပွင့်ဖူး၊ ကောင်းသောညပါ ဂွတ်နိုက်"

"ဂွတ်နိုက်ပါဦး"

နှုတ်ဆက်စကားလေးများဖြင့် ဖုန်းပိတ်ပြီးချိန်မှာတော့ မမလှိုင်ရောဝင်လာမလားလို့ မလုံမလဲ တံခါးပေါက်ဘက်လှည့်ကြည့်လိုက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သည်။ မွှင့်ဖူးနှင့် ပတ်သက်မှုကို လူမိမှာဘာကြောင့်များ စိုးရိမ်နေ
တာလဲ။

လူသိမခံရဲသည့်အကြောင်းတရားများဟာ ...။

ဝဝဝ

## အခန်း (၁၀)

"မောင်ကုမ္ပဏီသွားပြီ မမလှိုင်"

အရင်ကလို အနမ်းပေးကာ အိပ်ရာကမနိုးဘဲ အပေါ်ထပ်ကုတ်ကြိမ်ထပ်ဝတ်ရင်းက အော်ပြောတာကြောင့် အိပ်ရာကလူးလဲကာ ထိတ်ရသည်။

"ဘာဖြစ်လို့လဲမောင်၊ မနက်ရှစ်နာရီတောင်မထိုးသေးဘူး။ အမှုထဲမှာ ဘာအရေးကြီးကိစ္စတွေရှိနေလို့လဲ"

"ချိန်းထားတဲ့ဧည့်သည်တွေရှိလို့ မမလှိုင်ရဲ့၊ အခုတလော အမှုထဲမှာ နိုင်ငံခြားသားဧည့်သည်တွေ အဝင်အထွက်များတယ်၊ လုပ်ငန်းအတူတိုင်ပင်တာ ဆွေးနွေးတာ ညှိနှိုင်းတာနဲ့ဧည့်ခံရတဲ့အပိုင်းတွေလည်း များတယ်"

"ဪ ... အလုပ်များတော့ မောင်ပင်ပန်းနေမှာပဲ၊ ကားကို ဂရုစိုက်မောင်းနော် မောင်"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ဪ ... မမလှိုင် မောင်နောက်ကျနေ နေခဲ့တာနဲ့ မမလှိုင်အတွက် မနက်စာ မစီစဉ်ခဲ့ရဘူး။ မချိုကိုသာ မမလှိုင် ချင်တာပြင်ဆင်ခိုင်းလိုက်တော့နော်၊ ဟို ... သားဆီကိုလည်း ဖုန်း ကြော်လိုက်ပါဦး။ မောင်သွားပြီနော်"

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့်ပင် ခပ်သုတ်သုတ်ထွက်လာခဲ့သည်။ လုပ်ငန်းကိစ္စအကြောင်းပြထား၍ ဘာကြောင့်ဆိုတာ မမလှိုင်တော့ သံသယမဝင်လောက်ပါ။ ပွင့်ဖူးဆီရောက်ဖို့က နာရီဝက်ကျော်လောက် ကားမောင်းရဦးမည်ဖြစ်၏။ သင်တန်းကို သွားအပ်ပေးဖို့က တစ်နေ့ရာမို့ ဒီထက်တောင် အိမ်ကစောထွက်သင့်တာ။ ဒါပေမဲ့ မမလှိုင်အရမ်းသတိထားမိသွားလို့လည်း မကောင်းပေ။

"ဟင် . . . ပွင့်ဖူးက ဟိုနားမှာပဲ"

ရွှေမြင့်မိုရ်စတိုးဆိုင်အနီးဝန်းကျင်လေးမှာ ပိုက်ဆံအိတ်သေးသေးလေးပခုံးမှာလွယ်ပြီးရပ်နေပုံက သိမ်သိမ်ငယ်ငယ်ပါ။ ဒီကောင်မလေးကို စိတ်ဓာတ်ခွန်အားတွေပေးချင်စိတ်က ရှန်းကြွနေသည်။

"ကျို . . . ပွင့်ဖူး"

"ဦး"

လမ်းဘေးမှာ ကားထိုးရပ်ပြီး ကားပေါ်ကဆင်းလိုက်ပြီး လက်ကနာရီကို မြှောက်ကြည့်လိုက်၏။

"ပွင့်ဖူး မနက်စာဘာစားပြီးပြီလဲ၊ အချိန်ရသေးတယ်၊ ဦးလည်းအိမ်ကဘာမှစားမလာခဲ့ရသေးလို့ စားရအောင်လေ"

"ဟုတ်ကဲ့ . . . ပွင့်ဖူးလည်း ဘာမှမစားခဲ့ရသေးဘူး။ ဒါပေမဲ့ ဒီနားမှာက စားသောက်ဆိုင်သိပ်ကောင်းကောင်းကြီးမရှိဘူး၊ ပွင့်ဖူးတို့စားနေကျ မုန့်ဟင်းခါးနဲ့ အသုပ်ဆိုင်ပဲရှိတယ်၊ဦးစားတတ်မှာမဟုတ်ဘူး"

"ပွင့်ဖူးတောင်စားသေးတာ၊ ဘာလို့ ဦးကမစားတတ်ရမှာလဲ လာလေဘယ်ဆိုင်လဲသွားရအောင်"

အဆင့်အတန်းမခွဲဘူးဆိုတာ သိစေရန်အတွက် အားပေးသည့်သဘောနှင့် ဖွတ်ပင်ပြောလိုက်သည်။ ပွင့်ဖူးက ထိုနေရာနှင့် မနီးမဝေးဆိုင်လေးထဲသို့ခေါ်သွား၏။ ဆိုင်လေးက စုတ်စုတ်ချာချာမဟုတ်ပါ။



သန့်ရှင်းသပ်ရပ်တာကြောင့် လွတ်သောစားပွဲဝိုင်းမှာ ကိုယ်တင် အရင်ဝင်ထိုင်လိုက်၏။

"ထိုင်လေ၊ ပွင့်ဖူး ဘာစားမှာလဲ မှာ"

"ဦးမှာပါ"

"မုန့်ဟင်းခါးကို အိုးဘဲဥ၊ ဘူးသီးကြော်နဲ့ လက်ဖက်ရည်ချိုစိမ့်တစ်ခွက်"

"ပွင့်ဖူးလည်း ဦးလိုပဲ"

စားပွဲထိုးလေးက ခေါင်းညိတ်ကာ ထွက်သွားပြီး ခဏနေမုန့်ပွဲနှင့် လက်ဖက်ရည်လာချပေး၏။ တစ်ဇွန်းခပ်စားကြည့်လိုက်ပြီး

"မဆိုးပါဘူး ကောင်းပါတယ်၊ ပွင့်ဖူးက 'ဒီဆိုင်ကနေ့တိုင်းစားတာလား"

"အိမ်မှာထမင်းမကျန်တဲ့နေ့မှ ဈေးလာရင်း စားဖြစ်တာပါ၊ ပွင့်ဖူးတို့အခြေအနေနဲ့ ဘယ်လိုလုပ်နေ့တိုင်းစားနိုင်မှာလဲ"

"ပွင့်ဖူး အဲဒီလိုတွေပြောတော့ စိတ်မကောင်းဘူး ပွင့်ဖူးရယ်၊ တတ်နိုင်ရင် ပွင့်ဖူးဘဝလေးကို ဖြည့်ဆည်းပေးချင်ပါတယ်"

ပါးစပ်ကလွှတ်ခနဲထွက်သွားသည့်အခါမှာ ပွင့်ဖူးနှုတ်ခမ်းလေးကရုတ်တရက် ပြုံးသွားပြီး ဦးမင်းဆက်ရာကို မော့ကြည့်လာ၏။

"ဦးက ဘယ်လိုပုံစံမျိုးနဲ့ဖြည့်ဆည်းပေးချင်တာလဲ"

"ဟင်"

"ဪ . . . တူမလေးတစ်ယောက်လိုလား၊ သမီးလေးတစ်ယောက်လိုလား သိချင်လို့ပါ"

"ဟို . . . အဲဒါက"

"သမီးလည်းမဟုတ်၊ တူမလည်းမဟုတ်တော့"

စကားကို အဆုံးမသတ်သော်လည်း ပွင့်ဖူးနှိုင်မျက်ဝန်းထဲမှာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်တွေများစွာ ဖြတ်ပြေးနေသည်။ ဦးမင်းဆက်ရာလည်း ထို အကြည့်မျိုးနှင့်ပင် ကြည့်ဖြစ်သွား၏။

နှုတ်ဖျားက ထုတ်ပြောမှမဟုတ်၊ အဓိပ္ပာယ်ကိုမျက်လုံးက တစ်ဆင့် ဖွင့်ဆိုလို့ရနေသည်ပဲ။

"ဒီနေ့က သင်တန်းအပ်ရုံပဲ အပ်ရမှာနော်၊ သင်တန်းအပ်ပြီးတာနဲ့ အဲဒီနေရာကို ပွင့်ဖူး ဘယ်လိုသွားရမယ်ဆိုတာ မှတ်ထားပေါ့"

"လိုင်းကားတိုးစီးရမှာဆိုတော့ အိမ်ကနေ အစောကြီးထွက်ရမယ်ထင်တယ်၊ လမ်းပိတ်တာနဲ့ ကားကျပ်တာနဲ့ နောက်ကျနေရင် သင်တန်းမတက်ဖြစ်မှာစိုးရတယ်"

"ဘာလို့ လိုင်းကားစီးရမှာလဲပွင့်ဖူးရဲ့၊ တက္ကစီစီးဖို့ ဦးစိုက်ပေးမှာပေါ့၊ တစ်ခါတလေ စောတဲ့အခါကျတော့လည်း ဦးလာခေါ်ပြီးပို့ပေးမှာပေါ့"

"အပြန်ကျတော့ရော"

"ဟင်"

စကားခေါ်နေမှန်းသိရဲ့နှင့် ချက်ချင်းဖြေလိုက်ရမှာ နောက်ဆံတင်းလို့နေသည်။ အပို့အကြိုတာဝန်ကြီးတစ်ခုလိုဖြစ်သွားလျှင် မမလိုင်တစ်ယောက် မရိပ်မိဘဲနေပါ့မလား။

"ဟင်လို့ဦး . . . အပြန်ကျရင်ရော ဦးကြိုမှာလားလို့"

ခပ်ညုညုအသံကြောင့်ရင်ထဲမှာ လှုပ်ခနဲခုန်လှုပ်သွားရသည်။ ပွင့်ဖူးမျက်နှာလေးကို ခပ်ရှုးရှုးပင် စိုက်ကြည့်မိသွားလျက်

"အတတ်နိုင်ဆုံး အပို့အကြိုလုပ်ပေးနိုင်အောင် ကြိုးစားမယ် ပွင့်ဖူး စိတ်ရောလူရော မပင်ပန်းစေရဘူး၊ အဲဒါဆိုကျေနပ်ပြီလား"

"ဟုတ် . . . ဦးက အရမ်းကြင်နာဂရုစိုက်တတ်တာပဲနော် အန်တီ့ကိုဂရုစိုက် ကြင်နာလွန်းတာတွေ့ရတော့ အရမ်းအားကျမိတယ်



သိလား၊ စိတ်ကူးမယဉ်ဖူးခဲ့ပေမယ့် ဦးနဲ့တွေ့မှ ဦးလိုယောကျ်ားမျိုးနဲ့ ...က်ထပ်ခွင့်ရရင်ကောင်းမှာပဲလို့ စိတ်ကူးတွေယဉ်မိတယ်"

"တကယ်"

ရင်မှာခံစားမှုတွေ လှိုက်ဖြာသွားလျက် နှလုံးသွေးတွေပါ ပူနွေး ...ောင့်ခုန်သွား၏။ ရေလာအောင် မြောင်းပေးသည့်စကားတွေဆိုတာ ...ပေမယ့် အထင်မသေးရက်ပေ၊ ကိုယ့်လိုကြင်နာနွေးထွေးမှုတွေ ပေး ...တ်သော ယောကျ်ားမျိုးကို ဘယ်လိုမိန်းကလေးမျိုးမဆို စိတ်ကူးယဉ်နိုင် ...ည်ပဲ မဟုတ်လား။ အလိုလိုပင် စိတ်တွေက ပျော်ရွှင်လာလျက် . .

"ကဲ . . . စားလေပွင့်ဖူး၊ ဦးခွံ့ကျွေးရဦးမလား"

"လူတွေကြည့်နေတယ်လေ ဦးကလည်း ဘယ်လိုဖြစ်နေတာ ..."

ထိုသို့ပြောပုံလေးကို ပို၍အသည်းတွေယားသွား၏။ တကယ် ...ည်း ဆိုင်ထဲမှာ စားသောက်နေသူတွေက ကိုယ်နှင့် ပွင့်ဖူးကို စိတ်ဝင် ...စားနှင့် မေးငေါ့လိုက် မျက်ခုံးပင့်လိုက်ကြည့်နေကြသည်။ အသက်ကြီး ...လူနှင့် အသက်ငယ်ငယ်မိန်းကလေး ဘယ်သူ့ကိုအားကျနေကြလို့ ... ဆိုအတွေးဝင်လာသောအခါ လူကပို၍သွေးဆူရဲတင်းလာခဲ့သည်။

ဆိုင်ထဲကနေ ပိုက်ဆံရှင်းပြီးထွက်လာချိန်မှာ ပွင့်ဖူးလက် ...လေးကို မသိမသာဆုပ်ကိုင်လာခဲ့မိ၏။ ပွင့်ဖူးကလည်း လွန့်လွန့်လေး ...င်မရုန်းပေ။ သူမလည်း ပျော်နေသလိုရှိကာ ကိုယ့်လက်မောင်းကို ...င် တွဲခိုကာလိုက်လာ၏။

ရင်ခုန်မှုတွေက ဟိုယခင်ငယ်စဉ်ကအတိုင်း နုပျိုလတ်ဆတ် ...သည်။ ထိုနေ့ တစ်နေ့လုံးအချာအားလုံး မေ့လျော့စွာနှင့်ပင် . . . ။

၀၀၀

[redacted]

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"မောင် အခုတလော ကုမ္ပဏီသွားတာစောပြီး ပြန်တာနောက် ကျနေတယ်နော်၊ အလုပ်ကိစ္စတွေက အဲဒီလောက်တောင် အရေးကြီး နေတာလား"

"မောင်ပြောထားသားပဲ မမလှိုင်၊ ပစ္စည်းသစ်အတွက် နိုင်ငံ ခြားသားတွေနဲ့ပါ အလုပ်ရှုပ်နေပါတယ်ဆိုတာ၊ ညှိသည်တွေကိုလည်း ညှိခံရသေးတယ်"

"အဲဒီကိစ္စတွေက ပြီးပဲမပြီးတော့ဘူးလား၊ အခု အဲဒီကိစ္စလုပ် နေတာ ဘယ်နှရက် ဘယ်နှလတောင်ရှိနေပြီလဲ၊ တစ်ချိန်လုံး ဒါ အကြောင်းပြနေတော့မှာလား"

"အခု မောင်ကုမ္ပဏီသွားတာစောလို့ ပြန်တာနောက်ကျ မောင့်ကို ဆူနေတာလား မမလှိုင်၊ မမလှိုင်ပဲ ယောက်ျားမကြီး တစ် မမြင်အောင် အထင်မသေးအောင်ကြိုးစားပါဆို၊ အခုမောင်တို့ ကုမ္ပ အောင်အောင်မြင်မြင်လည်ပတ်နေတယ်၊ အဆင်ပြေနေတယ် မဟုတ် လား၊ မောင်အလုပ်မလုပ်ဘဲအိမ်မှာ ထိုင်နေရမှာလား ပြောပါဦး"

"အိမ်မှာထိုင်နေဖို့ မမလှိုင်ပြောနေတာမဟုတ်ဘူးမောင် မမလှိုင်နဲ့ပတ်သက်ပြီး မောင်ဝတ္တရားပျက်ကွက်တာတွေများနေပြီ၊ သ

ဆိုဖုန်းဆက်ဖို့တောင် မမလှိုင်ပဲ သတိပေးနေရတယ်၊ မောင့်ခြေလှမ်း မှုတွေပျက်နေသလားလို့ မမလှိုင် သတိပေးနေတာ"

"ဩော်"

စိတ်ထဲမှာ မကျေနပ်သလို တင်းခနဲဖြစ်သွား၏။ အရင်ကလို ကောင်းမြင်စိတ်များနှင့် ပေးမမနေချင်။ အတက်ချီကျေစ်ကိုပြန်ချလိုက် ပြီ

"မမလှိုင်က မောင်မနက်စာလုပ်မပေးနိုင်၊ ညဘက်ကော်ဖီ ဖျော်ပြီးမပြုစုနိုင်၊ မနက်ဆိုလည်း မမလှိုင်ကို မနိုးတော့လို့ အပြစ်မြင် တာပဲ၊ မောင်ကအပြင်အလုပ်လည်းလုပ် အိမ်အလုပ်လည်းလုပ်၊ မိန်းမ လည်း ပြုစု၊ အဲဒီလိုပဲနေရမှာလား"

"မောင် ရန်စကားကို ဘာလို့ပြောနေတာလဲ၊ အဲဒါတွေက ချက်တွေလေ၊ အကြင်နာတွေလေ၊ မောင်ကျေကျေနပ်နပ်၊ ကြည်ကြည် ဖြူဖြူပြုစုယုယခဲ့တာတွေ မဟုတ်ဘူးလား၊ မောင့်ကို ဒါလုပ်ပေးပါလို့ တိုင်ခိုင်းခဲ့တာ တစ်ခုမှမရှိပါဘူး။ အချစ်တွေနဲ့ပဲ မောင်မြတ်မြတ်နိုးနိုး ပေးခဲ့တယ်ထင်လို့ မမလှိုင်လည်း ကြည်နူးနေခဲ့တာပါ။ အခုမှ ဒါ တွေက ..."

"ကဲ ... မမလှိုင်ရယ် မောင်ပဲဝတ္တရားတွေ ပျက်ကွက်တယ် လိုက်ပါတော့၊ ဒါပေမဲ့ မောင့်ကိုနားလည်ပေးပါဦး၊ အလုပ်ကိစ္စတွေ ကြောင့် စိတ်ဖိစီးမှုတွေများနေတာ၊ မောင်လည်း ကိုယ့်ကိုယ်ကိုယ်တောင် ချင်ပြီ၊ ဒီအလုပ်ကိုရပ်ပြီး နောက်ဆုတ်လိုက်ရတော့မလားလို့တောင် ခါတလေ စဉ်းစားမိတယ်"

ဒါပေမဲ့ ကုမ္ပဏီသွားခါနီးတိုင်း မောင့်မျက်နှာရွှင်လန်းတက်ကြွ လန်းနေတာပါပဲလို့ ထွေငေါ့လိုက်ချင်သည်။ အရင်က သေသပ်စွာ တ်ပေးမယ့် အရောင်မရွေးဘဲ ဖြစ်သလို ဝတ်စားတတ်သောမောင်



www.burmeseclassic.com

www.burmeseclassic.com



က အခုဆိုဘီရိုနားရပ်ကာ အင်္ကျီအရောင်ရွေးနေတာမပြီးနိုင်၊ ဘောင်းဘီအောက်ကဝတ်မည့်အင်္ကျီ၊ အပေါ်ဝတ်မည့်ကုတ်အင်္ကျီ၊ နက်ခ်တိုင် လိုက်ဖက်ဖို့ရွေးနေတာ၊ အိပ်ရာထဲက မြင်နေရတိုင်းစိတ်ကမကောင်းပေ။ မိမိအတွက် အရင်ကအင်္ကျီအဝတ်အစားရွေးထုတ်ပေး၊ လိုက်ဖက်မယ့်ဖိနပ်ကို ဖိနပ်စင်မှာချထားပေး၊ တိုက်ထားပေး။ ဒါလေးနဲ့ ဒါလေးနဲ့ဝတ် ရေမိုးချိုးပြီး မောင်ပြင်ဆင်ထားတာလေးစားဖို့ အိပ်ရာပေါ်က မိမိ နဖူးလေးနမ်းပြီး မနှိုးတော့မပြောတော့တာတောင် ဘယ်လောက်ကြာနေပြီလဲ။

ဝဋ္ဋရားတစ်ခုလို နေ့စဉ်အကြင်နာတွေခံခဲ့ရတာကြောင့် တောင့်တလို့ မရတော့ဘူးလား။ ဒါပေမဲ့ မောင့်အချစ်ကိုယုံကြည်သည်။ သားနှင့်မိမိကို ချစ်မြတ်နိုးသောကြောင့် မောင့်ဘယ်တော့မှ ခြေလှမ်းမှားမည်မဟုတ်။ အခုလည်း မောင်ပြောသလို လုပ်ငန်းကိစ္စတွေနှင့် စိတ်ဖိစီးမှုများနေလို့ပဲဖြစ်မှာပါ။

ခုတင်ပေါ်ကဆင်း၍ မောင့်လည်ပင်းကိုသိုင်းဖက်ကာ မောင့်နဖူးလေးကို ခပ်ဖွဖွလေး နမ်းမွှေးလိုက်သည်။

"ဆောရီးမောင်ရယ်၊ မောင်အဲဒီလောက်ထိ စိတ်ညစ်နေမှန်း မသိလို့ပါ၊ လုပ်ငန်းဆိုတာလည်း ပေါ့ပေါ့လွယ်လွယ်မှ လုပ်လို့မရတာ၊ တစ်ခါတလေ စိတ်ဖိစီးမှုများတာမျိုးရှိတာ မမလှိုင် နားလည်ပါတယ်၊ တစ်ခါတလေ မမလှိုင်လည်း ဆရာဝန်အလုပ်ကို လုံးဝမလုပ်ချင်တော့အောင် စိတ်ကုန်မိတဲ့အခါမျိုးရှိတယ်၊ မောင့်ကို မမလှိုင်ကိုယ်ချင်းစာတယ်"

"အင်း ... မောင့်ကို အဲဒီလိုနားလည်ပေးပါ မမလှိုင်ရယ်၊ သားနဲ့ဖုန်းပြောဖြစ်တဲ့အခါကျရင်လည်း မောင့်ကိုနားလည်ပေးအောင် ပြောပြပေးပါ၊ တစ်ခါတလေ စိတ်နဲ့ကိုယ်မကပ်ရင် သားကိုဖုန်းဆက်



...ောင် မေ့နေတယ်နော် မမလှိုင်"

"အင်းပါ မောင်ရဲ့၊ ဒါဆိုဒီလိုလုပ်လေ၊ မောင်အိမ်ကနေတစ်ခုခု ...ယ်ရအောင် မမလှိုင်စီစဉ်ပေးမယ်၊ ဒါမှမဟုတ် မချိုကို မောင်စားချင် ...ယ်နိုင်းလိုက်မယ်၊ မောင်အိမ်ကနေ ဘာမှမစားဘဲ ကုမ္ပဏီရောက် ...ာ့လည်း အလုပ်ရှုပ်တာနဲ့ မစားဖြစ်တော့ဘဲဖြစ်နေရင် ကြာတော့ ...ာအိမ်ထိခိုက်လိမ့်မယ်"

"ရပါတယ် မမလှိုင်ရဲ့၊ လမ်းမှာပဲဖြစ်ဖြစ် ကုမ္ပဏီရောက်တော့ ...ဖြစ်ဖြစ် မောင်တစ်ခုခုတော့ စားနေကျပါ၊ မမလှိုင်မပူနဲ့"

"အဲဒါဆိုလည်း စားဖြစ်အောင်စားနော်၊ ဪ ... ဒါနဲ့ ဒီ ...အေးမှာ မမလှိုင်ခရီးသွားရမယ်မောင်၊ နှစ်ညအိပ် သုံးရက်လောက် ...ယ်၊ အပြန်နေပြည်တော်ကိုဝင်ဦးမှာဆိုတော့ မောင်ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး။ မမလှိုင်သာ ကျန်းမာရေးဂရုစိုက်၊ ကိုယ်က ...ာက်အရွယ်ရလာပြီ၊ သူများတွေကို ဆေးကုပေးရင်းနဲ့ ခရီးဝေးတွေ ...ရတာ ပင်ပန်းသွားဦးမယ်"

"အဟင်းဟင်း ... မမလှိုင်က ဆရာဝန်ပါမောင်ရဲ့၊ ကိုယ့်ကိုယ် ...ယ် သတိရှိပါတယ်၊ ဖြစ်ရင်တောင် ဆေးကုပေးမယ့် ဆရာဝန်အချင်း ...တွေ အများကြီးပါတာပဲ၊ မမလှိုင်အတွက် စိတ်မပူပါနဲ့"

"ဟုတ်ပါပြီ၊ ဒါဆိုမောင်သွားပြီ မမလှိုင်"

"မောင်"

မျက်နှာချင်းဆိုင် နီးကပ်စွာရှိနေတာတောင် နမ်းဖို့မေ့လျော့ ...သာမောင့်ကို နဖူးလေးကိုလက်ညှိုးလေးထိုးကာ သတိပေးလိုက်ရ ...မောင့်က အသက်မပါသလို ရှိုက်ခံနဲ့ဖြစ်သလို နမ်းမွှေးလိုက်ပြီး

"တာ့တာ မမလှိုင်"

လက်ကနာရီကို မသိမသာကြည့်လိုက်ပြီး အတက်...ကစ်ကို

[redacted]

www.burmeseclassic.com



ကပျာကယာဆွဲ၍ ထွက်လာခဲ့သည်။ မမလှိုင် ရစ်နေတာနှင့် အချိန် တောင်နောက်ကျနေပြီဖြစ်၏။ ဒါကြောင့်မို့ ကားကို လီဟာတင်ကာ အမြန် မောင်းလာခဲ့သည်။ လူရှုပ်ထွေးသောနေရာမှာ ပွင့်ဖူးတစ်ယောက်တည်း စောင့်နေရမှာမဟုတ်ပါလား။ သူများတွေလို ကိုယ်ပိုင်ကားလည်း မ နိုင်။ တက္ကစီငှားစီးဖို့ အဆင်မပြေသည့် အခြေအနေ။

ဒီမိန်းကလေးရဲ့ဘဝ ပြည့်စုံချမ်းသာအောင် ဘယ်လိုတွေများ ပံ့ပိုးဖြည့်ဆည်းပေးရမလဲ။ ပွင့်ဖူးနှင့်တွေ့ရတော့မည်ဆိုလျှင် ကိုယ့် တွေက လှိုက်လှိုက်ဆူဝေနေသည်။

"ပွင့်ဖူး"

"ဦး"

ပွင့်ဖူးအနား ကားလေးထိုးရပ်လိုက်စဉ်မှာ ပွင့်ဖူးမျက်နှာလေး ညှိုးနွမ်းနေတာမို့ ပျာပျာသလဲလေး ပွင့်ဖူးနဖူးလေးကို စမ်းကြည့်လိုက် သည်။

"မျက်နှာလေးညှိုးနေတာပဲ၊ နေမကောင်းဘူးလား ပွင့်ဖူး"

"အင်း . . . ညက ဦးနဲ့ဖုန်းပြောပြီး ပွင့်ဖူးတစ်ညလုံး အိပ်မ မပျော်ဘူး၊ အဲဒါကြောင့် ခေါင်းတွေကိုက်နေတာ"

"ဩော် . . . ဦးနဲ့ဖုန်းပြောတာ ဘာကြောင့်အိပ်လို့မပျော်ရတာ လဲ ပွင့်ဖူးလေးရယ်"

"ဦးအသံကိုပဲ တစ်ညလုံးကြားချင်နေလို့ပေါ့"

"ဩော် . . . ကလေးရယ်၊ ဦးကိုရင်ခုန်အောင်ပဲလုပ်နေတော့ တာပဲကွယ်၊ ဒီလိုလုပ်လေ ပွင့်ဖူး ဒီနေ့သင်တန်းမတက်နဲ့တော့၊ ခေါင်း ကြည်သွားအောင် ကန်တော်ကြီးထဲမှာ လေညင်းခံလိုက်ပါလား၊ ဦးရင်ခွင် ပေါ်မှာ မှီပြီးတော့ တစ်ရေးလောက်အိပ်လိုက်တာပဲဖြစ်ဖြစ်ပေါ့"

"ဦးရော ကုမ္ပဏီမသွားတော့ဘူးလား"



"မသွားတော့ဘူးလေ၊ အပြင်မှာကိစ္စရှိလို့ဆိုပြီး ဦးဖုန်းဆက် အကြောင်းကြားလိုက်ရင် ဖြစ်ပါတယ်"

"ဒါဆိုရင်တော့ ကောင်းတာပေါ့၊ ပွင့်ဖူးလည်း ဦးနဲ့အဲဒီလို နေချင်တယ်"

"အိုကေ . . . ဦးရင်ခွင်ထဲမှာ တစ်နေ့လုံး အဲဒီလိုနေရမယ် နော်ပြီလား"

"အဟင်းဟင်း"

အခုမှ ပွင့်ဖူးမျက်နှာလေးက ရွှင်လန်းကြည်လင်လာသည်။ ကားလေးက ကန်တော်ကြီးဘက်ကို ဦးတည်လျက် အရိပ်ကောင်းကောင်း သစ်ပင်ကြီးအောက်မှာ ကားလေးထိုးရပ်သွားသည်။ လေညင်းခံဖို့ဆို သော်လည်း နှစ်ယောက်လုံးကားတံခါးဖွင့်ကာ ကားအောက်ကိုမဆင်း။

ပွင့်ဖူးနိုင်ခေါင်းလေးက ဦးမင်းဆက်ရာ ရင်ခွင်ထက်မှာမှီနွဲ့ နေသည်။ ဦးမင်းဆက်ရာ ရှုန်ပုန္နံသင်းနေသော ပွင့်ဖူးနိုင်ရဲ့ဆံနွယ်များ ကို သွေးတွေလှုပ်ခတ်ဆူဝေကာ အငမ်းမရ တရှိုက်မက်မက်နမ်းမွှေး သည်။

"ချစ်တယ် ပွင့်ဖူးရယ်"

"ဦး"

"ဟင်"

"တကယ်ပြောတာလား"

"အင်း"

"ဒေါ်နှင်းယုလှိုင်နဲ့ ပွင့်ဖူး ဘယ်သူ့ကိုပိုချစ်လဲ"

"ဟို . . . အဲဒါက . . ."

"ပွင့်ဖူးကိုအားမနာပါနဲ့ ပွင့်ပွင့်လင်းလင်းပဲဖြေပါ"

"အချစ် . . . အချစ်ချင်းတော့မတူဘူးပေါ့၊ မမလှိုင်ကိုက

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ယားစားခဲ့ရတဲ့အချစ်၊ ပွင့်ဖူးကတော့ မြတ်နိုးရတဲ့အချစ်ပေါ့ကွာ''

''ဒေါ်နှင်းယုလှိုင်အပေါ်လိုပဲ ပွင့်ဖူးကို ကြင်နာရမယ်၊ ဂရုစိုက်ရမယ်နော်ဦး''

''ဂရုစိုက်မှာပေါ့၊ ကြင်နာမှာပေါ့ ပွင့်ဖူးလေးရယ်၊ ပွင့်ဖူးက ဦးအတွက် အရမ်းကိုမြတ်နိုးရတဲ့ အသည်းနှလုံးပါ၊ အရမ်းကိုချစ်တယ် ချစ်တယ်ပွင့်ဖူးရာ''

ရင်ခွင်နှစ်ခုက တစ်ထပ်တည်းပူးကပ်သွားခဲ့တာ ပတ်ဝန်းကျင်ကိုတာလည်းမသိ၊ တခြားအသိဆိုတာမျိုးလည်း မရှိတော့။

သူတို့နှစ်ယောက်အချစ်ဟာ တစ်ကမ္ဘာလုံးကို မေ့လျော့စွာ နှင့်ပင်. . . ။

ဝဝဝ

## အခန်း (၁၂)

''ဩော် . . . ပွင့်ဖူး လာလေ''

ဈေးကပြန်လာသော မချိုနောက်ကပါလာသည့်ပွင့်ဖူးကို မြင်က်၍ ဒေါ်နှင်းယုလှိုင်ညှို့ဝတ်ပြုကာခေါ်လိုက်သည်။

''မချို ဈေးကပြန်လာတာတွေ့လို့ နှုတ်ဆက်တော့ အန်တီ ွက်ရမယ်ဆိုတာသိလို့ လိုက်လာတာပါ၊ ပွင့်ဖူးဘာလုပ်ပေးရမလဲ ်တီ၊ ပွင့်ဖူးကိုခိုင်းပါ''

''အိုနေပါစေကွယ်၊ ခရီးသွားလို့ယူရမယ့်ပစ္စည်းတွေက ည ည်းက မချိုလုပ်ပေးပြီးပါပြီ၊ မောင်က မနက်စာပြင်ဆင်နေတယ်၊ ပြီးတာနဲ့ ဆရာဝန်အဖွဲ့တွေကို တစ်ယောက်ချင်းလိုက်စုပြီးခေါ်တဲ့ းလာရင် လိုက်သွားရမှာလေ၊ ထိုင်ပါဦး ပွင့်ဖူး၊ မတွေ့တာတောင် နေပြီ၊ ဘာတွေလုပ်နေလဲ''

''ပွင့်ဖူး သင်တန်းတွေတက်နေပါတယ်၊ ပြီးခါနီးပြီ၊ ပြီးတာနဲ့ ုပ်ဝင်လုပ်ရမှာပေါ့''

''ကောင်းတာပေါ့ကွယ်၊ နှစ်ဆယ့်ငါးကျော်ပြီဆိုတော့ ပွင့်ဖူး က်လည်း ငယ်တော့တာမဟုတ်ဘူး။ တချို့ဆို အိမ်ထောင်ပြု သား ်တွေမွေးပြီးနေကြပြီ၊ ပွင့်ဖူးရော အိမ်ထောင်ပြုဖို့ စိတ်ကူးရှိသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား''

''အင်း ... ကိုယ်ကစိတ်ကူးတော့ရော ကိုယ့်ကိုလက်ထပ်မယ့်သူကရှိဦးမှလေ၊ အန်တီပြောသလို အသက်ကလည်းမငယ်တော့ဘူး တော့ ပွင့်ဖူးကို လက်ထပ်မယ့်သူရှိလာရင် အမိအရဆွဲထားရတော့မှာပဲ''

''အဟင်းဟင်း အဲဒါကောင်းတယ်ပွင့်ဖူး၊ ကဲ ... ပွင့်ဖူး ရောက် တုန်း မနက်စာစားသွားလေ၊ မောင်က ဘာစိတ်ကူးပေါက်တယ်မသိ ဘူးကွယ်၊ တစ်ခါမှမချက်ဖူးတဲ့ မုန့်ဟင်းခါးကို ချက်ကျွေးမလို့တဲ့လေ ပိတ်ရက်နားရက်လေးမှာတော့ အမျိုးမျိုးတော့လုပ်ကျွေးနေတာပါပဲ၊ ပွင့် စားသွားပါ''

''ဟုတ်ကဲ့''

သူမနှင့် ဦးမင်းဆက်ရာ အတိုင်အဖောက်လုပ်ထားခဲ့သည် တာတော့ ဒေါ်နှင်းယုလှိုင် လုံးဝသတိထားမိပုံမပေါ်ပေ။ သူမက ဦးချ တဲ့ မုန့်ဟင်းခါးစားချင်သည်ဆို၍ မနက်စောစော မချိုဈေးဝယ်ထွက်လှ တိုက်ဆိုင်ချင်ယောင်ဆောင်ကာ အိမ်ကိုလာခဲ့ဟုခေါ်ထားတာမို့ သူ ရောက်လာခဲ့ခြင်းပင်။ ဒေါ်နှင်းယုလှိုင်လည်း ခရီးထွက်မည်ဆို၍ သူမ အချိန်အကြာကြီးတွေ့ဖို့ အခွင့်အရေးတစ်ခုဖန်တီးရမည်။

''မချို နံနံပင်နဲ့ သံပရာသီးပါတယ်မဟုတ်လား၊ နံနံပင် သန့်သွားအောင်ရေဆေးပြီး သံပရာသီးကို အစိတ်လေးတွေလှီးလိုက် မမလှိုင်က သွားရတော့မှာ စားဖို့မမီဘဲဖြစ်နေဦးမယ်''

''ပွင့်ဖူး လုပ်ပေးပါ့မယ်၊ မချိုတခြားလုပ်စရာရှိတာလုပ်ပါ''

ပွင့်ဖူးအလိုက်သိ၍ ဒေါ်နှင်းယုလှိုင် သဘောကျနေသည် မောင်ကလည်း မိမိစားမသွားရမှာစိုး၍ ပျာယာကိုခတ်နေ၏။

''ဖြည်းဖြည်းလုပ်ပါ မောင်ရယ်၊ မမလှိုင် အချိန်ရပါသေးတယ် ပစ္စည်းတွေ အဆင်သင့်ဖြစ်နေပြီ၊ လာခေါ်တာနဲ့ တန်းခနဲလိုက်သွားရုံ



''မောင် အပင်ပန်းခံချက်ထားတာလေ။ မမလှိုင် မစားသွားရ မှာစိုးလို့ပါ၊ ခရီးကိုလည်း ဖြောင့်ဖြောင့်သွား၊ နောက်ဆံမတင်းနဲ့၊ မမလှိုင် ပြန်လာမယ့်နေ့ကျ မောင့်ကိုဘယ်အချိန်လောက်ရောက်မယ်ဆိုတာ ကြို ဖုန်းဆက်နော်၊ မမလှိုင် ကြိုက်တဲ့ဟင်းလေး မောင်ချက်ထားမယ်''

''အမယ်လေး ရပါတယ်မောင်ရယ်၊ မောင့်မှာကုမ္ပဏီအလုပ် တစ်ဖက်နဲ့ ပင်ပန်းနေပါဦးမယ်''

''မမလှိုင်အတွက်ပဲ ပင်ပန်းစရာလား၊ မမလှိုင်ရဲ့၊ ဒီလိုပဲ မောင် လုပ်ပေးနေကျကို''

''ဟုတ်ပါပြီရှင် အဲဒါကြောင့် မောင့်ကိုချစ်ရတာ''

ဦးမင်းဆက်ရာနှင့် ဒေါ်နှင်းယုလှိုင်ပြောနေသည့်စကားတွေကို ပွင့်ဖူးခိုင် မကြိုက်တော့ပေ။ ဒေါ်နှင်းယုလှိုင် မမြင်အောင် ဦးမင်းဆက်ရာ ကို ပွင့်ဖူးခိုင် မျက်စောင်းထိုးလိုက်တော့၊ ဦးမင်းဆက်ရာက ပွင့်ဖူးခိုင် ကို မျက်စိတစ်ဖက်မှိတ်ပြကာ အထာလုပ်၏။

သူတို့နှစ်ယောက်ကို ရိုးသားနေသည်ထင်၍ ဒေါ်နှင်းယုလှိုင် က အာရုံမထားခဲ့ပေ။

''ရပြီ မမလှိုင်၊ မုန့်ဟင်းခါးဟင်းရည်တစ်ခါမှ မချက်ဖူးလို့ အဆင်ပြေပါ့မလားပဲ''

''မောင်က ဘာလုပ်လုပ် ဘာချက်ချက်လက်ရာအဆင်ပြေပြီး သား၊ ကောင်းပြီးသားပါ၊ မောင်ရော ပွင့်ဖူးရော တစ်ခါတည်းစားလိုက် လေ''

''အင်း ... ပွင့်ဖူးထိုင်လေ၊ ဦး ပြင်ပေးမယ်''

''ဟုတ်ကဲ့''

''ရေတိသီးကတော့ လိုသလောက်သာထည့်စား၊ အငံနံစား တတ်ရင် ငံပြာရည်ထည့်၊ နံနံပင်နဲ့ သံပရာသီးစိတ်လည်းရှိတယ်''

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"မမလှိုင်ထဲ သံပရာသီးညှစ်ထည့်ပေးပါဦးမောင်၊ အချဉ်မပါ သလိုပဲ"

"ဩော် . . . မောင်မေ့ပြီး မထည့်မိတာထင်တယ်၊ မမလှိုင်က ချဉ်ချဉ်လေးကြိုက်တာနော်၊ ပွင့်ဖူးရော အချဉ်စားဦးမလား"

"မစားတော့ဘူး ဒီအတိုင်းပဲကောင်းတယ်"

"အိုကေ ဦးကတော့ တစ်စိတ်သေးသေးထည့်လိုက်ဦးမယ်၊ အနံ့မွှေးအောင်လို့"

သူတို့အားလုံးစားလို့ ပြီးလုပြီးခင်လေးမှာပင်

"မကြီး . . . အိမ်ရှေ့မှာလာခေါ်တဲ့ကားရောက်ပြီထင်တယ်၊ ကားဟွန်းတီးသံကြားတယ်"

မချိုစကားကြောင့် ဒေါ်နှင်းယုလှိုင် စားလက်စကိုလက်စသတ်လိုက်ပြီး . . .

"ဟုတ်လိမ့်မယ်၊ မချိုရယ် ထွက်လာနေပြီ၊ ခဏစောင့်ပါဦးလို့ သွားပြောပေးပါဦး"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

"အဲဒါကြောင့် မောင်ပြောတာ၊ ဒီမှာကော်ဖီလေးတစ်ငုံနှစ်ငုံလောက်သောက်သွားပါဦး၊ ဒီလောက်တော့ သူတို့စောင့်ပါလိမ့်မယ်"

"အင်းအင်း သိုင်းကျူးမောင်၊ ပွင့်ဖူးရေ အေးအေးဆေးဆေးစားသောက်ပြီးမှသာပြန်နော်"

"ဟုတ်ကဲ့ အန်တီ၊ အိမ်ရှေ့ထိ ပွင့်ဖူး လိုက်ပို့ပေးပါ့မယ်"

"နေပါစေကွယ်၊ အောက်ထပ်ဆင်းပို့ပြီး ပွင့်ဖူးအပေါ်ပြန်တက်နေရမှာ မချိုကပစ္စည်းတွေယူသွားပြီဆိုတော့ အဆင်ပြေပါပြီ"

"ဟုတ်ကဲ့ပါအန်တီ၊ ကောင်းသောခရီးဖြစ်ပါစေ"

"အေး . . . အေး ကျေးဇူးပါ ပွင့်ဖူး"



ပွင့်ဖူး ပခုံးလေးပုတ်ကာ စလင်းဘက်ဒ်အိတ်လေးလွယ်၍ ထွက်သွားသည်။ ဦးမင်းဆက်ရာက ပွင့်ဖူးကို မျက်စိမှိတ်ပြထားခဲ့ပြီး ဒေါ်နှင်းယုလှိုင်ကို ကားနားထိရောက်အောင်လိုက်ပို့သည်။

ခဏနေမှ မချိုနှင့်အတူတူ ကွန်ဒိုအခန်းထဲ ပြန်ရောက်လာ၏။

"မချိုရော တစ်ခါတည်းပြင်ပြီးစားလိုက်တော့လေ၊ ပွင့်ဖူးရော အစားအသောက်ပျက်သွားပြီလား၊ အေးသွားပြီဆိုတော့ နောက်တစ်ပွဲ ပြင်ပေးရမလား ပွင့်ဖူး"

"အင်း . . . ဒီတစ်ပွဲက အဲဒီလိုဖြစ်သွားပြီဆိုတော့ နောက်တစ်ပွဲ ထပ်ပေးပါလားဦး။ အေးစက်စက်နဲ့ဆိုတော့ စားလို့မကောင်းတော့ဘူး"

"အိုကေ စိတ်တိုင်းကျဖြစ်စေရမယ်"

ဦးမင်းဆက်ရာ သွက်လက်ဖျတ်လတ်လို့နေသည်။ မျက်နှာမှာ အပြုံးပန်းတွေပွင့်လန်းပြီး တက်ကြွနေ၏။

"ပွင့်ဖူး နေ့လယ်စာစားပြီးမှ ပြန်ပါလားကွ၊ ဒီနေ့ ပွင့်ဖူး သင်တန်းဆိတ်တယ်မဟုတ်လား၊ ဦးလည်းနားရက်မို့ မမလှိုင်မရှိဘဲ အိမ်မှာ ပျင်းနေမှာ"

"ပွင့်ဖူးလည်း အိမ်ပြန်ရမှာ ပျင်းနေတာနဲ့အတော်ပါပဲ၊ ဒါပေမဲ့ ပွင့်ဖူးစားချင်တာ ချက်ကျွေးမှနေမှာနော်"

"ဟုတ်ပါပြီဗျာ၊ ပွင့်ဖူးစားချင်တာသာပြောပါ၊ ဦးချက်ကျွေးပါ့မယ်"

"နေဦး ဒါစားပြီးမှ ရေခဲသေတ္တာထဲမှာ ဘာတွေရှိလဲရှာကြည့်ဦးမယ်"

နောက်ထပ်ပြင်ပေးသော မုန့်ဟင်းခါးတစ်ပွဲကို ကုန်အောင်စားပြီး ပွင့်ဖူးရေခဲသေတ္တာကို မွှေတော့သည်။ မချိုက စားသောက်ပြီး ပန်းကန်တွေဆေးနေ၏။ ဦးမင်းဆက်ရာက ပွင့်ဖူးလုပ်သမျှ ရင်ခုန်ကြည်နူး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စွာနှင့် လိုက်ကြည့်နေသည်။

"အသား။ ငါးတွေကတော့ရှိပါတယ်၊ ပွင့်ဖူးက မှိုနဲ့ကန်စွန်း ရွက်ကြော်စားချင်တာ"

"ဩော် . . . မချိုကို ဝယ်ခိုင်းလိုက်လို့ရပါတယ်"

"ဒီအနီးအနားဈေးမှာတော့ မှိုမရောင်းဘူးရှင့်"

"မချိုကလည်း ကုန်တိုက်တွေသွားဝယ်ပေါ့၊ ကုန်တိုက်တွေ မှာတော့ စားချင်တဲ့ဟာ လတ်လတ်ဆတ်ဆတ်အကုန်ရှိတယ်၊ ကိုယ် ဝယ်နေကျကုန်တိုက်တွေမှာမရှိရင် တခြားစင်တာတွေ စီးတီးမတ်တွေမှာ ရှိတတ်တယ်၊ လိုက်ရှာဝယ်ပေါ့၊ ကျွန်တော်တက္ကစီကားခ လုံလောက် အောင်ပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့၊ အဲဒါဆိုသွားဝယ်လိုက်ပါ့မယ်"

မချိုပျော်သွားအောင် ငွေတစ်ထပ်လိုက်ပေးလွှတ်လိုက်သည်။ မချို ထွက်သွားတော့ ရေခဲသေတ္တာနားမှာရပ်နေသော ပွင့်ဖူးကို ခါးလေး ကနေသိမ်းဖက်၍ မျက်နှာလေးအနှံ့ရှိုက်နမ်းပစ်လိုက်သည်။

"သွားပါ. . . ခုနတုန်းကတော့ သူ့မိန်းမကြီးကိုကပ်ချွဲပြီး အလွမ်း တွေသယ်နေပြီးတော့"

"ဩော် . . . သံသယမဝင်အောင် စကားအလှလေးတွေသုံး တာပေါ့ ပွင့်ဖူးရယ်၊ ဒါမှဦးတို့အေးအေးဆေးဆေးဖြစ်မှာမဟုတ်လား"

"တစ်ချိန်လုံး ဖုံးကွယ်ထားလို့တော့ရမှာမဟုတ်ဘူးဦး၊ တကယ် လို့သိသွားရင် ဦးသတ္တိရှိပါ့မလား၊ ဦး နှင်းယုလှိုင်ကို ရင်ဆိုင်ရဲပါ့မလား ပွင့်ဖူးဘက်က ရပ်တည်ရဲပါ့မလား ဟင်ဦး"

"ဒီအခြေအနေရောက်မှတော့ ရင်ဆိုင်ရတော့မှာပေါ့ပွင့်ဖူးရယ် ပွင့်ဖူးကို ဦးမှမခွဲနိုင်တော့တာ"

"တကယ်နော်ဦး၊ ပွင့်ဖူးလည်း ဦးနဲ့မခွဲနိုင်ဘူး ဖြစ်နိုင်ရင် အမြဲ



အတူနေချင်ပြီ"

"ဖြစ်ရမှာပေါ့ ပွင့်ဖူးရယ်၊ ဦးလည်းဘာလုပ်ရမလဲ စဉ်းစားနေ တယ်"

"ဟိုလေ . . . ဦးနဲ့ ဒေါ်နှင်းယုလှိုင်နဲ့က ဘယ်အခန်းမှာအိပ် ကြတာလဲဟင်"

"အိပ်ခန်းလား၊ ပွင့်ဖူးသိချင်ရင် ဦးလိုက်ပြမယ်လေ လာ"

မမလှိုင်နှင့် အိပ်သောအိပ်ခန်းကို ပွင့်ဖူးပခုံးလေးဖက်၍ ခေါ် သွားခဲ့သည်။ တခမ်းတနားနှင့် သစ်လွင်တောက်ပနေသော အိပ်ခန်းထဲ ရောက်တော့ ပွင့်ဖူး တအံ့တဩကြီးဖြစ်သွားလျက်

"ဒီအခန်းကြီးထဲမှာ ဦးတို့အိပ်ကြတာပေါ့၊ ဒီမွေ့ယာအထူကြီး ပေါ်မှာလေ၊ အဲကွန်းကအေးနေတော့ အရမ်းအိပ်ရှိမှာပဲနော်၊ ပွင့်ဖူးလည်း ဒီလိုအခန်းကြီးထဲမှာ မွေ့ယာထူထူကြီးနဲ့ အဲကွန်းနဲ့အိပ်ဖူးချင်လိုက်တာ"

"ပွင့်ဖူးလေးရယ်"

မွေ့ယာကြီးပေါ် ပက်လက်လှန်လှဲချလိုက်သောပွင့်ဖူးကိုကြည့် ၍ ရင်ခုန်သံတွေက အဆမတန်ပြောင်းဆန်လာသည်။ ကိုယ်ခန္ဓာတစ် လျှောက် လည်ပတ်စီးဆင်းနေသောသွေးများက ပွက်ပွက်ဆူလေလောလျက် ဘယ်လိုမှ ထိန်းသိမ်းလို့မရတော့။ ပွင့်ဖူးရင်ဘတ်လေးပေါ်မှောက်ချ လိုက်ရင်း အသက်ရှူသံများက ပြင်းထန်နေကာ

"ချစ်တယ် ပွင့်ဖူးရယ်၊ ပွင့်ဖူးလိုအပ်သမျှ ဦးအားလုံးဖြည့်ဆည်း ပေးပါ့မယ်၊ ပွင့်ဖူးနဲ့အတူတူနေရဖို့လည်း ဦးကြိုးစားမယ်သိလား"

"နောက်မှမိန်းမကြီးကိုမခွဲနိုင်လို့ သားကိုမခွဲနိုင်လို့နဲ့ ပွင့်ဖူး ကိုထားခဲ့ရဘူးနော်"

"ဘယ်လိုလုပ် ပွင့်ဖူးကိုထားရက်မှာလဲ ပွင့်ဖူးရယ်၊ ပွင့်ဖူး လောက်တောင် ချစ်စရာကောင်းနေတာ၊ ဦးအတွက်တော့ တစ်သက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တာပါ''

''ဟင်း ...ဦးရယ်၊ ပွင့်ဖူးအသက်ရှူကျပ်နေပြီ ဖယ်ပါနော်''

''မရှုန်းပါနဲ့ ပွင့်ဖူးလေးရယ်၊ ချစ်လို့ပါကွာ၊ ဦးတို့အတူတူခ ကြမယ်နော် ပွင့်ဖူး''

''ဦးရယ်''

''ရင်ခုန်သံချင်းထပ်တူညီလျက် အချစ်ရဲ့ရှုမှက်နွံမှာ နှစ်ဦးသာ မျောပါသွားကြသည်။ အတိတ်နှင့် အနာဂတ်ကို ခေတ္တခဏမေ့လျော့ သွားလျက် အသက်ရှူသံတွေပဲ ပြင်းထန်ဆူညံနေခဲ့၏။

အခုချိန်မှာ ဘယ်အရာကိုမှ သတိမရတော့သလို ပတ်ဝန်းကျင် ကို သတိထားရမှန်းမသိတော့။ ဘယ်အရာတွေကမှ သူတို့အတွက် အရေး မကြီးတော့ဘဲ အချစ်တွေကပဲ ရင်ခုန်သံတွေနှင့် သက်ဝင်လှုပ်ရှားလျက်။

○○○

## အခန်း (၁၃)

''ဘာ..ညည်းကိုတိုက်ခန်းဝယ်ပေးတယ်၊ ညည်းတို့က ဘယ် ...အနေထိတောင်ရောက်နေကြလို့လဲ''

''ပွင့်ဖူးတို့ လက်ထပ်ကြမှာပါ ဒေါ်လေးမိုး''

''ဘာ ...ညည်း ညည်းတို့က၊ ဟဲ့ ...အမယ်လေး ပွင့်ဖူး၊ ...တော့ ငရဲကြီးတော့မှာပဲ၊ မယားရှိလင်လေ၊ ညည်းဒီသနသော ... မကြောက်ဘူးလား။ ပြီးတော့ သူ့မယားက ညည်းရဲ့အသက်သခင် ...ရှင်လေ၊ ညည်းအသက်ကိုကယ်ပေးထားတာ''

''ဒါပေမဲ့ ဦးကိုချစ်တာ ဘယ်လိုလုပ်ရမလဲ ဒေါ်လေး''

''အမယ်လေးအေ၊ ညည်းနှယ်အေ ပွင့်ဖူးရယ်၊ ညည်းမပတ် ...ဘဲ ဟိုကပတ်သက်မှာတဲ့လား၊ ညည်းအကြောင်း ငါမသိဘူးများ ...က်မေ့နေလား ပွင့်ဖူး''

''ဒေါ်လေး ...ဒီတစ်ခါတော့ ဦးကို ပွင့်ဖူးတကယ်ချစ်သွားခဲ့ ...ပါ၊ ဦးလည်း ပွင့်ဖူးကိုလက်ထပ်မယ်လို့ ကတိပေးထားတယ်''

''ကျွတ် ...ပွင့်ဖူးရယ် ညည်းအေ''

ဒေါ်မိုးဝေဘာပြောရမှန်းကို မသိတော့ပေ။ ပွင့်ဖူးကို ဘယ်လို ...နားချရမလဲ။ တကယ်ကိုမဖြစ်သင့်သည့်ကိစ္စပါ။



www.burmeseclassic.com

www.burmeseclassic.com



တခြားသူနှင့်ဆို ဘယ်လိုဖြစ်ဖြစ် ဒီလိုမျိုးစိတ်ထဲရှိမှာမဟုတ် အခုဟာက တကယ့်ကိုကြောက်စရာပါ။ ဒါပေမဲ့လည်း ပွင့်ဖူးက ကို တူမ။ မလုပ်ပါနဲ့လို့ရော ဘယ်လိုတားမလဲ။

"ညည်း တကယ်ကိုဆုံးဖြတ်ပြီးပြီလား ပွင့်ဖူး"

"ဟုတ်ကဲ့၊ ပွင့်ဖူးတို့နှစ်ယောက်တိုင်ပင်ပြီးပါပြီ"

"ဒါဆို သူဝယ်ပေးတဲ့တိုက်ခန်းကို သွားနေတော့မှာပေါ့"

"အင်း . . . ဒေါ်လေးလည်းလိုက်ခဲ့လေ"

"ရှုပ်ရှုပ်ယှက်ယှက်အေ၊ ငါ့အိမ်ကို ဒီအတိုင်းထားခဲ့ရမှာလာ ပြီးတော့ ညည်းတို့နှစ်ယောက်ကြား ငါမနေတတ်ပါဘူး"

"အခုလောလောဆယ်လည်း ပွင့်ဖူးတို့အတူတူမနေသေးပါဘူ သူ့မိန်းမကြီးကလည်းရှိသေးတယ်၊ တစ်ခါတလေမှ သူလာမှာပါ။ ပြီးတော ဦးကုမ္ပဏီမှာ ပွင့်ဖူးအလုပ်လုပ်တော့မှာ"

"ညည်းတော့ လုပ်ငန်းလည်းချိုင်၊ လူလည်းအပိုင်ကိုင်၊ ကော မကောင်း ကြားမကောင်းတွေတော့ ဖြစ်တော့မှာပဲ၊ ဟိုမယားကြီးကိ ကို ဘယ်လိုရှင်းမှာတဲ့လဲ"

"မသိသေးခင်တော့ ဒီအတိုင်းပဲပေါ့၊ သိသွားရင်တော့ ယောက်လုံး ရင်ဆိုင်ဖို့ စဉ်းစားထားကြတယ်"

"ဒေါ်နှင်းယုလှိုင်တို့ မျိုးရိုးက ဂုဏ်သိက္ခာကို အရမ်းတ ထားကြတာနော်၊ သူ့မိန်းမကလည်း ညည်းတို့နှစ်ယောက် အဲဒီလိုသ မှာကို ခွင့်ပြုမှာတဲ့လား၊ ခွင့်လွှတ်မှာတဲ့လား"

"ခွင့်မလွှတ်တော့ရော သူဘာလုပ်လို့ရမှာလဲ၊ ပွင့်ဖူးတို့က ယှင်းပြီးနေပြီ"

"ဘာ . . . ညည်းယုံကြည်ပြီး ပုံအပ်လိုက်ပြန်ပြီလား ပွင့် တစ်ယောက်နဲ့အမှတ်သည်းခြေမရှိလို့ နောက်တစ်ယောက်နဲ့"



"ဦးကို ပွင့်ဖူးယုံကြည်တယ်၊ ပွင့်ဖူးဘက်က ဦးရပ်တည်မှာပါ၊ ကို ဦးလက်ထပ်မှာပါ၊ ဒေါ်လေး . . . ပွင့်ဖူးအရွယ်က အတည်တကျ သင့်နေပါပြီ၊ ကံမကောင်းလို့ အငယ်အနှောင်းဖြစ်ရမယ်ဆိုလည်း ယ့်အိုးကိုယ့်အိမ်နဲ့ အေးအေးဆေးဆေး သာသာယာယာလေးနေနိုင် ဆိုရင် ကျေနပ်ရတော့မှာပေါ့ မဟုတ်ဘူးလား"

"အေး . . . ကောင်းမယ်ဆိုလည်း လုပ်တော့ပေါ့ပွင့်ဖူးရယ်၊ ဒေါ်က ဘာပြောလို့ရတော့မှာလဲ၊ ပြဿနာဖြစ်ရင်သာ အဒေါ်ရေ ယ်ပါဦး လာမလုပ်နဲ့"

ယတိပြတ်ပဲ ပြောချလိုက်တော့သည်။ နောက်တစ်ခါ အရင် လိုမျိုးဖြစ်လျှင် အသေသာခံလိုက်တော့လို့ ကျိန်ပစ်လိုက်ချင်တာပါ။ မဲ့ ကိုယ့်မှာလည်း ဒီတူမလေးတစ်ယောက်သာရှိသည်။

အပြစ်တင်နေလို့ရော ဒီကိစ္စကြီးက ရပ်တန့်သွားမှာတဲ့လား။

သက်ပြင်းတွေချရင်း အမောဆို့ပြီးတော့သာ သေလိုက်ချင် တော့တာပါပဲ။

ဝဝဝ

www.burmeseclassic.com



## အခန်း (၁၄)

"မောင်ရော မရောက်သေးဘူးလား မချို"

"ဟင် . . . မမကြီး"

ထမင်းစားခန်းထဲထိရောက်လာသော ဒေါ်နှင်းယုလှိုင်ကိုကြည့်ပြီး မချိုအံ့သြသွားသည်။ ညကိုးနာရီကျော်မှ ပြန်ရောက်လာတာပါလား။ အိမ်ထဲကိုဝင်လို့ရအောင်တော့ လင်မယားနှစ်ယောက်လုံး လျှို့ဝှက်နံပါတ်တွေနှိပ် သော့ဖွင့်ပြီး ဝင်လာလို့ရအောင် စီစဉ်ထားတာပါ။

"ပစ္စည်းတွေရော မမကြီး။ မချိုအောက်ကိုသွားသယ်ရမှာလား"

"ကောင်လေးတွေ ဧည့်ခန်းထဲထိလိုက်ပို့ပြီးပါပြီ။ ညည်းကရော အခုမှ ဘာလို့ထမင်းစားတာလဲ၊ မောင်ကရော အခုချိန်ထိပြန်မလာသေးတာလား၊ သူ့အခန်းထဲရောက်နေပြီး အိပ်နေပြီလား၊ ထမင်းစားခန်းမီးဖွင့်ထားလို့ ငါဝင်လာတာ၊ ငါတို့အိပ်ခန်းမီးကတော့ ပိတ်ထားတယ်"

"ဟို . . . ကိုမင်းဆီဖုန်းဆက်မကြည့်ဘူးလား မမကြီး"

"ဖုန်းဆက်ပြီးသိရရင် ညည်းဆီမေးနေတော့မလား။ ငါ့ဖုန်းက အသွားကတည်းက ဘယ်မှာကျခဲ့မှန်းမသိဘူး။ ရှုခင်းတွေလှလို့ ဓာတ်ပုံရိုက်ရင်းနဲ့ပဲပျောက်သလားပဲ၊ ဟိုမှာက ရွာဘက်ရောက်တော့ ဖုန်းဝယ်ရမှာလည်း အဆင်မပြေဘူး၊ မန္တလေးမှာဝယ်မယ်လုပ်တော့

ညည်း ရန်ကုန်ရောက်မှဝယ်လည်းရတယ်၊ အိမ်မှာဖုန်းအပိုတွေလည်း များကြီးပဲဆိုပြီး မဝယ်ခဲ့တော့တာ"

"ဩော် . . . တခြားဆရာဝန်တွေဆီက ဖုန်းငှားပြီးဆက်လိုက်ညည်း ရရဲ့သားနဲ့"

"အားနာလို့ပေါ့အေ၊ ငါ့ကိုလျှာရှည်ပြီးပြောနေတယ်၊ ကဲ . . . ပြောပါ မောင်ပြန်မလာသေးဘူးလား"

"ဟုတ်ကဲ့ မလာသေးပါဘူး။ အရင်နေ့တွေကလည်း အိမ်ပြန်အိပ်ဘူး"

"ဘာ . . . မောင်က အိမ်ပြန်မအိပ်ဘူး၊ ဘာဖြစ်လို့လဲ"

"အဲဒါတော့ မချိုလည်းမသိပါဘူး။ ဒီနေ့လည်း ပြန်လာမလားလို့ ထမင်းမစားဘဲ စောင့်နေတာပါ၊ မလာသေးတာနဲ့ပဲ ဗိုက်ဆာလို့ မစောင့်နိုင်တော့ဘဲ စားလိုက်တာ"

"မောင်ဘာဖြစ်တာလဲ"

တွေးလို့ကိုမရ။ လက်ထပ်ပြီးကတည်းက ဒီနေ့အချိန်ထိ မောင် အပြင်မှာတစ်ခါမှ မအိပ်ဖူးပါ။ ဘာလဲ မောင်နောက်မီးလင်းနေပြီလား။ အိမ်ထောင်ရေးဖောက်ပြန်နေပြီလား။

ဘုရား . . . ဘုရား။ မောင်အဲဒီလိုလုပ်လျှင်တော့ အသိုက်အဝန်းသားစု အပေါင်းအသင်းတွေကြားမှာ အရှက်ရသိက္ခာကျပေတော့မည်။

သား . . . သားလေးသိရင်ရော၊ သားသိရင် သူသိပ်ချစ်သော အဖေက ဒီလိုသာလုပ်သွားခဲ့လျှင် သားလေးစိတ်ထိခိုက်ပြီး သူ့ကိုယ်သူ ထောင် သတ်သေသွားနိုင်သည်။

"မချို . . . ဧည့်ခန်းမီးနဲ့ ဝရန်တာမီးမပိတ်နဲ့နော်၊ မောင် ဒင်နာ ဘာတွေရှိလို့နောက်ကျနေတာနေမှာ၊ ပစ္စည်းတွေလည်း နက်မှ လိုက်တော့"

[redacted]

www.burmeseclassic.com



"ဟုတ်ကဲ့"

ဘာဖြစ်သည်ဆိုတာ သေချာမသိဘဲ မချိုကိုလည်း ဘာအကြောင်းမှမသိစေချင်ပါ။ ပင်ပန်းလာခဲ့တာကြောင့် အိပ်ရာထဲမှာ ပစ်ရလှဲပစ်လိုက်ချင်ပေမယ့် မောင်မရှိသည့်အတွက် စိတ်တွေကသောင်ကနင်းဖြစ်လို့နေသည်။ မှန်တင်ခုံအံဆွဲထဲက ဖုန်းအပိုကိုယူ၍ မောင့်ဆီဖုန်းခေါ်ကြည့်လိုက်သည်။ လိုင်းမကောင်းမဟုတ်ဘဲ စက်ပိတ်ထားသည်လို့ဖြေလိုက်တာကြောင့် စိတ်တွေရှုပ်ထွေးကာ အတော်လေး ကယကအောက်နိုင်သွား၏။

မောင်အရေးကြီး စားသောက်ပွဲထဲရောက်နေလေသလား။ မိဖုန်းကတော့ ပျောက်သွားတော့ မောင်ဆက်သွယ်လို့မရတာထားတော့ သားဆီကိုတော့ မဖြစ်မနေ မောင်ဖုန်းဆက်မှာပါ။

အကျိုးအကြောင်းလေးဖြစ်ဖြစ်သိရအောင် သားဆီဖုန်းခေါ်လိုက်သည်။ သားကလည်း ဖုန်းကိုတော်တော်နှင့်မကိုင်ပါ။ နောက်ဆုံးအချိန်လေးရောက်မှပဲ

"ဟယ်လို"

"သားလေး ... ဖုန်းကိုဘာလို့တန်းခနဲ မကိုင်တာလဲသားရယ် ထမင်းစားနေလား၊ တီဗီကြည့်နေတာလား၊ ရေချိုးခန်းဝင်နေတာလား သား အိပ်ပျော်နေလို့လားသား"

"ဒီမှာ ဒီအချိန်အိပ်ချိန်လားမာမီ၊ သုံးလေးရက်မကရှိတာတောင် အခုမှဖုန်းဆက်ပြီး သားစိတ်ကောက်နေလားလို့ အရင်မမေးဘဲနဲ့"

"ဟင် ... သား ... သားဒယ်ဒီက သားဆီဖုန်းမဆက်ဘူးလား"

"ဒီသုံးလေးရက်အတွင်းမှာ တစ်ခါပဲဆက်တာ၊ ဒါတောင် ဘာ



အရေးကြီးနေလဲမသိဘူး၊ စကားခဏပဲပြောနိုင်တယ်၊ မာမီကရော ဘာလို့ အခုမှဆက်တာလဲ"

"မာ ... မာမီက ခရီးသွားနေတာသား၊ အသွားလမ်းမှာ ကတည်းက ဖုန်းပျောက်တာ၊ ဝယ်ဖို့လွယ်ကူတဲ့နေရာလည်း မဟုတ်လို့ အခုအိမ်ရောက်မှ သားဆီဖုန်းခေါ်လိုက်တာပါ"

"ဒါဆို အခုဒယ်ဒီရော၊ ဒယ်ဒီ့ကို သားစိတ်ဆိုးတဲ့အကြောင်း ပြောဦးမယ်"

"ဟို ... သား ... သားဒယ်ဒီက ဒင်နာပွဲရှိလို့ အိမ်ပြန်နောက်ကျနေတာသားရဲ့"

"မာမီနဲ့တောင် မတွေ့ရသေးဘူးပေါ့၊ ဒယ်ဒီပြန်လာရင်ပြောလိုက်ပါမာမီ၊ သားက သားဆီဖုန်းမဆက်လို့ အရမ်းစိတ်ဆိုးတယ်လို့၊ အလုပ်တွေဘယ်လောက်များများ သားကိုမေ့ထားတာတော့ စိတ်လည်းမကောင်းဘူး၊ သား ဒီရက်ထဲစာတောင် မကျက်နိုင်ဘူးမာမီ"

"အေး ... အေး၊ မာမီပြောလိုက်ပါ့မယ်၊ သား ... သားဒယ်ဒီက ကုန်ပစ္စည်းသစ်ကိစ္စတွေနဲ့ အရမ်းကိုအလုပ်ရှုပ်နေလို့ပါ၊ အရမ်း စိတ်မကောင်းမဖြစ်နဲ့နော်သား၊ သားဒယ်ဒီဖုန်းဆက်ပါလိမ့်မယ်၊ စာပဲကြိုးစားနော်သားလေး၊ မာမီအရမ်းချစ်တယ်သား၊ ဂွတ်နိုက်နော်"

ငိုသံပါနေသောသားကို စကားတွေနှင့်ဖြေသိမ့်ရင်း အနမ်းပေးခဲ့ရသည်။ မောင်ကဘာဖြစ်တာလဲ၊ သားဆီကိုတောင် ဖုန်းမဆက်နိုင်အောင် မောင်ဘာတွေဖြစ်နေတာလဲ။ မောင်အိမ်ထောင်ရေးဖောက်ပြန်နေသည်ဆိုလျှင် မိသားစုအပေါ်သစ္စာမဲ့သွားပြီဆိုလျှင် ဘာလုပ်ရမှာလဲ ဟင့်အင်း ... မောင် အဲဒီလို လုံးဝလုပ်လို့မဖြစ်။

လုံးဝကိုမဖြစ်တာ။ ဖေဖေ့မျက်နှာ အသိုက်အဝန်းမိသားစုမျက်နှာ ဘယ်လိုကြည့်ရတော့မလဲ။ မောင့်ကိုရအောင် တားဆီးရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီည မောင်ပြန်မလာဘူးဆိုလျှင် မောင်ဘယ်သူနှင့်အတူရှိနေ
မှာလဲ။

ဝဝဝ

## အခန်း (၁၅)

"ဟင် . . . ပွင့်ဖူး"

မောင် ညကပြန်မလာ၍ မောင်ရှိလိုရှိငြား ကုမ္ပဏီကိုလိုက်လာခဲ့တာ။

ဖိုင်လေးကိုင်၍ ရုံးခန်းတစ်ခုအတွင်းဝင်သွားသော ပွင့်ဖူးကို မြင်လိုက်ရတာမို့ အရမ်းကို တအံ့တသြကြီးဖြစ်သွားခဲ့ရသည်။ ပွင့်ဖူးက ဒီကုမ္ပဏီမှာ အလုပ်ဝင်နေတာလား။ မိမိကိုဘာလို့ မောင်နည်းနည်းလေးတောင် အသိမပေးရတာလဲ။ မောင် ဘာတွေဖုံးကွယ်ထားတာလဲ။

"သမီးလေး . . . ရုံးခန်းထဲမှာ သူဌေးဦးမင်းဆက်ရာရှိလားကွယ်"

"ရှင် . . . ဪ သူဌေးကတော်၊ သူဌေးရှိပါတယ် အန်တီ ဟို ရုံးခန်းထဲမှာရှိပါတယ်"

"ကျေးဇူးပဲ သမီး"

မောင့်ရုံးခန်းထဲကို တံခါးမခေါက်ဘဲ တွန်းဖွင့်ဝင်လာခဲ့သည်။ မောင်က ဆုံလည်ထိုင်ခုံမှာ ဘာတွေစဉ်းစားပြီး ငိုက်မြည်းနေတာလဲ။

"မောင်"

"ဟင် . . . မ . . . မမလှိုင် ဘယ်လိုလုပ်ပြီး ဒီကို၊ ဪ . .



www.burmeseclassic.com

www.burmeseclassic.com



ခရီးကပြန်ရောက်ပြီလား၊ မောင့်ဆီကို ဖုန်းဘာလို့မဆက်''

''ဘာလို့ ထိတ်ထိတ်ပျာပျာနဲ့ စကားတွေက အဆင်ပြေပြေ ထွက်မလာတာလဲမောင်၊ မောင် ညကဘာလို့အိမ်ပြန်မအိပ်တာလဲ၊ အရင် နေ့တွေကရော ဘာလို့အိမ်ပြန်မလာတာလဲ''

''မမလှိုင် ... အဲဒါကဟို''

''မမလှိုင် မကြားချင်တဲ့ဆင်ခြေမျိုးပဲပေးပါမောင်၊ ဒီဘက်ကို ထွက်လာပါ။ မောင်အဲဒီနေရာကနေ ထိုင်ပြောနေရအောင် မမလှိုင်က မောင့်ရဲ့ဝန်ထမ်းမှမဟုတ်တာ''

''ဟုတ် မမလှိုင်ထိုင်ပါ၊ ကော်ဖီသောက်ဦးမလား။ စာရေးမလေး ကို ဖျော်ခိုင်းလိုက်မယ်''

''စာရေးမလေးက ပွင့်ဖူးလား''

''ဗျာ''

''ပွင့်ဖူးကို ခုနကတွေ့လိုက်တယ်၊ မောင်ဘယ်အချိန်တုန်းက အလုပ်ခန့်လိုက်တာလဲ''

''ဟို ... မောင်ခန့်လိုက်တယ်ရယ်လို့တော့ မဟုတ်ပါဘူး။ သူ အင်တာဗျူးဖြေတာအောင်သွားတာပါ၊ ဒီမှာအင်တာဗျူးမေးတဲ့ ဒါရိုက်တာ အဖွဲ့ဝင်တွေ မန်နေဂျာတွေ သပ်သပ်ရှိတာပဲလေ''

''ထားပါတော့၊ ဘာလို့ မမလှိုင်ကို မောင်တစ်ခွန်းမှမပြော တာလဲ၊ ပွင့်ဖူးက အိမ်မှာဝင်ထွက်ပြီး မမလှိုင်နဲ့သိကျွမ်းတဲ့ မိန်းကလေး နည်းနည်းပါးပါးဖြစ်ဖြစ် ပြောပြသင့်တယ်လို့ထင်တယ်''

''ပွင့်ဖူးအလုပ်ဝင်တာ နှစ်ရက်ပဲရှိပါသေးတယ် မမလှိုင်၊ ပြော ရအောင် မမလှိုင်မှအိမ်မှာမရှိဘဲ၊ ဖုန်းဆက်ရအောင်လည်း''

''မောင် မမလှိုင်ဆီကိုဖုန်းရောခေါ်လို့လား''

''ဆက်တယ်၊ စက်ပိတ်ထားတယ်ဆိုလို့''



ဒါကတော့ မောင်ညာပြောတာမဖြစ်နိုင်။ ဖုန်းကောက်တွေ့ ...ည့်သူက ဖုန်းပြန်ပေးရမှာစိုး၍ စက်ကိုပိတ်ပစ်လိုက်မှာပေါ့။ တခြား ...ရာဝန်ဖုန်းနှင့် မိမိခေါ်ကြည့်တော့လည်း စက်ပိတ်ထားသည်လို့ ဖြေ ...သဲ။

''ထားပါတော့ မမလှိုင်ဖုန်းက ပျောက်သွားတယ်၊ အဲဒါကြောင့် ...င်ဆက်မရတာဖြစ်မယ်၊ ဒါနဲ့ သားဆီကိုရော မောင်ဘာလို့ဖုန်း မဆက် ...လဲ၊ မမလှိုင်သွားနေတဲ့ရက်ထဲမှာ မောင်တစ်ခါပဲဆက်တယ်ဆို၊ သား ... အရမ်းစိတ်ထိခိုက်ပြီး စိတ်မကောင်းဖြစ်နေတယ်၊ စာတောင်မလိုက် ...လောက်အောင်ဖြစ်တယ်တဲ့''

''ဟင် သားက ... မမလှိုင်ရယ် မောင်ကအလုပ်ရှုပ်နေလို့ ...ကို မမလှိုင်ဖုန်းဆက်ပေးပါလို့ မှာလိုက်ရဲ့သားနဲ့''

''အလုပ်ရှုပ်တဲ့သူက အိမ်ပြန်မအိပ်နိုင်ဘဲ တခြားမှာအိပ်ဖို့တော့ ...ချိန်ရှိတယ်ပေါ့၊ မောင်ဘယ်အချိန်တုန်းက တခြားမှာအိပ်ဖူးလို့လဲ၊ ...လှိုင် ခရီးသွားလို့ အိမ်မှာရှိရှိ မရှိရှိ မောင်အပြင်မသွားတတ်ဘဲ သားနဲ့ ...ဆီ ဖုန်းတစ်လှည့်စီဆက်ပြီး အလွမ်းဖြေနေခဲ့တာမဟုတ်ဘူးလား။ ...မောင်ဘာဖြစ်နေတာလဲ၊ ဘာတွေလုပ်နေတာလဲ''

''မမလှိုင် ဒီစကားတွေက ဒီကုမ္ပဏီရုံးခန်းမှာ ကျယ်ကျယ် ...င်လောင် ပြောရမယ့်စကားတွေမဟုတ်ဘူး မမလှိုင်''

''ကုမ္ပဏီထိလိုက်လာအောင်လုပ်တာမောင်လေ၊ မောင်ဘယ်သူ ...အိပ်ပြီး အိမ်ပြန်မလာနိုင်ဘဲ ကုမ္ပဏီကိုလာရတာလဲ၊ ဘယ်သူနဲ့အတူတူ ...ကိုလာတာလဲ''

မခံစားနိုင်စွာ ပေါက်ကွဲနေမိသဲမှာပဲ

''ဒေါက်ဒေါက် ... ဦး ... ဩော် အန်... အန်တီရောက်နေ ...လား''

[redacted]

www.burmeseclassic.com



ဖိုင်လေးနှင့် တံခါးဖွင့်ဝင်လာသော ပွင့်ဖူးက ဒေါ်နှင်းယုလှိုင်ကို မြင်ပြီး မျက်စိမျက်နှာပျက်သွား၏။ ဦးမင်းဆက်ရာလည်း မလုံမလဲဖြစ်သွားပုံပင်။ ဒါကိုအကဲခတ်မိလိုက်သော ဒေါ်နှင်းယုလှိုင်က

"ပွင့်ဖူးက ဒီကုမ္ပဏီမှာလုပ်နေတာကို။ ဒီလောက်ခင်မင်ရင်းနှီးနေတဲ့အန်တီ့ကို ဒီကုမ္ပဏီမှာအလုပ်လျှောက်မယ်ဆိုတာတောင် အသိမပေးပါလား"

"ဟုတ်ကဲ့ ... ဟိုပွင့်ဖူးက အန်... အန်တီ့ကို"

"ပွင့်ဖူး ... အခုဘာလာလုပ်တာလဲ"

"ဒီ ... စာ ... စာရင်းလေးကို လက်မှတ်လာထိုးခိုင်းတာပါဦး"

"ပေးဒီကို ... သွားတော့ပွင့်ဖူး။ တခြားအလုပ်တွေရှိသေးတယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့"

ပွင့်ဖူးခိုင်က ဦးမင်းဆက်ရာလက်မှတ်ထိုးပေးသောဖိုင်လေးကို ယူ၍ ဒေါ်နှင်းယုလှိုင်ကိုတောင် နှုတ်မဆက်ရဲတော့ဘဲ ထွက်သွားသည်။ ဒေါ်နှင်းယုလှိုင်တစ်ခုခုကို သဘောပေါက်လိုက်သလို အံ့ကြိတ်မိလိုက်၏။

"ပွင့်ဖူးနဲ့ စကားပြောနေတာ ဘာလို့ မောင်ဖြတ်ပြန်ထွက်ခိုင်းလိုက်တာလဲ၊ ဘာတွေပေါ်သွားမှာစိုးလို့လဲ မောင်"

"မလှိုင် ... မောင်နဲ့အိမ်ကျမှစကားပြောရအောင်၊ ကုမ္ပဏီမှာ အော်ကျယ်ကျယ်လုပ်နေတာ မောင့်သိက္ခာကိုကြည့်ရမှာပေါ့၊ ဝန်ထမ်းတွေရှိတယ်၊ ဒါရိုက်တာအဖွဲ့ဝင်တွေရှိတယ်၊ မောင့်အထက်မှာ ဥက္ကဋ္ဌသူဌေးတစ်ယောက်ရှိသေးတယ်၊ ဒီလိုဖြစ်နေတာ တစ်ယောက်ယောက်ကြားသွားရင် ဘယ်လိုလုပ်မလဲ၊ မလှိုင်မှာလည်း အထွေးကုဆရာဝန်ကြီးတဲ့ ဂုဏ်သိက္ခာရှိပါသေးတယ်၊ ပြန်လိုက်ပါမလှိုင်၊ မောင်ပြန်လာခဲ့



ရောရှိတာ ပြောကြတာပေါ့"

အံ့ကိုကြိတ်ကာ တင်းခနဲဖြစ်သွား၏။ မိမိအဖြစ်ကနှင်ထုတ်ခံရသည့် အနေအထားတောင်ဖြစ်သွားပြီလား။ ဒါပေမဲ့ ကုမ္ပဏီမှာတော့ ကျယ်တဝင့်မဖြစ်ချင်ပါ။ ဒါရိုက်တာအဖွဲ့ဝင်တွေထဲက ဖေဖေ့ဆီပေါက်ကြားသွားနိုင်သည့်သူတွေရှိသည်။

ထိုသို့ဖြစ်လို့ကတော့ အသိုက်အဝန်းကြားမှာ ဘယ်လိုမျက်နှာထားနေရမလဲ။ ပွင့်ဖူးခိုင် ... ပွင့်ဖူးခိုင်။

ဒီမိန်းကလေးက ဘယ်လိုမိန်းကလေးမျိုးလဲ။

မောင်နှင့် ဘယ်လိုအခြေအနေမျိုးထိ ပတ်သက်နေပြီလဲ။

ကုမ္ပဏီမှာ အလုပ်ဝင်တာ နှစ်ယောက်လုံးသိုသိုသိပ်သိပ် ဖုံးဖိထားခဲ့တာဆိုတော့ သေချာသည်။

အိမ်ရောက်မှ မောင့်ကိုမေးလျှင်ရော အမှန်အတိုင်းဖြေပါ့မလား။ ပွင့်ဖူးခိုင်ကိုတွေ့ပြီးမေးလျှင်ရော။ ဟင့်အင်း ဖုံးဖိထားရမည့် အကြောင်းအရာဆိုလျှင် နှစ်ယောက်လုံး အမှန်တရားကိုပြောကြမှာမဟုတ်ပေ။ နှစ်ယောက်လုံးတွေက မရိုးသားကြပါ။ အသုံးအနှုန်းတွေက သံသယဝင်စရာပါ။ ပျာယာဖြစ်နေကြခြင်းက အပြစ်လုပ်ထားတာဝန်ခံသလို ဖြစ်နေသည်ဆိုတာ စိတ်ထဲက အလိုလိုသိနေ၏။

ဒါဆို အတိအကျသိရဖို့ ဘယ်သူ့ကိုမေးပြီးမှ အပြစ်တင်သင့်သလဲ။ ဘယ်လိုမှ ရင်ထဲမှာမခံစားနိုင်။

တကယ်ဆို ဘယ်လိုလုပ်မလဲ။ မောင် မရက်စက်လိုက်ပါနဲ့။

ooo

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"မကြူ"

"ဩော် ... ဆရာမကြီး"

အိမ်လေးထဲငုံ့ဝင်လာသော ဆရာမကြီးကို အံ့သြနေမိရင်း
ပျာပျာသလဲ ဖျာခင်းပေးမိ၏။

"ထိုင်ပါ ဆရာမကြီး ဘာကိစ္စများရှိလို့ပါလဲ၊ ဒီရပ်ကွက်ထဲ
ဆေးလာကုရင်းနဲ့ ကျွန်မအိမ်ဝင်လာတာလား"

"မဟုတ်ပါဘူး။ မကြူဆီကိုပဲ သက်သက်လာခဲ့တာ"

"ကိစ္စရှိလို့လား ဆရာမကြီး"

"ဆိုပါတော့"

မကြူကတော့ ဘာမှသိပုံမပေါ်ပေ။ ရေနွေးခတ်ဘူးလေးသွား
ယူကာ ရေနွေးတစ်ခွက်ထည့်ပေးသည်။

"သုံးဆောင်ပါဦး ဆရာမကြီး၊ ကျွန်မကိုဘာများပြောစရာရှိ
နေလို့လဲ"

"ပြောစရာမဟုတ်ပါဘူး။ မေးချင်တာလေးရှိလို့ပါ"

"ဟုတ်ကဲ့"

"ပွင့်ဖူးအကြောင်း ဘာတွေများသိထားတာရှိလဲ၊ အခုလည်း



လော ဘယ်သူနဲ့ဘာတွေများ"

"ရှင် .. ဩော် ဆရာမကြီးက ကိုယ်ကုပေးခဲ့ရတဲ့လူနာ တစ်
ဖြစ်မှာစိုးလို့ စိုးရိမ်နေတာလား။ ပွင့်ဖူးနဲ့ကတော့ မတွေ့ဖြစ်တာကြာ
ဆရာမကြီးရဲ့ ရပ်ကွက်ချင်းကလည်း သိပ်နီးတာမှမဟုတ်တာ၊ သူ့
ဒေါ်မမိုးနဲ့ကတော့ ငွေရေးကြေးရေးကိစ္စလေးတွေနဲ့ တစ်ခါတစ်ရံ
ဖြစ်ပါတယ်။

"ပွင့်ဖူးအကြောင်းဘာမှပြောမပြဘူးလား"

"အထွေအထူးရယ်တော့မဟုတ်ပါဘူး။ မပွင့်ဖူးတို့ကတော့
ပေါက်လာပြန်ပြီလို့ ညည်းတယ်၊ အပျိုပေါက်အရွယ်ကတည်းက
ည်းစားတစ်ယောက်ထားလိုက်ကွဲလိုက်၊ နောက်တစ်ယောက်တွဲလိုက်နဲ့
တလေးကချောတော့ စနီးကတော့ ပွင့်သား။ ပွင့်ဖူးကလေ"

"ဟိုတလောက လက်ထပ်မယ့်ရည်းစားနဲ့မှားယွင်းတယ်ဆိုတာ
တယ်ရောဟုတ်ရဲ့လား။ တခြားဘယ်လိုပုံစံမျိုးနဲ့"

"အဲဒါတော့ ဆရာမကြီးရယ် မပြောပါရစေနဲ့၊ ကျွန်မလိမ်ညာမိ
ယ်ဆိုရင် ဆရာမကြီးကိုစော်ကားမိသလိုဖြစ်မှာစိုးလို့ပါ။ ဒါနဲ့ပွင့်ဖူး
ကြောင်းကို ဘာကြောင့်သိချင်တာလဲ"

"ဟို ... အဲဒါက"

ကိုယ့်ယောက်ျားနဲ့ဖြစ်နေသလား သိချင်လို့ပါဆိုလျှင် မဟုတ်
ဟုတ်တာထက် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို အရှက်ရမှာက
ချာသည်။

"ဟိုလေ .. ပွင့်ဖူးတို့ အိမ်လိပ်စာသိတယ်မဟုတ်လား။ အဲဒါ
လိုက်ပါလားကွယ်၊ ပွင့်ဖူးနဲ့ တွေ့လို့ရတာပေါ့"

"ဒီအချိန်သွားရင် ပွင့်ဖူးနဲ့တော့တွေ့မှာမဟုတ်ဘူး။ ပွင့်ဖူးက
ဇီတစ်ခုမှာ အလုပ်ရနေပြီဆိုလားပဲ၊ မမိုးကတော့ လုပ်ငန်းရှင်

www.burmeseclassic.com



သူ့ငွေးကို ပွင့်ဖူးတို့ကချိတ်ဆက်နေပြန်ပြီ၊ ဘယ်အချိန် ဘာဖြစ်ဦးမလဲလို့ ပြောသေးတယ်''

"ဩော် ... လိပ်စာလေးပေးလိုက်ပါနော်''

မကြူဆီက ကြားရတာတွေက မရေမရာ။ ပွင့်ဖူးအဒေါ်ကတော့ အကြောင်းစုံသိထားပုံရ၏။ လိပ်စာအတိုင်း ကားလေးကိုမောင်းထွက်လာခဲ့သည်။ ဒီအချိန်ဆို ဈေးကပြန်ရောက်လောက်ပြီဆိုတော့ အိမ်မှာရှိမှာပေါ့။

"တီ ... တီ''

အိမ်ရှေ့မှာ ကားရပ်ရင်း ကားဟွန်းသံပေးလိုက်တော့ ပွင့်ဖူး အဒေါ်အိမ်ထဲကနေ ထွက်ကြည့်သည်။ ခြံဝင်းတံခါးက ဖွင့်ပြီးသားမို့ လက်ကလေးပြပြီးတော့ပဲ ဝင်ခဲ့လိုက်၏။ မိမိကိုမြင်တော့ ပွင့်ဖူးအဒေါ် မျက်စိမျက်နှာပျက် ပျာယာခတ်သွားသည်။

"အိမ်ထဲဝင်လို့ရတယ်မဟုတ်လား မမိုး''

"ဟုတ်ကဲ့ ဝင်ပါ ဝင်ပါ ဆရာမကြီး၊ ဆက်တီခုံမှာထိုင်ပါ''

မမိုးက နေရာပေးရင်း တစ်ခုခုကိုစိုးရိမ်သလို မျက်နှာမျိုးဖြင့် နေသည်။ ဝင်ထိုင်လိုက်ရင်းမှ တစ်အိမ်လုံးကို အကဲခတ်ကြည့်လိုက်၏။

"ပွင့်ဖူးက ကုမ္ပဏီအလုပ်သွားတယ်ထင်တယ်၊ ဘယ်အချိန် ပြန်လာတတ်လဲ''

"ရှင် ... ပွင့် ... ပွင့်ဖူးက အိမ်ပြန်မလာပါဘူး''

"ဟင် ... အိမ်ပြန်မလာလို့ ဘယ်သွားနေတာလဲ''

"တိုက်ခန်းမှာ သူ့ကိုဝယ်ပေးထားတဲ့ တိုက်ခန်းမှာနေတာ''

"သူ့ကိုတိုက်ခန်းဝယ်ပေးထားတယ်၊ ဘယ်သူကလဲ''

"ဆရာမကြီးလည်း ကြားသင့်သလောက်ကြားပြီးလို့ ဒီကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတယ်လို့ ထင်ပါတယ်၊ အကြောင်း



နေသေးလို့ဆိုလည်း နောက်တော့သိရမှာပါ၊ တစ်သက်လုံး ဖုံးကွယ် လို့ရတဲ့ကိစ္စမှမဟုတ်တာ၊ ပြီးတော့ ပြဿနာဆိုတာ တအုံနွေးနွေး နေရတာထက်၊ ပွင့်ပွင့်လင်းလင်း ဖြေရှင်းကြတာကောင်းပါတယ်''

"မမိုး သိထားသလောက်''

"သိသလောက်ပြောပြမှာပါ ဆရာမကြီး၊ ကျွန်မလည်း ကျွန်မ ကိုတားပါသေးတယ်၊ ကိုယ့်အသက်သခင်ကျေးဇူးရှင်ကို ပြစ်မှား ဖြစ်တာ ငရဲကြီးမယ်လို့၊ ဒါပေမဲ့ သူက ဦးကိုတကယ်ချစ်နေပြီတဲ့ ဦးကလည်း သူ့ကိုတကယ်ချစ်တာတဲ့''

"ဦးဆိုတာ''

"မသိလို့မေးနေတာလား''

"သံသယဝင်လို့တော့ရောက်လာတာပါပဲ၊ ဒါပေမဲ့ အဲဒီလောက် ...''

"ဆရာမကြီးယောကျ်ားက ပွင့်ဖူးကိုတိုက်ခန်းဝယ်ပေးထား တယ် အချိန်ပြည့်မဟုတ်ပေမယ့် အဆင်ပြေသလိုတော့ သူတို့အတူတူ တယ်ထင်တယ်''

"ရှင်''

ရင်ထဲ ဒိန်းခနဲအပူမီးလုံးကြီးအဆောင့်ခံလိုက်ရသည်။ ဒီအခြေ ထိတောင်ရောက်နေကြပြီတဲ့လား။ ဘယ်လောက်ကြာသေးလို့လဲ။ မိမိကို အရူးလုပ် ဖုံးကွယ်ပြီး အဲဒီလောက်မြန်မြန်ဆန်ဆန်။

"ဆရာမကြီးရော ဘယ်လိုဆုံးဖြတ်ထားလဲ''

"ဘာကိုလဲ''

'သူတို့ကို ခွင့်ပြုတာ ခွင့်မပြုတာ သူတို့ဂရုစိုက်မှာမဟုတ်ဘူး၊ ကြီးယောကျ်ားကိုကွာရှင်းမှာလား၊ မယားကြီးနေရာကပဲ နေမှာ ဘယ်လိုလုပ်မှာလဲ''

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တူမလင်ခိုးပြီး အငယ်အနှောင်းဖြစ်မှာ သွေးအေးစွာ ဆေ… နေလိုက်တာ။ ဘယ်လိုအတန်းအစားတွေပါလိမ့်။ သူတို့တော့ ဘယ်… နေသည်မသိ။ ကိုယ့်မှာတော့ ကိုယ်ကအပြစ်လုပ်တာမဟုတ်ဘဲ ဒီ… အလုပ်ခံရတာကိုရှက်လွန်းလို့ ဘာပြောရမှန်းမသိဖြစ်နေရသည်။ ပွင့်ဖူး… အဒေါ်ကတော့ သွေးအေးစွာနှင့်

"ဒီလိုကိစ္စမျိုးဆိုတာ အကြမ်းဖက်လို့လည်းမဖြစ်၊ ချော့ပြီးအင်… လိုက်လို့လည်းမဖြစ်နဲ့ ဆရာမကြီးခံစားနာကျင်ရမယ်ဆိုတာ နားလည်… ပါတယ်။ ဒါပေမဲ့ ဒီကိစ္စ ဒီလိုမလုပ်ပါနဲ့လို့ ကျွန်မတူမကို ကျွန်မလည်း… တားလို့မရဘူး။ ကျွန်မလည်း နေချင်သလိုနေခဲ့တာဆိုတော့ သူ့ကိုဆုံး… သွန်သင်မှုနည်းခဲ့တာပါပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီလိုဖြစ်ပြီးမှတော့ ဆရာမ… ကြီး ခံစားရသက်သာအောင် ဆရာမကြီးယောကျ်ားကို ကွာရှင်းလိုက်… တာကောင်းလိမ့်မယ်၊ သူတို့ကိုတားလို့မရတော့မယ့် အတူတူလေ"

"မဖြစ်ဘူး လုံးဝမဖြစ်ဘူး။ ရှင်တို့အတန်းအစားတွေအနေနဲ့ သူများလင်လုရမှာ၊ လင်ငယ်နေရမှာ၊ ဟိုယောကျ်ား ဒီယောကျ်ားနဲ့ များယွင်းစွန်းထင်းလို့ ကလေးဖျက်ချရမှာ မထူးဆန်းတဲ့ အလေ့အထလား… မသိပေမယ့်၊ ကျွန်မတို့ အသိုက်အဝန်းကတော့ ကိုယ်ကျင့်တရားနဲ့… ဂုဏ်သိက္ခာကို တန်ဖိုးထားကြပါတယ်၊ လင်ကွဲမယားကွဲ အိမ်ထောင်ရေး… လည်း ပြုပျက်မခံကြပါဘူး။ မောင့်ကိုကျွန်မ ဒီအတိုင်းလွှတ်ပေးလိုက်မှာ… မဟုတ်ပါဘူး။ ဒီကိစ္စကိုရအောင်တားမှာပါ၊ ဒါက မောင်လော်မာလို့… မဖြစ်နိုင်ဘူး။ ယောကျ်ားတွေကို ဖြားယောင်းတတ်တဲ့ ပွင့်ဖူးရဲ့စရိုက်… ပျက်ပြားမှုကြောင့်ပဲဖြစ်လိမ့်မယ်"

"လက်ခုပ်ဆိုတာ တစ်ဖက်တည်း တီးလို့မြည်တာမဟုတ်ပါဘူး… ဆရာမကြီး၊ ပွင့်ဖူးကိုတော်တယ် ကောင်းတယ်လို့လည်း မပြောပါဘူး… ဒါပေမဲ့ ဆရာမကြီးယောကျ်ားကရော ဘယ်လောက်တော်နေကောင်း…



…အိမ်ထောင်ရေးအပေါ်မှာ သစ္စာရှိမယ်ဆိုရင် ပွင့်ဖူးမြူဆွယ်ခဲ့ရင် …မျောပါသွားစရာလား၊ အခုကိုယ့်ယောကျ်ားကို ပြန်မေးကြည့်ပါဦး၊ …က်ဆုတ်မှာလား ရှေ့တိုးမှာလားလို့"

ဒါကတော့ဟုတ်သည်။ သူစိမ်းမိန်းကလေးရဲ့ အတွေ့အထိမှာ …တာမိန်းမောသာယာခဲ့ရင်တောင် မိန်းမနဲ့ သားရဲ့သိက္ခာကိုတော့ …င်ချမနင်းရက်လောက်ပါဘူး။ ဘယ်လိုစိတ်နဲ့များ ဒီကိစ္စကြီးကိုတောင် …သွန်လိုက်ရတာလဲ၊ မိမိနှင့် အိမ်ထောင်ရေးက မသာယာလို့ ပျော်ရွှင် …မကောင်းလို့ဆိုလည်း ထားပါတော့။ ဒီလောက်တောင် နွေးထွေးပြီး …နေးစရာကောင်းနေခဲ့တာ။

"ကျွန်မ ပြန်လိုက်ပါဦးမယ်၊ ဒီကိစ္စမောင်နဲ့ရှင်းရမယ်ဆိုတာ …မ သိပါတယ်၊ ပွင့်ဖူးအသက်ကို ကျွန်မကယ်ပေးမိခဲ့တာ ကျွန်မ …ားတာပဲ၊ ကျွန်မကတော့ မိန်းကလေးငယ်လေးရဲ့ဂုဏ်သိက္ခာနဲ့ …ယ်ကျင့်တရားအတွက် လူမှုပတ်ဝန်းကျင်မှာ ခေါင်းမဖော်ရဲမှာစိုးလို့ …သေးဖျက်ချတဲ့ကိစ္စကို ဘယ်သူ့ကိုမှမပြောမပြခဲ့ပါဘူး။ ဒီကျေးဇူးကိုမှ …ောက် ကျွန်မလင်ကိုလုရဲတဲ့သတ္တိကတော့ တော်တော်လေးကို …ျူးစရာကောင်းပါတယ်"

ပြောချင်သလောက်ပြောပြီး ပြန်ထွက်လာခဲ့သည်။ ဒီပုံစံလုပ် …သော မောင့်ကို စိတ်နာရမလား၊ စိတ်ဆိုးရမလား။

မုန်းမျက် နာကြည်းစိတ်တွေနှင့် ဒီအတိုင်းပဲစွန့်လွှတ်လိုက်ရ …သား ဟင့်အင်း ဒီလိုလုပ်လို့တော့ လုံးဝမဖြစ်။

မိဘတွေရဲ့ အိမ်ထောင်ရေးပဋိပက္ခတွေ သားလေးသိလျှင် …ယ်လိုများဖြစ်သွားမလဲ။ အရွယ်ရောက်လို့နားလည်ပေးတတ်ပြီဆိုရင် … ဒီအိမ်ထောင်ရေးကို ဘယ်လိုဆက်လုပ်ရမှာလဲ။

မိန်းမကို သားကိုချစ်တတ်လွန်းသော မောင်ကဘယ်လိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားရတာလဲ။ မောင့်ကို မျက်နှာချင်းဆိုင်ပြီးမေးမည့်မေးခွန်းတွေကိုမေ မောင်အမှန်အတိုင်းဖြေပါ့မလား။

မတွေဝေ မတုံ့ဆိုင်းဘဲ ရင်ဆိုင်ခဲ့မည်ဆိုလျှင်ရော။

၀၀၀

## အခန်း (၁၇)

"အခု မမလှိုင်ပြောသမျှတွေ မောင်ငြင်းမှာလား"

"မငြင်းပါဘူး"

"ဒါဆို အမှန်တရားတွေပါလို့ မောင်ဝန်ခံလိုက်တာပေါ့"

"မမလှိုင် စုံစမ်းပြီးသွားပြီမဟုတ်လား၊ ကြားခဲ့ရတဲ့အတိုင်းပါ ကျွန်တော်တို့ . . ."

"မောင်"

မောင်ဆိုသည့်နာမ်စားကိုတောင် မသုံးတော့တာမို့ နာကျင်စွာ အော်လိုက်မိသည်။

"မမလှိုင်တို့ ဘယ်အချိန်က ပြဿနာတွေတက်ခဲ့ကြလို့ မောင် ဆိုတဲ့နာမ်စားကပျောက်သွားတာလဲမောင်၊ မောင်နဲ့ မမလှိုင်ကြားမှာ ဘယ်လို အမုန်းတရားတွေ နာကြည်းစရာတွေများရှိလို့လဲ"

"ဟို . . . မမလှိုင် မောင်က"

"မမလှိုင် ဘာတွေမှားလို့ ဘယ်လိုချွတ်ယွင်းချက်တွေရှိလို့ မောင်အသစ်ရှာရတာလဲ၊ မမလှိုင် အသက်ကြီးလို့များ"

"မမှားပါဘူး၊ မမလှိုင်မှာ ဘာချွတ်ယွင်းချက်မှလည်းမရှိပါဘူး၊ အသက်ကြီးတာလည်း အပြစ်တစ်ခုမဟုတ်ပါဘူး၊ မောင် . . . မောင်က

www.burmeseclassic.com

www.burmeseclassic.com



သာ ပွင့်ဖူးကိုချစ်မိသွားတဲ့အပြစ်လုပ်မိတာပါ''

''ဘာ ... ဘာပြောတယ်မောင်၊ ပွင့်ဖူးကို ချစ်မိသွားလို့ ဟ
လား။ ပွင့်ဖူး ဘယ်လိုမိန်းကလေးဆိုတာရော သိလို့လားမောင်၊ အဲဒီပွင့်
ဆိုတဲ့ မိန်းကလေးက ဘယ်လိုမိန်းကလေးလဲ မောင်သေချာသိလို့
ဟင် မောင်၊ အဲဒီမိန်းကလေးကို မမလှိုင်ကိုယ်တိုင်''

ပြောထွက်ချင်လိုက်ပေမယ့် စကားကိုအဆုံးမသတ်နိုင်၊ ဆရာ
ဆိုသည့် စည်းဆိုတာရှိသေးသလို၊ မစားရသည့်အမဲ သဲနှင့်ပက်မိသ
ဖြစ်မှာလည်း စိုးရိမ်မိသည်။ မောင်က ဆိုဖာခုံကိုနောက်မှီလှန်ချလိုက်
ဘာမှမဖြစ်သည့်ပုံစံမျိုးနှင့်ပင်။

''သူဘယ်လိုမိန်းကလေးဆိုတာက မောင့်အတွက်အရေးမ
ဘူး၊ သူမောင့်ကိုချစ်တယ်၊ မောင်ကလည်း သူ့ကိုချစ်တယ်၊ လူ
ယောက်အတွက် အဲဒါကပဲအရေးကြီးဆုံးမဟုတ်ဘူးလား''

''အချစ် ... အချစ်ဆိုတော့ မမလှိုင်အချစ်နဲ့ပဲ မတင်း
တော့ဘူးဆိုတဲ့သဘောလား မောင်၊ မမလှိုင် အသက်ကြီးသွားလို့
မမလှိုင်အချစ်တွေက မောင့်အတွက်သာယာမှုတွေ စိတ်လှုပ်ရှားမှု
မပေးနိုင်တော့လို့လား''

''ကံကြမ္မာဆိုတာလည်း ရှိသေးလို့ပါ မမလှိုင်၊ ဒီလိုအခို
ပွင့်ဖူးနဲ့ ဒီလိုဆုံဆည်းရမယ့်ကံပါလာလို့ပါ၊ အဲဒါကလည်း မမလှ
ပတ်သက်ပြီး''

''ဘယ်လိုပတ်သက်မှုမျိုးနဲ့ ဆုံရတယ်ဆိုတာ မောင်မသိ
ဘူးလား။ အဲဒီပွင့်ဖူးကို လက်သည်နဲ့ကိုယ်ဝန်ဖျက်ချတာ သေတော့
ဖြစ်လို့ မမလှိုင်ကိုယ်တိုင် အသက်ကယ်ပေးထားတာ သိလားမော

''ဗျာ''

အံ့သြသွားသယောင်ရှိလျက် ဦးမင်းဆက်ရာ ကိုယ်ကြီးမ



စ်သွားသည်။ ပွင့်ဖူးကိုသွက်လက်ချက်ချာပြီး လှယသောမိန်းကလေး
န်းသိပေမယ့် ဒီလိုကြီးဖြစ်ခဲ့လိမ့်မည်ဟုတော့ မထင်မိပါ။ မမလှိုင်က
ျိုးများနှင့်ပင် ...

''ရည်းစားက လက်ထပ်မယ်ပြောပြီးမှ မယူဘဲထားခဲ့တာလို့
ပြောပေမယ့် အဲဒီထက်ဆိုးဝါးမှုနဲ့ပတ်သက်ပြီး ကိုယ်ဝန်ရတယ်လို့ထင်
ဘယ်၊ ကိုယ်လွယ်ပိုးရမယ့်ကလေးကို သတ်ပစ်ရက်တယ်ဆိုကတည်းက
င်စိတ်လည်းမရှိလို့ဘဲ၊ ဒီလိုမိန်းကလေးက မောင့်အတွက်ဘယ်နေရာ
များ တန်ဖိုးရှိနေလဲ''

''အဲဒါက အမှန်ဆိုလည်း''

''ဘာဖြစ်လဲမောင်''

''မောင်တို့ကနောက်ဆုတ်လို့မဖြစ်တော့တဲ့ အခြေအနေ''

''ဘာ ... ဘာပြောတယ်မောင်''

''မောင်တို့အခု အတူနေဖြစ်တဲ့အချိန်တွေက အများကြီးပဲ၊ သူ
အပြစ်ရှိခဲ့တယ်ဆိုလည်း မောင်သူ့ကိုတာဝန်ယူရမှာပါ၊ အဆုံးထိတာဝန်
ယူဖို့လည်း မောင်ကတိပေးထားတယ်''

''မောင်ရယ်''

အသည်းထဲခိုက်အောင်ပင် ရင်တွေနာသွားမိသည်။ အပြစ်ရှိ
ခဲ့တာတောင် ခွင့်လွှတ်ပြီးချစ်သွားတော့မည်ဆိုသည့်သဘောပေါ့။

''မောင်က အခုမှတွေ့တဲ့ပွင့်ဖူးအတွက်ပဲ တွေးတောမှာပေါ့၊
နှစ်ဆယ်ကျော်ပေါင်းသင်းလာတဲ့ မမလှိုင်အတွက် မတွေးတော့ဘူး
လားမောင်၊ သားကိုရော မောင့်စိတ်ထဲမှာမရှိတော့ဘူးလား။ မောင်အငယ်
အနှောင်းရှာသွားတဲ့သတင်းကို ကြားသွားရင် ဖေဖေ့ရာ ဘယ်လိုဖြစ်သွား
လဲ မောင်မစဉ်းစားတော့ဘူးလား၊ တန်ဖိုးမရှိတဲ့မိန်းမကြောင့် မော
သည်း ဂုဏ်သိက္ခာတွေ စောင့်ထိန်းရမယ့်ကိုယ်ကျင့်တရားတွေ စည်းတွေ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကဲ့ နားမလည်တော့တာလားမောင်"

ဦးမင်းဆက်ရာ သက်ပြင်းတွေနှင့် ခဏတာတွေဝေသွားခဲ့သော်လည်း ချက်ချင်းလိုပင် ခေါင်းကိုခါ၍ထရပ်သည်။

"မောင့်ကိုခွင့်လွှတ်ပါ မမလှိုင်၊ မောင်လည်း တစ်သက်လုံး ဒီလိုကိစ္စတွေ ဖြစ်ပျက်လာလိမ့်မယ်လို့ မထင်မိဘူး၊ ဖြစ်ပြီးပြီဆိုတော့လည်း မောင်နောင်တမရချင်တော့ဘူး မမလှိုင်"

"ဒါဆို မောင်ကပွင့်ဖူးနဲ့"

"မောင်တို့ တရားရုံးမှာလက်ထပ်စာချုပ်လုပ်ထားတယ်"

"ဘာ ... မောင် ... မောင် အဲဒီလောက်ထိတောင် လုပ်ထားပြီးပြီ"

ခေါင်းကချာချာလည်ကာ မိုက်ခနဲတောင်ဖြစ်သွားခဲ့သည်။ မောင်ဒီလောက်ထိ ရက်စက်လိမ့်မည်မထင်မိ။ မောင်က အကြင်နာတရားကင်းမဲ့တတ်သူမဟုတ်ပါ။ ပွင့်ဖူးခိုင် ဘာတွေနှင့်မောင့်ကိုဆွဲဆောင်စည်းနှောင်ထားနိုင်တာလဲ။

ပျော်ရွှင်နွေးထွေးသော မိသားစုဘဝလေးကနေ မောင်ဒီလောက်ထိ မိမိအပေါ်သွေးအေးသွားခဲ့တာ အံ့သြစရာကောင်းလွန်းလှသည်။ အပြီးအပိုင်ဆုံးဖြတ်ချက်ချပြီးဟန်ဖြင့် မောင်က မိမိကိုတောင်လှည့်မကြည့်တော့။

ရက်စက်လှချည်လား မောင်ရယ် ရက်စက်လှချည်လား။ ဘယ်အရာတွေက မောင့်ကိုဒီလောက်တောင် လွှမ်းသွားနိုင်ခဲ့တာလဲ။

မောင်နှင့် ဆက်ပြောနေလည်း ဘာမှထူးလာမည်မဟုတ်တော့။ ပွင့်ဖူးခိုင်နှင့် သွားတွေ့လျှင်ရော ဘာတွေထူးလာနိုင်သေးလဲ။ အိပ်ခန်းသို့ ရောက်သည့်တိုင်အောင် တိတ်ဆိတ်မှုက ကြီးစိုးနေသည်။

မောင်အိပ်ခန်းထဲကို ဝင်မလာခဲ့။ အပြင်ပြန်ထွက်သွားသည်



အသံမကြားရသော်လည်း စာဖတ်ခန်းထဲကနေ ဖုန်းပြောသံတွေကြားနေသည်။ ပွင့်ဖူးခိုင်နှင့် ပြောနေတာပဲရှိမှာပါ။

ရင်မှာ စူးစူးရှရှ နာနာကျင်ကျင်နှင့် စာရေးစားပွဲမှာ ထိုင်လိုက်သည်။

ကြီးမားသော ဝဋ်ကြွေးများနှင့် ထိုတစ်ညတော့ ...။

OOO

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ပွင့်ဖူးခိုင်နှင့်တွေ့ရဖို့အတွက် သူမအဒေါ်ဆီကနေ ဖုန်းနံ အဆက်အသွယ်လုပ်ပြီး လိပ်စာတောင်းရသည်။ မောင်ဝယ်ပေးထား သည့်အခန်းမှာ သွားတွေ့ရမှာ အတော်လေးပင် စိတ်ကသိကအောက် နိုင်ရ၏။

မိမိလာမည်ဆိုတာလည်း အဒေါ်ဖြစ်သူက ပွင့်ဖူးခိုင်ဆီ ကြိုပြော ထားလောက်မှာပါ။

"သြော် . . . အန်တီ"

လူခေါ်ဘဲလ်သံတစ်ချက်တည်းနှင့် ပွင့်ဖူးခိုင် ချက်ချင်းတံခါး လာဖွင့်ပေးသည်။ ညှို့ခန်းမှာ ဆိုဖာခုံလည်းရှိ၏။ မှန်ကူစ်ဘီရိုစား တီဗီ၊ တခမ်းတနားတဆောင်တယောင်နှင့်ပါ။

မောင်က အငယ်အနှောင်းကိုတောင် အဆောင်အယောင်နှင့် တန်ဖိုးထားပေတာပဲ။ ကျွန်မသာ မယားကြီးဖြစ်ကြောင်း ပါဝါပြချင်တာ နှင့် ပွင့်ဖူးခိုင်ညှို့ဝတ်မပြုခင်က ထိပ်ဆုံးကဆိုဖာခုံမှာ ခြေချင်းချိတ်ကာ ဝင်ထိုင်လိုက်သည်။

"ဟင်"

မှန်စားပွဲပေါ်မှာ မောင်နှင့်ပွင့်ဖူးခိုင် အနောက်တိုင်းဝတ်စုံနှင့်



တွဲရိုက်ထားသောဓာတ်ပုံကို မျက်နှာပြောင်ပြောင်ထောင်ထားတာမို့ စိတ်ထဲမှာ တဖျှင်းဖျှင်းခံပြင်းသွားလေသည်။ ဒါသူတို့လက်မှတ်ထိုးသည့် နေ့က ရိုက်ထားခြင်းဖြစ်မည်ပေါ့။

"ဖြုန်း"

"အန်တီ"

စိတ်ထဲမှာမခံစားနိုင်လွန်းတာမို့ ရှေ့မှာထိုင်လိုက်သော ပွင့်ဖူး ခိုင်ပါးကို ဖြန်းခနဲရိုက်ချပစ်လိုက်သည်။ ဒီလိုလုပ်လိမ့်မည် မထင်တာ ကြောင့် ပွင့်ဖူးခိုင် အံ့အားသင့်နေသည်။

"မင်းအရမ်းမိုက်ရိုင်းတယ်၊ အောက်တန်းကျလွန်းတယ် ပွင့်ဖူး ခိုင်၊ မင်းကလေးဖျက်ချတာကို ငါအသက်ကယ်ပေးထားတာပါ၊ အဲဒီ အသက်ကို ကယ်ပေးမိတာက ငါ့လင်ကိုနိုးဖို့ ကယ်ပေးလိုက်သလိုဖြစ် သွားတာ အံ့ဩဖို့ကောင်းလိုက်တာ"

"ပွင့်ဖူးတို့ချင်း ရေစက်ရှိလို့ဆုံရတာပါ အန်တီ"

"ဘာ . . . ရေစက်ရှိလို့၊ ညည်းက သူများလင်နဲ့မှရေစက်ရှိ ချင်တာလား။ မင်းမိန်းမကောင်းမှမဟုတ်တာ၊ သူများလင်လုယူရမှာလည်း ဘယ်ရှက်တတ်ပါ့မလဲ"

"ပွင့်ဖူးကို အဲဒီလောက်ထိ မှိုချိုးမှျစ်ချိုးမပြောပါနဲ့ အန်တီ၊ ဦးနဲ့ ပွင့်ဖူးက တိုင်ဆိုင်စွာတွေ့ပြီး တကယ်ချစ်သွားတာပါ"

"ကလေးဖျက်ချတာ မသေရုံတမယ်ဖြစ်တာကို ဆေးကုပြီး အသက်ကယ်ပေးလို့ ကျေးဇူးတွေတင်တာနဲ့ လာကန်တော့ရင်း ငါ့ကိုပြုစု လုပ်ကိုင်ပေးတဲ့ ငါ့ယောကျ်ားကို လင်တော်ချင်စိတ်ဖြစ်သွားတာမဟုတ် လား။ မိန်းမကောင်းတစ်ယောက်ဆိုရင် သူများလင်ကို အဲဒီလို မသာယာ ဘတ်ဘူး ပွင့်ဖူးခိုင်၊ မင်းကမိဘအုပ်ထိန်းမှုမဲ့လို့ အဆင့်အတန်းမရှိ ကိုယ် ကျင့်တရားပျက်ပြားတာထက် မင်းရဲ့စိတ်ကိုက အောက်တန်းကျတာ

www.burmeseclassic.com

www.burmeseclassic.com



ရှုံ့စရာကောင်းတာ''

''အန်တီပြောချင်သလိုပြောလို့ရပါတယ်၊ ပြောချင်သလောက် ပြောသွားပါ''

''ဘာ''

''မယားကြီးတိုင်း ဒီလိုစကားလုံးတွေ သုံးတတ်တယ်ဆိုတာ ပွင့်ဖူး သိပြီးသားပါ၊ လင်တစ်ယောက်ကို တစ်သက်လုံးအပိုင်မစည်းနှောင် မသိမ်းသွင်းနိုင်တဲ့မိန်းမတိုင်း ဒီလိုမျိုးတော့ ပေါက်ကွဲကြတာပဲလေ၊ ကိုယ့် လင်ကိုယ်ပဲ နိုင်အောင်ထိန်းရမှာဆိုတာ အန်တီဘာလို့မေ့နေတာလဲ အန်တို့ယောက်ျားကို အန်တီပြောလို့မရလို့ အန်တီဒီအထိရောက်လာတာ မဟုတ်လား။ ကလေးဖျက်ချတဲ့ကိစ္စကြီးပြောလိုက်တာတောင် ဦးကမတုန် လှုပ်တော့ အန်တီခံပြင်းနေမှာပေါ့''

''ဟင်''

ဒီစကားတွေသိပြီဆိုမှတော့ ညက မောင်ဖုန်းဆက်တာ ဒီ အကြောင်းအရာနှင့်ပတ်သက်တာကို ညှိနှိုင်းကြတာပဲဖြစ်မည်။ သူတို့ချင်း လည်း ဒါကိုအပြစ်မမြင်ဘဲ ပြေလည်သွားလို့ ပွင့်ဖူးခိုင် မာန်တက်နိုင်နေ တာပေါ့။

မိမိဘက်က ဘာတွေလုပ်ပိုင်ခွင့်ကျန်ဦးမှာလဲ။ မောင့်ကို မပြော ရက်သည့်စကားကို နောက်ဆုံးအနေနှင့်ပြောပြီး တားရုံပဲရှိတော့သည်။ ဘယ်လောက်ထိ သတ္တိရှိမလဲ စောင့်ကြည့်ရုံပဲပေါ့။

''ငါတောင်းပန်ပါတယ် ပွင့်ဖူးခိုင်''

''ရှင် ... အန်တီက ဘာကိုတောင်းပန်တာလဲ''

''ငါ့ယောက်ျားကို မပတ်သက်ပါနဲ့တော့၊ မင်းနောက်ဆုတ်ပါ၊ မင်းနောက်ဆုတ်လိုက်ရင် မောင်ရှေ့ဆက်တိုးမှာမဟုတ်ပါဘူး''

''အန်တီထင်လို့ပါ၊ ဘယ်လိုဖိအားတွေပေးပေး လူနှစ်ယောက်



ရဲ့ အချစ်ကို အန်တီခွဲလို့မရပါဘူး''

''မင်းတို့ပြောနေတဲ့အချစ်က အစစ်အမှန်မှမဟုတ်တာ၊ သာယာ နေကြတာ၊ မိန်းမောယစ်မူးနေကြတာ၊ အတွေ့အထိအသစ်တွေနဲ့ မင်း တို့ လူစိတ်ကင်းမဲ့နေကြတာ၊ အချစ်လို့ခေါင်းစဉ်မတပ်နဲ့၊ အဲဒါအချစ် မဟုတ်ဘူး။ ပြင်းပြတဲ့ အာသာဆန္ဒတွေဖြေဖျောက်ဖို့ နားထောင်ကောင်း တဲ့ စကားလုံးကို မသုံးနှုန်းစမ်းပါနဲ့၊ ပတ်ဝန်းကျင်ကိုမေ့၊ လူ့ယဉ်ကျေး မှုကိုမေ့၊ လူ့အသိုက်အဝန်းဂရုမစိုက်၊ မိသားစုကိုထည့်မတွက်နိုင်အောင် ဘဝက္ခာပြု၊ ရမ္မက်ဆန္ဒတွေနဲ့ ဖွဲ့စည်းထားတဲ့ အဲဒီနွံက ဘယ်လောက် ကြာကြာခံမှာမို့လဲ ပွင့်ဖူးခိုင်''

''အဲဒါ အန်တီနဲ့မဆိုင်ပါဘူး''

''ဘာ''

''လူဆိုတာ အာသာဆန္ဒတွေနဲ့တည်ဆောက်ထားတာပဲ အန်တီ၊ ဝတ်ချင်တယ်၊ စားချင်တယ်၊ ပျော်ချင်တယ်၊ သာယာချင်တယ်၊ ချစ်ချင်တယ်၊ ဒါဘာထူးဆန်းလို့လဲ''

''လူ့စည်း လူ့ကမ်း လူ့ယဉ်ကျေးမှု၊ သူများမယား သူများလင် ဆိုတဲ့စည်းဆိုတာတွေရှိသေးတယ် ပွင့်ဖူးခိုင်ရဲ့၊ သူများလင်ကို လုယူ ယူတဲ့အတွက် ပတ်ဝန်းကျင်မှာ မင်းအရှက်ရမှာ သိက္ခာကျမှာကိုရော မတွေးတော့ဘူးလား''

''အချစ်မှာမျက်စိမပါဘူးဆိုတဲ့စကား မျက်ကန်းအချစ်ဆိုတဲ့ စကားရော အန်တီမကြားဖူးဘူးလား၊ ပွင့်ဖူးနဲ့ ဦးရဲ့အချစ်က အဲဒီလို အချစ်မျိုးပဲ အန်တီ''

''ကျွတ်''

ဒီကောင်မလေးကို ဘယ်လိုမှပြောလို့မရတော့မှန်း ခေါင်းယမ်း ရင်း သဘောပေါက်သွားသည်။ မိမိပြောသမျှ သူမမှာချေပစရာတွေ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အပြည့်၊ အတွေ့အထိအသစ်မှာ ယစ်မူးတာကို အချစ်လို့အထင်မှားနေမှ တော့ လူ့အသိစိတ်ဆိုတာ မရှိတော့လို့ပေါ့။

တရားပြ နားချလို့ရော နားဝင်မှာတဲ့လား။ ထိုအတွေးနှင့်အတူ မာနတွေ ခံပြင်းမှုတွေကို ခဝါချလိုက်သည်။

“ဒါဘာလုပ်တာလဲ အန်တီ”

သူမရှေ့မှာ ဒူးထောက်ထိုင်ချလိုက်တာမို့ လန့်ဖျပ်ကာ ထရပ် လိုက်မိ၏။ ဒေါ်နှင်းယုလှိုင်က မျက်ရည်ဝဲစွာနှင့်ပင်

“ပွင့်ဖူး အန်တီတောင်းပန်ပါတယ်၊ မောင်ဒီလိုမိုက်မဲသွားရင် အန်တို့အသိုက်အဝန်းမှာ အန်တီဘယ်လိုမျက်နှာနဲ့နေရမှာလဲ၊ ဆွေမျိုး သားချင်းအသိုက်အဝန်းမှာ သူမိုးကြိုးဆိုတဲ့ဂုဏ်သိက္ခာရှိသလို၊ အန်တီက အထူးကုဆရာဝန်မကြီးဆိုတဲ့ ပတ်ဝန်းကျင်အသိုက်အဝန်းမှာလည်း ဂုဏ်သိက္ခာနဲ့နေရတဲ့သူတစ်ယောက်ပါ၊ တစ်ပင်လဲလို့ တစ်ပင်ထူတာ နား ထောင်လို့ကောင်းပါသေးတယ်၊ အန်တီ့ရှိရဲ့နဲ့ မောင်အငယ်အနှောင်း ထားလိုက်တာဟာ ဘယ်လိုမှမဖြစ်သင့်လို့ပါကွယ်၊ အန်တို့ကိုငဲ့ညှာပါ၊ အန်တို့ကိုသနားပါ။ ပြီးတော့ အန်တို့သားလေးကို ကိုယ်ချင်းစာပေးပါ ပွင့်ဖူးရယ်နော်”

“ဒီစကားတွေက ပွင့်ဖူးကိုပြောရမှာမဟုတ်ဘူးထင်တယ် အန်တို့ယောကျ်ားကို အန်တီသိမ်းသွင်းစည်းရုံးကြည့်ပါလား။ တောင်းပန် ကြည့်ပါလား အန်တီ၊ ပွင့်ဖူးက သူစိမ်းဆိုတော့ အန်တီနဲ့ အန်တို့သား ကို ငဲ့ညှာတတ်မှာမဟုတ်ဘူး၊ အန်တို့ယောကျ်ားကတော့ နှစ်နှစ်ဆယ် ကျော်ပေါင်းသင်းလာတဲ့ သံယောဇဉ်ကြောင့် ငဲ့ညှာချင်ငဲ့ညှာလိမ့်မယ် ဇနီးမယားငြိတွယ်မှု၊ သားသမီးနှောင်တွယ်မှုဆိုတာရှိတယ်လေ၊ ဒါ စေတနာနဲ့ ပွင့်ဖူးပြောတာပါ၊ ဒီကိစ္စအတွက် ဦးနဲ့ ညှိနှိုင်းကြည့်တာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်”



ပွင့်ဖူးနိုင်ပြောတာလည်း မမှားပေ။ သွေးသားတော်စပ်မှုမှမရှိ ပွင့်ဖူးနိုင်က မိမိတို့ကို ဘယ်ညှာတာစိတ်ရှိပါ့မလဲ။ ကိုယ်ချင်းစာပြီး တ်ဆုတ်ပေးပါ့မလဲ။

အနှစ်နှစ်ဆယ်ကျော် အချစ်တွေ မေတ္တာတွေနှင့် ပေါင်းသင်း သည့်မောင်ကတောင် ငဲ့ညှာစာနာပေးရမှန်းမသိတော့တာ၊ ဒီအပြစ် အားလုံးရဲ့တရားခံဟာ ဘယ်သူလဲ၊ မိမိဘာတွေမှားခဲ့လို့လဲ။

ဒီအချိန်မှာ မောင်ရက်စက်လွန်းသည်ဟု တတွတ်တွတ် ည်းညူမိရုံမှလွဲ၍ . . . ။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

"မ. . . မမလှိုင် ဒါဘာလုပ်တာလဲ၊ ဒါဘာလုပ်တာလဲ"

မျက်ရည်လည်ရွဲဖြင့် ဒူးထောက်ထိုင်ချလိုက်သော မမလှိုင် ကြောင့် ငရဲကြီးမှာစိုး၍ ကပျာကယာရှောင်လွှဲ ထရပ်လိုက်ရသည်။ မမလှိုင် ဘယ်လိုအဓိပ္ပာယ်နှင့် ဒီလိုလုပ်လိုက်တာလဲ။ ကိုယ်ကအသက် ဆယ်နှစ်တောင်ငယ်တာ။

လင်နဲ့ မယားဆိုပေမယ့် ဒီလိုမလုပ်သင့်ပေ။

"ထပါ မမလှိုင်၊ ဒါဘာလုပ်နေတာလဲ"

"မောင့်ကို မမလှိုင် ဒူးထောက်တောင်းပန်တာ။ ဒီလောက် မဟုတ်ရင် မမလှိုင် ဘာလုပ်ပေးရမလဲပြောပါ၊ ပွင့်ဖူးနဲ့ အဲဒီလိုကြီးလှ လိုက်လို့မဖြစ်ပါဘူးမောင်၊ အသိုက်အဝန်းကြားမှာ မမလှိုင်နဲ့သားဖေ မျက်နှာငယ်ငယ်နေရမှာ မောင်တွေးကြည့်ပေးပါဦး။ မမလှိုင်နဲ့ သားဖေ ကို သနားပါဦးမောင်ရယ်"

"မမလှိုင်ရယ် မောင့်ကိုအရမ်းကြီးစိတ်ကျဉ်းကျပ်အောင်ဖိအား တွေ မပေးပါနဲ့၊ မောင့်ကိုစိတ်ထွက်ပေါက်နဲ့ လွတ်မြောက်ခွင့်ပေးပါဦး"

"မွန်းကျပ်လို့ ထွက်ပေါက်ရှာတယ်၊ မမလှိုင်က မောင့်ကို ဘာ တွေများ ဖိအားပေးခဲ့လို့လဲ၊ မွန်းကျပ်အောင်လုပ်နေလို့လဲ၊ မောင်အပြု



အလွန်တာကို ဖုံးဖိဖို့အတွက် ဆင်ခြေတွေရှာနေတာလားမောင်"

"မောင်အလုပ်ကို အချိန်နဲ့သွား အချိန်နဲ့ပြန်ရတယ်၊ မနက်စာ ပြင်ပေးရတယ်၊ အိပ်ရာနိုးပြီး ရေချိုးပြီးရင် အဝတ်အစားဝတ်ဖို့အတွက် အဝတ်အစားထုတ်ပေးရတယ်၊ မမလှိုင် စားချင်တာတွေပြင်ဆင်ပေးရ တယ်၊ အိပ်ရာဝင်အတွက် ကော်ဖီတစ်ခွက် ဝတ္တရားမပျက်ဖျော်ပေးရ တယ်၊ မယားဝတ္တရားဆိုပြီး မမလှိုင်ဘက်က ဘာတွေလုပ်ပေးတာရှိခဲ့ လို့လဲ"

"သြော် မောင် . . . အဲဒါတွေက မမလှိုင်ကို မောင်ချစ်လို့ လုပ်ပေးခဲ့တာတွေ မဟုတ်ဘူးလား။ မမလှိုင်က မောင့်ကိုဘာလုပ်ပေးပါ လို့ မခိုင်းခဲ့ဖူးဘူးနော်။ မောင့်အကြင်နာ မောင့်ဂရုစိုက်မှုတွေကို သာယာ ကြည်နူးမိတယ်၊ မမလှိုင်ဘက်ကပြန်ပြီး မပြုစုခဲ့တာကို မိန်းမဝတ္တရား ကျေဘူးလို့ မောင်ပြစ်တင်နေတာလား။ မောင်တောင့်တမှန်းသိရင် မမလှိုင် လုပ်ပေးခဲ့မှာပေါ့ကွယ်၊ ဒါပေမဲ့ တခြားနည်းနဲ့ မမလှိုင်လုပ်ပေးခဲ့တယ် လေ ဒါတွေကိုတော့ မောင်မမြင်တော့ဘူးလား၊ အိမ်ထောင့်တာဝန်ထမ်း ဖို့အတွက် မောင့်ကိုမမလှိုင် စီးပွားရှာခိုင်းခဲ့သလား။ အခုဂုဏ်သိက္ခာ အတွက် လုပ်ငန်းလုပ်ဖို့ လိုလာတော့ရော မမလှိုင်ပဲ ငွေအရင်းအနှီးထုတ် ပေးခဲ့တာမဟုတ်ဘူးလားမောင်၊ မောင်ဒီလိုလုပ်သွားတာ မမလှိုင်ဘက် က ချွတ်ယွင်းချက်နဲ့ အပြစ်လားမောင်"

ဒီလိုပြောလိုက်တော့ ဦးမင်းဆက်ရာ ခဏတာမျှ ငြိမ်သက် သွားလေသည်။ ဒေါ်နှင်းယုလှိုင်က အခုထိ ဒူးတုတ်ထိုင်နေရာက မထ သေးပါ။ ဦးမင်းဆက်ရာ ဒေါ်နှင်းယုလှိုင်ကိုငုံ့မိုးကြည့်ပြီး

"ထပါ မမလှိုင်၊ မောင့်ကိုငရဲမပေးပါနဲ့၊ မမလှိုင်ဖြစ်ချင်တဲ့ဟာ ကို မောင်လိုက်လျောပေးနိုင်မှာမဟုတ်လို့ မောင်တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပေးပါလို့လည်း တောင်းပန်ပါတယ်"

www.burmeseclassic.com



"မမလှိုင်တို့ သားအမိအပေါ် မောင်ငဲ့ညှာမပေးတော့ဘူးပေါ့"

"မမလှိုင် နားလည်ပေးမယ်ဆိုရင်တော့ ပွင့်ဖူးနဲ့ "

"နှစ်ယောက်ပေါင်းမယ်လို့ မောင်ပြောချင်တာလား။ ဟိုရင်ခွင် ကူးလိုက် ဒီရင်ခွင်ကူးလိုက်၊ မလာရင်မျှော်လိုက်၊ မမလှိုင်က အဲဒီ လုပ်ရမယ့်မိန်းမအတန်းအစားမျိုးလို့ မောင်ယူဆလိုက်တာလား။ အဟင်း မောင်အရမ်းကိုရက်စက်တာပဲ၊ ကောင်းပြီလေ၊ မောင်ဒီလိုဆုံးဖြတ်ပြီး ဆိုတော့လည်း မမလှိုင်လည်းပြတ်ပြတ်သားသားပဲ ပြောပါတော့မယ် မောင်"

ပြောရင်းနှင့်ထရပ်လိုက်ပြီး မောင့်ကိုနာကျင်စိမ်းမျက်စွာ ကြည့် လိုက်ပြီး

"မမလှိုင်နဲ့ သားကိုစွန့်လွှတ်ရင် လုပ်ငန်းတွေကိုပါ မောင်စွန့် လွှတ်ရမှာနော်"

"ဟား . . . မောင်သိပြီးသားပါ မမလှိုင်၊ ကျိုးနွံမှုတွေနဲ့ မောင် လုပ်ကိုင်ပေးနေခဲ့လို့ မမလှိုင်သဒ္ဓါကြည်ဖြူနေတယ်ဆိုတာ၊ မောင့်ဘဝ က ပျက်ကွက်လိုက်တာနဲ့ ဒီလိုမျိုးစွန့်ပစ်လိုက်တာပဲ၊ မောင်အဆုံးစွန် တွေးထားပြီးသားပါ၊ ရတယ်မမလှိုင်၊ ဘာတစ်ခုမှမောင်ယူမသွားဘဲ ဆင်း သွားပါ့မယ်"

"မောင်"

"မောင် သိလိုက်တာတစ်ခုရှိတယ်၊ မမလှိုင်က မောင့်ကိုမိုး ကောင်းလို့ အခွင့်အရေးပေးခဲ့တာပဲ"

"မဟုတ်ဘူး . . . မဟုတ်ဘူးမောင်၊ အဲဒီလိုမဟုတ်ပါဘူး"

အပြစ်မရှိ အပြစ်ရှာနေမှန်းသိရဲ့နှင့် ရင်ထဲကကြင်းဆန်ကာ အော် လိုက်မိသည်။ မောင်ကတော့ မိမိပြောတာကိုကြားမည်မထင်ပါ။ ဘောင်းဘီအိတ်ထဲက ဖုန်းကိုထုတ်၍ မိမိရှေ့မှာတင် ပွင့်ဖူးဆီဖုန်းဆက်



သည်။

"ဟယ်လို ပွင့်ဖူး . . . အင်း . . . ဦးပါ၊ ပွင့်ဖူး ဘာလုပ်နေလဲ၊ စကားနည်းနည်းပြောချင်လို့"

"ပြောလေ ဦး"

"ဦးဒီည ပွင့်ဖူးဆီလာခဲ့မယ်၊ ဦးမှာ ကားရောတခြားဟာတွေ ဘာမှပါလာမှာမဟုတ်ဘူး။ အဲဒီဟာတွေအားလုံးက မမလှိုင်ဟာ လေ၊ ဖြစ်ရဲ့လားပွင့်ဖူး"

"ဖြစ် . . . ဖြစ်ပါတယ်ဦးရဲ့၊ ဦးကပွင့်ဖူးဆီ အပြီးတစ်ခါတည်း တော့မှာလား"

"လာမှာမလို့ အခုလိုဖုန်းဆက်တာပေါ့ ပွင့်ဖူးရဲ့၊ ဦးမှာဘာမှ ပါတဲ့အတွက် ပွင့်ဖူးကိုအားတော့နာတယ်၊ ဒါပေမဲ့ ပွင့်ဖူးကို ဦးတင့် တင့်တင့်တယ်ထားနိုင်အောင် ကြိုးစားမှာပါ"

"ရပါတယ် ဦးရယ်၊ ပွင့်ဖူးအနားမှာ ဦးရှိနေရင် အရာရာပြည့်စုံ ပါပြီ။ ဦးလာမယ်ဆိုတာနဲ့တင် ပွင့်ဖူးပျော်နေပါပြီ ဦးရယ်"

"လူကိုပဲ တန်ဖိုးထားတယ်ဆိုတာ သိရလို့ ဦးလည်းဝမ်းသာ ပါပြီ ပွင့်ဖူးရယ်၊ ဒါဆို ဒါပဲနော်ပွင့်ဖူး၊ ဦးညကျမှလာခဲ့မယ်၊ ဘိုင့်ဘိုင် . . . အင်း ချစ်တယ် အရမ်းချစ်ပါတယ်ကွာ"

စပီကာဖွင့်ထားသည့် နှစ်ယောက်စကားသံများက ရင်ကိုမီး ပြင်းနှင့် ထိုးမြှိုက်သလိုခံစားရသည်။ နာကျင်လာသောရင်က အသက် ရှူ၍ပင်မဝတော့ပါ။ မိမိပြောလိုက်လို့ မောင်အရွဲ့တိုက်တာပဲပေါ့။

ဒါဆို ပွင့်ဖူးဆီအပြီးအပိုင်သွားနေဖို့ ဆုံးဖြတ်ချက်ချလိုက်တာ ပေါ့ သည်။ မိမိကို ဒီအတိုင်း တစ်ယောက်တည်းထားခဲ့တော့မှာလား။

"မောင် . . . မောင် မမလှိုင်ကိုမထားခဲ့ပါနဲ့မောင်ရယ်၊ ခုနင် မောင့်ကိုလုပ်ငန်းတွေပါ စွန့်လွှတ်ရမယ်ဆိုတာ မောင်ထွက်သွားမှာစိုးလို့

www.burmeseclassic.com

www.burmeseclassic.com

မြိမ်းခြောက်လိုက်တဲ့သဘောပါ၊ အရာအားလုံးက ပိုင်ဆိုင်သမျှတွေ မောင်နဲ့သားလေးအတွက်ချည်းပါပဲ . . . နော်မောင်''

''တော်ပါတော့ မမလှိုင်၊ မောင်ဆုံးဖြတ်ချက်ချပြီးသွားပါပြီ သားကိုတော့ မောင်ဖုန်းလည်းဆက်မှာ၊ သားပြန်ရောက်လာရင်လည်း မောင်လာတွေ့မှာပါ၊ မမလှိုင်မှ နားလည်မပေးရင် မောင်တို့အတူတူ လို့မှမဖြစ်တာ၊ မမလှိုင်နဲ့ ဒီလောက်ပဲရေစက်ပါတယ်လို့ အောက်မေ့လိုက် ပါ''

''မောင်ရယ်''

မောင်ကအခန်းထဲက ထွက်သွားသည်။ ရင်ထဲမှာဆို့ကျပ်နင် သီးလျက် မျက်ရည်ပင်မကျနိုင်တော့။ ငိုချစရာမျက်ရည်မကျန်တော့ တာလား။

မရေးဖြစ်တာကြာပြီဖြစ်သော ဒိုင်ယာရီစာအုပ်လေးကိုဖွင့်လိုက် ၏။ ပွင့်ဖူးနှင့်မောင် ပတ်သက်ပြီးမှရေးဖြစ်သော စာလုံးများက မင်အ ရောင်စာလုံးများဖြင့်၊ သွေးချင်းချင်းရဲနေသလိုပင်။

ရင်ထဲမှာမခံစားနိုင်လွန်းလို့ စာလုံးတွေအဖြစ်ပြောင်းလဲပစ် ရတာပါ။ ရင်တွေနာတယ်၊ နှလုံးသားတွေနာတယ်၊ အသည်းတွေ တယ်မောင်၊ ပွင့်ဖူးခိုင် . . . နင်က ငါတို့မိသားစုဘဝကိုဖျက်ဆီးတဲ့ မိန်း ယုတ်။ နင့်အသက်ကိုကယ်ပေးခဲ့တဲ့ကျေးဇူးတရားတွေကိုမှမထောက် ငါ့လင်ကိုလုတယ်။ ငါ့အသည်းကိုမီးနဲ့မြိုက်တယ်။ နင်တို့ဘယ်လောက် ထိ ပျော်ရွှင်နိုင်မလဲ။ ငါတမလွန်ကနေစောင့်ကြည့်နေမယ် ပွင့်ဖူးခိုင် နှုတ်ဆက်ခဲ့ပါတယ်မောင် . . .။

၀၀၀

## အခန်း (၂၀)

''မမလှိုင် . . . မမလှိုင် ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်တာလဲ၊ ...ကိုထကြည့်ပါဦး၊ ဘာလဲ . . . ဘာလို့ အဲဒီလိုလုပ်တာလဲ မမလှိုင်''

မမလှိုင်ဆုံးပြီးဟု ကုမ္ပဏီကို မချိုဖုန်းဆက်လာတော့ ဘယ်လို ...နိုင်။ ညကစကားများပြီး ပွင့်ဖူးဆီထွက်သွားဖို့ ဆုံးဖြတ်ချက်ချခဲ့ ...မယ့် သားကိုဖုန်းဆက်ချင်သေးတာကြောင့်

''သားလေးနေကောင်းရဲ့လား။ စာတွေရောလိုက်နိုင်လားသား''

''နေကောင်းပါတယ်၊ စာတွေကလည်း အိုကေပါပဲ၊ ဒယ်ဒီနဲ့ ...တာသာ သားဆီကိုဖုန်းဆက်ဖို့ မေ့လျော့နေသလိုပဲ၊ ဒယ်ဒီနဲ့မာမီ ...တူဖုန်းဆက်တာလည်း မရှိဘူး။ ဒီရက်ထဲမှာဆိုရင် သားဆီကို မာမီ ...ောင်မဆက်ဘူး၊ မာမီနဲ့ ဒယ်ဒီ ဘာဖြစ်နေကြတာလဲ''

''ဘာ . . . ဘာမှမဖြစ်ပါဘူး သားရဲ့၊ မာမီလည်း အလုပ်များ၊ ...လည်း အလုပ်များနေကြလို့ပါ၊ နောက်ရက်တွေကျရင် သားဆီ ဒယ်ဒီရက်မပျက်အောင် ဖုန်းဆက်ပေးပါ့မယ်. . . နော်သားလေး''

''မာမီနဲ့ ဒယ်ဒီ ဖုန်းတစ်လုံးတည်း အတူတူဆက်တဲ့အသံကြား ...ယ် ဒယ်ဒီ၊ သားစိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ဒယ်ဒီနဲ့မာမီ တစ်ခုခု ...တယ်လို့ သားထင်နေတယ်''

www.burmeseclassic.com



"မဟုတ်ပါဘူး သားရယ်၊ သားစိတ်ထင်နေလို့ပါ"

"ဒါဆို ဒယ်ဒီဖုန်းနဲ့ပဲ မာမီနဲ့ပြောချင်တယ်၊ မာမီ ဘယ်မှာ

"ဪ . . . သားမာမီက အခန်းထဲမှာသားရဲ့ အရေးပေါ် တစ်ယောက်အတွက် ဆေးမှတ်တမ်းပြန်ရှာနေတယ်၊ ဒယ်ဒီက လ ဆောင်ကနေပြောနေတာ"

"ဟာ . . . သားဖုန်းတစ်လုံးမှာ မာမီ့ဖုန်းဝင်လာတယ်၊ မာမီနဲ့စကားပြောလိုက်ဦးမယ် ဒါပဲနော်ဒယ်ဒီ"

သားနှင့်စကားပြောနေဆဲမှာပဲ မမလှိုင်ဆီက သားဆီကို ဝင်လာတာကြောင့် သားနှင့်တောင် စကားဆုံးအောင်မပြောလိုက် သားနှင့် မမလှိုင် ဘာတွေပြောကြလဲဆိုတာ သိချင်ပေမယ့် စိတ် တွေးနေတာကြောင့် သားဆီကိုဖုန်းပြန်ဆက်ပြီး မမေးဖြစ်။

ထိုညက ပွင့်ဖူးဆီလည်း မသွားဖြစ်၊ မမလှိုင်ရှိသော အိ ထဲလည်း မဝင်ဖြစ်ဘဲ စာဖတ်ခန်းထဲမှာအိပ်ဖြစ်လိုက်သည်။

မနက်ကျတော့လည်း မချိုကိုသာ

"ကျွန်တော် ကုမ္ပဏီသွားတော့မယ်၊ မမလှိုင် အိပ်ရာက မနက်စာစီစဉ်ပေးလိုက်ပါ"

ဟုမှာ၍ ကုမ္ပဏီကို စောစီးစွာပင်ထွက်လာခဲ့သည်။ ကိုယ် ရဲ့ပဋိပက္ခကို မချိုလည်းမသိ၊ သားကိုလည်းမသိစေချင်။ မမလှိုင် သားကိုစိတ်ဆင်းရဲမှာစိုး၍ မပြောလောက်ပါဘူး။

ကြိတ်မှိတ်ခံစားနေမယ့် မိခင်ကောင်းတစ်ယောက်ပါ။

"မ . . . မမလှိုင်"

အသက်ဝိညာဉ်ကင်းမဲ့သွားပြီဖြစ်သော မမလှိုင်ရုပ်ခန္ဓာ ကိုကြည့်၍ ဘယ်လိုမှရင်ထဲမှာမချိ။ မမလှိုင်ဘာကြောင့် ဒီလို ပေးထွက်သွားရတာလဲ။ မချိုက ကိုယ့်ကိုအရင်ဆုံးအသိပေးခေါ်



ခဲ့တော်သေး၏။

သေကြောင်းကြံစည်သည့်ကိစ္စဆိုသော်လည်း အခန်းထဲမှာ ဘာ အထောက်အထားမှသက်သေအဖြစ် မကြွင်းကျန်ရစ်ပေ။ ဒါကြောင့် ရဲတွေ ဆရာဝန် တွေနှင့် မမလှိုင်အဖေကို မချိုကိုအကြောင်းကြားခိုင်းရသည်။

မမလှိုင်အဖေက ချက်ချင်းလိုပင်ရောက်လာခဲ့ပြီး သူ့သမီးကို ကြည့်ကာ ယူကျုံးမရငို၏။ ခဏနေမှ ကိုယ့်ကိုကြည့်ကာ တက်ခေါက်ပြီး

"ဟိတ်ကောင် . . . မင်းငါ့သမီးကို ဘာတွေစိတ်ဆင်းရဲ စိတ် ညစ်အောင်လုပ်လိုက်တာလဲ၊ ငါ့သမီး ဒီလိုဖြစ်တာ မင်းတရားခံ၊ မင်း သတ်လိုက်တာ"

"မဟုတ်ပါဘူး ဖေဖေရယ်၊ ကျွန်တော်တို့ ဘာပြဿနာမှမဖြစ်ပါ ဘူး။ စကားတောင်များပါဘူး။ မမလှိုင်ကအသက်အရွယ်အရ အမျိုးသမီး ရောဂါသွေးဆုံးမီးယပ်ကိုင်တဲ့ပုံစံမျိုးနဲ့ စိတ်ဖိစီးမှုများ ကယောက်ကယက် ဖြစ်တာနေမှာပါ။ ခရီးကပြန်လာပြီးကတည်းက ကျွန်တော့်အပေါ်လည်း ဘာပဲဖြစ်နေတာပါ"

သေမှုသေခင်းပုံစံဖြစ်တာမို့ စိတ်မကောင်းပေမယ့် ရဲတွေရှေ့ မှာ ကိုယ့်အပြစ်လွှတ်အောင်တော့ ပြောလိုက်ရသည်။ ဆေးရုံခေါ်သွား ပြီး ဆရာဝန်တွေ စစ်ဆေးချက်အရလည်း

"အိပ်ဆေးအပြင်းစားလို့ခေါ်မှာပေါ့၊ အဲဒါကို သုံးထားတယ်၊ ဆေးရုံမှာဆိုရင် ခြေပြတ်လက်ပြတ် ဒဏ်ရာပြင်းထန်တဲ့သူတွေ သွေး ထွက်သံယိုနဲ့ ဝေဒနာကိုမခံစားနိုင်တဲ့လူနာတွေအတွက် သုံးတာပါ၊ ဘိန်း တစ်မျိုးလည်းဖြစ်တဲ့အတွက် အဲဒီလိုလူနာမျိုးတွေအတွက်ပဲသုံးဖို့ ဆရာဝန် တွေပဲ ကိုင်ဆောင်ခွင့်ရှိတယ်၊ လူနာကို အဲဒါကျွေးလိုက်ရင် သူ့မှာဒဏ်ရာ ရှိလို့ရှိမှန်း နာကျင်လို့ နာကျင်မှန်းမသိတော့ဘဲ အိပ်ပျော်စေတယ်၊ ဒါနှင့်ယှဉ်လျှင်က စိတ်ဖိစီးမှုတွေများလာပြီး အိပ်ချင်တဲ့အတွက် ဒီဆေး

[redacted]

www.burmeseclassic.com



ဲ့သုံးလိုက်တာဖြစ်မယ်၊ ဆေးကလွန်သွားတော့ အိပ်ပျော်သွားရင်း တစ်ခါတည်းအသက်ပါပါသွားတဲ့သဘောမျိုးဖြစ်လောက်ပါတယ်၊ ဒီဆေးက အလွန်အကျွံသုံးလို့မရဘဲ စည်းကမ်းနဲ့သုံးရတာပါ''

ဆေးစစ်ချက်ကြောင့် သံသယကလွတ်ကင်းသွားသလို အိမ်မှာရဲတွေအသေးစိတ်စစ်ဆေးတော့လည်း

''အခန်းထဲမှာ ရှန်းရင်းဆန်ခတ် ပဋိပက္ခဖြစ်တဲ့ပုံစံမျိုးတွေ မတွေ့ရဘူး၊ ခြေရာလက်ရာပျက်တာ၊ ဆေးတိုက်တဲ့သူ ရေတိုက်တဲ့သူ ခြားသူတွေရဲ့လက်ဗွေရာ ဘာတစ်ခုမှမတွေ့ရဘူး၊ ဆရာဝန်တွေ ဆေးစစ်ချက်ယူတဲ့ ဆေးလက်ကျန်တစ်ခွန်းတစ်စမှုလည်း ရှာမတွေ့ဘူး၊ ဒါက သူဒီလောက်ပဲသောက်မယ်ဆိုပြီး ဆေးရုံကယူလာခဲ့တာမျိုးလည်း ဖြစ်နိုင်ပါတယ်၊ ဒီဆေးကအပြင်မှာ ဘယ်မှာမှဝယ်မရတဲ့ဆေးမျိုးပါ၊ ဒါကြောင့် တခြားတစ်ယောက်က သေကြောင်းကြံစည်တာမျိုးမဟုတ်ဘဲ သူ့ကိုယ်သူ အိပ်ပျော်စေဖို့ ဖန်တီးတာ၊ ဒါမှမဟုတ် သူ့ကိုယ်သူသေကြောင်းကြံစည်တာလို့ ယူဆလို့ရတယ်၊ အမှုဖွင့်မယ်ဆိုရင်တော့ ကျွန်တော်တို့ဆောင်ရွက်ပေးပါ့မယ်၊ ပစ္စည်းသက်သေရှာမရပေမယ့် လူသတ်သေတော့ခေါ်ယူစစ်ဆေးရမှာပါ''

''အဲဒီလိုတွေတော့ လုပ်မနေပါနဲ့တော့၊ ဒီအိမ်မှာ သူစိမ်းလည်း မရှိပါဘူး၊ မြေးလေးရဲ့အနာဂတ်အတွက် အမည်းစက်လည်းမဖြစ်စေချင်ဘူး၊ ဘာကြောင့်ဘယ်လိုဆိုတာထက် ရောဂါနဲ့သေတယ်လို့ပဲ ပတ်ဝန်းကျင်ကိုရော မြေးလေးကိုရော သိစေချင်တယ်၊ မြေးလေးကိုတော့ သူ့အမေသကြီးပြီးဟ်အမိ ပြန်ခေါ်ရမှာပါ''

မမလှိုင်အဖေ ဆုံးဖြတ်ချက်ကြောင့် အမှုတင်စွဲဆိုမည့်ကိစ္စမျိုး ဖြစ်စရာမရှိတော့သော်လည်း သားကိုခေါ်မှာကိုတော့ မလိုလားပေ။

''သားကို ဘာလို့ခေါ်မှာလဲဖေဖေ၊ ပညာရေးတစ်ပိုင်းတစ်စကြီး



သွားမှာပေါ့၊ သားကျောင်းပြီးမှ အကျိုးအကြောင်းပြော အသိပေးတာ ကောင်းဘူးလား''

''သူ့အမေသေတာ သူ့သားသိရမှာပေါ့ကွ၊ ဟိုကပညာရေးဆိုး တိုင်လည်း ဒီမှာပဲ ပညာဆက်သင်နိုင်းရမှာပေါ့၊ ကုမ္ပဏီလုပ်ငန်းကိုစ ှာ မင်းတစ်ယောက်တည်းလွှဲထားလို့ဖြစ်မလား၊ ငါ့သမီးရှိတုန်းက ဘာမှမပြောတာ၊ မင်းလိုကောင်က ငါ့သမီးသေတာ မကြာခင် ကော်မိန်းမယူမယ့်ကောင်၊ ငါ့မြေးနာမည်နဲ့ အားလုံးပြန်လွှဲရမယ် ည်လား''

ကိုယ်ပိုင်အရင်းအနှီးမှမဟုတ်ခဲ့တာ ဘာတတ်နိုင်မှာလဲ။ ပွင့်ဖူး စွသာသိသွားလျှင် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် နှင်ချခံရမှာ ှာသည်။ မမလှိုင် သေရတာလည်း ကိုယ့်ကြောင့်ပဲလို့ စွပ်စွဲပြီး င်မကျဲကျအောင် ချပေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် မမလှိုင်ရယ် ဒီလိုအရှုံးပေးပြီးထွက်မသွားသင့် မောင့်ကို နာကြည်းပြီး မုန်းတီးပြီး လက်စားချေတာ လက်တုံ့ ာ တစ်ခုခုလုပ်ဖို့အတွက် အသက်ရှင်နေသင့်တာပေါ့။ မမလှိုင် တာ မောင့်ကြောင့်ဆိုတာ မောင်သိပါတယ်မမလှိုင်။

''ဟင် . . . ပွင့်ဖူး''

ရင်ခွဲရုံကထွက်လာပြီး ကားနားအရောက်မှာပဲ ပွင့်ဖူးကိုတွေ့ ရတာကြောင့် ဘေးဘီဝဲယာကိုကြည့်ကာ ထိတ်လန့်တုန်လှုပ်သွား ည်။

''ပွင့်ဖူး . . . ဒီအချိန်မှာ ဦးကိုလာမတွေ့သင့်ဘူးဆိုတာ မင်းနား ဘူးလား၊ မမလှိုင်သေရတာ ဦးနဲ့ပွင့်ဖူးကြောင့်ဆိုတာသာ သိသွား လှိုင်အဖေက ဦးတို့ကို ဒီအတိုင်းထားမယ်ထင်လား၊ ပြဿနာ ှုပ်ထွေးနေချိန်မှာ အပြင်မှာရော ကုမ္ပဏီမှာရော ဦးတို့အနေအထိုင်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အပြောအဆို အားလုံးဆင်ခြင်မှုဖြစ်မယ်''

''ပွင့်ဖူးနားလည်ပါတယ်၊ ဒါပေမဲ့ ဦးကိုအားပေးချင်လို့ ဝန်ထမ်းတွေအားလုံးလည်း စိတ်မကောင်းဖြစ်နေကြတယ်၊ ဒေါ်နှင်း လှိုင်က ဘာကြောင့်များ ဒီလိုလုပ်သွားရတာလဲ''

''မခံစားနိုင်တော့လို့ အရှုံးပေးသွားတာဖြစ်မှာပေါ့ ပွင့်ဖူးရယ် ဦးတော့ မမလှိုင်သေသွားတယ်ဆိုတာ အခုထိမယုံနိုင်သေးဘူး၊ မမ ဒီလိုလုပ်မသွားသင့်ဘူးကွာ''

''ပွင့်ဖူးလည်း စိတ်မကောင်းပါဘူး ဦးရယ်၊ ဒါပေမဲ့ ဒီလို သွားမှတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဦးစိတ်ဖြေသာအောင်နေပါနော်''

''အင်းပါ အင်းပါ ပွင့်ဖူးရယ်၊ ဒါပေမဲ့ အခုသွားပါတော့ နောက်လည်း ဦးကိုလာမတွေ့ပါနဲ့ဦး၊ ကုမ္ပဏီကိုလည်း၊ မမလှိုင် လည်ပြီး ဦးလာနိုင်တော့မှာ၊ ဒီကြားထဲမှာ ဖုန်းအဆက်အသွယ်က ဦးတို့ဆင်ခြင်မှုဖြစ်မယ်၊ ဦးပြောတာနားလည်လား ပွင့်ဖူး''

''ဟုတ်ကဲ့ ... ပွင့်ဖူးနားလည်ပါတယ်ဦး၊ ဒါပေမဲ့ ပွင့်ဖူး နေမှာနော်''

''အင်း ဦးလည်းလွမ်းနေမှာပါ၊ သွားတော့နော်''

ဒီမိနစ်ကလေးရဲ့ ဒီလိုအပြောတွေမှာပဲ သာယာသွားခဲ့ ရေ့ဆက်မတိုးသင့်မှန်း မှားမှန်းသိပေမယ့် ဒီနွံထဲကရုန်းထွက်နိုင် အင်အားတွေမှမရှိခဲ့တာ၊ မမလှိုင်ဆုံးရတာကိုယ်တွေ့နှစ်ယောက်ကြောင့်

စိတ်မကောင်းပါဘူး၊ အရမ်းကိုစိတ်ထိခိုက်ရပါတယ် မ မောင့်ရင်ထဲမှာ အရမ်းကိုထိခိုက်ခံစားနေရပါတယ်။ ဒါပေမဲ့ ခွင့်လွှတ်ပါ မမလှိုင်။

ပွင့်ဖူးအချစ်ကွန်ရက်ထဲက မောင်ရုန်းထွက်နိုင်မယ်မထင်

၀၀၀

# အခန်း (၂၁)

''သား ... သားလေး''

''ဒယ်ဒီ ... ဒယ်ဒီ''

''သားရယ်''

သားကိုမြင်တော့ ဝမ်းနည်းစွာနှင့် သားကိုယ်လေးကိုဖက်ကာ ငိုကြွေးလိုက်မိသည်။ မိစုံဖစုံနှင့် သားပညာရေးဆုံးခန်းတိုင်ပြီး ပြန်လာ ရတာဆိုလျှင် ဘယ်လောက်များ ပျော်ရွှင်စရာကောင်းလိုက်မလဲ။

ဒီအရာအားလုံးရဲ့တရားခံက ကိုယ်ပဲမို့ ရင်မှာနာနာကျင်ကျင် နှင့် နောင်တရသွားမိ၏။ ဒီမိသားစုလေးနှင့် ပျော်ရွှင်ခဲ့ရတာ နှစ်ပေါင်း နှစ်ဆယ်နီးပါး။

''သားလေး ... သားက လူပျိုကြီးဖြစ်ပြီး ထွားလာလိုက်တာ သားရယ်၊ သား ... သားမာမီသာမြင်ရင်''

''မာ ... မာမီ ဘာကြောင့် ဒီလိုသေသွားရတာလဲ ဒယ်ဒီ၊ မာမီက ဘာလို့အိပ်ဆေးတွေ အလွန်အကျွံသောက်လိုက်ရတာလဲ၊ ဘယ် ပြဿနာတွေ ...''

''သား ... နားပါဦးသားရယ်၊ ထိုင်ပါဦး၊ ဒယ်ဒီကသားကို ဘာကြီးချင်တာပါ၊ သားအဘိုးက သူသွားကြိုမယ်၊ မင်းက ည်တွေ



www.burmeseclassic.com

www.burmeseclassic.com



လာရင် ညှော်ခံလိုက်ဆိုလို့ ဒယ်ဒီနေခဲ့ရတာ၊ အခု သားအဘိုးရော''

''လမ်းမှာသားနဲ့စကားတွေ အများကြီးပြောတယ်၊ အခုသား ကို အိမ်ထဲထိလိုက်ပို့ပြီးမှ ပြန်သွားတာပါ၊ နားချင်လို့တဲ့ ဒီမှာဆိုရင် ညှော်သည်တွေနဲ့ စကားပြောနေရတာနဲ့ နားရမှာမဟုတ်ဘူးတဲ့''

''အင်း ... ကမ္ဘာဇီက ညှော်သည်တွေ ခုနကပဲ သတင်းလာမေး သွားကြတယ်၊ သားလည်းခရီးပန်းလာမှာ နားလိုက်ပါဦးလား သား။ ရေ မိုးချိုးပြီး တစ်ခုခုစားဦးမလား''

''စားချင်စိတ်မရှိပါဘူး ဒယ်ဒီ၊ ခုနကလမ်းမှာလာရင်း အဘိုး က မာမီရုပ်ကလာပ်ထားတဲ့ရေဝေးသုသာန်ကိုလိုက်ပို့ပေးတယ်၊ မာမီက ပြုံးနေတာပဲ၊ ဒါပေမဲ့ နာနာကျင်ကျင်ပြုံးနေသလိုပဲ ဒယ်ဒီ၊ မာမီအရင် က အဲဒီလိုပြုံးတတ်တာမှမဟုတ်တာ''

''သား ... သေတဲ့သူက သူ့ခံစားရသလို ပြုံးတတ်တယ်လို့ သားပြောချင်တာလား။ သားဒယ်ဒီ့ကို ဘာတွေများစွပ်စွဲချင်နေတာလဲ၊ သားမာမီနဲ့ ဒယ်ဒီ ဘာမှမဖြစ်ပါဘူးသားရယ်၊ ဘယ်လောက်ထိချစ်ကြ တယ်ဆိုတာ သားလည်းသိသားနဲ့ ဒါပေမဲ့ ...''

သားကို ပွင့်ဖူးနှင့်အကြောင်းအရာတွေ ပြောမပြချင်။ သိသွား လျှင် သူ့မာမီ ဒီလိုဖြစ်ရတာ ဒါကြောင့်ပါလို့ ခံစားနာကျင်သွားရပေလိမ့် မည်။ သားပခုံးလေးကိုဖက်၍ ဆိုဖာခုံမှာထိုင်စေလိုက်သည်။

''သားမာမီက အသက်လေးဆယ့်ရှစ် ငါးဆယ်တွင်းရောက်ပြီ၊ သူများတွေကို ဆေးကုသပေးတဲ့ဆရာဝန်ဆိုပေမယ့် သူ့ဝေဒနာသူတော့ မေ့နေတယ်၊ အသက်အရွယ်နဲ့မလိုက် အလုပ်တွေအရမ်းလုပ်တော့ လည်း စိတ်ဖိစီးမှုများတာပေါ့သား။ အမျိုးသမီးတွေမှာ မီးယပ်သွေးဆုံးကိုင်ရောဂါ ဆိုတာ ဒီအသက်အရွယ်ကစဖြစ်တတ်ကြတာပဲ၊ စိတ်ကယောက်ကယက် ဖြစ်မယ်၊ နှလုံးတုန်ရင်ခုန်မယ်၊ မူးဝေမောပန်းမယ်၊ ခြေလက်မသယ်



ချင် အရိုးအဆစ်တွေမခိုင်တော့နဲ့ သူတို့ကိုယ်သူတို့တောင် စိတ်တိုင်းမကျ တော့ဘူး''

''ယောကျ်ားတွေလည်း ဒီအသက်အရွယ်ဆို ကိုယ့်စိတ်ကိုယ် မနိုင်ဘဲ စိတ်ကစဉ့်ကလျားဖြစ်တတ်တယ်မဟုတ်လား ဒယ်ဒီ၊ အိမ် ထောင်ရေးဖောက်ပြန်ချင်တယ်၊ ဒီလိုဖြစ်နေတဲ့မိန်းမအပေါ် စိတ်ကုန်လာ တာ၊ တခြားငယ်ငယ်ရွယ်ရွယ်အမျိုးသမီးတွေအပေါ် စိတ်ယိုင်လာတာ ဘာညာလာတာ''

''သား''

''သားလည်း ဆေးပညာစာအုပ်တွေ တီးမိခေါက်မိဖတ်ဖူးပါ တယ်၊ ဟိုမှာတစ်ခန်းတည်းနေတဲ့ ဆရာဝန်အစ်ကိုကြီးရဲ့ဆေးစာအုပ် တွေလေ၊ ဒါပေမဲ့ ဒယ်ဒီ့ကိုတော့ အဲဒီလိုလုပ်လိမ့်မယ်လို့ သားမထင်ပါ ဘူး။ လူပျိုအပျိုပေါက်စဖြစ်တဲ့အချိန်မှာလည်း အမှားအမှန်ဆင်ခြင်မှု ညံ့ပြီး မိုက်ရူးရဲဆန်တတ်ကြတယ်၊ အသက်လေးဆယ်ကျော် ဇရာပိုင်း ရောက်မှာလည်း အမှားအမှန်တွေးတောဆင်ခြင်မှုတွေလွဲပြီး မိုက်ရူးရဲဆန် တတ်ကြတယ်တဲ့၊ သွေးသားအပြောင်းအလဲရဲ့ စိတ်ဆန္ဒတွေအတိုင်း လိုက်ချင်တဲ့ဆန္ဒတွေ ပြင်းပြတတ်တာမျိုးလေ''

''သား စာတွေတော်တော်တတ်လာတာပဲ၊ အသက်အရွယ်လေး နောက်မလိုက်ဘူး။ သားက ဒယ်ဒီ့ကိုပုံပြောခိုင်း။ ဖုန်းမဆက်ရင် စိတ် ကောက်တတ်တုန်းမို့ ကလေးလေးပဲထင်နေခဲ့တာ၊ သားကလူကြီးဖြစ် လို့ ရင့်ကျက်လာပြီပဲကွ၊ သားမာမီသာရှိရင် ဘယ်လောက်ဝမ်းသာပြီး ပျော်ရွှင်လိုက်မလဲ''

ဒယ်ဒီက အခုထိမာမီ့ကိုတမ်းတဆဲရှိုးရတာမို့ ရင်ထဲကသံသယ ကို လွှတ်ချလိုက်ရတော့မလိုပင်။ လမ်းမှာအဘိုးက

''မြေးလေးအမေက ငယ်ငယ်လေးကတည်းက လွယ်သွယ်နဲ့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိတ်လျှော့တတ် စိတ်ညစ်လွယ်တတ်တဲ့သူမျိုးမဟုတ်ဘူး။ ဒီလိုအိပ်ဆေး
အလွန်အကျွံသောက်ရလောက်အောင် ဆင်ခြင်တုံတရားမဲ့နိုင်တဲ့ အသ
တရားမရှိတဲ့သူမဟုတ်ဘူးလို့ ပြောချင်တာ၊ ဒီလိုဖြစ်သွားရတာ သားအဖေ
ဥပါဒါန်ကြောင့်ပါလို့ အဘိုးတိုက်ရိုက်တော့ မစွပ်စွဲချင်ပါဘူး။ ဒါပေမဲ့
သူ့ဘက်က စိတ်ဆင်းရဲမှုမပေးခဲ့ရင် အမြဲတမ်းပရဟိတအလှူဒါနတွေ
လုပ်၊ တက်တက်ကြွကြွငွေရှာနိုင်တဲ့ မိန်းမတစ်ယောက်က လူ့လောက
ကြီးကို လွယ်လွယ်နဲ့ ဒီလိုမျိုးအရှုံးပေးသွားပါ့မလား''

''ဒါဆို ဒယ်ဒီကြောင့် မာမီဒီလိုမျိုး''

''အဘိုးစိတ်ထဲမှာ သံသယတွေရှိပေမယ့် မြေးလေးမျက်နှာ
ကြောင့် မြေးလေးမျက်နှာငယ်ရမှာစိုးလို့ သူ့ကိုအဘိုးဘာမှမစွပ်စွဲတော့
ဘဲ ခွင့်လွှတ်ထားလိုက်တာ၊ ဒါပေမဲ့ သူ့နာမည်နဲ့လုပ်ငန်းတွေကို မြေး
လေးလွှဲပြောင်းယူရမယ်၊ ပိုင်ဆိုင်မှုမှန်သမျှ မြေးနာမည်နဲ့အကုန်ပြောင်း
ရမယ်၊ အငယ်အနှောင်း နောက်မယားအတွက်တော့ အဘိုးသဘောထား
ကြီးကြီးမပေးလိုက်နိုင်ဘူးမြေး။ အမေမဲ့ဘဝကနေ အဖေပါမဲ့သွားတဲ့အဖြ
မျိုးမဖြစ်အောင် မြေးကထိန်းကျောင်းမှပဲဖြစ်လိမ့်မယ်၊ အဘိုးစိတ်ထဲ
ဒီကောင်မိန်းမကိစ္စတစ်ခုခုရှိလို့ သမီးကြီး ဒီလိုဖြစ်သွားတယ်လို့ထင်
တယ်၊ ပတ်ဝန်းကျင်မှာ အကျယ်တဝင့်မဖြစ်ချင်လို့ ဒီကောင့်ကိုပေါက်
ပြီး မမေးတော့တာ၊ ယုံကြည်လွန်းလို့တော့ မဟုတ်ဘူး''

အဘိုးပြောသွားသည့်စကားတွေက စဉ်းစားစရာတွေအပြည့်
နှင့်ပါ။ သူလည်း သံသယဝင်မိတာကတော့အမှန်ပင်။ အခုနောက်ပိုင်း
တွေမှာ ဒယ်ဒီနှင့် မာမီ ဖုန်းအတူတူမှမဆက်တော့တာ။

ပြီးတော့ မာမီမသေခင်ညက ဒယ်ဒီဖုန်းဆက်နေသည့်အ
မှာ မာမီ့ဖုန်းဝင်လာလို့ မာမီနှင့်ဖုန်းပြောခဲ့သည်။

''ဟယ်လို မာမီ''



ဘာသံမှမကြားရ၍ ဟယ်လိုလုပ်ကာခေါ်နေသော်လည်း မာမီ့
ဘက်က ဘာစကားမှမပြောဘဲ ရှိုက်ငိုသံတွေပဲထွက်လာခဲ့သည်။

''မာမီ ... ဟယ်လို မာမီဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲဟင်
မာမီ''

ဘယ်လိုမေးမေး မာမီဘာမှပြန်မဖြေခဲ့ပါ။ ငိုလို့အားရသည့်အချိန်
ရောက်ရောက်မှ ရှိုက်သံတွေတိတ်ကျသွားခဲ့ပြီး

''သားလေး နေကောင်းလား''

''ဟုတ်ကဲ့ ကောင်းပါတယ်မာမီ၊ မာမီ ဘာဖြစ်တာလဲ၊ ဘာလို့
ငိုတာလဲဟင်''

''ဘာ ... ဘာမှမဖြစ်ပါဘူးသား။ သားဆီဖုန်းမဆက်ရတာကြာ
လို့ လွမ်းလို့ငိုတာပါ''

''မဟုတ်ပါဘူး။ မာမီတစ်ခုခုဖြစ်နေပါတယ်၊ ဒယ်ဒီနဲ့ ဘာဖြစ်လို့
လဲ သားကိုပြောပါမာမီ''

''သားဒယ်ဒီနဲ့ မာမီဘာမှမဖြစ်ပါဘူးသား။ မာမီ့ကျန်းမာရေး
လည်း သိပ်မကောင်းလို့ သားကိုလည်းလွမ်းလို့ပါသား၊ သားလေးဆယ့်
ငါးနှစ်သားလောက်ကတည်းက သားကိုနိုင်ငံခြားမှာ ကျောင်းထားခဲ့တာ
ဒီလိုသားနဲ့ခွဲနေရတာ ခြောက်နှစ်ကျော်လောက်ရှိသွားပြီ၊ သားကို မာမီ
အမြန်ကိုတွေ့ချင်ပြီး သတိရလို့ပါသားရယ်၊ ဒီအချိန်မျိုး မာမီ့အနားမှာ
သားရှိရင် သိပ်ကောင်းမှာပဲ''

နောက်ဆုံးစကားလုံးများက ရှိုက်သံများပြန့်ရောယှက်လာခဲ့
သည်။ ဒယ်ဒီ့ကိုအပြစ်မပြောပါ။ ဒယ်ဒီ့အပေါ် ငြိုငြင်သည့်စကားသံတွေ
မပါခဲ့ပါ။ ဒါပေမဲ့ အဲဒီအချိန်က မာမီဝမ်းနည်းနာကျင်ဆို့နင့်နေခဲ့သည်
ဆိုတာတော့ သေချာသိနေခဲ့သည်။ မေးလို့မရလို့ ဘာကြောင့်ဆိုတာ
မသိခဲ့ရပေမယ့် နောက်တစ်နေ့ ညနေလောက်မှာ အဘိုးဆီက မင်္ဂလာမေ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဆုံးပြီ အမြန်ပြန်လာခဲ့ဟု ဖုန်းဆက်လာတော့ မယုံနိုင်ဘဲ အံ့ဩ
မိသည်။

အဘိုးက မင်းပညာရေးကိစ္စဒီမှာဆက်လုပ်မယ်၊ မြေး
အမြန်ရောက်အောင်ပြန်ခဲ့။ မင်းအမေဆုံးတာ စီစဉ်စရာတွေရှိတယ်
ထပ်ပြောလိုက်မှ မယုံချင်ဘဲ ယုံကြည်ခဲ့ရတာဖြစ်သည်။ ချက်ချင်းလို
ကျောင်းကိုနုတ်ထွက်စာတင်၊ သိမ်းစရာရှိသည့်ပစ္စည်းတွေသိမ်း၊ ယူ
ရှိတာ ယူလာခဲ့ရသည်။ ဒယ်ဒီ့အပေါ် အထင်လွဲမှုတွေနှင့် ပြန်လာ
သော ခရီးလမ်းမှာ အဘိုးစကားတွေကြောင့် မာမ့်အတွက်ပိုပြီးဝမ်းနည်း
ကြေကွဲခံစားရ၏။

မာမီနှင့်ဒယ်ဒီကြားမှာ ဘယ်လိုအကြောင်းအရာတွေ ရှိ
တာလဲ။ ဘာကြောင့် မာမီ ဒီလိုမျိုးသေသွားခဲ့ရတာလဲ။

"သား"

သူ့ရဲ့တိတ်ဆိတ်မှုကြောင့် ဒယ်ဒီပခုံးလေးဖက်ကာ ခေါ်
သူဒယ်ဒီ့လက်တွေကိုဖယ်ချကာ သူထရပ်လိုက်သည်။ မာမီရဲ့မရှိ
အပြုံးကိုမြင်ယောင်မိလို့ပါ။

"သားနားတော့မယ် ဒယ်ဒီ၊ ဘယ်အခန်းမှာနားရမှာလဲ"

သူနိုင်ငံခြားကိုကျောင်းသွားမတက်ခင်က ဒယ်ဒီနှင့် မာမီ့အ
မှာပဲအိပ်ခဲ့တာမို့ မေးလိုက်ရခြင်းဖြစ်၏။ ဒယ်ဒီက သူနှင့်အတူထ

"ဒယ်ဒီတို့အခန်းမှာပဲ အိပ်လေသား။ ဒယ်ဒီနဲ့သားအတူ
ချင်မယ်ထင်လို့ သားအတွက်အခန်းပြင်နိုင်းမထားသေးဘူး။ နောက်
သားသပ်သပ်အိပ်ချင်မှပဲ မချိုကိုပြင်ခိုင်းလိုက်မယ်နော်သား"

"ဟုတ်ကဲ့ပါဒယ်ဒီ"

ဒေါ်ချိုက သူ့ပစ္စည်းအိတ်တွေယူသွားပြီးမို့ သူဒီအတိုင်း
အခန်းထဲသွားလိုက်သည်။



"ဒေါ်ချို"

"ဪ ... သားလေး မင်းမျိုးဆက်"

အခန်းထဲက ပစ္စည်းတွေထားပြီး ပြန်ထွက်လာသောဒေါ်ချိုက
ကိုမြင်တော့ မာမ့်ကိုသတိရကာ မျက်ရည်ဝဲသည်။ ဒယ်ဒီနှင့် မာမီ့
ကြောင်း ဒေါ်ချိုရော ဘာတွေသိထားနိုင်လဲ။ ပဋိပက္ခတွေရှိခဲ့သည်ဆို
တစ်အိမ်တည်းနေသည့်သူက မသိနိုင်စရာမရှိပါ။

"ဒယ်ဒီနဲ့ မာမီ ဘယ်လိုပြဿနာတက်တာမျိုးတွေရှိလဲ ဒေါ်ချို
သား"

"ဟင် ... ပြဿနာ ... အင်း ကြီးကြီးမားမားပြဿနာတက်
တော့ မသိဘူး။ ဒါပေမဲ့ အခုတလော နောက်ပိုင်းတွေမှာ မောင်မင်း
ရာတက်ကအနေစိမ်းတာတော့ သတိထားမိတယ်၊ အရင်က မမကြီး
က် မနက်စာမပျက်မကွက်ပြင်ဆင်ပေးတဲ့ မောင်မင်းဆက်ရာက
ကို ကမ္ဘာကိုအစောကြီးထွက်တယ်၊ ညဘက်ဆိုလည်း အရင်လို
ဝတ္ထုတွေ ကြင်ကြင်နာနာလုပ်ပေးဖို့ အစောကြီးပြန်ရောက်မလာ
ဘူး။ အိမ်ပြန်မအိပ်တဲ့ရက်တွေတောင် ..."

"ဘာ ... ဒယ်ဒီက အိမ်ပြန်မအိပ်ဘူး"

"ဒီအကြောင်းကို မမကြီးအဖေကိုမပြောလိုက်ပါဘူး၊ ရဲတွေ
ဝန်တွေကိုလည်း မပြောလိုက်ဘူး။ မောင်မင်းဆက်ရာကို တစ်မျိုး
ထင်လွဲသွားနိုင်တယ်လေ၊ နဂိုကတည်းက မမကြီးအဖေက မောင်မင်း
ရာကို အမြင်မကြည်တာမဟုတ်လား။ ဒါပေမဲ့ မမကြီးကိုအရမ်းကို
သိတယ်၊ မနက်စာစားဖို့ အခန်းထဲကထွက်မလာလို့ သွားနိုးမှ ဒီ..
ဖြစ်နေတာကို တွေ့လိုက်ရတာ"

ပြောရင်းနှင့် ဒေါ်ချိုမျက်ရည်ကျသည်။ ဒီလောက်ဆို မာမီသေ
ဒယ်ဒီစိတ်ကြောင့်ဆိုတာ သေချာသလောက်ရှိနေသည်။ သူလည်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ဝဲစွာနှင့်ပင် အခန်းထဲဝင်လာခဲ့လိုက်၏။

အခန်းထဲဝင်လိုက်စဉ်မှာ ဒယ်ဒီနှင့် မာမီရဲ့မင်္ဂလာဆောင်ဓာတ်ပုံ ကြီးက ဝင့်ထည်စွာနှင့် ကြိုဆိုနေသည်။ ဒါပေမဲ့ မာမီမရှိတော့ဘူး သည့်အသိက ရင်မှာဝမ်းနည်းကြေကွဲနာကျင်မိသည်။

မာမီရဲ့အရိပ်အငွေ့တွေ ဒီအခန်းထဲမှာ ဒယ်ဒီအတွက်ခံစား သော သက်သေတွေများကျန်နိုင်မလား။ အတွေးနှင့်အတူ အံဆွဲ ဘီရိုဖွေကိုဖွင့် ဟိုလှန်ဒီလှန်ရှာလိုက်မိသည်။

"ဟင်"

ဘီရိုအံဆွဲအောက်ဆုံးမှာ မာမီဟိုအရင်ကတည်းက တစ်ခ တစ်ရံရေးတတ်သော ဒိုင်ယာရီစာအုပ်လေးကို တွေ့လိုက်ရသည်။ ဒိုင်ယာရီစာအုပ်ဆိုသော်လည်း မာမီက အရေးကြီးဖုန်းနံပါတ်များ၊ လိပ် များနှင့် ဆေးမှတ်တမ်းတချို့ ရေးတတ်သောစာအုပ်လေးသာဖြစ်သည်

နာကျင်စေသော ရက်စွဲများ ...

စာရွက်တွေကိုလှန်လိုက်ရင်းဖြင့် မင်နီဖြင့်ရေးထားသော စာ တွေကိုတွေ့လိုက်ရသည်။ နောက်ထပ်ရေးထားသောစာလုံးများကလည် မင်နီနှင့်ပဲဖြစ်၏။

ရက်စက်တယ်၊ မောင်သိပ်ရက်စက်တယ်။ ကလေးဖျက်ချ မမလှိုင်ဆေးကုပေးရတဲ့မိန်းကလေးကိုမှ လက်ထပ်မလို့တဲ့လား။

ပွင့်ဖူးခိုင်... နင်လည်း ရက်စက်တယ်၊ ကျေးဇူးကန်းတယ်

မင်းရဲ့ဂုဏ်သိက္ခာကိုယ်ကျင့်တရားအတွက် ယောကျ်ားတ ယောက်နဲ့ ကိုယ်ဝန်ရပြီး ဖျက်ချခဲ့တာကို ပတ်ဝန်းကျင်မသိအော ဖုံးကွယ်ပေး၊ ဆေးကုပေးခဲ့တဲ့ ငါ့ကျေးဇူးတွေကိုမှမထောက် ငါ့ယောက် ကို မြူဆွယ်ဖြားယောင်းအပိုင်သိမ်းသွားတယ်။

ဆရာဝန်ဆိုတဲ့စည်းကိုဖောက်ပြီး ပွင့်ဖူးခိုင်က ဘယ်



ကလေးပါလို့ ဖွင့်ပြောခဲ့ပေမယ့် မောင်လက်မခံဘူး၊ နောက်မဆုတ် ဘူး။

ပွင့်ဖူးခိုင်နဲ့ အကြိမ်ကြိမ်မှားယွင်းခဲ့ပြီးပြီမို့ တာဝန်ယူပြီး လက်မှတ် လက်ထပ်ပြီးပြီတဲ့။ ဘယ်လောက်များ ရက်စက်လိုက်ကြပါသလဲ။ ဝယ်ပေးထားတဲ့တိုက်ခန်းမှာ ပွင့်ဖူးခိုင်ကို ဒူးထောက်ပြီး တောင်းပန် ယ်။ မောင်နှင့်ကိုစွန့်နောက်ဆုတ်ပေးပါ။ ငါနဲ့သားလေးကို ငဲ့ညှာ ပေးပါလို့။ ပွင့်ဖူးခိုင်က ပြန်ပြောတယ်။

ပွင့်ဖူးက အန်တီတို့နဲ့ သူစိမ်းမို့ အန်တီတို့ကို မငဲ့ညှာမစာနာ ဘူး။ အန်တီယောကျ်ားက နှစ်နှစ်ဆယ်နီးပါးပေါင်းသင်းလာတော့ သာဇဉ်တွေနဲ့ ထောက်ထားနိုင်တယ်၊ သူ့ကိုပဲတောင်းပန်ကြည့်သင့် ယ်တဲ့။

ပွင့်ဖူးခိုင်ပြောတာအမှန်ပဲ။ ဒါကြောင့် မောင့်ကိုလည်းဒူးထောက် တောင်းပန်ခဲ့တယ်။ လူမှုပတ်ဝန်းကျင်အသိုက်အဝန်းမှာ မမလှိုင် ယ်လိုမျက်နှာနဲ့ ရင်ဆိုင်ပြီးနေရမှာလဲ။ သားလေးမျက်နှာကို ထောက် မမလှိုင်ကို ငဲ့ညှာပါဦးဆိုတော့ နှစ်ယောက်ပေါင်းဖို့ပြောလာတယ်။

ပွင့်ဖူးခိုင်ကို မောင်ချစ်တယ်တဲ့။ ရက်စက်လိုက်တဲ့ ဒီစကား။

နှလုံးသွေးတွေ ပေါက်ကွဲထွက်သွားမတတ် နာကျင်သွားတယ်။ သိက္ခာတွေ အဆင့်အတန်းတွေ ထည့်မတွေးနိုင်တော့အောင် မောင် ပ်သွားခဲ့ပြီ။ မိသားစု အသိုက်အဝန်းကို ဘယ်လိုရင်ဆိုင်ရမှာလဲ။ ဝန်းကျင်အသိုက်အဝန်းကို ဘယ်လိုရင်ဆိုင်ရမှာလဲ။ သားလေးကို ယ်လိုပြောပြရမှာလဲ။

မမလှိုင် အဲဒီလောက်အထိ မျက်နှာပြောင်ပြောင် အရှက်မနည်း ဘူး။ ဒီလိုပုံစံနဲ့ လူ့လောကကြီးကိုလည်း ရင်မဆိုင်ရဲပါဘူး။

သားလေးကိုလည်း သူ့ဒယ်ဒီက ဒီလိုလုပ်သွားပါတယ်လို့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြောထွက်ရက်ပါ့မလဲ။

မောင့်အချစ်တွေမှ မမလှိုင်တို့ သားအမိဆီမှာမရှိတော့တာ မမလှိုင် လောကကြီးကိုရော မောင့်ကိုရော ပွင့်ဖူးခိုင်ကိုရော အရှုံးပေး လိုက်ပါပြီမောင်။

မမလှိုင် အရှုံးပေးခဲ့ပါပြီ . . . ။

မောင် . . . ပွင့်ဖူးခိုင်နဲ့ ပျော်ပျော်ကြီးသာနေရစ်ခဲ့ပါတော့ . . . ။

"မာမီရယ်"

မင်နီဖြင့် ရေးထားသောစာလုံးတွေကို ဟိုလှန်ဒီလှန်ဖတ်ကြည့် ရင်းက မာမီ့နှလုံးသွေးတွေ သွေးချင်းချင်းနီရဲနေသည်ဟု ခံစားရသည်။ ဒယ်ဒီဘာကြောင့် ဒီလောက်ထိတောင် ရက်စက်ရတာလဲ။

မာမီဒူးထောက်တောင်းပန်ခဲ့တာတောင် ပွင့်ဖူးခိုင်ကိုချစ်တယ် လို့ ပြောထွက်ရက်တာ ဘယ်လောက်တောင် ရက်စက်လွန်းသည့်လုပ်ရပ် လဲ။ အံကိုကြိတ်ကာ လက်သီးကိုဆုပ်ထားမိသည်။

ပွင့်ဖူးခိုင် . . . ပွင့်ဖူးခိုင် ဘယ်လောက်တောင် တန်ဖိုးရှိတဲ့မိန်းမ မို့ ဒယ်ဒီက တမ်းတမ်းစွဲပြီး ဒယ်ဒီက မာမီ့ကို ဥပေက္ခာပြုရက်တာလဲ။ ကလေးဖျက်ချဖူးတဲ့မိန်းမပါလို့ပြောပြတာတောင် တားလို့မရဘူးတဲ့။ မိန်းမအရမ်းကို မြူဆွယ်ဖြားယောင်းတာတော်လို့ဖြစ်လိမ့်မည်။ ဒယ်ဒီ . . . သားမာမီ့ကိုဆုံးရှုံးပြီးသွားပြီ။ ဒယ်ဒီ့ကိုတော့ ထပ်ပြီးအဆုံးရှုံးမခံပါရစေ နဲ့တော့။

၀၀၀

# အခန်း (၂၂)

မာမီကိုသင်္ဂြိုဟ်သည့်နေ့မှာရော၊ ဒီနေ့ရက်လည်သည့်နေ့မှာ ပါ ကုမ္ပဏီကဝန်ထမ်းတွေ အားလုံးရောက်လာပေမယ့် ပွင့်ဖူးခိုင်ဆို သည့် မိန်းမရဲ့အရိပ်အရောင်ကို မမြင်တွေ့ရပေ။

ဒယ်ဒီ့ဖုန်းကိုမသိအောင်ယူထားပြီး မှတ်ထား၍ ဒီမိန်းမရုပ်ကို ရှာတွေ့ဖူးထားသည်။ ပွင့်ဖူးခိုင်နှင့်ပတ်သက်ပြီး ဒယ်ဒီ့ကိုဒီနေ့ထိ စကား မပြော်။ မေးချစ်စိတ်မရှိသေးသလို မေးလိုက်လျှင် ပွင့်ဖူးခိုင်ကို ဒယ်ဒီ သိပ်ချစ်လို့ပါသားရယ်လို့ ဖြေလိုက်မှာကို အရမ်းကြောက်လန့်နေမိ သည်။

မာမီ့လိုပဲ တခြားမိန်းမကိုချစ်သွားတာ မခံစားနိုင်လို့ပါ။ မာမီ့ အတွက် နာကြည်းမှုတွေနှင့် ဒယ်ဒီ့ကိုပေါက်ကွဲပစ်လိုက်ချင်သော်လည်း ဒယ်ဒီ့ကိုဆုံးရှုံးလိုက်ရမှာ စိုးရိမ်နေသည်။

"သား"

"ဟုတ်ကဲ့ ဒယ်ဒီ"

"ဒီဝိုင်းကိုလာပါဦး သား၊ ဒါရိုက်တာအဖွဲ့ဝင်တွေနဲ့ မိတ်ဆက် ပေးရအောင်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီခေါ်တာမို့ သွားလိုက်သည်။ ကုမ္ပဏီကလူကြီးတွေ သူ့ဦးညွှတ်ကာ နှုတ်ဆက်လိုက်၏။ ဒယ်ဒီက သူ့ပခုံးကိုဖက်ထား

"ဒါကျွန်တော့်သားပါ၊ နိုင်ငံခြားမှာ ကျောင်းသွားတက်နေတာ သူ့အမေဆုံးလို့ပြန်လာရတာ၊ နောက်ဆိုကုမ္ပဏီအလုပ်တွေလည်း တွဲလု လိမ့်မယ်"

"ပညာရေးရော ဆုံးခန်းတိုင်ပြီလား"

"ဒါကတော့ လုပ်ငန်းကိုလေ့လာရင်း ပညာလည်း တစ်ဖက် သင်သွားရမှာပေါ့"

"ကောင်းပါတယ်ဗျာ၊ ကိုမင်းဆက်ရာက သားတစ်ယော မွေးထားတော့ အားကိုးရတာပေါ့၊ မလှိုင်မရှိတော့လည်း အနားမှာ ထားတာကောင်းပါတယ်"

"မလှိုင်အတွက်တော့ ကျွန်တော်တို့လည်း စိတ်မကောင်း ဘူး ဒါပေမဲ့ ကံပေါ့လေ၊ ခွဲချိန်တန်တော့လည်း ခွဲရမှာပေါ့"

ပြောနေသည့်စကားတွေနားထောင်ပြီး ခွဲချိန်မတန်ဘဲ ခွဲရ ဟု သူဝင်ပြောပစ်လိုက်ချင်သည်။ စိတ်မကောင်းဟန်သရုပ်ဆောင် သော ဒယ်ဒီ့ကို သူမသနားချင်ပါ။

"ခွင့်ပြုပါဦးခင်ဗျာ"

ဒီအနားမှာမနေချင်တော့ဘဲ ပွဲပြီးချိန်ထိ အခန်းထဲမှာအော နေလိုက်သည်။ မာမီ့ဒိုင်ယာရီစာအုပ်လေးကို တစ်ခေါက်ထပ်ဖတ် လုံခြုံသောနေရာမှာ သူသိမ်းထားလိုက်၏။

ဒီနေ့ကစပြီး ဒယ်ဒီနှင့်တစ်ခန်းတည်းမှာမနေတော့။ သူ့အတ ဒေါ်ချိုကိုအခန်းပြင်ခိုင်းထားသည်။

"ဒေါက်ဒေါက်...သား"

အခန်းတံခါးခေါက်ပြီး ဒယ်ဒီအခန်းထဲဝင်လာ၏။



"ဧည့်သည်တွေတောင် အကုန်မပြန်သေးဘဲ သားကအခန်း ထဲဝင်နေတာလား"

"ပျော်ပျော်ပါးပါး ဧည့်ခံနေရမယ့်ဧည့်ခံပွဲမှမဟုတ်တာ ဒယ်ဒီ၊ သားခေါင်းထဲမူးလာလို့ အခန်းထဲဝင်လာတာပါ"

"အေး...သားက ညဘက်သိပ်မှမအိပ်တာ၊ မာမီ့ကိုသတိရ နေတာလားသား၊ ဒယ်ဒီလည်း အရမ်းကိုသတိရနေပါတယ်သားရယ်"

"နောင်တရောမရဘူးလား ဒယ်ဒီ"

"ဟင်"

"မာမီ သေချိန်တန်လို့သေသွားတာမဟုတ်ဘူးဆိုတာ ဒယ်ဒီ အသိဆုံးဖြစ်ပါလိမ့်မယ်"

"သား ...သားပြောတာက"

"အပြစ်ဆိုတာ သူများကပြောမှအပြစ်မဟုတ်ဘူး ဒယ်ဒီ၊ ကိုယ် လုပ်မိတဲ့အပြစ်အတွက် ကိုယ့်ကိုယ်ကိုယ်အပြစ်ရှိတယ်လို့ခံစားပြီး ဆင်ခြင် သင့်တာ၊ မာမီသွေးရိုးသားရိုးသေရတာမဟုတ်ဘူးဆိုတာ သားသိတယ်၊ အေးချမ်းတဲ့မိသားစုကိုဖျက်ဆီးတဲ့မိန်းမယုတ်ကြောင့်"

"ဒယ်ဒီပြောမယ် အဲဒါက"

"မပြောနဲ့ဒယ်ဒီ သားနားမထောင်ချင်ဘူး၊ ဟိုမိန်းမကိုချစ်တယ် ဆိုတဲ့စကားမျိုးထွက်လာမှာစိုးလို့ ဒယ်ဒီဘာမှမပြောပါနဲ့၊ အဲဒီစကား ကြောင့် မာမီဘယ်လောက်တောင် ခံစားသွားရမလဲ၊ ဘယ်လောက် တောင် နာကျင်သွားရမလဲ၊ နှစ်နှစ်ဆယ်နီးပါး ပေါင်းသင်းလာခဲ့တဲ့ မာမီ့ ဘက်က ဘာလို့တွေးမပေးခဲ့တာလဲ ဒယ်ဒီ၊ ဟိုမိန်းမက ဒယ်ဒီ့အတွက် ဘယ်လောက်တောင် တန်ဖိုးရှိနေလို့လဲ၊ အဲဒီမိန်းမက တန်ဖိုးရှိတဲ့မိန်းမ ဟုတ်လား"

"ကျွတ်"

www.burmeseclassic.com



ဦးမင်းဆက်ရာ မလိုလားသလို ကျွတ်ခနဲအသံမြည်သွား
ပွင့်ဖူးကို တန်ဖိုးမဲ့သောမိန်းကလေးလို့ မထင်စေချင်။

ဒီအကြောင်းတွေ သားဘယ်လိုသိသွားတာလဲ။ သူ့မာမီမသေ
ခင်က ဖုန်းဆက်ပြောခဲ့တာများလား။ မမလှိုင်မပြောခဲ့လျှင်ဖြင့် သိစ
အကြောင်းမရှိပါ။

"ဒီ . . . ဒီအကြောင်းတွေကို သားမာမီပြောပြခဲ့တာလားသား"

"မာမီ . . မာမီကသေသွားတဲ့အချိန်ထိ သားကိုတစ်ခွန်းမှ ပြေ
သွားခဲ့ပါဘူး၊ မသေခင်ညမှာ ဒယ်ဒီဖုန်းဆက်နေတုန်း မာမီ့ဖုန်းဝင်လ
တော့ မာမီအရမ်းကိုငိုနေခဲ့တယ်၊ ဒယ်ဒီ ဘယ်လိုစကားတွေပြော
မာမီ ဝမ်းနည်းသွားတာလဲ၊ ကိုယ့်ကိုယ်ကိုယ်သတ်သေလောက်အော
အရှုံးပေးသွားခဲ့တာလဲ၊ ဒယ်ဒီ နောင်တရမယ်ဆိုရင်တောင် နောင်တ
ရုံလောက်လေးနဲ့မဖြစ်ဘူး ဒယ်ဒီ၊ အဲဒီအတွက် မာမီ့ကိုပြန်ပြီးတော့
ပေးဆပ်ရမှာ"

"ဒယ်ဒီမှားခဲ့တာကို ဝန်ခံပါတယ်သား။ ဒါပေမဲ့ လူ့စိတ်ဆို
အမြဲတမ်းတစ်သမတ်တည်းမရှိနိုင်တာ သားလည်းအရွယ်ရောက်ပြီ
တော့ နားလည်ပါလိမ့်မယ်"

"မကောင်းတဲ့အတတ်တွေ သားကိုသင်ပေးမလို့လား ဒယ်
ဒီလိုလုပ်ရတယ်ကွလို့ ရှေ့ကနေလုပ်ဆောင်ပြမလို့လား၊ ပြောင်းလဲ
စိတ်ဟာ ဖြားယောင်းတဲ့သူရှိလို့ အရောင်အဆင်းတွေ ညစ်နွမ်းသွာ
တယ်လို့ပဲ သားယုံကြည်ပါရစေ၊ ဒယ်ဒီ့ကိုပြစ်မှားစော်ကားမိတဲ့သား မ
ချင်ဘူး၊ တစ်နေ့နေ့ ဘာဆိုတာ ဒယ်ဒီနားလည်လာပါလိမ့်မယ်၊ ဒီအ
တွေအတွက် မာမီ့ကို ဒယ်ဒီတစ်နေ့ တောင်းကိုတောင်းပန်ရမယ် ဒယ်

ပြောပြီး အခန်းထဲကပစ္စည်းတွေယူကာ သားထွက်သွားသည်
ဘာကြောင့် သားစိတ်တွေတင်းပြတ်နေတာလဲ။ သားရဲ့အေးခဲ



ဆက်ဆံရေးအတွက် စိတ်မကောင်းဖြစ်မိတာအမှန်။

သား ဒီအကြောင်းတွေ ဘယ်လိုသိသွားတာလဲ၊ ဒါလည်း စိတ်
ဝင်စားမိ၏။ သားဒီထက်ပိုမသိအောင်တော့ ဆင်ခြင်မှဖြစ်မည်။

ပွင့်ဖူးနားလည်နိုင်ပါ့မလား . . . ။

ooo

BURMESE CLASSIC

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဦးတို့လုံးဝမဆင်ခြင်လို့ မဖြစ်တော့ဘူးပွင့်ဖူး။ ကုမ္ပဏီမှာ အခုလို အပြင်မှာတွေ့နေတာမျိုးရောပေါ့"

"ဒါဆို ဦးကတိုက်ခန်းကိုလည်း မလာတော့ဘူးပေါ့"

"ဒါပေါ့ ပွင့်ဖူးရယ်၊ မမလှိုင် သေထားတာနဲ့ သားရောက်လာတာနဲ့၊ အခုခေတ်တော့ ဦးတို့သူစိမ်းတွေလို ခပ်ဝေးဝေးနေဦးမှဖြစ်မယ်၊ နောက်မှ သားကိုနားလည်အောင်ပြောပြီး ပွင့်ဖူးကိုတင့်တောင့်တင့်တယ် လူသိရှင်ကြားလေးဖြစ်အောင် ဦးလုပ်ပေးပါ့မယ်နော်ပွင့်ဖူး"

"ဦးတကယ်ပြောတာနော်"

"တစ်ပင်လဲလို့ တစ်ပင်ထူတာဆိုရင် ဘယ်သူမှအပြစ်ပြော ကြတော့မှာမဟုတ်ပါဘူး။ သားလည်း အရွယ်ရောက်ပြီဆိုတော့ ဒီကိစ္စ ကို နားလည်မှာပါ၊ ဒါပေမဲ့ သားအခုသိနေတဲ့ကိစ္စတွေကိုတော့ နားမလည်နိုင်ဘူး။ တစ်ယောက်ယောက်ကမပြောဘဲ တိတိကျကျသိ အကြောင်းမရှိဘူးလေ"

"ဘာတွေကို ဘယ်လောက်များသိထားလို့လဲ"

ဒါတော့ ဦးမင်းဆက်ရာပြောဖို့ခက်နေသည်။ သားက သိ သည်ဆိုသော်လည်း ပွင့်ဖူးနာမည်ကိုတော့သုံးမသွား။ ဖုန်းအသံ



သွယ်တွေကြန့်ကြာတာ မမလှိုင်နှင့်အတူတူဖုန်းမဆက်ဖြစ်တော့တာ သေခင်ညက မမလှိုင်ငိုနေခဲ့တာ၊ နောက်အိပ်ဆေးသောက်ပြီး သူ့အမေ သွားခဲ့တာတွေကြောင့် သားခန့်မှန်းမှုတွေနှင့် ပေါက်ကွဲခဲ့တာပဲဖြစ် မည်။ သက်ပြင်းတွေမှုတ်ထုတ်မိလျက် . . .

"ဟင်း . . . ဘာတွေ ဘယ်လောက်သိထားလဲဆိုတော့ ဘာမှ သိဘူးပြောရမှာလား။ အားလုံးသိနေတယ်လို့ပြောရမှာလား မသိတော့ ဘူး ပွင့်ဖူးရယ်၊ သေချာတာကတော့ သားအရွယ်ရောက်လာပြီ၊ အသိ ဉာဏ်တွေတိုးလာပြီ၊ လူ့လောကအကြောင်း တော်တော်များများသိနေ ပြီ အဲဒီလိုပြောရတော့မှာပဲ၊ ဆိုးတာက ဦးအပေါ်အရမ်းစိမ်းသွားတယ်၊ သူ့အမေကြောင့်ပဲလား၊ အရွယ်ရောက်လာလို့ပဲလား မပြောတတ်တော့ ဘူး"

"ဒီလိုလည်းရှိမှာပေါ့၊ သိပ်လည်းစိတ်မကောင်းမဖြစ်ပါနဲ့ ဦး ရယ်၊ သားယောကျ်ားလေးတွေက အရွယ်ရောက်လာရင် မိဘတွေထက် အပေါင်း တော်ချင်ယောင် တတ်ချင်ယောင်ဆောင်ချင်ကြတယ်၊ ပွင့်ဖူး ကတော့လေ သမီးလေးပဲမွေးမှာ သားယောကျ်ားလေး ဘယ်တော့မှ မမွေးဘူး"

"ပွင့်ဖူး . . . ဟို ရင်သွေးယူလို့မဖြစ်သေးဘူးနော်၊ မင်းသေသေ ချာချာရော တားရဲ့လား"

"ဘာလို့ အလန့်တကြားအော်လိုက်တာလဲဦး။ ပွင့်ဖူးက အခု ရင်သွေးလွယ်ထားရပြီလို့ပြောနေလို့လား၊ ဦးက ပွင့်ဖူးရင်သွေးလွယ်မှာ ဘာလို့ အဲဒီလောက်တောင်ကြောက်လန့်နေတာလဲ၊ ပွင့်ဖူးကို ဦးချစ်လို့ လက်ထပ်ထားတာမှဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ပွင့်ဖူးရယ်၊ ဒါပေမဲ့ ဦးတို့အတူတူနေလို့မရ သေးတာ၊ အချိန်မတန်သေးလို့ပါ ပွင့်ဖူးရယ်၊ မမလှိုင်သေတဲ့ကိစ္စမှာ

[redacted]

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဦးအပေါ်သံသယမဝင်ဖို့လည်း လိုသေးတယ်၊ ဒါကလည်း လူ့သတ်မှုလား လုပ်ကြံမှုလား။ ခမ္မတာအတိုင်းသေတာလား အမှုဖွင့်မထားတဲ့အတွက် ကြာရင်မေ့မေ့ပျောက်ပျောက်ဖြစ်သွားမှာပါ၊ ပြီးတော့ အခုသားကလည်း ရှိနေတယ်ဆိုတော့ ဦးဘက်ကမနေတတ်ရင် သူ့အမေအတွက် သံသယဝင်နိုင်တယ်၊ အခုတောင် ဦးကိုအပြုံစ်တင်ချင်နေတယ်၊ တိုက်ရိုက်စွပ်စွဲတာမျိုးမဟုတ်ပေမယ့် သွယ်ဝိုက်ပြီး သံသယဝင်နေတာ၊ သားတစ်ယောက်ကို မျှိုသိပ်ထားတယ်လို့ ဦးထင်တာပဲ''

''ဦးက အကြောက်တရားတွေနဲ့ ရင်ဆိုင်နေရတာပဲ၊ ဒေါ်နှင်းယုလှိုင်နဲ့ပတ်သက်ပြီး အပြစ်ရှိတယ်လို့ ခံစားနေရလို့လား''

ဒါကိုတော့ ဝန်ခံရမလိုဖြစ်နေသည်။ ပွင့်ဖူးနှင့်ပတ်သက်သည့် ပဋိပက္ခတွေသာမရှိခဲ့လျှင် မမလှိုင် ဒီလိုမျိုးသေကြောင်းကြံစည်သွားမလား။ ပွင့်ဖူးနှင့်ချစ်မိတာ နောင်တမရပေမယ့် မမလှိုင်ဒီလိုဖြစ်သွားတာတော့ နောင်တရချင်သည်။

ကိုယ့်ဘက်ကပေးဆပ်မှုလေးတွေရှိခဲ့ပေမယ့် မမလှိုင်ကိုယ့်အပေါ်ကောင်းခဲ့သည်ကလည်း အများကြီးပါ။ ကိုယ့်ကိုပြည့်စုံအောင်ထားခဲ့သလို ပညာသင်စရိတ်ကအစ မိဘဆီမတောင်းစေဘဲ ပြည့်အောင်ထောက်ပံ့ခဲ့သည်။ သားအတွက် အစစအရာရာ ကိုယ်လုပ်ပေးသည်ဆိုသော်လည်း ကိုယ်ကသားကိုချစ်လို့ မငြိုငြင်ခဲ့တာ။ မမလှိုင်အပြစ်ပြောစရာမှမလိုတာ။

''ဦး''

''ဟင်''

''ဘာတွေတွေးပြီး ငိုင်သွားတာလဲ၊ ပွင့်ဖူးမေးတာကို မဖြေဘာကရော ဘာဖြစ်လို့လဲဦး''

''ဩော် ...ပွင့်ဖူးနဲ့ကိစ္စက ဦးမှားတော့မှားခဲ့တာပဲ မဟုတ်ဘူးလား။ သာယာနေတဲ့အိမ်ထောင်တစ်ခုကို ဦးဖျက်ဆီးမိတာတော့ ဖျက်ဆီးခဲ့တာပဲမဟုတ်လား''



''ပွင့်ဖူးနဲ့ကိစ္စ နောင်တရနေတာလားဦး''

''ပွင့်ဖူးနဲ့ချစ်ခဲ့မိတာ နောင်တမရပေမယ့် အိမ်ထောင်ရေးအောက်ပြန်မိလို့ မမလှိုင်သေသွားရတဲ့အထိဖြစ်ရတာတော့ တကယ်ကိုစိတ်မကောင်းဖြစ်မိတယ်၊ ဦးမှာသားလေးရှိတယ်လေ၊ မိခင်မဲ့ဖြစ်သွားပြီ''

''မိသားစုအတွက် အဲဒီလိုကြီးခံစားနေတော့ ပွင့်ဖူးက ဘယ်လိုနေရမှာလဲဦး။ ဦးတို့မိသားစုဘဝကို ဖျက်ဆီးလိုက်တဲ့မိန်းမဆိုး မိန်းမရိုင်းကြီးဖြစ်မနေဘူးလား ဟင်ဦး''

''ဩော် ...ပွင့်ဖူးရယ်''

ဒီလိုပြောတော့လည်း ပွင့်ဖူးအတွက် စိတ်မကောင်းပေ။ သူမလည်း ကိုယ့်ကိုချစ်ခဲ့လို့သာပဲမဟုတ်လား။ နှစ်သိမ့်ပေးသည့်သဘောဖြင့် ပွင့်ဖူးပခုံးလေးဆုပ်ညှစ်ကာ ဖက်ထားလိုက်သည်။

''အဲဒီလိုတော့ ကိုယ့်ကိုယ်ကိုယ် မတွေးပါနဲ့ပွင့်ဖူး။ ပွင့်ဖူး ဒီလိုပြောတော့ ဦးလည်းစိတ်မကောင်းဖြစ်ရတယ်၊ ဦးတို့က စိတ်တူကိုယ်တူချစ်မိကြတာ''

''စိတ်တူကိုယ်တူ ချစ်မိကြတာလို့ပြောပါ ဦး''

''အင်း ...စိတ်တူကိုယ်တူချစ်မိကြတာ၊ ပွင့်ဖူးမှာအပြစ်မရှိဘူး။ ဒါပေမဲ့ ဒီအချိန်မှာတော့ ဦးတို့ခဏလောက် ထိန်းထိန်းသိမ်းသိမ်းဆင်ခြင်ခြင်နေမှဖြစ်မယ်''

''ဘယ်လောက်ကြာမှာလဲဦး။ ကုမ္ပဏီမှာလည်း ဂရုစိုက်မခံရ၊ ဖုန်းခန်းကိုလည်းတော်တော်နဲ့မလာတော့ဘူးဆိုရင် ဦးအနေစိမ်းသွားမှာစိုးတယ်''

[redacted]

www.burmeseclassic.com



"မေ့စရာလား ပွင့်ဖူးလေးရယ်၊ ပွင့်ဖူးလေးကို ဦးကမေ့ရက်ပါ့မလား"

"ဒါဆို ဒီနေ့တော့ ပွင့်ဖူးကိုတိုက်ခန်းပြန်လိုက်ပို့နော်၊ ပွင့်ဖူးတို့မတွေ့ရတာ ဘယ်နှရက်တောင်ကြာသွားပြီလဲ၊ ပွင့်ဖူးလွမ်းလို့ပါနော် ဦး"

ခပ်ညုညု နွဲ့နွဲ့လေးပြောလိုက်တာကြောင့် စိတ်တွေပရမ်းပတာ လှုပ်ရှားသွားရသည်။ ဆိုင်ထဲမှာဆိုပေမယ့် ဣန္ဒြေပင်မဆယ်နိုင်တော့ဘဲ ပွင့်ဖူးဆံနွယ်လေးတွေကို တရှိုက်မက်မက် နမ်းမွှေးလိုက်မိ၏။

ဒီကောင်မလေးက ဒီလိုမျိုးစိတ်လှုပ်ရှား ရင်ခုန်အောင်ဖြားယောင်းနိုင်တာကြောင့် မမလှိုင်ကိုတောင်ထည့်မတွေးနိုင်တော့အောင် စွဲလမ်းသွားခဲ့ရတာပါ။

"သွားမယ်လေ ပွင့်ဖူး။ ဒီမှာတွေ့တာ ဦးတို့အသိုက်အဝန်း ပတ်ဝန်းကျင်နဲ့ဝေးတယ်ဆိုပေမယ့် ကြာကြာနေရင်တော့မကောင်းဘူး တိုက်ခန်းမှာဆိုရင်တော့ နည်းနည်းလုံခြုံမယ်ထင်တယ်၊ ဒါပေမဲ့ ဦး အကြာကြီးနေလို့တော့မရဘူးနော်ပွင့်ဖူး၊ သားက အိမ်မှာစောင့်နေမှာ"

"အင်းပါ၊ ခဏလေးအတူနေရလည်း ပွင့်ဖူးကျေနပ်ပါတယ်"

ရန်ကုန်မြို့ထဲနှင့်ဝေးသောနေရာလေးမှာလာတွေ့ပြီး ပွင့်ဖူးကို ဖြေသိမ့်ပေးရန်အတွက် တိုက်ခန်းကိုပြန်လိုက်ပို့ရသည်။ အခုလတ်တလောမှာတော့ တိုက်ခန်းကိုလည်း ခဏခဏလာတွေ့လို့မကောင်းပါ။

ယောက္ခမကြီးက သူ့သမီးသေရတာကိုယ့်ကြောင့်ဆိုပြီး အပြစ်ရှာဖို့အတွက် လိုက်ချက်နိုင်သလို သားကလည်းသက်မကင်းဖြစ်နေတာမို့ ပြဿနာမတက်အောင် ထိန်းထိန်းသိမ်းသိမ်းနေမှဖြစ်မည်။

"ပွင့်ဖူးတိုက်ခန်းပေါ်အရင်တက်နှင့်နော်၊ ဦးခဏနေမှတက်လာခဲ့မယ်၊ ဒီနားပတ်ဝန်းကျင်က မျက်လုံးတွေလည်း ရှောင်ထားမှဖြစ်မယ်"



"အင်း ... ဦးကြာတော့မကြာနဲ့နော်၊ မြန်မြန်တက်လာခဲ့"

"အင်းပါ ပွင့်ဖူးရယ်"

ဒီကောင်မလေး တော်တော်စိတ်လှုပ်ရှားမှုတွေပေးသည်။ ကိုယ်လည်းမတွေ့ရတာကြာလို့ လွမ်းနေမိတာပါ။ မမလှိုင်လည်း ရက်လည်ပြီးပြီမို့ မနက်ဖြန်ဆို ကုမ္ပဏီကိုပြန်ဝင်ရတော့မည်။

ကုမ္ပဏီရောက်လျှင် အရင်ကထက် ဆင်ခြင်ထိန်းသိမ်းပြီးနေရတော့မည်မို့ ဒီနေ့ ပွင့်ဖူးကိုခွင့်ယူခိုင်းပြီး ခေါ်တွေ့လိုက်တာ။ ခဏတားပြောဆိုပြီး ပြန်မည်ဟု ဆုံးဖြတ်ချက်နှင့်လာတွေ့လိုက်တာဆိုသော်လည်း ပွင့်ဖူးရဲ့ချစ်စရာကောင်းသော ဆွဲဆောင်မှုများကြောင့် စိတ်တွေက မပြတ်သားနိုင်။

မှားမှန်းသိပေမယ့် ဒီနွံက ရုန်းမထွက်နိုင်တော့လည်း ...။

ooo

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

"တောက်"

"ဖြုန်း ....ဝုန်း"

"သားလေး မင်းမျိုးဆက်၊ ဘာဖြစ်လာတာလဲသား"

ဒေါ်ချိုမေးတာကိုမဖြေနိုင်။ တွေ့ခဲ့မြင်ခဲ့ရသည့်မြင်ကွင်းကြော
ကားကိုတောင်မနည်းထိန်းမောင်းပြီး အိမ်ရောက်အောင်ပြန်ခဲ့ရတာ၊ မနေ
က ဒယ်ဒီအပြင်ခဏသွားမည်ဆိုကတည်းက နောက်ယောင်ခံလိုက်
တာပါ။ ဟိုမိန်းမပွင့်ဖူးခိုင်နှင့် သွားတွေ့မည်ဆိုတာသေချာသိနေလို့ပေ
မာမီရက်လည်ပြီးရုံရှိသေးတာမို့ ဟုတ်ချင်မှဟုတ်မှာပါလို့ တွေးလိုက
သေးပေမယ့်၊ အပူအပင်ကင်းစွာ အရှက်ကင်းမဲ့စွာ သွားတွေ့ပြီး တိုက်ခန
မှာတောင် အာသာသွားဖြေနေသေးတာမို့ ဒေါသဖြစ်လိုက်သည်မှာ ရင
တွေတောင် ပေါက်ကွဲလုလု။ ရုပ်ကလေးက ချောရဲ့လှရဲ့နှင့် ဒီမိန်းမက
ဒီလိုအောက်တန်းကျသည့် အတန်းအစားကလား။

ဒယ်ဒီစိတ်ပါလို့ပဲဖြစ်ဖြစ်၊ မိသားစု ဒီလိုအပူသောကဖြစ်နေချိ
မှာ အတူနေဖို့ဆန္ဒ အာသာပြင်းပြစွာ တိုက်ခန်းထိခေါ်မသွားသင့်ပေ

"ဟူး ... ဟား"

"သားလေး အပြင်ကပြန်လာပြီး ဘာလို့ဒါသဖြစ်နေတာ



ရယ်၊ ရောဂါရပါမယ်၊ သံပရာရည်လေးသောက်ပြီးတော့ဖြစ်ဖြစ်
ဖြေလိုက်ပါလား၊ ဒေါ်ချို ဖျော်ပေးမယ်လေ"

"မသောက်ချင်ဘူးဒေါ်ချို၊ ဟို ... ကျွန်တော်တစ်ခုလောက်
ချင်တယ်၊ ပွင့်ဖူးခိုင်ဆိုတဲ့မိန်းမ ဒီအိမ်ကိုဘယ်နှခေါက်လောက်
ဘူးလဲ"

"ဟင် ... ပွင့်ဖူးခိုင် ... ဟိုမိန်းကလေးလား၊ သုံးလေးခေါက်
တော့ရှိမယ်ကွဲ့၊ လာတိုင်း အိမ်မှာ မနက်စာရော နေ့လယ်စာရောစား
ပြန်တာ၊ ဘာဖြစ်လို့လဲ၊ သား အဲဒီမိန်းကလေးက ..."

"မာမီနဲ့ပတ်သက်ပြီးမှ ဒီအိမ်ရောက်လာတာလား"

"ဟုတ်တယ်၊ မမကြီး ပြောတာကတော့ သူ့အဒေါ်ကိုဆေးကု
တာ ကျေးဇူးတင်လို့ဆိုလားပါပဲ၊ ပထမဆုံးရောက်လာတဲ့အခေါက်
ကန်တော့စရာပစ္စည်းတွေပါလာတယ်၊ နောက်တစ်ခေါက် နှစ်ခေါက်
တော့ ဒီအတိုင်းကြုံသလိုရောက်လာတာပါပဲ၊ မမကြီး ခရီးထွက်မယ့်
လည်း ဒေါ်ချိုနဲ့အောက်မှာတွေ့လို့ မမကြီးခရီးထွက်မှာပြောရင်း
က်လာတယ်၊ ဒါပေမဲ့ မမကြီးထွက်သွားတဲ့အထိလည်း မပြန်ဘူး
ချင်တာကို ကုန်တိုက်တွေလိုက်ဝယ်ခိုင်းလို့ ဒေါ်ချိုမှာမရမက လိုက်
ပေးရတယ်၊ အဲဒါမောင်မင်းဆက်ရာနဲ့ အတူတူချက်ပြုတ်ပြီး နေ့လယ်
ပြီးမှ မောင်မင်းဆက်ရာ ပြန်လိုက်ပို့ရတယ်"

"ဩော်"

အိမ်အထိလာပြီး ဒယ်ဒီ့ကို ဒီမိန်းမမြူဆွယ်ဖြားယောင်းခဲ့တာ
သား၊ အိမ်ထောင်ရှိယောကျ်ားတစ်ယောက်ကို ဒီလိုပေါ်တင်အိမ်ပေါ်
က်လုရဲတာတော့ အံ့ဩစရာကောင်း ရွံစရာကောင်းလှသည်။ ဒီလို
ဒ်ိုးမဲ့ မိန်းမတစ်ယောက်ကို ဒယ်ဒီဘာတွေများမက်မောစွဲလမ်းနေရ
လဲ။ ဒီမိန်းမ ဒီလောက်တန်ဖိုးမဲ့မှန်းမသိလို့ဘဲလား။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ထိတန်ဖိုးမဲ့တယ်ဆိုတာ ဒယ်ဒီသိသွားအော ဘာလုပ်ပြရမလဲ။

"သား ... သားက ထမင်းစားခန်းထဲရောက်နေတာပဲ၊ ဒယ် ပြန်လာတော့ ညွှေ့ခန်းထဲမှာမတွေ့လို့ အိပ်ခန်းထဲရောက်နေတယ် တာ"

ဒယ်ဒီ့အသံကြားတော့ သူ့မျက်နှာတင်းခနဲဖြစ်သွားလျက်

"သားလည်း ခုနကမှအပြင်ကပြန်ရောက်တာပါ ဒယ်ဒီ၊ တော ဒဂုံဘက်ကိုသွားတာ"

"ဟင် ... တောင် ... တောင်ဒဂုံ၊ သား ... သားက အဲ ဘက်ဘာသွားလုပ်တာလဲ"

"နိုင်ငံခြားကျောင်းသွားမတက်ခင် ခင်ခဲ့တဲ့သူငယ်ချင်း ယောက်နဲ့သွားတွေ့တာပါ၊ သူနဲ့က ဟိုမှာလည်း အဆက်အသွယ်မပြ ဘူး"

"ဪ ... တွေ့ ... တွေ့ခဲ့လားသား"

"တွေ့ခဲ့ပါတယ်၊ စားသောက်ဆိုင်မှာ ချိန်းတာဆိုတော့ မ စရာဘယ်ရှိပါ့မလဲ၊ နောက်နေ့တောင် ထပ်ချိန်းလိုက်သေးတယ်"

"သား ... သားက ရန်ကုန်လမ်းတွေ ကျွမ်းသေးတာမ ဘူး၊ ကားကို အဲဒီလိုအဝေးတွေမမောင်းနဲ့ဦးလေသား၊ သူငယ်ချင်း တွေ့ချင်ရင် အိမ်မှာခေါ်တွေ့၊ ဒါမှမဟုတ် ရန်ကုန်မြို့ထဲ စားသော ဆိုင်ကောင်းကောင်းမှာ ညွှေ့ခံလိုက်ပေါ့သားရဲ့၊ အဲဒီမှာထက် ဒီ ပိုမကောင်းဘူးလား"

"သားကိုက အဲဒီလိုအစွန်အဖျားတွေဘက်ရောက်ဖူးချင်လို့ ဒယ်ဒီက သားအဲဒီဘက်ကိုသွားတာ ဘာလို့မကြိုက်ရတာလဲ"

"ဟို ... မ ... မကြိုက်တာမဟုတ်ပါဘူးသားရယ်၊ လမ်း



း လမ်းကမကောင်းနဲ့ သားအန္တရာယ်ဖြစ်မှာစိုးလို့ပါ၊ ဒါနဲ့သား နောက် ဆုတစ်ပြီး သားကုမ္ပဏီကိုလိုက်ရတော့မယ်နော်၊ သားအဘိုးက သားကို မ္ပဏီမှာလုပ်စေချင်တယ်၊ သားလေ့လာသင်ယူရင်း ကျွမ်းကျင်တတ် က်သွားမယ်ဆိုရင် သားနာမည်နဲ့အားလုံးလွှဲပေးရမယ်တဲ့"

"သားကတော့ မလုပ်ချင်သေးဘူး"

"ဟင် ... ဘာဖြစ်လို့လဲ သား"

"စိတ်မပါသေးလို့ပါ၊ တခြားလည်း ဘာမှမလုပ်ချင်သေးဘူး၊ ာရေးလည်း ဆက်သင်ဖို့ စိတ်မဝင်စားသေးဘူး၊ သားဒီအတိုင်းပဲ ဦးမယ်ဒယ်ဒီ"

"ကုမ္ပဏီက လူကြီးတွေကိုတောင် သားလာမယ်လို့ပြောထား ာ သားနဲ့လည်းမိတ်ဆက်ပေးထားတယ်လေ၊ သားအဘိုးကလည်း စ်မျှော်မြင်သွားဦးမယ်၊ သူက ဒယ်ဒီလုပ်ငန်းတွေပိုင်နေရင်း နောက်မိန်းမ ူတာနဲ့ပါသွားမှာစိုးရိမ်နေတာ၊ အဲဒါကြောင့် သားနာမည်နဲ့အမြန်လွှဲ ဖို့ စီစဉ်နေတာသား"

"ဒယ်ဒီက နောက်မိန်းမယူဖို့ စဉ်းစားနေလို့လား"

"ဟင် ... ဟို အခုလောလောဆယ်တော့ မဟုတ်သေးပါဘူး၊ က်တော့မပြောတတ်သေးဘူးပေါ့၊ ဒယ်ဒီ့အသက်အရွယ်ကလည်း ယ်သေးတာမဟုတ်လား"

ဒယ်ဒီ့အဖြေကြောင့် သူလက်သီးဆုပ်ကတင်းခနဲဖြစ်သွားသည်၊ ါချိုလည်း မကြိုက်သလို မျက်နှာလွှဲသွား၏။

သူက စောစောကဒေါသအရှိန်မပြေသေးစွာနှင့်ပင် ...

"ဒယ်ဒီမို့လို့ ဒီစကားမျိုးပြောထွက်တယ်၊ မာမီသေတာ ယ်လောက်ကြာသေးလို့လဲ၊ အခုလိုပြောလိုက်တာက မာမီမသေခင် ည်းက အဲဒီအစီအစဉ်ရှိနေလို့မဟုတ်လား ဒယ်ဒီ၊ မာမီ ကြောင့်"

www.burmeseclassic.com



"သား ...အဲဒီလိုတွေ မစွပ်စွဲပါနဲ့သား၊ သားမာမီကို ဒယ်
ဘယ်လောက်ချစ်တယ်ဆိုတာ သားလည်းသိပါတယ်၊ ဒါပေမဲ့
အကြောင်းတရားတွေဆိုတာလည်း ရှိသေးတာပဲ"

"ကံတရားကို လွှဲမချနဲ့ဒယ်ဒီ၊ ကံဆိုတာ လူက လူကလုပ်
ကံကောင်းခြင်းတွေကို ဖန်တီးတာလည်းလူပဲ၊ ကံဆိုးခြင်းတွေကို ဖန်
တာလည်းလူပဲ၊ မာမီကံဆိုးသွားရတာ ဒယ်ဒီကံဆိုးခြင်းတွေ ဖန်
လိုက်လို့ဆိုတာ မငြင်းပါနဲ့၊ အဲဒီအတွက် ဒယ်ဒီနောင်တရနေမယ်
အတွက်စိတ်မကောင်းဖြစ်နေသင့်တယ်"

"သားမာမီသေသွားတာ ဒယ်ဒီပျော်နေတဲ့ပုံပေါက်လို့လာ
ဒယ်ဒီ အရမ်းကိုစိတ်မကောင်းဖြစ်နေတာပါ၊ မမလှိုင်သေတာစော
တယ်၊ မသေသင့်သေးဘူးလို့ အောက်မေ့တမ်းတနေတာပါသားရယ်

သူ့နှုတ်ခမ်းအစုံမဲ့ကျသွားလေသည်။ အဲဒီလိုစိတ်ရှိနေ
ဟိုမိန်းမပခုံးကိုဖက်ပြီး ပြုံးပျော်ကြည်နူးနေပါ့မလားလို့ မေးပစ်လိုက်
သည်။ ဟိုမိန်းမကို မြတ်မြတ်နိုးနိုးတန်ဖိုးထားနေတာ မြင်နေရတာ
တွေနာနေမိသည်။ မာမီ့လို မြင့်မြတ်သော တန်ဖိုးကြီးမိန်းမတစ်ယော
ကို ဥပေက္ခာပြုခဲ့သည့်အတွက် ဒယ်ဒီနောင်တကိုရစေရမည်။

သူဒယ်ဒီ့မျက်နှာကို မကြည့်ချင်တော့၍ ကိုယ့်အခန်းထဲက
ဝင်လာလိုက်သည်။ ဒယ်ဒီ့အခန်းထဲက ပြောင်းလာစဉ်မှာ မာမီ့ဒိုင်ယ
စာအုပ်လေးကိုပါ တစ်ပါတည်းယူလာတာမို့ ကျော်လှန်၍ဖတ်ခဲ့
စာမျက်နှာတွေကို ပြန်လှန်လိုက်၏။ စာမျက်နှာတွေ ရက်စွဲတွေမပါ
က မာမီမေ့လျော့တာဖြစ်နိုင်သလို မင်နီနှင့်ရေးခဲ့ခြင်းက နှလုံးသွေး
စီးဆင်းနေသည်ဟု အဓိပ္ပာယ်ရလေသည်။

ဦးနဲ့ပွင့်ဖူးက လက်ထပ်ပြီးနေပါပြီ အန်တီ၊ အန်တီကဂုဏ်သ
အကြောင်းတွေပြောပြီး လာတောင်းပန်နေလို့လည်း အပိုပါပဲ၊ ဦး



တို့အပေါ် သနားကြင်နာမှုတွေကြောင့် ပွင့်ဖူးကိုလမ်းခွဲမယ်လို့ပြော
တဲ့ တစ်နေ့မှာ ပွင့်ဖူးနဲ့ ဦးရဲ့ပတ်သက်မှုတွေအားလုံး အင်တာနက်
တစ်ကမ္ဘာလုံးသိအောင် ပွင့်ဖူးလုပ်မှာပါ၊ ပွင့်ဖူးကို အရှက်သိက္ခာမဲ့
မိန်းကလေးလို့ ပြောတယ်နော်၊ ဘယ်လိုအရာကမှ တကယ်အရှက်
မဲ့တဲ့လုပ်ရပ်လည်းဆိုတာ အန်တီသိချင်ရင် ပွင့်ဖူးကိုနောက်ထပ်
စကားလုံးတွေနဲ့စော်ကားကြည့်စမ်းပါအန်တီ။

ဟိုမိန်းမပြောခဲ့တာကို မာမီတစ်ထပ်တည်းရေးထားခဲ့တာ
သည်။ ဒီလိုခြိမ်းခြောက်မှုတွေကြားမှာ မာမီ ဘယ်လောက်တောင်
က်ရှုံကျုပ်နေခဲ့ရှာမလဲ။ ပွင့်ဖူးခိုင်ကို တောင်းပန်လို့မရ၊ ဒယ်ဒီ့ကို
တောင်းပန်လို့မရနှင့် ဂုဏ်သိက္ခာတွေအတွက် ရွေးချယ်စရာလမ်းက
က်ဝိညာဉ်ကို စွန့်ခွာလိုက်ခြင်းတဲ့လား။

မာမီရယ် သားသနားလိုက်တာဗျာ။ မာမီ့ကို ဒယ်ဒီနောင်တ
နဲ့ တောင်းပန်စေရမယ်မာမီ၊ ဟိုမိန်းမလည်း သူများမိသားစုဘဝ
ဖျက်ဆီးခဲ့တဲ့အတွက် သူ့ဘဝတစ်ခုလုံးပျက်စီးစေရမယ်။

မာမီ တမလွန်ကနေပြုံးပြုံးလေး စောင့်ကြည့်နေပေးပါ မာမီ

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ရှုတ်...ရှုတ်...မမ...မမ"

"ဟင်"

ကောင်ငယ်လေးတစ်ယောက်။ သူမနောက်ကနေ တိတိကျကျ ကိုလိုက်လာပြီး ခေါ်နေတာ။ ဘေးချင်းယှဉ်ကာရောက်လာတော့ လှည့် ကြည့်လိုက်မိသည်။

အသားအရေညိုကြည်ညိုစိမ့်သလို ထင်ရပေမယ့် ဝင်းဝါနေသည် ဘက်ရောက်သည်။ မျက်ခုံးကောင်းကောင်း နှာတံစင်းစင်းလေးနှင့် နှုတ် ခမ်းလေးကလည်း ပိရိသေသပ်ကာ ဆွဲဆောင်မှုရှိ၏။

သူမ မပွင့်တပွင့်ပြုံးပြလိုက်ကာ

"ဘာကိစ္စလဲ မောင်လေး၊ ဘာဖြစ်လို့ခေါ်နေတာလဲ"

"မမကို စိတ်ဝင်စားလို့ပါ"

"ဘာ"

"မမရုံးသွားတာကို ကျွန်တော်အမြဲတမ်း ဟိုအအေးဆိုင် ကနေ ကြည့်နေတာ၊ မမအရမ်းလှတာပဲ"

"ဒီးကျူးစကားပြောဖို့ လိုက်လာတာလား၊ ဒါဆိုတို့ကြာပြီ လေ၊ မင်းသွားလို့ရပြီ"



"ကျွန်တော်မှာကားပါတယ်၊ မမ အလုပ်ဆင်းမယ့်ကုမ္ပဏီအထိ လိုက်ပို့လို့ မရဘူးလား"

"တို့က ဖယ်ရီကားနဲ့သွားတာ"

"ဖယ်ရီကားထက် ကိုယ်ပိုင်ကားက ပိုမြန်တော့ ကိုယ်သွားမယ့် နေရာ မြန်မြန်မရောက်ဘူးလားမမရဲ့"

"မင်းက ဘာလို့လိုက်ပို့ချင်ရတာလဲ"

အထာကျသည့်မေးခွန်းဆိုတာ မင်းမျိုးဆက် နားလည်လိုက် သည်။ အခုမှတစ်ကြိမ်တစ်ခါရှိသေးတာမို့ စိတ်ဓာတ်ကာ ချစ်တယ်လို့ ပြောလိုက်လျှင် ဘာလဲဟုသည့်သံသယမျိုး ဝင်သွားနိုင်သည်။

သူနှစ်လိုဖွယ်ရာသော အပြုံးလေးတစ်ပွင့် ဖန်ဆင်းလိုက်ပြီး

"မမနဲ့ ခဏလောက်ဖြစ်ဖြစ် အတူတူနေခွင့်ရချင်လို့ပါ"

"မင်းအသက်ဘယ်လောက်လဲ"

"ကျွန်တော် ကလေးမဟုတ်တော့ဘူး"

"ကြော်ငြာတာလား၊ တို့အကြောင်းကိုရော ဘယ်လောက်သိ ထားလို့လဲ"

"မမရဲ့အလှတရားကိုပဲ ကျွန်တော်စိတ်ဝင်စားပါတယ်၊ နေ့တိုင်း ဆိုင်ထဲကကြည့်နေရတာ အားမရတော့လို့ ကျွန်တော်မိတ်ဆွေဖွဲ့တာပါ၊ မမကအပြန် လာကြိုခွင့်ပေးရင်လည်း ကောင်းမှာပဲ"

"မင်းက အခုမှတွေ့ပြီး အခွင့်အရေးတွေ စွတ်တောင်းနေတော့ တာပဲ၊ တို့ဘက်က လက်ခံချင်လား လက်မခံချင်လား အရင်မေးပါလား"

"မမ လက်မခံလည်း လက်ခံလာတဲ့အထိ ကြိုးစားမယ်လို့ ဆုံးဖြတ်ပြီးပါပြီ"

"အလို့...အလာကြီးပါလား"

အခုမှတွေ့ဖူးသောကောင်လေးက ထိုသို့ပြောတော့ ရင်ခုန်မိ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လိုလိုပင်။ သူမတွဲခဲ့တာတွေက အသက်ကြီးကြီး လူကြီးပိုင်းတွေချည်း ဟုတ်ပါလား။ လူငယ်လေးဆိုတော့ သူမစိတ်တွေပါ နုပျိုလန်းဆန်းလာသလို ခံစားရသည်။ သူမလွယ်ထားသော စလင်းဘက်ဒ်အိတ်လေးကို ဖျတ်ခနဲလာဆွဲတော့ ရင်တွေတောင်တုန်သွားသည်။

"လာပါ မမရယ်၊ ကျွန်တော်လိုက်ပို့ပါ့မယ်၊ ကျွန်တော်မိကောင်းဖခင်သားသမီးပါ၊ မမကို ပရမ်းပတာမလုပ်ပါဘူး"

"ဟိတ် ... ကုမ္ပဏီနားထိလိုက်ပို့လို့မရဘူးနော်၊ ဝန်ထမ်းအချင်းချင်းနဲ့ အထက်လူကြီးတွေသိသွားလို့မရဘူး"

"ဘာဖြစ်လို့လဲ၊ အဲဒီကုမ္ပဏီမှာ မပချစ်သူရှိလို့လား"

"ဟင် ... ဪ မရှိပါဘူး၊ ဒါပေမဲ့ ကုမ္ပဏီစည်းကမ်းအရ ရှုပ်ရှုပ်ယှက်ယှက်နေလို့မရဘူးလေ၊ ဝန်ထမ်းအချင်းချင်း မြင်တွေ့သွားပြီး အတို့အထောင်လုပ်ရင် တို့အလုပ်ဖြုတ်ခံရမှာ"

"ဪ"

ကျလည်းကျလောက်သည့်မိန်းမ။ ဒယ်ဒီသိမှာစိုးလို့တော့ ဘယ်ပြောပါ့မလဲ။ သူကလည်း ဒယ်ဒီမသိစေချင်သေးပါ။

အချိန်တန်မှ သူကိုယ်တိုင်အသိပေးမှာဖြစ်သည်။ ပွင့်ဖူးနိုင် သူ့ကားပေါ်ပါလာခဲ့တော့ သူကျေနပ်စွာ ပြုံးလိုက်မိ၏။

ဒီလောက်လွယ်သည့်မိန်းမကို ဒယ်ဒီဘာ့တွေများ တန်ဖိုးထားနေတာလဲ။

"မမ ဘရိတ်ဖတ်စ် ဘာစားပြီးပြီလဲ"

"မင်းကျွေးမလို့လား"

"မမ စားချင်တယ်ဆိုရင် ကျွေးမှာပေါ့၊ ကျွန်တော်လည်း ဘာမှမစားရသေးဘူး"

"ဟင် ... ခုနကပြောတော့ အအေးဆိုင်ထဲမှာ ထိုင်နေတာဆို"



"အအေးဆိုင်ဆိုပေမယ့် မနက်ပိုင်းအအေးရောင်းပါ့မလား။ မုန့်ဟင်းခါးတော့ရောင်းတယ်၊ ကျွန်တော်က မကြိုက်လို့"

"ဪ ... မင်းကဘာကြိုက်တာလဲ"

"ကျွန်တော်က မနက်စာဆို ပေါင်မုန့်မီးကင်နဲ့ နွားနို့ကလွဲပြီး စားတတ်ဘူး"

"ဒါတော့ တို့နဲ့ကွာသွားပြီ၊ တိုကအစုံစားတယ်"

"မမစားရင် ကျွန်တော်လည်း စားမှာပေါ့၊ မနက်စာအတွက် ...မှာအစားအစာရောင်းတဲ့ဆိုင်ကို ကျွန်တော်သိတယ်၊ အဲဒီကိုမောင်း...က်မယ်နော်၊ ပြီးရင် ရုံးချိန်မီအောင် ကျွန်တော်ကားအမြန်မောင်းပြီး ...က်ပို့ပါ့မယ်"

"တို့က ကားအမြန်ကြီးမောင်းရင် ကြောက်တတ်တယ်"

"ဒါဆိုဖြည်းဖြည်းပေါ့၊ မမစိတ်တိုင်းကျပဲဖြစ်စေရမယ်"

"အဟင်းဟင်း"

ဒီကောင်လေး အပြောလေးတွေမှာ သဘောကျသွားသည်။ ...တငယ်သေးပေမယ့် သူမကိုရင်ခုန်အောင်ဆွဲဆောင်နိုင်ပေသားပဲ။

ကောင်လေးခေါ်သွားသော ဆိုင်ကအကြီးကြီးပင်။ လူအများ...သောက်နေတာမို့ နာမည်ကြီးဆိုင်ဖြစ်လိမ့်မည်ထင်၏။

"မမ ဒီဘက်လာ၊ ဒီလက်မှာ မိသားစုသီးသန့်ခန်း၊ အတွဲတွေ...တွက် အေးအေးဆေးဆေးစားသောက်လို့ရတဲ့ သီးသန့်ခန်းလေးတွေ...ယ်၊ ဒီမှာက ဆိုင်ရှေ့ဆိုတော့ လူပေါင်းစုံနဲ့ဆူတယ်လေ၊ စားရတာ...သာမရှိဘူး"

ကောင်လေးဦးဆောင်ခေါ်ရာနောက်လိုက်သွားရသည်။ သူပြော...လို ခန်းဆီးလေးတွေဖြင့် အခန်းလုပ်ထားသော သီးသန့်နေရာလေး...ချမ်းတိတ်ဆိတ်မှုရှိ၏။ ဘဲလ်တီးလိုက်စဉ်မှာ စားပွဲထိုးလေးရောက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"ဘာသုံးဆောင်မလဲခင်ဗျာ"

"မမ ပြောလိုက်လေ"

"ပဲကြော် အိုးဘဲဥနဲ့ မုန့်ဟင်းခါးတစ်ပွဲ၊ ရေတ်သီးတို့ နံနံပင်တို့ကို ဒီအတိုင်းအလွှတ်ချပေးနော်၊ နောက်ကော်ဖီပလိန်း မင်းကရော"

"မမလိုပဲပေါ့"

"ဒါပဲနော် မောင်လေး"

စားပွဲထိုးလေးထွက်သွားတော့ သူမပြုံးလိုက်မိ၏။ မစားတာဘူးပြောပြီး သူမလိုပင်မှာစားသည်။ ကောင်လေးရဲ့အချစ်ကိုစမ်းကြည့်ရမှာပေါ့။

"မင်းအသက်ကိုမမေးနဲ့ဆိုတော့ မမေးတော့ပါဘူး။ ဒါပေမဲ့နာမည်တော့သိထားမှဖြစ်မယ်ထင်တယ်"

"အထွန်းပါ"

ဒယ်ဒီ့သားလို့ သံသယမဝင်စေချင်တာကြောင့် နာမည်ကိုပါအဆက်အစပ်မရှိအောင် ပြောလိုက်သည်။ ပွင့်ဖူးခိုင်က မခို့တရို့မျက်နှာလေးပင့်သွားလျက်

"နာမည်ကနေလိုက်တာ လူနဲ့မလိုက်ဘူး"

"ကျွန်တော့်ရုပ်က ကြည့်လို့မရအောင် ကြမ်းနေလို့လား"

"မဟုတ်ပါဘူး။ လူကယောက်ျားပီသပြီး နာမည်ကနွဲ့နေသလားလို့ပါ၊ ဪ ... မုန့်ပွဲရောက်လာပြီ၊ ရေတ်သီးရော စားနိုင်ရဲ့လား"

"မမစားရင်တော့ ကျွန်တော်လည်း စားကြည့်ရမှာပေါ့၊ ဒါပေမဲ့ ကျွန်တော်မျက်ရည်ကျရင်တော့ ဝမ်းမနည်းနဲ့နော်"

"အဟင်း"

ဒီကောင်လေး သူမကိုခဏခဏပြုံးအောင်လုပ်နိုင်သည့် အရည်



အချင်းတော့ရှိ၏။ အပြောကြီးလွန်းသောကောင်လေး မုန့်ပန်းကန်ထဲကို သူမစားသလိုပင် ရေတ်သီးမှုန့်နှင့် နံနံပင်တွေထည့်ပေးလိုက်သည်။ သံပရာစိတ်လေးပါညှစ်ထည့်ပေးပြီး

"ကဲ ... တို့စားသလိုစား၊ မျက်နှာမရှုံ့နဲ့နော်၊ မျက်ရည်ကျမယ်ဆိုရင်တော့ မင်းဒေါသနဲ့မင်းပဲ"

"ကျွန်တော်ယောကျ်ားပါ"

"ပြီးရော"

ကောင်လေးမုန့်ဟင်းခါးပန်းကန်ကိုမွှေနှောက်ပြီး တစ်ဇွန်းခပ်စားလိုက်ကတည်းက တရှူးရှူး တရှဲရှဲဖြစ်ကာ မျက်ရည်တွေဝဲတက်သွား၏။ သူမမျက်ခုံးပင့်ကြည့်လိုက်တော့ မစားနိုင်ဘူးထင်မှာစိုး၍ နောက်ထပ်တစ်ဇွန်းထပ်စား၏။ ပန်းကန်တစ်ဝက်လောက်ကုန်သွားချိန်မှာတော့ မျက်ရည်တွေအလုံးလိုက်ပြိုကျလာသည်။

သူမတကယ်ပင် စိတ်မကောင်းဖြစ်သွားမိသည်။ ကောင်ငယ်ချာလေးကို ဒီလိုစိတ်သောကတွေတော့ မပေးချင်ပါ။

"ကော်ဖီသောက်လိုက်အထွန်း၊ အစပ်ပြေသွားလိမ့်မယ်၊ ဒီမှာ ခုနွေးငှဲ့ပြီးသားလည်းရှိတယ်၊ တော်ပြီတော်ပြီ ဒီဟာမစားနဲ့တော့"

"ရပါတယ် မမရဲ့၊ တော်ကြာဒီရေတ်သီးအစပ်လေးတောင် မစားနိုင်ဘူးလားလို့ မမအထင်သေးသွားမှာစိုးလို့"

"အထင်မသေးပါဘူးတဲ့ရှင်၊ ကဲ တော်ပါတော့ဆို"

မုန့်ပန်းကန်ကိုဆွဲယူ၍ ကော်ဖီပန်းကန်ကို လက်ကမ်းပေးလိုက်မှ အထွန်းယူသောက်တော့၏။ ကော်ဖီသောက်တော့လည်း မျက်နှာရှုံ့မဲ့သွားတာမို့

"ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

"ကော်ဖီလည်း ကျွန်တော်မကြိုက်ဘူး ...၊ မမသောက်လို့

www.burmeseclassic.com

www.burmeseclassic.com



သောက်တာ''

''ဖြစ်မှဖြစ်ရလေ၊ မင်းကတော့လေ ကဲရေနွေးပဲသောက်၊ ရေနွေးမသောက်တတ်ရင် ရေသန့်ဘူးမှာလိုက်''

''ရတယ်။ ။ ရတယ် အဆင်ပြေပါတယ်မမ၊ ဟို။ ။ မမနာမည်က''

''ပွင့်ဖူးခိုင် . . . မင်းကနာမည်တောင်မသိဘဲ တို့ကိုမိတ်ဆက်ရလား၊ မင်းမှာဘာရည်ရွယ်ချက်တွေရှိလို့လဲ''

''ရည်ရွယ်ချက် . . . ဘာရည်ရွယ်ချက်ရှိရမှာလဲ၊ မမကို စိတ်ဝင်စားမိလို့ပါဆို၊ မမရဲ့အလှတရားတွေက ကျွန်တော့်ကိုဆွဲဆောင်နေတာ''

''အံမယ် ပြောတတ်လိုက်တာ''

ရင်ခုန်အောင်ပြုံးစားနေတာ မင်းပါလို့ပြောလိုက်လျှင် ကောင်လေးရောင့်တက်သွားပေလိမ့်မည်။ ကောင်ငယ်လေးတွေ ရင်ခုန်အောင်လုပ်တတ်မှန်း သူမအခုမှသိ၏။

ကားက အကောင်းစားကြီးမို့ သာမန်လူတန်းစားထဲကတော့ မဖြစ်နိုင်။ လူချမ်းသာအသိုက်အဝန်းထဲကဆိုလျှင်တော့ သူမအတွက် အချစ်ရော ဥစ္စာခနရော ပြည့်စုံပြီပေါ့။

ကောင်လေး . . . မင်းလည်းတို့ကို ဆွဲဆောင်နိုင်တာပါပဲ။ အံ့ရှယ်ရော စကားလုံးတွေရော၊ တို့နှလုံးသားကို အရမ်းကိုလှုပ်ခတ်နိုင်စွမ်းရှိပါတယ်။

တို့နှလုံးသားက မင်းကိုငြိတွယ်သွားပြီထင်တယ် အထွန်းရယ်။

၀၀၀

## အခန်း (၂၆)

''မမ''

''ဟိတ်ကောင့်လေး၊ အထွန်း အတင့်ရဲလိုက်တာ၊ ကုမ္ပဏီအနားထိလာရလား''

''မမ အလုပ်ပြန် ကျွန်တော်လာကြိုတာ''

''မောင်း မြန်မြန်မောင်း''

ကားပေါ်အမြန်တက် ကားကိုတယ်သူမှသတိမထားမိခင် အမြန်မောင်းခိုင်းလိုက်ရသည်။ ညနေလာကြိုသည့်ကားအရောင်ကတစ်မျိုး။ ဒီကောင်လေး ကားထည်လဲစီးပြီး ဘာတွေလုပ်နေတာလဲ။

ဦးမြင့်သွားလျှင် ဒုက္ခ။ လူကြီးပိုင်းတွေက ဝန်ထမ်းတွေအားလုံးအလုပ်ဆင်းပြီးလောက်မှ ထွက်တတ်ပေမယ့် ဝန်ထမ်းအချင်းချင်းမြင်သွားလျှင်လည်း အတင်းပြောစရာဖြစ်မည်မို့ မကောင်းပေ။

ဦးနှင့်ကိစ္စ သတိထားမိသူမရှိသေးဘူးဆိုပေမယ့် သတင်းပေါက်ကြားသွားလျှင် ဦးနှင့်ပြဿနာတွေ တက်သွားနိုင်သည်။

''မမ ဘာကိုကြောက်နေတာလဲ တုန်နေသလိုပဲ''

''တုန်ရတာပေါ့၊ ကုမ္ပဏီနားထိမလာပါနဲ့လို့ ပြောထားတာကိုမင်းအတင့်ရဲလွန်းတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဟုတ်ပါပြီ မမရယ်၊ ဒါဆိုကျွန်တော်ခပ်လှမ်းလှမ်းက စောင့်မယ်၊ မနက်ကလိုက်ပို့တဲ့နေရာကလေ၊ မမက ဖယ်ရီကားမစီးဘဲ ကျွန်တော့်ဆီ လမ်းလျှောက်လာရမယ် ဘယ်လိုလဲ ကတိပေးလား"

"နေ့တိုင်းချည်း ဖယ်ရီမစီးဘဲ အဲဒီလိုလုပ်နေလို့ရောဖြစ်မလား သတိထားမိတဲ့လူက လိုက်ချောင်းကြည့်ပြီးသိမှာပဲပေါ့၊ မင်းလိုက်ပို့တာ တွေ လာကြိုတာတွေမလုပ်ပါနဲ့ကွာနော်၊ မမ တောင်းပန်ပါတယ်"

"အဲဒါဆို ကျွန်တော်ကမမကိုတွေ့ချင်တာ ဘယ်လိုလုပ်ရမလဲ"

"မင်းနဲ့ခက်ပါတယ်၊ ဘာလို့တို့ကို အဲဒီလောက်တွေ့ချင်နေရတာလဲ"

"ပြောပြီးပြီလေ၊ စိတ်ဝင်စားလို့ပါလို့၊ ဒီထက်တန်ဖိုးရှိတဲ့ စကား ပြောရရင် မမခိုင်ကို ကျွန်တော်ချစ်တယ်"

"ဗုဒ္ဓေါ ... မင်းနဲ့တို့အသက်က ခုနစ်နှစ် ရှစ်နှစ်လောက်ကွာ မယ်ထင်တယ်နော်၊ မင်းကရွယ်တူမိန်းကလေးတွေ စိတ်မဝင်စားဘဲ ဘာ လို့ တို့လိုအသက်ကြီးတဲ့သူကိုမှ စိတ်ဝင်စားရတာလဲ"

"ရွယ်တူတို့ ငယ်သူတို့ကို စိတ်မဝင်စားလို့ပေါ့. မမခိုင်ရယ် ကျွန်တော့်ထက် အသက်ကြီးတဲ့မမခိုင်ကို ရင်ခုန်တာ၊ ကျွန်တော့်ရဲ့ အပြစ်ရှိလို့လား။ ဟင် ပြောပါဦး မမခိုင်"

"ဟိတ် ... ကားကိုကြည့်မောင်း၊ တိုက်မိကုန်မယ်"

ကားမောင်းနေရင်းနှင့် သူမပခုံးပေါ် မှီနွဲ့ချလိုက်တော့မလို့လုပ် ရင်း ပြောနေတာမို့ ထိတ်လန့်တကြား သူ့ပခုံးကြီးကိုတွန်းလိုက်ရသည်။ အထွန်းက တဟဲဟဲသဘောကျသွားကာ

"မမနဲ့တောင် အတူတူမနေရသေးဘဲ၊ ကျွန်တော်အသေခံ နိုင်ပါဘူး မမရယ်၊ မမဘာမှမဖြစ်စေရဘူး စိတ်ချ၊ ကျွန်တော်အသက်နဲ့ လဲပြီး ကာကွယ်သွားမယ်"



"အထွန်းနော် အရမ်းစကားတတ်တယ်၊ တွေ့တာတောင် ကြာသေးဘဲ မင်းဒီလိုစကားတွေပြောတာ မရဲတင်းလွန်းဘူးလား"

"မမကသာ ကျွန်တော့်ကို အခုမှတွေ့ဖူးတာလေ၊ ကျွန်တော် က ကျွန်တော့်ရဲ့နှလုံးသားထဲကနေ မမကိုရင်းနှီးနေတာကြာပြီ၊ မမရဲ့ အလှတရားတွေကိုခံစားပြီး ရင်ခုန်နေခဲ့တာလည်းကြာပြီ"

"မင်းကအပြောကောင်းလွန်းတယ်၊ မင်းအကြောင်း တို့ဘာမှ သေချာမသိရသေးဘဲနဲ့ ဘယ်လိုယုံကြည်ပြီး တို့ကလက်ခံရမှာလဲ"

"ကျွန်တော့်အကြောင်း မမဘာတွေသိချင်တာလဲ၊ ကျွန်တော် အားလုံးပြောပြမယ်၊ အဲဒီလိုပြောပြပြီးရင် ကျွန်တော့်အချစ်ကို မမလက်ခံ မှာလား"

"မင်းက တို့ကိုလာချူပ်နေတာပဲ၊ မင်းကတို့ထက်အရမ်းငယ် နေလို့ တို့ကမယုံရဲတာပါ၊ တကယ်လို့ တို့ကမင်းကိုအဖြေပြန်ပေးပြီးမှ အသက်ကြီးကြီးအစ်မကြီးကို မချစ်ချင်တော့ဘူးလို့ ထားပစ်ခဲ့ရင် တို့ ဘယ်လိုလုပ်မလဲ"

"အဟား"

ပွင့်ဖူးခိုင် အရမ်းလည်သည့်မိန်းမလို့ စိတ်ထဲအောက်မေ့လိုက် သည်။ သူမဘက်ကလည်း အပိုင်ဖမ်းနေတာပါပဲ။ သူ့ဘက်ကကြွေ လောက်သည့်စကားတွေနှင့် ခြွေနေပေမယ့် တိကျသော အာမခံချက်တွေ တောင်းနေ၏။

သူ့ဘက်ကလည်း ကြိုတင်ကြံစည်မှုတွေရှိပြီးသားမို့ စကား တွေ မှားမသွားအောင် သတိထားနေနိုင်ခြင်းဖြစ်သည်။ ခင်ဗျားလို မိန်းမ နှလုံးသားကို ကြွေသွားစေရမယ် ဒေါ်ပွင့်ဖူးခိုင်။

"မင်းကားကို ဘယ်မောင်းနေတာလဲ"

"ကန်ပေါင်လေ၊ ကားပေါ်မှာစကားပြောရတာ အားနာရလို့ဗျ၊

www.burmeseclassic.com

www.burmeseclassic.com



ကန်ပေါင်မှာ ညနေခင်းလေးလေးကို ရှုရှိုက်ပြီး စကားပြောရတာ ဘယ်လောက်အရသာရှိလိုက်မလဲ''

''အဲဒီကို ဘာလို့သွားမှာလဲ၊ အဲဒီနေရာက ချစ်သူစုံတွဲတွေသွား တာ''

''ဗမ အဲဒါကျတော့ အမြင်ကျဉ်းသွားပြီ၊ သူငယ်ချင်းအပေါင်း အသင်းတွေရော၊ မိသားစုတွေရော အပန်းဖြေအနားယူ လမ်းလျှောက် သွားကြပါတယ်၊ ကျွန်တော်တို့အတွက် ခေါင်းစဉ်တစ်ခုတပ်လို့ရအောင် သွားကြတာပေါ့ မဟုတ်ဘူးလား မမ''

မင်းသဘောပဲလို့ နှုတ်ကမထွက်မိအောင်ထိန်းရင်း ငြိမ်နေလိုက် မိသည်။ ဒီကောင်လေးဖွတ်တရွတ်ဖြစ်နေတာကို သူမဘာကြောင့် ကြည့်နူးနေမိတာလဲ။ တခြားတစ်ယောက်နှင့်ရော ဦးနှင့်ရော ဒီလိုနေ မျိုးကို တစ်ခါမှမလာဖူးပါ။

အသက်ကြီးသူတွေမို့ ဣန္ဒြေရစွာ စားသောက်ဆိုင်လိုနေရာမျိုး နှင့် တိုက်ခန်း၊ တည်းခိုခန်းလိုနေရာမျိုးမှာသာ တွေ့ဖြစ်ကြသည်။ နောက် ကြောင်းမရှင်းကြသူတွေမို့ ပုန်းခိုဖို့ နေရာရှာနေရတာနှင့် ရင်ခုန်ဖို့တောင် အချိန်မရ။

တွေးနေဆဲမှာပင် ကန်ပေါင်ကိုရောက်လာခဲ့ကြသည်။ ကားပေါ် က ဆင်းတော့ ကောင်လေးက သူမကိုလက်ကမ်း၏။ သူ့လက်ထဲကို သူမလက်ကလေးထည့်ပေးလိုက်လျှင် သူ့အချစ်ကိုလက်ခံလိုက်ပြီ ယူဆသွားမှာသေချာသည်။

''နေပါ တို့ဘာသာသွားပါ့မယ်''

''ကန်ပေါင်မှာ လက်ချင်းတွဲပြီး လမ်းလျှောက်ရင် အရမ်း ကြည်နူးစရာကောင်းတာ မမခိုင်ရဲ့''

''မင်းက ကောင်မလေးဘယ်နှယောက်နဲ့သွားဖူးလို့လဲ''



''သူများတွေကိုမြင်ပြီး စိတ်ကူးယဉ်ကြည့်တာပါ၊ မမ အခု ကျွန်တော့်လက်ကိုမတွဲချင်လည်းနေပါ၊ နောက်တော့တွဲမယ်လို့ စဉ်းစား ထားပါနော်''

''အဟင်း . . တို့ကပဲ မင်းလက်ကိုတွဲဖို့ကြိုစဉ်းစားထားရဦးမယ်''

''လက်တွဲရုံတင်မဟုတ်ဘူးနော်၊ ပြန်ချစ်ဖို့လည်း စဉ်းစားထား၊ ကျွန်တော်အကြာကြီးတော့ မစောင့်နိုင်ဘူး၊ ကြာရင်တော့ မမကို ကျွန်တော်ကားတင်ပြေးမှာ''

''ကြောက်နေရပါလား မောင်မင်းကြီးသားရယ်၊ ရှင်က ရှင့်စိတ် နဲ့ ရှင်ပြောနေပေမယ့် သူတို့သားထက် အသက်ကြီးတဲ့တို့ကို ရှင်မိဘ တွေက သဘောတူမှာတဲ့လား''

''ကျွန်တော်က သဘောတူအောင်ပြောမှာပေါ့မမရဲ့၊ ကျွန်တော် ချစ်တဲ့ မိန်းကလေးကို သဘောမတူကြည့်ပါလား၊ ကျွန်တော်ကကိုယ့် ကိုယ်ကိုယ် သတ်သေလိုက်မှာလို့ ခြိမ်းခြောက်မှာပေါ့၊ သားကိုအဆုံးရှုံး ခံနိုင်ရင် ချွေးမကိုလည်း လက်ခံရမှာပေါ့''

ကောင်လေးစကားတွေက ရင်ခုန်စရာကောင်းလှသည်။ တော် သေးရဲ့ မိန်းကလေးဆို ပစ်ပြီးကြွေသွားလောက်၏။ သူမကတော့ အတွေ့ အကြုံများခဲ့ပြီမို့ တော်တန်ရုံ ရင်ခုန်မလှုပ်ရှားတော့။ ဒါပေမဲ့ ကောင်လေး ရဲ့ အပြောလေးတွေမှာ သူမနစ်မျောချင်နေမိသည်။

ကောင်ငယ်ချောလေးက အပြောတင်မဟုတ်၊ ရုပ်ရည်လေး လည်း အထက်တန်းကျပြီး ဆွဲဆောင်မှုရှိသည်။ သူမနှင့်ပတ်သက် ပြီး မျှော်လင့်ထားတာလေးက ကြည်နူးစရာကောင်း၏။ ဒီအချိန်မှာ ဦး ကိုတောင်မေ့ထားမိသလိုပါ။

အထွန်းက ခုံတန်းလေးမှာ ဝင်ထိုင်လိုက်တော့ သူမပါဝင်ထိုင် လိုက်သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာမွေးချင်းမောင်နှမ ဘယ်နှစ်ယောက်ရှိလဲ"

"ဒါအင်တာဗျူးတာပေါ့လေ၊ မရှိပါဘူးခင်ဗျာ တစ်ဦးတည်း သောသားပါ"

"မိဘတွေက ဘာလုပ်ငန်းလုပ်တာလဲ"

"ဥပဒေနဲ့မလွတ်တာ၊ နိုင်ငံရေးနဲ့မကင်းတာ မလုပ်ဘူး။ သား ချွေးမကို တင့်တောင့်တင့်တယ်ထားနိုင်တဲ့ အသိုက်အဝန်းကပါ၊ မြေး တွေရဲ့အနာဂတ်ကိုပါ တာဝန်ယူနိုင်တဲ့ အဆင့်အတန်းဆိုတော့ မမသား ပူစရာမလိုပါဘူး"

"ကောင်လေးနော် စကားပြောတာက စည်းတွေဘောင်တွေ ကျော်လာပြီ၊ မင်းအကြောင်း မမအများကြီးမသိချင်တော့ပါဘူး။ စဉ်းစားပေးမယ်ဆိုရင် မင်းကျေးဇူးပါ"

ဒယ်ဒီ့ကိုဘယ်လိုလုပ်မှာလဲလို့ မေးပစ်လိုက်ချင်သည်။ တကယ် ကို အနှောင်အဖွဲ့ကင်းသူတစ်ယောက်လိုနေနိုင် ပြောနိုင်တာ အံ့ဩဖို့ကောင်းလွန်းသည်။ ဘယ်လောက်များ အကျင့်ပျက်လိုက်သည့် မိန်းမလဲ။ တကယ် ဆို ဒယ်ဒီ့အပေါ်သစ္စာရှိခဲ့သည်ဆိုလျှင် အိမ်ထောင် သည်။ မမက မလွတ်လပ်သူပါ။ မင်းရှေ့ဆက်မတိုးပါနဲ့။ ရပ်တန့် ရပ်လိုက်ပါဟု ငြင်းဆိုလို့ရသည်ပဲမဟုတ်လား။

အခုတော့ သူ့အတွက် အခွင့်အရေးတွေပေးနေသည်။ ရှေ့ ဆက်တိုးဖို့ မျှော်လင့်ချက်တွေပေးနေ၏။ တခြားယောကျ်ားတစ်ယောက် က ဒီလိုပတ်သက်အောင်ကြိုးစားလာလျှင်လည်း ငြင်းဆန်မည့် မိန်းမ မဟုတ်ပေ။

ဒီလိုမိန်းမမျိုးကို ဒယ်ဒီ ဘာတွေများ တန်ဖိုးထားနေတာလဲ။ တန်ဖိုးမဲ့သည့်မိန်းမမှန်းသိအောင် သားလုပ်ပြမယ်ဒယ်ဒီ။

○○○

## အခန်း (၂၇)

"သား ဒီရက်ထဲ မနက်စောထွက် ညမိုးချုပ်မှပြန်၊ ဘယ်တွေ ... ဘာတွေလုပ်နေတာလဲသား"

"သားလည်း သားကိစ္စလေးတွေရှိလို့ပါ ဒယ်ဒီ"

"အပြင်မှာဝေလေလေလုပ်နေတာမျိုးတော့ ဒယ်ဒီမဖြစ်စေချင် ...။ သားဒီမှာပညာဆက်သင်တာဖြစ်ဖြစ်၊ ဝါသနာပါတဲ့ သင်တန်း ... တက်တာဖြစ်ဖြစ်၊ ကုမ္ပဏီမှာဝင်လုပ်တာဖြစ်ဖြစ်၊ စိတ်တည်ငြိမ်မယ့် ... ကိုလုပ်ပါလားသား"

"စိတ်မတည်ငြိမ်အောင် သားကဘာလုပ်နေလို့လဲ ဒယ်ဒီ၊ မာမီ ... က် စိတ်မကောင်းဖြစ်နေတာကလွဲရင် သားတခြားဘာမှစိတ်မဝင် ... သေးလို့ပါ၊ သားလုပ်ချင်တဲ့အချိန် လုပ်သင့်တဲ့အချိန်ကျရင် လုပ်ပါ့ ..."

"သေတဲ့လူက သေသွားပြီ၊ ကျန်တဲ့သူက အချိန်ကိုတန်ဖိုးရှိရှိ ... ချရမှာပေါ့သား။ သားအဘိုးမနက်က ကုမ္ပဏီကိုလာသွားသေး ... မြေးလေးကို မင်းကကုမ္ပဏီကို မခေါ်တာလားတဲ့"

"အဲဒီကိစ္စအဘိုးကို သားပြောထားပါတယ်၊ သားစိတ်မဝင်စား ... လို့ပါလို့"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . သူ့ဘက်ကတော့ ဒယ်ဒီ့ကိုတစ်မျိုးထင် ထင်နေမှာပေါ့။ သားကိုဘာတွေစိတ်ညစ်အောင်လုပ်ပြီး ကုမ္ပဏီကို မ နိုင်းလဲလို့"

"ဒယ်ဒီကရော သားကိုတကယ်လာစေချင်တာဟုတ်ရဲ့ ကုမ္ပဏီမှာ သားမသိစေချင်တဲ့ကိစ္စမျိုးရောမရှိဘူးလား ဒယ်ဒီ"

"သား"

ဦးမင်းဆက်ရာ မျက်နှာပျက်သွားသည်။ သားကဘာတွေ ဘယ်လောက်ထိ သိထားလဲ။ ဘာကြောင့် သိနေတာလဲ။

သားအမေက မပြောခဲ့ဘူးဆိုလျှင် သားသိစရာအကြော မရှိတာ။ သံသယနှင့်ပဲ စွပ်စွဲနေတာလား။ ဒါဆို သံသယရှင်းအော ငြင်းရုံပဲရှိတာပေါ့။ အမှန်အတိုင်းပြောခဲ့တော့လည်း သားကလက် တာမှမဟုတ်တာ။

"သား ဘာတွေသံသယဖြစ်နေလဲတော့မသိဘူး။ ကုမ္ပဏီ သားကိုမသိစေချင်တဲ့ကိစ္စမျိုးတော့မရှိပါဘူးသား။ ဒါပေမဲ့ တခြား"

"တခြားမှာတော့ရှိတယ်ပေါ့၊ အဲဒီတခြားကြောင့် မာမီသေ တာဆိုရင် ဒယ်ဒီ့မှာရော၊ အဲဒီတခြားတစ်ယောက်မှာရော အပြစ်ရှိတ ဒယ်ဒီ၊ အဲဒီအပြစ်အတွက် နှစ်ယောက်လုံးပေးဆပ်ရလိမ့်မယ်"

"ဒယ်ဒီက သားရဲ့အဖေနော်၊ ဒယ်ဒီ့ကိုခြိမ်းခြောက်တာ မလုပ်ပါနဲ့သား။ သားမျက်နှာကြောင့် ဒယ်ဒီဘာမှဖွတ်တရွတ်မလုပ်ခ ဘူး"

"မာမီ့မျက်နှာကိုတော့မထောက်ဘဲ ဒယ်ဒီအပျော်ရှာခဲ့တ မဟုတ်လား ဒယ်ဒီ၊ အိမ်ထောင်ရှိရှိ မရှိရှိယောကျ်ားတွေ အပျော် တတ်တာသိပ်မဆန်းပေမယ့် အိမ်ထောင်တစ်ခုပျက်စီးလောက်အော တစ်ဖက်ကို အရမ်းတန်ဖိုးထားတာမျိုးတော့ မဖြစ်သင့်ဘူးထင်တယ်"



"အပေါစားတစ်ယောက်လို ဆက်ဆံသင့်တဲ့သူမှ ဆက်ဆံလို့ ာပေါ့သား"

"ဒါဆို ဒယ်ဒီပတ်သက်လိုက်တဲ့ မိန်းကလေးက အရမ်းကို န်ဖိုးရှိတယ်လို့ဆိုလိုချင်တာလား ဒယ်ဒီ၊ ကလေးဖျက်ချဖူး"

"သား . . . မိန်းကလေးတစ်ယောက်တန်ဖိုးက ကလေးတစ် ောက်ဖျက်ချဖူးရုံနဲ့ ကျဆင်းသွားတာမဟုတ်ပါဘူး။ အရွယ်ရောက်လာ ် ချစ်သူဆိုတာထားဖူးတဲ့သူတွေချည်းပဲ၊ မိန်းကလေးဆိုတော့ တစ် ာတာအတွက် အားကိုးချင်စိတ်နဲ့ပုံအပ်ပြီး မှားယွင်းကြတယ်၊ တကယ် ်တော့ ဒယ်ဒီတို့ယောကျ်ားတွေကပဲ တာဝန်မဲ့ကြတာပါသား၊ ပွင့် . . . အဲ . . . အဲဒီမိန်းကလေးဘဝကသာ သနားစရာကောင်းတာပါ"

ဒယ်ဒီ့စကားတွေနားထောင်ပြီး သူ့အရမ်းကိုအံ့ဩသွားမိသည်။ မရဲ့ပြောစကားတွေပဲ ဒယ်ဒီယုံနေမှာပေါ့၊ မာယာတွေနှင့် သနား ာင်ပြောပြီး သိမ်းသွင်းခဲ့သည်ဆိုတာ ဒယ်ဒီသိမှာမဟုတ်။

ဒယ်ဒီ့ကိုကြည့်ကာ မာမီ့အတွက် ရင်တွေပိုနာလာမိသည်။ မဲ့ ဒယ်ဒီ့ကိုသူ့အဆုံးရှုံးမခံနိုင်ပါ။ တန်ဖိုးမဲ့သောမိန်းမလက်ထဲ မထည့် ်နိုင်ပါ။

"သားအိပ်တော့မယ် ဒယ်ဒီ"

"ဟင် . . . ညစာမစားတော့ဘူးလားသား၊ ဒယ်ဒီက သားကို င့်နေတာ"

"မာမီမပါတဲ့ ထမင်းဝိုင်းက အသက်မဲ့နေသလိုပဲဒယ်ဒီ၊ သား ုံးယောက်၊ တစ်ယောက်ပါးစပ်ထဲတစ်ယောက် ခွံ့ကျွေးပြီး ကြည်နူး ွင်ခဲ့တဲ့ မိသားစုဘဝက မိန်းမတစ်ယောက်ကြောင့် ပျက်စီးခဲ့ရတာ အရမ်းကိုနာကြည်းမုန်းတီးမိတယ်၊ ကံတရားကြောင့်လို့ သားမဖြ သားသရွေ့ ဒယ်ဒီနဲ့သား ဝေးဝေးပဲနေကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သားရယ်"

ရင်ထဲနှင့်ခနဲနေအောင် ခံစားလိုက်ရသည်။ သားရဲ့စကား တွေက ပြင်းထန်စူးရှလွန်း၏။ သူ့အမေဆုံးတာမကြာသေးတာမို့ ခံစားနေရတာအပြစ်မဆိုသာပါ။ သားက အသက်ငယ်သေးသလို သားလည်း နုနယ်သေးသည်။ လောကကြီးအကြောင်း သေချာမသိ လို့ ကိုယ်နှင့်ပွင့်ဖူးကိစ္စကိုလည်း နားလည်ဖို့ခက်နေသေးတာပါ။

မမလှိုင်ကိစ္စသွေးအေးချိန်ရောက်လျှင်တော့ ပွင့်ဖူးနှင့်ကိစ္စ ကိုနားဝင်အောင် နားလည်အောင် လက်ခံလာအောင်ပြောပြရမည်။

တစ်ချိန်ကျလျှင် သားလည်းချစ်သူရှိလာမှာပါ။ ချစ်သူရှိ လျှင်တော့ ကိုယ်နှင့်ပွင့်ဖူးကိစ္စကိုလည်း နားလည်ပေးတတ်လာလိမ့်

အချစ်ဟာ နုပျိုမှုတွေနှင့် အသစ်တွေပဲဆိုတာ . . . ။

○○○

# အခန်း (၂၈)

"ဘာပြောတယ် ပွင့်ဖူး။ ညည်းကောင်လေးတစ်ယောက်တွေ့ ဘာပြန်ပြီ၊ ညည်းပဲကြီးတာတွေ့လိုက် ငယ်တာတွေ့လိုက်၊ တွေ့ပဲတွေ့ နိုင်လွန်းတယ်၊ ညည်းဟိုဟာကြီးကို ဘယ်လိုလုပ်မှာတုန်း"

"သူမလာတာကြာပြီ ဒေါ်လေးမိုးရဲ့၊ သူ့မိန်းမသေပြီးကတည်း က တိုက်ခန်းကို တစ်ခါပဲလာသေးတယ်"

"ကုမ္ပဏီမှာတော့ ညည်းတို့အမြဲတွေ့နေကြတယ်မဟုတ်လား"

"သူများတွေ သတိထားမိမှာစိုးလို့ သူစိမ်းလို ခပ်ကင်းကင်း နေရတာပါ ဒေါ်လေးရယ်၊ သူ့သားရောက်နေလို့ဆိုပြီး အပြင်မှာလည်း တွေ့လို့မရနဲ့ ဖီးလ်မလာတော့ပါဘူး"

"ဖြစ်ရမယ်၊ သူနဲ့ကင်းကင်းဝေးဝေးဖြစ်နေတော့ ညည်းမနေ တတ် မထိုင်တတ်ဖြစ်နေတာနဲ့ ကောင်လေးကိုဆွဲစိပြီး စိတ်ဖြေမလို့ လား"

"အဟင်း . . . ဒေါ်လေးကလည်း အဲဒီလိုမပြောပါနဲ့၊ အခုဟာ က ပွင့်ဖူးစတဲ့ဇာတ်လမ်းမဟုတ်ပါဘူး၊ သူက စိတ်ဝင်စားလို့ဆိုပြီး ပွင့်ဖူး ကို အရင်ရောတာပါ၊ ပွင့်ဖူးက လက်ခံသင့် လက်မခံသင့် စဉ်းစားတုန်း ရှိသေးတယ်"

www.burmeseclassic.com



ဒေါ်မိုးဝေ မျက်စောင်းထိုးပြီး နှုတ်ခမ်းကိုမဲ့ပစ်လိုက်သည်။

"ညည်းအကြောင်း ငါမသိရင်ခက်မယ်ပွင့်ဖူးရယ်၊ ညည်းဘာ... က စိတ်မပါဘဲ ငါ့ကိုလာမပြောပါဘူး။ ညည်းတစ်ခုခုလုပ်တော့မယ်... အသိပေးသလိုလို တိုင်ပင်သလိုလိုနဲ့ ပြီးတော့လည်း ငါပြောတာ လ... တာမဟုတ်ဘူး။ ညည်းလုပ်ချင်ရာလုပ်တာ၊ အခုလည်း ငါသတိပေး... မယ်နော်၊ မင်းဆက်ရာက လူမလာနိုင်ပေမယ့် ထောက်ပံ့ပေးကြ... တာမဟုတ်လား။ လက်ထပ်စာချုပ်ကလည်း လုပ်ထားတယ်၊ ညည်း... ကိုင်းကြလိုက်လို့တော့ မဖြစ်ဘူး။ ပြဿနာတွေရှုပ်ကုန်လိမ့်မယ်"

ဒေါ်လေးသုပ်ထားသော လက်ဖက်သုပ်ကို တစ်ဖွန်းခပ်စား... ပွင့်ဖူးအရေးမပါသလို ခပ်မဲ့မဲ့လေးပြုံးလိုက်၏။

"သူတရားဝင် တင့်တောင့်တင့်တယ် မင်္ဂလာဆောင်ယူ... တာမဟုတ်ပါဘူး ဒေါ်လေး။ ပွင့်ဖူးကို အလေးအနက်ထားရင် သူ... ကြီးပစ်ထားပါ့မလား။ အခုက သူ့မယားသေတာကို အကြောင်းပြ... သားပြန်ရောက်နေတာကို အကြောင်းပြနဲ့ ဥပေက္ခာပြုခံထားရတယ်၊ ... လေးဆက်ဖို့တောင် သူ့သားကိုကြောက်နေရတဲ့ပုံစံမျိုး။ ပြီးတော့ အခု... ပွင့်ဖူးဆီလာလည်း အခွံပဲပါလာမှာ"

"ဟဲ့ ... ဘာဖြစ်လို့လဲ"

"လုပ်ငန်းတွေ အိမ်တွေ ပိုင်ဆိုင်မှုတွေအားလုံး သူ့သားနာ... နဲ့ အကုန်လွှဲပေးရမယ်လို့ ယောက္ခမကြီးက ပြောတယ်တဲ့၊ သမီးသေ... အငယ်အနှောင်းကိုစွကြောင့်ဖြစ်ရမယ်လို့ သံသယဝင်ပြီး အငယ်စံစား... ရမှာစိုးလို့ အဲဒီလိုစီစဉ်တာနေမှာပေါ့"

"ညည်းတို့ကိစ္စ သိသွားလို့လား"

"သံသယဝင်ရုံလောက်နဲ့ ဒီလောက်စီစဉ်တာ၊ တကယ်သေ... သိရင် သူ့သမီးကိုသတ်တဲ့အမှုနဲ့ ထောင်ချတောင်ခံနေရလောက်ပြီ"



"အဲဒီလိုတွေလားဟယ်၊ စိတ်ညစ်စရာ၊ ပွင့်ဖူး ညည်းတော့ ချမ်းချမ်းသာသာ အေးအေးသက်သာ သူဌေးကတော်လိုနေရမယ့်ကံ ပါဘူးထင်တယ်၊ နောက်ကြောင်းမရှင်းတဲ့သူတွေနဲ့ ပတ်သက်မိလို့ အဲဒီ လိုဖြစ်နေတာများလား"

ပွင့်ဖူးခိုင် လက်ဖျစ်တီးကာ ခေါင်းညိတ်ထောက်ခံလိုက်၏။

"ဒါပေါ့ ဒေါ်လေး။ ပွင့်ဖူးလှူရွေးတာမှားနေတာ၊ အိမ်ထောင် သည်တွေ ဒီလိုလူကြီးတွေနဲ့ ပတ်သက်နေတော့ ပြောရရင် အရိုးအရင်း လောက်ပဲ ကိုက်ရသလိုဖြစ်နေတာ၊ ပြီးတော့ မသာထာရေစာစားပြီး အပြစ်ကကြီး ရေ့ကရဦးမယ်"

"အခုမှပဲ သိသလား။ ငါတားတော့ဖြင့် မရဘဲနဲ့"

"သာယာမိတာကိုး ဒေါ်လေးရယ်၊ မြိုးမြိုးမြက်မြက်လည်း စံစား ရမယ်ထင်တာပေါ့၊ ပွင့်ဖူး အနေအထားက ဆရာဝန်၊ အင်ဂျင်နီယာဖြစ် နေမယ်ဆိုရင်လည်း အဲဒီအတန်းအစားကလူနဲ့ ဖူးစာကံပါဦးမယ်၊ လူဆို တာ သူ့အဆင့်အတန်း၊ သူ့အသိုက်အဝန်းကလူနဲ့ပဲ ပတ်သက်ကြတာ၊ ပွင့်ဖူးက ရပ်ကွက်ငယ်လေးထဲမှာ အိမ်ငယ်လေးနဲ့နေပြီး ပညာလည်း မပြည့်စုံမှတော့ သူဌေးသား လူပျိုလူလွတ်လုပ်ငန်းရှင်နဲ့ ရနိုင်ပါ့မလား"

"အခုတော့ရော"

"အခု ဦးရဲ့ကောင်းမှုကြောင့် နေရာကောင်းတဲ့တိုက်ခန်းမှာ နေနိုင်တာနဲ့ သူဌေးသားလူပျိုလူလွတ်ကလေးက လာပြီးပတ်သက်နေပြီ လေ၊ လူကိုနေတဲ့နေရာနဲ့ အဆင့်အတန်းကြည့်ကြတယ်ဆိုတာ အမှန်ပဲ၊ ကိုယ်လုပ်တဲ့လုပ်ငန်းနေရာကလည်း အရေးပါလိမ့်မယ်၊ မြို့ထဲကနာမည် ကြီးကုမ္ပဏီမှာလုပ်တော့ ရုပ်ရည်၊ ပညာ၊ အသိုက်အဝန်းကောင်းလို့သာ ဒီလိုနေရာမှာ အလုပ်ရတာလို့တွေးပြီး နောက်ကြောင်းကိုတောင် စုံစမ်း စားပုံမပေါ်ဘူး"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဒေါ်နှင်းယုလှိုင်ယောကျ်ားကျေးဖူးကြောင့်ပေါ့"

အဲဒါကျတော့ သူမ ငြင်းလို့မဖြစ်။ ဦးနှင့်ပတ်သက်မိလို့ ဦး ကျေးဖူးကြောင့် အဆင့်အတန်းရှိသည့်နေရာမှာ တိုက်ခန်းနှင့်နေနိုင်ပြီ ကုမ္ပဏီကောင်းကောင်းမှာ အလုပ်လုပ်၍ အထွန်းဆိုသော ကောင်လေး နှင့် ဆုံဆည်းရခြင်းပင်။ ကောင်လေးက တကယ်ကိုအထက်တန်းလွှာ လူချမ်းသာတစ်ယောက်ဖြစ်နိုင်သည်။ မနက်က ထည့်လဲစီးလာတတ်သည့် ကားက တန်ဖိုးကြီး။ ရုပ်ရည်ကလည်း ချောမောသန့်ပြန့်ကာ အဝတ် အစားဝတ်တာကအစ စတိုင်လ်ကျသည်။ စကားပြောတာလည်း ဒ ဆောင်မှုရှိပြီး သူမကိုလက်ထပ်ဖို့အထိ တန်ဖိုးထားနေတာမို့ သူမ က ကောင်းလာပြီဟုပဲ ပြောရတော့မလား။

ဦးကိုစွကတော့ နှစ်ဦးသဘောတူလက်ထပ်စာချုပ်နှင့် တိုက်ခန်း ကိုပြန်ပေးလိုက်လျှင် ဖြေရှင်းပြီးသားဖြစ်သွားပေလိမ့်မည်။ သူလည်း သူ့သားလောက်ဓာင် သူမကိုတန်ဖိုးထားလိမ့်မည်မဟုတ်ပါ။

"ဟဲ့ . . . ပွင့်ဖူး ငါပြောတာမကြားဘူးလား။ ဘာတွေတွေးနေ တာလဲ"

"ဒေါ်လေးပြောတာ ကြားပါတယ်ဒေါ်လေးရဲ့၊ ပွင့်ဖူးလည်း အဲဒီကိစ္စတော့ ဦးကိုကျေးဖူးတင်ပါတယ်၊ သူထားတဲ့ပတ်ဝန်းကျင်ကြောင့် ပွင့်ဖူးအရောင်ပြောင်းသွားတယ်ဆိုတာ ပွင့်ဖူးလက်ခံတယ်၊ ဒါပေမဲ့ ဘဝ တစ်ခုလုံးတစ်သက်လုံး အနစ်နာခံရမယ်ဆိုရင်တော့ မတန်ဘူးလေ၊ ဒီ ထက်ကောင်းမယ့်ဘဝဆိုရင်တော့ ပွင့်ဖူး ရွေးချယ်ရမှာပေါ့"

"ညည်းပဲတတ်နိုင်တယ်၊ အစကတော့လည်း ဒီလိုတိုက်ခန်း လေးနဲ့နေရရင် သေပျော်ပါပြီဆို၊ ဦးမှဦး ချစ်လိုက်တာဖြင့်တုန်လို့၊ အခု ငယ်စာစားချင်ပြန်ပြီလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ သူမှပွင့်ဖူးကို အလေးအနက်



ထားတော့တာ၊ ပွင့်ဖူးက မလာသေးဘူးလားလို့ ဂျစ်တိုက်ရင်လည်း သာလိုက်တာနဲ့ ဘာမှလည်းပါလာမှာမဟုတ်ဘူး၊ ဒီအသက်အရွယ်ကြီး နဲ့ အစကနေပြန်ရုန်းကန်ရမယ်ဆိုရင်တော့ ပွင့်ဖူး မလုပ်ချင်ဘူး"

"အေးပေါ့အေ . . . ကျုပ်ကလည်း ညည်းကိုချမ်းချမ်းသာသာ ထားနိုင်ဘူးဆိုတော့ ညည်းကောင်းမယ်ထင်သလိုသာလုပ်၊ ဒါနဲ့တိုက် ခန်းမှာ ညည်းတစ်ယောက်တည်း အဆင်ပြေရဲ့လား၊ သူမလာရင် ငါ့အိမ် ပြန်လာနေတာမဟုတ်ဘူး၊ ငါလည်း တစ်ယောက်တည်းဖြစ်နေတာ"

"ပွင့်ဖူးကတော့လာလို့မဖြစ်သေးဘူးလေ၊ အဲဒီနေရာမှာနေလို့ အဲဒီလူချမ်းသာအဆင့်အတန်းရှိတဲ့ကောင်လေးနဲ့တွေ့ရတာ၊ ပွင့်ဖူးတစ် ယောက်တည်းနေတာ စိတ်မချရင် ဒေါ်လေးလာနေပါ့လား"

"မနေနိုင်ပါဘူးတော်၊ ညည်းတို့တိုက်ခန်း ဘယ်လောက်ကျယ် တယ်ပြောပြော ဝရန်တာမထွက်ရင် ပတ်ဝန်းကျင်လည်းမြင်ရတာ မဟုတ် ဘူး၊ အပြင်သွားချင်လည်း လှေကားထစ်တက်ရ ဆင်းရနဲ့သေမှာပဲ၊ အသက်ကြီးလို့ ဒူးကမကောင်း၊ ခါးကမကောင်းနဲ့ မဖြစ်ပါဘူး၊ ငါ့အိမ် လေးမှာ ငါနေတာပဲ ကောင်းပါတယ်၊ ပတ်ဝန်းကျင်နဲ့အော်ချင်အော် ဟစ်ချင်ဟစ်၊ ဈေးဘယ်နှခေါက်ထွက်မလဲ၊ အပြင်ဘယ်နှခေါက်သွားမလဲ၊ အဆင်ပြေမှပြေ"

"အဲဒါဆို ပွင့်ဖူးအတွက်လည်း စိတ်မချဖြစ်မနေနဲ့၊ ဒေါ်လေး အတွက် လစာထုတ်လို့ အသုံးစရိတ်လာကန်တော့တာ နောက်လည်း ဒေါ်လေးလိုအပ်ရင် ဖုန်းသာဆက်လိုက်ပါ"

"အေးပါအေ . . ညည်းအဲဒီလို အဆင်ပြေနေတော့လည်း ဒေါ်လေးဝမ်းသာပါတယ်၊ လင်ကောင်းသားကောင်းရပါစေလို့လည်း ဆုတောင်းနေတာပါ၊ ညည်းကို တကယ်အတည်တကျနဲ့ ချမ်းချမ်းသာ သာနေရတာ မြင်ချင်ပါပြီ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးဆုတောင်း မကြာခင်ပြည့်တော့မယ်လို့သာ အောက်မေ့လိုက်တော့ ဒေါ်လေးရေ၊ ပွင့်ဖူးခေါင်းတစ်ချက်ညိတ်တာနဲ့ အဆင်ပြေပြီ"

သူမကိုယ်သူမ ယုံကြည်ချက်ရှိနေတာကြောင့် ပြောလိုက်ခြင်းဖြစ်၏။ တကယ်ကို ကောင်လေးက တပူပူ တဂျီဂျီ ချစ်ခွင့်တောင်းနေတာမဟုတ်ပါလား။ ကုမ္ပဏီလိုက်ပို့လိုက် လာကြိုလိုက်ဖြင့် လူငယ်ပီပီ ဖွဲလည်းရှိလေသည်။ ဖွတ်တရွတ်ကြီး ပရမ်းပတာမဟုတ်ပေမယ့် ခြိမ်းခြောက်မှုလေးတွေဖြင့် သိမ်းသွင်းတတ်တာလည်း ရင်ခုန်စရာပင်။ သူ့ရဲ့ အပြုံးလေးတွေ အပြောလေးတွေ ကြားယောင်မြင်ယောင်နေမိတာဟာ အချစ်ဆိုသောအရာကြောင့်ပင် ဖြစ်မည်။

ဒါဟာ တကယ်အချစ်စစ်ကြောင့်ပဲလား ...။

○○○

# အခန်း (၂၉)

"တီ ... တီ"

"ဟင် ... အထွန်း"

သူမ တက္ကစီပေါ်ကဆင်းလိုက်စဉ်မှာပင် ကားဟွန်းတီးသံကြောင့် လှည့်ကြည့်မိလိုက်သည်။ အထွန်းက ကားပေါ်ကမဆင်းဘဲ လက်လှမ်းပြ၏။ သူ့ဆီ သူမလျှောက်သွားလိုက်သည်။

"ဘာလဲ အထွန်း၊ ဘယ်ချိန်ကတည်းက ဒီမှာရောက်နေတာလဲ"

"ရုံးပိတ်ရက်မို့ အပြင်သွားအောင်ခေါ်မလို့ ဖုန်းဆက်တာ ဖုန်းမကိုင်တာနဲ့ မမတိုက်ခန်းကို လာကြည့်တာမမရဲ့"

"ဪ ... ဟုတ်တယ် ဒေါ်လေးကိုလစာထုတ်လို့ ပိုက်ဆံသွားကန်တော့တာလေ၊ ဖုန်းကအခန်းထဲမှာကျန်ခဲ့တာ"

"ကျွန်တော်က မမတိုက်ခန်းပေါ်က ဘယ်အချိန်ဆင်းလာမလဲ စောင့်ကြည့်နေတာ"

"တိုက်ခန်းပေါ်လူရှိလား၊ မရှိဘူးလား၊ တက်မကြည့်ဘူးလား။ အချိန်ကုန်အောင် လာစောင့်နေတယ်"

"မိန်းကလေးတစ်ယောက်တည်းနေတဲ့အခန်းထဲ တက်မကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရဲပါဘူး မမရယ်၊ တော်ကြာ အခွင့်အရေးယူချင်တဲ့ကောင်လေးလို့ မမ အထင်သေးသွားတော့ ဘယ်လိုလုပ်မလဲ''

ကောင်လေးရဲ့စိတ်က အဲဒါမျိုးလေးတွေ ချစ်စရာကောင်းတာ ဖြစ်သည်။ လူကြီးတွေကတော့ အခွင့်အရေးကိုရသလောက် အကုန်ယူ ချင်ကြတာဖြစ်၏။ စိတ်ကိုစမ်းချင်သည့်သဘောဖြင့် သူမ ပြုံးလိုက်ပြီး

''အခုအိမ်ရှင်က ဖိတ်မယ်ဆိုရင်ရော အလည်လိုက်မှာလား''

''မမတစ်ယောက်တည်းဆိုရင်တော့ မလိုက်တော့ပါဘူး ကျွန်တော် နေ့လယ်စာမစားရသေးဘူး မမ၊ အပြင်မှာ တစ်ခုခုသွားစား ရအောင်လေ''

''မင်းကမလိုက်တော့လည်း အပြင်မှာစားတာ တို့ညှိခံပါ့မယ် လစာထုတ်ထားတော့ မင်းစိတ်ကြိုက်စားချင်တာစား''

''အိုကေ''

သူမ စိတ်ပါလက်ပါနှင့်ပင် သူ့နောက်လိုက်လာခဲ့သည်။ အခွင့် အရေးမယူတတ်သည့်ကောင်လေးစိတ်လေးက လေးစားစရာပါ။ ဒီ ကောင်လေးအမှတ်ပြည့်ရအောင်ပဲယူနေတာလား။

''မင်းဘယ်သွားမှာလဲ''

''အစားအသောက်ကောင်းရတဲ့ဆိုင်ပေါ့''

''တို့ကတော့ ဖေါ်လေးဆီက နေ့လယ်စာ စားလာခဲ့ပြီနော်''

''ကျွန်တော်လည်း အရမ်းဆာနေတာတော့ မဟုတ်ပါဘူး ရုပ်ရှင်သွားကြည့်ကြမလား မမ''

''စိတ်ကပြောင်းသွားပြန်ပြီ၊ မင်းသဘောပဲ''

သူမလိုက်လျောမှုတွေ ပေးမိပြန်၏။ ဒီကောင်လေးဆီမှာ တဖြည်းဖြည်း ဖွဲ့လမ်းမှုများနှင့် နှစ်မျောပျော်ဝင်ချင်နေသည်ဆိုတာ ဝန်ခံ တော့မည်ထင်သည်။ သူ့ဆန္ဒအတိုင်း သူမတို့ရုပ်ရှင်နေ့လယ်ပွဲကြည့် ကြသည်။ ပွဲပြီးသောအခါ နေ့လယ်စာစားကြသည်။ ထိုအချိန်ထိ ချမ်းစွာပင် အခွင့်အရေးယူသည့် စကားလည်းမပြော၊ အပြုအမူမျိုး ည်းမလုပ်ခဲ့ပါ။



တကယ်ပဲ သူမအပေါ် ဒီကောင်လေးတန်ဖိုးထားလို့ပဲ။ တစ်ခါ စ်ရံ မျက်နှာသွင်ပြင်က မာကျောခက်ထန်သည့် အသွင်အပြင်မျိုး င်းသွားတတ်ပေမယ့် အထက်တန်းကျ အဆင့်အတန်းရှိသော စရိုက် မျိုးနှင့်သာဖြစ်သည်။

''မမ ကန်ပေါင်ကိုသွားရအောင်''

''မင်းပဲ အမျိုးမျိုးပူဆာနေတော့တာ''

အထွန်းရယ်၏။ သူမ မငြိုငြင်မှာလည်း သူသဘောပေါက်ပုံရ ည်။ ညနေစောင်းကြီးမဟုတ်သေးသည့်အတွက် ကန်ပေါင်ကလေငွေ့ က မအေးသေး။ နေလုံးကြီးမကွယ်သေး၍ အပူငွေ့ကျန်နေသေးသော န်းလေးမှာ နှစ်ယောက်သားထိုင်လိုက်ကြသည်။

''အထွန်း''

''ဗျာ''

''မင်း တို့အတွက်ဘာလို့အချိန်တွေဖြုန်းနေတာလဲ''

''မမနဲ့အတူရှိနေတာ ကျွန်တော့်အတွက်ကြည်နူးစရာကောင်း တာ၊ အချိန်ဖြုန်းတယ်ခေါ်မလား''

''မင်းနဲ့တို့က အသက်ခုနစ်နှစ် ရှစ်နှစ်လောက်တောင်ကွာ ယ်နော်၊ မင်းမိဘတွေ သဘောတူမှာမဟုတ်ဘူး။ မင်းစဉ်းစားဦး''

''အသက်ကွာတာ စဉ်းစားစရာလား။ တစ်ယောက်နဲ့တစ် ာက် သစ္စာရှိရှိချစ်ဖို့ပဲ အရေးကြီးတာပါ''

''မင်းမိဘတွေ သဘောမတူဘူးဆိုရင်''

''ကျွန်တော့်မှာ မာမီမရှိတော့ဘူး။ ဒယ်ဒီပဲရှိတယ်၊ ဒယ်ဒီက

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုချစ်တော့ လက်ခံပေးလောက်ပါတယ်''

"မင်းပြောကြည့်ပြီးပြီလား''

"မမမှ အဖြေမပေးသေးတာ''

"ချစ်ကြပြီးမှ မင်းဒယ်ဒီသဘောမတူလို့ လမ်းခွဲရမယ်ဆိုရင်''

"ကျွန်တော့်ကို မမချစ်နေဖို့ပဲအရေးကြီးတာပါ၊ ဒယ်ဒီ့ကို ကျွန်တော်ရအောင်ပြောမယ်၊ ပြီးတော့ မမစိတ်ပြောင်းမသွားရဘူး''

"ဘာကိုလဲ''

"ဒယ်ဒီသဘောမတူဘူးပြောလည်း ကျွန်တော့်ကို မမ မထား ခဲ့ရဘူး။ ကျွန်တော်တို့နှစ်ယောက် အတူရင်ဆိုင်လို့ရတာပဲ''

"မင်းဘက်ကသေချာလုံ့ချည်လား''

"ဒီထက် သေချာချင်ရင် ကျွန်တော်တို့လက်မှတ်ထိုးထား မယ်လေ''

"တော်ပါပြီကွာ၊ မင်းကိုတို့ယုံပါပြီ''

"ဒါဆို ကျွန်တော့်ကိုအဖြေပေးတာလား''

"ဘယ်သူပြောလဲ၊ မင်းကိုအဖြေပေးတာလို့''

"ယုံပါပြီဆို''

"ယုံပြီဆိုတာနဲ့ပဲ အဖြေပေးတာဖြစ်ရောလား''

"မမရာ အသည်းယားအောင်မလုပ်နဲ့''

"ဟိတ် ... ကောင်လေး''

သူမ ပခုံးလေးကိုတင်းကျပ်စွာ ဆွဲယူပွေ့ဖက်ပစ်လိုက်သည် ချစ်လို့တော့မဟုတ်ပါ။ မာမီ့ကို သေစေခဲ့သော အဓိကတရားခံမို့ နာကြည်း မုန်းတီးစိတ်များနှင့် ဖျစ်ညှစ်ပစ်လိုက်ခြင်းဖြစ်သည်။

ဖြစ်နိုင်လျှင် ဒီနေရာမှာပဲ သေသွားအောင်လည်ပင်းကိုဖျစ် တောင် သတ်ပစ်လိုက်ချင်တာပါ။ ဒါပေမဲ့ သူဒီလိုလုပ်လိုက်လို့ လက်စား



ရာရောက်မှာမဟုတ်။ ဒယ်ဒီ့ကို နောင်တရအောင်လုပ်ရာရောက်မှာ ဟုတ်။ မာမီခံစားခဲ့ရသလို ဒယ်ဒီပြန်ခံစားရမှ မာမီ့အတွက် ပေးဆပ်ရာ ာက်ပေလိမ့်မည်။

"မမ.. ကျွန်တော့်ကိုချစ်တယ်နော်''

"အင်း''

"ဘယ်လိုကြီးဖြေတာလဲဗျာ၊ ချစ်တယ်ဆို ချစ်တယ်လို့ ပြောပါ ား လူကိုကသိကအောက်ဖြစ်အောင်လုပ်နေတယ်''

"အဟင်း ချစ်ပါသတဲ့ရှင်၊ ကဲ.. ကျေနပ်ပြီလား''

"အဟား ... တကယ်နော်''

တကယ်သာချစ်ခဲ့မိလျှင် ကြည်နူးစွာ ထခုန်မိမလားမသိ။ အခု ာ့ ထိုစကားကြားလိုက်ချိန်မှာ ရင်ဘတ်ထဲကသေလောက်အောင် သည်။ ဒီမိန်းမဒယ်ဒီ့အပေါ်လည်း သစ္စာမရှိပါလား။ ဒယ်ဒီဝယ်ပေး ားသည့်တိုက်ခန်းမှာနေ၊ ဒယ်ဒီ့အထောက်အပံ့ကိုယူထားပြီး ဒီလို သစ္စာမဲ့ရဲတာ အံ့ဩစရာကောင်းလွန်း ရွံစရာကောင်းလွန်းလှသည်။

ဒါတွေကို ဒယ်ဒီကမသိဘဲ ပွင့်ဖူးခိုင်ဆိုသည့်မိန်းမကို တန်ဖိုး ားနေ၏။ မာမီ့ကို သစ္စာမဲ့ခဲ့သည့်အတွက် ဒယ်ဒီဝဋ်ပြန်လည်တော့ ည်ဆိုတာ ဒယ်ဒီသိပ်မကြာခင်သိရတော့မှာပါ။

မာမီ့အတွက် နောင်တမရရင် ပွင့်ဖူးခိုင်ကိုပတ်သက်မိတဲ့အတွက် ဒယ်ဒီနောင်တရကိုရစေရမယ် ဒယ်ဒီ။

ဝဝဝ

[redacted]

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၀)

“ဘာပြောတယ်သား၊ သားမှာချစ်သူရှိနေပြီ”

“ဟုတ်ကဲ့ဒယ်ဒီ၊ သား သူနဲ့လက်ထပ်ချင်ပါတယ်”

“ဘယ်လိုသား”

ဦးမင်းဆက်ရာ အံ့ဩသွားရသည်။ သားအသက်က ဘယ်လောက်ရှိသေးလို့လဲ၊ ပညာရေးလည်း ဆုံးခန်းတိုင်သေးတာမဟုတ် ပြီးတော့ သူ့အမေဆုံးလို့ နိုင်ငံခြားကနေပြန်ရောက်တာမှ မကြာသေး။

“ဘယ်လိုဖြစ်ပြီး ချစ်သူရည်းစားရသွားတာလဲသား၊ မာမီဆုံးတာတောင် မကြာသေးဘူး၊ သားချစ်သူရတာ မြန်လိုက်တာ၊ ပြီးတော့ လက်ထပ်မယ်ဆိုတာကရော မမြန်လွန်းဘူးလား၊ သားအရွယ်ရောက်ပြီ ချစ်သူထားတာ ဒယ်ဒီမပြောတော့ပါဘူး၊ ဒါပေမဲ့ လက်ထပ်ဖို့အထိတော့ စောလွန်းသေးတယ်သား။ သားအသက်လည်းငယ်သေးတယ်၊ ပညာရေးလည်း ဆုံးခန်းတိုင်သေးတာမဟုတ်ဘူး၊ လုပ်ငန်းခွင်လည်း ဝင်ရသေးတာမဟုတ်ဘူး”

“ဒယ်ဒီ မာမီနဲ့လက်ထပ်တုန်းကရော အဲဒါတွေစဉ်းစားခဲ့သလား ဒယ်ဒီ”

“ဒါကသား”



“မာမီနဲ့လက်ထပ်တုန်းက ဒယ်ဒီ့အသက် ဆယ့်ရှစ်နှစ်ပဲရှိသေးတယ်မဟုတ်လား၊ အခုသားအသက်လည်း ဆယ်ရှစ်နှစ်ပြည့်ပါပြီ”

“ကျွတ်”

သားကိုဘာပြန်ပြောရမှာလဲ။ ကိုယ့်တုန်းက သားပြောသလို အသက်ဆယ့်ရှစ်နှစ်အရွယ်မှာ မမလှိုင်ကိုချစ်လွန်းလို့ဆိုပြီး ပညာရေးဆုံးခန်းမတိုင်သေးဘဲ လက်ထပ်ခဲ့သည်။

“ဒယ်ဒီပြောမယ်သား။ အခုက သားမာမီဆုံးတာမကြာသေးဘူး။ လက်ထပ်မယ်ဆိုတဲ့ကိစ္စမှာ သားမိန်းကလေးက ဘယ်လိုအတန်းအစားဆိုတာလည်း မသိရ၊ သားက ဘယ်လိုမိန်းမမို့ ဒီလောက်မြန်မြန်လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ရတာလဲ”

“သားသူ့ကိုချစ်လို့ပါ၊ သူက သားထက်အသက်ခုနစ်နှစ် ရှစ်နှစ်ကြီးတယ်”

“ဘာ”

“မာမီက ဒယ်ဒီ့ထက်အသက်ဆယ်နှစ်တောင်ကြီးတယ် မဟုတ်လား။ ဒါပေမဲ့ မာမီ့ကိုဒယ်ဒီချစ်လို့ မဖြစ်မနေ ရှူးရှူးမိုက်မိုက် လက်ထပ်ခဲ့တယ်၊ သားလည်း ...”

“မာမီဆုံးတာ မကြာသေးလို့ ဒယ်ဒီပြောနေတာပါသား။ သားစဉ်းစားပါဦး၊ သားကဒယ်ဒီ့လိုမျိုး ရှူးမိုက်တဲ့သူမျိုးမဟုတ်ဘူးဆိုတာ ဒယ်ဒီသိတယ်၊ ဒီလိုဆုံးဖြတ်လိုက်တာ ဘာကြောင့်လဲ ဒယ်ဒီ့ကိုသားအရွဲ့တိုက်”

“ဒယ်ဒီ့ကိုအရွဲ့တိုက်ရအောင် ဒယ်ဒီဘာတွေမဟုတ်တာလုပ်ခဲ့လို့လဲ၊ ဒါသားရဲ့ဆုံးဖြတ်ချက်ပါ၊ မိန်းမတစ်ယောက်ကိုချစ်လို့ မခွဲနိုင်လို့ လက်ထပ်မယ်ပြောတာ ဘာဆန်းလို့လဲ ဒယ်ဒီ၊ မာမီဆုံးတာမကြာသေးဘူးဆိုတာ သားသိပါတယ်၊ ဒါပေမဲ့ သားလက်မထပ်ရင်ရော မာမီက အသက်ပြန်ရှင်လာမှာလား၊ ဒယ်ဒီ့ကြောင့်ခံစားရတဲ့ နာကြည်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မှုတွေက သက်သာလာမှာလားဒယ်ဒီ”

“သား ... သားက ဒယ်ဒီ့ကိုအရွဲ့တိုက်နေသလိုပဲ”

“အရွဲ့တိုက်တယ်လို့ထင်ရအောင် ဒယ်ဒီကအပြစ်လုပ်ထား လား၊ ဒယ်ဒီ့မှာ ဒယ်ဒီ့ခံစားချက်ရှိနေသလို၊ သားမှာလည်း သားခံစား ချက်ရှိနေရုံပါပဲ၊ သားဒယ်ဒီ့ကို အရွဲ့တိုက်ဖို့ စိတ်ကူးမရှိပါဘူး၊ တကယ် လို့ သားမှားခဲ့ရင်တောင် ဒယ်ဒီနားလည်ပေးသင့်တယ်”

“ဒယ်ဒီက ဘာနားလည်ပေးရမှာလဲသား၊ သားလက်ထပ်မှာ ကိုလား၊ သားချစ်သူထားတာကိုလား”

“ဘာပဲဖြစ်ဖြစ် သားကမာမီ့အတွက် ခံစားနေရချိန်မှာ စိတ် သာရာ ရှာနေတာပါ၊ မာမီ ခံစားခဲ့ရတာတွေအတွက် စိတ်မကောင်း လွန်းလို့ သားစိတ်ထွက်ပေါက်ရှာတာပါ၊ ချစ်သူထားလိုက်လို့ ချစ်သူ ပျော်ပျော်နေနိုင်မယ်ဆိုရင် မာမီ့ကိစ္စကို သားမေ့နိုင်လိုက်မယ်ထင်တယ်”

“သား”

“မာမီဝေဒနာတွေ ဘယ်လောက်ခံစားသွားရမယ်ဆိုတာ သား ကိုယ်ချင်းစာမိတယ်ဒယ်ဒီ၊ ရည်းစားလူလု အနုနက္ခခတ်ခံရတဲ့ဝေဒနာ ထက် ပိုဆိုးတယ်မဟုတ်လား၊ ဒယ်ဒီ မာမီ့ဝေဒနာကို ကိုယ်ချင်းစာ ဖူးလား၊ အသက်တောင် အဆုံးရှုံးခံ အရှုံးပေးသွားတဲ့မာမီ့နာကျင် မာမီ့ရဲ့သောကတွေ၊ အဲဒီသောကဝေဒနာတွေ ဒယ်ဒီခံစားရရင် ဘယ် နေမလဲ”

သားက သူ့မာမီကို ဒီအဖေလောက်အချစ်မပိုခဲ့ပါဘဲ ကြောင့်များ ဒီလောက်ထိ ခံစားနေခဲ့တာလဲ။ ဘာတွေ ဘယ်လောက် သိထားပြီး ဒီလောက်ထိနာကြည်းနေခဲ့တာလဲ။ သားကိုသွန်သင်ဆုံးမ အင်အားမရှိသလိုဖြစ်နေရခြင်းသည် ကိုယ်အပြစ်လုပ်ထားမိခဲ့တာကြောင့် ဖြစ်မည်။



ဒါပေမဲ့ မိဘဆိုတာ သားသမီးကိုသွန်သင်ဆုံးမရမည်ပဲ မဟုတ် လား

“သားမာမီနဲ့ပတ်သက်တာထားပါတော့သား၊ အခုသားကောင် လေးက ဘာလုပ်တာလဲ၊ ဘယ်လိုအသိုက်အဝန်းကလဲ”

“ဒါတွေသိပြီး ဒယ်ဒီဘာလုပ်မလို့လဲ၊ သဘောမတူဘူးပြော ည်း သားကနောက်ဆုတ်မှာမဟုတ်ဘူးဆိုတာ သိထားပါဒယ်ဒီ၊ အဘိုး ပြောပြီး သားလက်ထပ်ဖြစ်အောင် လက်ထပ်မှာပါ”

“သားက ဒယ်ဒီ့စကားကို လူရာမသွင်းတော့ဘူးဆိုတဲ့သဘော လား”

“သားလက်ထပ်မှာကို ဒယ်ဒီခွင့်မပြုရင်ပြောတာပါ၊ မာမီသာ ရင် သားစိတ်ဆင်းရဲမှာ လိုလားမှာမဟုတ်ဘူး၊ ဖြစ်ချင်တာကို ခေါင်း ဝေ့လိုက်တာနဲ့လက်ခံမှာပဲ”

“သားကောင်မလေးကို အဲဒီလောက်ထိရည်ရွယ်လောက် အောင် ချစ်သလားသား”

“ဟုတ်ကဲ့ သားချစ်ပါတယ်ဒယ်ဒီ၊ သူက မိန်းမကောင်း မိန်းမ တ်လေးပါ၊ သားကိုလည်း သူအရမ်းချစ်တယ်”

“ဒယ်ဒီအကဲခတ်လို့ရအောင် ဒယ်ဒီနဲ့အရင်ပေးတွေ့ကြည့်ပါ သားသား”

“စိတ်ချ သားတွေ့ပေးမှာပါဒယ်ဒီ၊ သားသမီးတွေ လက်ထပ် တော့မယ်ဆိုရင် အိမ်ထောင်ဖက်ကိုလေ့လာအကဲခတ်ကြတာ သဘာဝ ဒါပေမဲ့ သားတစ်ခုတော့ကြိုပြောထားပါရစေဒယ်ဒီ၊ ဒယ်ဒီသဘော တူလည်း သားသူ့ကိုလက်ထပ်မှာပါ”

ဒီစကားကြီးထပ်ထပ်ပြောနေတော့ ရင်ထဲမကောင်းဖြစ်မိသည်။ န်းကလေးအပေါ် သားဘယ်လောက်များ တန်ဖိုးထားပြီးချစ်နေလို့

www.burmeseclassic.com

www.burmeseclassic.com



ပဲ။ မတွေ့ဖူးပေမယ့် သားဒီလောက်တန်ဖိုးထားချစ်နေမှတော့ အကော
နိုင်ဆုံးလိုက်လျောပေးရုံပဲရှိတော့တာပေါ့။

ဒါပေမဲ့ သားကအရမ်းငယ်သေးတာကြောင့် နှမြောမိသည
ဘာကြောင့်များ သားအိမ်ထောင်ပြုဖို့ ဖွတ်တရွတ်ဆုံးဖြတ်လိုက်ရ
များလဲ။ သက်ပြင်းတွေချမိရင်းက မမလှိုင်ကိုတောင် သတိရလာမိသည
မမလှိုင်ရှိလျှင်ပေါ့ သားကို မမလှိုင်ဆူမှာပါ။

အခုတော့ သူ့အမေသေရတာ ကိုယ့်ကြောင့်ဆိုပြီး စွပ်စွဲမှု
ို့နေတာကြောင့် ကိုယ့်မှာအမိန့်အာဏာတွေသုံးပြီး မပြောသာ။

မမလှိုင်ရေ . . . သားကအိမ်ထောင်ပြုတော့မလို့တဲ့။ မမလှိုင်
ဆိုရင်ရော ခွင့်ပြုမှာလား . . .။

OOO

## အခန်း (၁၁)

"ခွင့်ပြုမှာလား ခွင့်မပြုဘူးလား လာမေးရအောင် ငါပြောသမျှ
နာ ညည်းကနားထောင်မှာမို့လား။ ကိုယ့်ထက်ဒီလောက်ငယ်တဲ့ကလေး
နဲ့ လက်ထပ်မယ်တဲ့၊ ညည်းတော့ဒုက္ခရောက်ဦးမယ်"

"ဘာလို့ ဒုက္ခရောက်ရမှာလဲဒေါ်လေး။ သူတကယ်ချစ်လို့
ချစ်သူဘဝနဲ့တင်မဟုတ်ဘဲ လက်ထပ်ဖို့အထိရည်ရွယ်တာပဲ၊ ပွင့်ဖူးဘက်
က တောင်းဆိုမှုဘာမှမလုပ်ရဘူး။ သူ့ဘာသာပေးလာတဲ့အခွင့်အရေး
ပွင့်ဖူး လက်လွှတ်ခံလို့ဖြစ်မလား"

"ညည်းအဲဒီကောင်လေးကို တကယ်ချစ်ရဲ့လား။ အရင်လူတွေ
လို အချစ်ကိုအယောင်ပြပြီး ဈေးကွက်ရှာမလို့လား ပွင့်ဖူး"

ပွင့်ဖူးမျက်လုံးများက အရည်ရွှန်းလဲ့နေကာ ကြည်နူးပီတိများ
ဖြင့် ပြုံးနေပြီး

"မဟုတ်ပါဘူး ဒေါ်လေး။ ပွင့်ဖူး ဒီတစ်ခါမှ အချစ်နဲ့တွေ့တာပါ၊
အတွန်းကိုတော့ တကယ်ချစ်မိသွားတာဒေါ်လေး။ သူရဲ့ငယ်ရွယ်တဲ့ ဂုဏ်
ကြောင့်ပါသလို၊ လိုက်လျောတတ်တဲ့ သူ့ရဲ့စိတ်ကလေးကလည်း ဆွဲ
ဆောင်မှုရှိတယ်ပြောရမယ်၊ ပြီးတော့ သူက တန်ဖိုးကြီးကားထည့်ပစ်စီး
နိုင်တဲ့ လူချမ်းသာသားတစ်ယောက်၊ လိုက်လျောမှုရှိတယ်၊ မငြိုငြင်တတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အခွင့်အရေးမယူတတ်ဘူး။ အသက်ကြီးကြီး လူကြီးတွေလို သူငယ် ဒါပေးရင် ဒါပြန်ပေးရမယ်လို့ တောင်းဆိုမှုတွေမရှိဘူး''

''ညည်းအကောင်းမြင်နေတာ ချစ်တဲ့စိတ်တစ်ခုတည်းကြောင့် လို့တော့ ငါမထင်ပါဘူး၊ တကယ်ကောင်းလို့ ညည်းဒီစကားပြောတာ ဆိုရင်တော့ ငါလည်းဝမ်းသာပါတယ်၊ ညည်းအသက်အရွယ်နဲ့ အတည် တကျလည်း ဖြစ်သင့်နေပါပြီ၊ ဘဝကိုဆော့ကစားနေတာ တစ်နေ့ဒုက္ခ ရောက်မှာလည်း စိုးရိမ်တယ်၊ လူဆိုတာ အမြဲတမ်းကိုယ်ကချည်းရယူ ချင်နေလို့မရဘူး၊ ပြန်ပေးရတဲ့နေ့ဆိုတာလည်း ရှိသေးတယ်၊ ညည်း တကယ်မှချစ်တယ်ဆိုရင် ကိုယ့်ထက်လည်းငယ်တော့ ပြန်ပေးဆပ်ဖို့ လည်း စဉ်းစားထား''

''ဒေါ်လေးပြောဖူးခဲ့တဲ့စကားတွေထဲမှာ ဒီစကားကတော့ တန်ဖိုး အရှိဆုံးပဲ၊ ဒီစကားကိုတော့ ပွင့်ဖူးနားထောင်မှာပါ၊ သူ့ဘက်က ငယ်ရွယ် လို့ မရင့်ကျက်မှုနဲ့ ဆိုးမိုက်တာလေးတွေရှိရင်တောင် ပွင့်ဖူးခွင့်လွှတ် နားလည်ပေးဖို့ စဉ်းစားတယ်၊ ယောကျ်ားပီသတဲ့စိတ်ကလေးနဲ့ ဘယ် လောက်ပဲ ရင့်ကျက်ချင်ယောင်ဆောင်ဆောင် ငယ်ရွယ်တဲ့အသိစိတ် ကလေးကြောင့် တစ်ခါတစ်ရံ ကလေးဆန်ချင်ဆန်နိုင်တာပဲမဟုတ်လား''

ဒီတစ်ခါတော့ ပွင့်ဖူးအတွေးလည်း ရင့်ကျက်လာပြီဟု ထင် လိုက်မိသည်။ အလေးအနက်စကားတွေပြောနေတာကြောင့်ပါ။ အဒေါ် တစ်ယောက်အနေနှင့် ပြည့်စုံအောင်မထားနိုင်ခဲ့ပေမယ့် သူ့ဘဝလေး ပြည့်စုံချမ်းသာမည်ဆိုလျှင် စိတ်ချမ်းသာမိမှာပင်။

''အေးလေ . . . ညည်းစိတ်က အဲဒီကလေးအပေါ် တကယ် အလေးအနက်ရှိလာတာဆိုရင်တော့ ကောင်းပါတယ်၊ ညည်းကိုငါလည်း ဘာမှလုပ်ပေးနိုင်တာမဟုတ်ဘူး၊ ဒါပေမဲ့တစ်ခုတော့ရှိတယ်နော်၊ ဒေါ်နှင်း ယုလိုင်ယောကျ်ားနဲ့ ညည်းကင်းရှင်းအောင်လုပ်ဖို့တော့ လိုလိမ့်မယ်



ခင်တယ်၊ စာချုပ်စာတမ်းကလည်းရှိထားပြီးသား တိုက်ခန်းကလည်း ညည်းနာမည်နဲ့ ဝယ်ပေးထားတာမဟုတ်လား။ ကိုယ့်ရှေ့ရေးအတွက် နောင့်အယှက်မဖြစ်အောင်တော့ ညည်းလုပ်ထားမှဖြစ်မှာ''

''အဲဒီအတွက်တော့ ပူမနေပါနဲ့ ဒေါ်လေးရယ်၊ သူတောင်မှ ပုံမှုအတွက် မတွေးနိုင်သေးတာ၊ အခုဆို ပွင့်ဖူးတိုက်ခန်းကို မလာတာ ကြာပြီ၊ သူ့မိန်းမသေပြီးကတည်းက တစ်ခါပဲရောက်တယ်၊ ပွင့်ဖူးက သူ့ကို ဘယ်အချိန်ထိစောင့်ရမှာလဲ''

''ညည်းတို့ ရှုးမိုက်တုန်းက ရှုးမိုက်ကြပြီးတော့အေ၊ ဟိုသူ့ မိန်းမသေမှပဲ ဘယ်လိုဖြစ်ကြရတာလဲ၊ သေသွားတော့ ညည်းတို့အတွက် ရှင်းသွားတာမဟုတ်ဘူးလား''

''ရှင်းသွားတာမဟုတ်ဘူး ခက်သွားတာဒေါ်လေးရေ၊ သူ့ အသာရောဂါနဲ့သေတာဆိုရင် တော်သေးတယ်၊ အခုက အိပ်ဆေး သောက်ပြီး သေသွားတာဆိုတော့ ယောကျ်ားကိုအမှုပတ်မယ်ဆို ပတ် တာပေါ့လေ၊ သက်သေကလည်း အထွက်ကောင်း၊ အဘိုးလုပ်သူက လည်း မြေးမျက်နှာနဲ့ သမက်ကိုအမှုမစွဲလို့တော်သေးတာပေါ့၊ ပွင့်ဖူးတို့ ကလည်း ပတ်ဝန်းကျင်မသိအောင် အနေကောင်းသွားလို့သာပေါ့၊ မဟုတ် ရင်တော့ အမှုတွဲထဲ ပွင့်ဖူးတောင်ပါဦးမလား မသိဘူး''

တူမပြောသမျှ နားထောင်ပြီး ဒေါ်မိုးဝေ သက်ပြင်းချလိုက်မိ သည်။ အခုချိန်ထိ ပွင့်ဖူးကံကောင်းသည်ဆိုတာမရှိ။ ကောင်းသည့်စိတ် ထားလို့ ကောင်းတာမဖြစ်တာလား မပြောတတ်ပေ။ ပွင့်ဖူးကြည့်ပြီး ရင်လေးကျလာမိသလိုတောင်ရှိသည်။

''အေးလေ . . . ငါလည်း ညည်းကိုကောင်းအောင်နေပါလို့ ဆုံးမ မသွန်သင်မိဘူး။ အိမ်ထောင်ရက်သားကျရင်တော့ သည်းလိမ့်လိမ့် မာနေပါတော့၊ အိမ်ထောင်ဖက်အပေါ်သစ္စာရှိဖို့လည်းကြိုးစား''

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ စိတ်ချပါဒေါ်လေး၊ အထွန်းနဲ့လက်ထပ်ပြီးရင် လုံး အရင်ကစိတ်တွေဖျောက်ပစ်လိုက်တော့မှာပါ၊ အိမ်ထောင်တစ်ခုကို သစ္စာရှိရှိ စောင့်ရှောက်သွားမှာပါဒေါ်လေး၊ အထွန်းကလည်း အသ ငယ်ပေမယ့် အိမ်ထောင်ဖက်ကောင်းဖြစ်လိမ့်မယ်လို့ ယုံကြည်နေတယ်"

"အေးပါအေ ... ငါလည်း အဆင်ပြေစေချင်ပါတယ်၊ အဲ ကောင်လေးကိုလည်း ငါတွေ့ကြည့်ရအောင်ခေါ်ခဲ့ပါဦး၊ ညည်းမှာ အဒေ တစ်ယောက်ရှိတယ်ဆိုတာတော့ ပြောထားတယ်မဟုတ်လား"

"ပြောထားပါတယ် ဒေါ်လေးရဲ့၊ နောက်ပိုင်းသူစောင့်ရှော ချင်စိတ်ရှိအောင် ဒေါ်လေးကို ပွင့်ဖူးထောက်ပံ့ပေးကမ်းမှုလုပ်ရတယ် တာ ပြောထားတယ်"

"အင်း ... ဒီတစ်ခါတော့ ညည်းလည်းတော်သွားပြန်ပြီ၊ အဒေ အပေါ်လည်း အဲဒီလိုလေးသိတတ်ဦးမှပေါ့အေ၊ ကဲပါ ညည်းကံကော ပါစေလို့ ငါဆုတောင်းပေးပါ့မယ်၊ ထမင်းစားသွားဦးမလား ပွင့်ဖူး"

"မစားတော့ဘူး ဒေါ်လေး၊ လမ်းထိပ်ကို အထွန်းလာကြို မယ်၊ စားသောက်ဆိုင်မှာ စားသောက်ပြီးမှ အခန်းကို အထွန်းလိုက်ပို့

ဒေါ်မိုးဝေ မျက်လုံးပြူးသွားလျက်

"သူနဲ့ရော မှားယွင်းပြီးသွားပြီလား ပွင့်ဖူး"

"အမယ်လေး ဒေါ်လေးရယ်၊ အခွင့်အရေးမယူတတ်တဲ့ ကော လေးပါဆိုမှ၊ ပခုံးဖက်တာ လက်ကိုင်တာတောင် တယုတယ ရဲရဲ တင်း လုပ်တာမဟုတ်ဘူး၊ တိုက်ခန်းပေါ်တက်ဖို့မပြောနဲ့ ကော်ဖီတစ် လောက်သောက်သွားပါလို့ ဧည့်ခံချင်တာတောင် လက်မခံဘူး"

"အဲဒါကျတော့လည်း လေးစားဖို့ကောင်းသားပဲ၊ တော် တာပေါ့အေ၊ ညည်းလူကောင်းနဲ့တွေ့သေးလို့"

"အဲဒါကြောင့် ဒီတစ်ခါတည်ငြိမ်တော့မယ်လို့ ဆုံးဖြတ်လ



ဘာပေါ့ ဒေါ်လေးရယ်၊ အရင်ကလည်း ပွင့်ဖူးဆိုးချင်လို့ဆိုးတာ မျက်နှာ နားချင်လို့ မှားတာမဟုတ်ပါဘူး၊ လူဆိုတာ ချမ်းသာပြည့်စုံချင်တော့ ည်း ချမ်းသာပြည့်စုံတဲ့သူကိုရှာမိတာပေါ့၊ ဒါပေမဲ့ နည်းနည်းပေးပြီး များများပြန်ယူချင်တဲ့ အခွင့်အရေးသမားတွေနဲ့ပဲ တွေ့ရတယ်၊ ဦးမင်း ဆက်ရာကိုတော့ မကောင်းဘူးမပြောပါဘူး၊ ပွင့်ဖူးနဲ့လက်ထပ်ဖို့ တိုက် န်းဝယ်ပေးရုံမကဘဲ သူ့မိန်းမနဲ့လည်း အတိုက်အခံတွေ လုပ်ခဲ့တာပဲ၊ သူ့မိန်းမသေသွားတဲ့ ဒီလိုကိစ္စသာမဖြစ်သေးရင် ပွင့်ဖူးတို့အတူနေဖြစ် လောက်ပြီထင်တယ်"

"အဲဒီလိုဆိုလည်း သူ့ကိုစောင့်ပါဦးလား၊ ကိစ္စတွေ အေးဆေး သွားရင် ညည်းအတွက်လည်း သူစဉ်းစားထားမှာပေါ့၊ ငါကဖြစ်ပြီးသား ကိစ္စကို အမှားလုပ်မိရာလည်း မရောက်အောင် အပြစ်လုပ်မိရာလည်း မရောက်အောင် ဦးမင်းဆက်ရာနဲ့ အရင်ဆွေးနွေးကြည့်တာကောင်းမယ် ထင်တယ်၊ ငါအကြံပေးတာပါ"

ပွင့်ဖူးခိုင် တွေတွေဝေဝေလေးတော့ ဖြစ်သွားခဲ့သည်။ ဦးမင်း ဆက်ရာက သူမအပေါ်မကောင်းခဲ့တာမှမရှိသေးတာ။ ကလေးတစ် ယောက်ဖျက်ချဖူးတယ်ဆိုတာကိုတောင် ခွင့်လွှတ်နားလည်ပေးခဲ့သေး တာမို့ သူမအပေါ်တန်ဖိုးထားချစ်ခဲ့တာကတော့ သိသာသည်။

ဒါပေမဲ့လည်း သူမရင်ထဲမှာ အထွန်းရဲ့အချစ်တွေကိုသာ ကိုး ကွယ်ချင်နေမိ၏။ ငယ်ရွယ်တဲ့ဂုဏ်နှင့် ချမ်းသာမှုကို မက်မောမိတာမျိုး မဟုတ်ဘဲ ရင်ထဲကကို နှစ်နှစ်ကာကာ လေးလေးနက်နက် ချစ်နေမိခြင်း ဖြစ်သည်။

ဒေါ်လေးမိုးပြောတာ နားလည်ပေမယ့် သူမခေါင်းကိုခါယမ်း မိတာ

"ဒေါ်လေးပြောတာဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အထွန်း

www.burmeseclassic.com

www.burmeseclassic.com



ကို ပွင့်ဖူးမခွဲနိုင်အောင်ချစ်နေမိပြီ ဒေါ်လေး၊ ဦးကိုရင်ဆိုင်ရမယ်ဆိုလည်း ရင်ဆိုင်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ တကယ်ဆို ဦးကိုဒီလိုမလုပ် သင့်မှန်း ပွင့်ဖူးသိပါတယ်၊ ဦးက ပွင့်ဖူးအပေါ်တကယ်ကောင်းတဲ့သူပါ အင်း ... လက်မထပ်ခင်တော့ ဦးကိုအသိတော့ပေးရမှာပေါ့လေ၊ ဘယ် တတ်နိုင်ပါ့မလဲ''

''အေး ... အဲဒါဆိုလည်း ညည်းသဘောပဲအေ''

ဆုံးဖြတ်ပြီးသားကိစ္စတစ်ခုမို့ ထပ်ပြီးစဉ်းစားမနေချင်တော့ အထွန်းနှင့် သေချာသောကတိစကားတွေရှိလာပြီဆိုလျှင်တော့ ဦးကို သေချာပြောပြရုံပဲရှိတော့သည်။ တကယ့် အိမ်ထောင်ရှင်တွေတောင် သဘောထားချင်းမတိုက်ဆိုင်လျှင် ကွဲကြရသေးတာ။ ဒီလိုအသိအမှတ်ပြု ပတ်သက်ရုံလောက်ကတော့ ဘာပြဿနာကြီး တက်စရာလိုမှာလဲ။

ဦးခွင့်မပြုလည်း အထွန်းနှင့် နောက်ဆုတ်မှာမဟုတ်ပေ။ သူမင် အနှောင့်အယှက်ပြုလာပြီဆိုလျှင်တော့ ဒေါ်နှင်းယုလှိုင်ကို ခြိမ်းခြောက် ခဲ့သလိုမျိုး သူမတို့ဇာတ်လမ်း အရှုပ်ထုတ်ကြောင့် ဒေါ်နှင်းယုလှိုင် သူ ကိုယ်သူသတ်သေသွားသည်ဆိုသောအကြောင်း အင်တာနက်တင် လိုက်မည်ဟု ပြောရမည်။

ဒါမှလည်း သူ့ကိုအမှုပတ်မှာစိုး၍ ဦးမင်းဆက်ရာ ကြောက်လန့် သွားမှာ။ တကယ်ဆို ဒီလိုမလုပ်ချင်ပေမယ့် နောက်ဆုံးကျည်ဆန်ကို ထုတ်သုံးရမယ်ဆိုလျှင်တော့ ...။

ဝဝဝ

# အခန်း (၃၂)

''အထွန်း ... မမဒီမှာ''

ကားပေါ်ကဆင်းပြီး ဟိုကြည့်ဒီကြည့် သူမကိုရှာနေဟန်ရှိသော အထွန်းကို သူမလက်ယပ်ပြကာ ပြောလိုက်ရသည်။ စိတ်ကောက်သလို မျက်နှာတည်တည်ဖြစ်နေသော အထွန်းအနားကို သူမအပြေးလေးသွား လိုက်သည်။

အထွန်းပါးလေးကို သူမလက်ကလေးနှင့် ပွတ်သပ်လိုက်ပြီး

''ဘာဖြစ်နေတာလဲ မျက်နှာကြီးက''

''မောင် ဒီနားမှာစောင့်နေရတာကြာလို့ပြီ မမသွားတာကလည်း ကြာလိုက်တာ၊ မောင်စောင့်နေမယ်ဆိုတာ သိသိကြီးနဲ့ မောင့်ကိုဂရု စိုက်တာလား''

''မဟုတ်ပါဘူး မောင်ရယ်၊ ဒေါ်လေးနဲ့ စကားကောင်းနေလို့

''ဒေါ်လေးနဲ့တွေ့တာ မောင့်ကိုပါ မေ့သွားတယ်ပေါ့''

''အဟင်း ... မေ့ပါ့မလားမောင်ရယ်၊ မောင့်ကိုတစ်စက္ကန့် လောက် မေ့လို့မရအောင် သတိရနေတာပါ၊ ဒါပေမဲ့ မောင်နဲ့ပတ်သက် တာလည်း ဒေါ်လေးကိုတိုင်ပင်အသိပေးရသေးတယ်လေ၊ မမ စိတ်

www.burmeseclassic.com



သဘောတစ်ခုတည်းနဲ့မှ မဖြစ်တာ''

''ဒေါ်လေးက ဘာပြောလိုက်လဲ''

''ကဲ ... လမ်းမကြီးမှာရပ်စကားပြောရမှာလား။ ဒီထက်ကြာ နေမှာစိုးလို့ ဒေါ်လေးဆီက ထမင်းတောင်စားမလာခဲ့ဘူး။ မမခိုင် ဗိုက်ဆာ နေပြီ၊ ဆိုင်တစ်ဆိုင်ဆိုင်မှာ မမခိုင်ကိုမကျွေးချင်ဘူးလား''

''ဩော် ... အိုကေ မမခိုင်၊ မောင်က မမခိုင်မလာနိုင်တာနဲ့ မမဒေါ်လေးအိမ်ကိုတောင် လိုက်လာဖို့ စိတ်ကူးနေတာ၊ အိမ်လိပ်စာ နေရာမသိတော့ ဒီအတိုင်းစောင့်နေရတာနဲ့ စိတ်တိုနေရော၊ သွားမယ် လေ မမခိုင်''

''ကိုယ်တော်ကလည်းစိတ်ကြီးပဲ၊ နောက်ကြုံတဲ့နေ့ကျရင် ဒေါ်လေးအိမ်ကို မောင့်ကိုခေါ်သွားပါ့မယ်ရှင်၊ ဒေါ်လေးကလည်း မောင့် ကိုတွေ့ချင်နေတာပါ၊ နော်မောင် နောက်မှပေါ့၊ မျက်နှာကြီးပြင်လိုက်ပါ တော့''

သူမလက်နှစ်ဖက်ဖြင့် အထွန်းမျက်နှာလေးကို ဖိညှစ်ပြီး ချော့ လိုက်မိသည်။ အထွန်းမျက်နှာက ပြုံးယောင်သမ်းသွားသော်လည်း လမ်း မကြီးမှာ ထိုပုံစံမျိုး ပွတ်သီးပွတ်သပ်ပုံစံမျိုးနေတာ ကြိုက်ပုံမရပေ။ ဒါ လည်း မိန်းကလေးဖြစ်သော သူမဘက်က တွေးပေးတာပဲဖြစ်မှာပါ။ သူများချစ်သူစုံတွဲတွေဆို လမ်းမမရှောင် လူတွေထဲမရှောင် ပွတ်သီးပွတ် သပ် ကန္တဲ့ကလျှလုံးလုံးထွေးထွေးနေချင်ကြသော်လည်း အထွန်းကတော့ စည်းကမ်းရှိလွန်းသည်ဟု ပြောရမည်။

လူကွယ်ရာ ကားပေါ်ရောက်လို့ နှစ်ယောက်တည်းကျတော့ လည်း အထွန်းက သူမကို ပါးကိုင်နားကိုင် အခွင့်အရေးမယူတတ်ပေ။ အသက်ကလေးငယ်တာကြောင့် တစ်ခါတစ်ရံ ချွဲနွဲ့ဂျစ်တိုက်တတ်တာ မျိုးလေးတွေ စိတ်ကောက်ချင်တာမျိုးလေးတွေရှိပေမယ့် အမြဲတမ်း



ယောကျ်ားပီသစွာ တည်ငြိမ်နေတာတော့ သူမအားမလို အားမရဖြစ်မိ သည်။

''မမ ဒီဆိုင်က မြန်မာအစားအစာ တရုတ်အစားအစာအကုန် ရတယ်''

ရွေးချယ်လိုက်သည့်ဆိုင်တိုင်းကတော့ တခမ်းတနားပါ။ ဦး ...တောင် ဒီလိုနေရာမျိုးကို အမြဲတမ်းခေါ်မသွားဘူးပေ။ အသိအကျွမ်း ...တ်ဆွေတွေနှင့် တွေ့မှာစိုးလို့ဆိုပြီး မြို့ပြင်လိုနေရာမျိုးကိုသာ ခေါ်သွား ...း ညှော်ခံကျွေးမွေးစကားတွေပြောတတ်သည်။ ဆိုင်ထဲကိုရောက်တော့

''မမ ဘာစားမလဲ၊ ထမင်းမစားခဲ့ရသေးဘူးဆို မြန်မာအစား အစာပဲ မှာမလား''

''မောင်ကရော''

''မောင်က အအေးတစ်ခွက်လောက်ပဲသောက်မယ်၊ အိမ်က ...းလာခဲ့လို့''

''ဒါဆို မမတစ်ယောက်တည်းစားရမှာပေါ့၊ ပျင်းစရာကြီး မောင် ...ည်း မမခိုင်ထဲကနည်းနည်းစားလေနော်၊ မမခိုင် ခွံ့ကျွေးမယ်''

အထွန်းတွေတွေဝေဝေလေးဖြစ်ပြီးမှ ခေါင်းညိတ်ပြ၍ သူမ ထမင်းဟင်းပွဲတွေမှာလိုက်သည်။ အထွန်းကတော့ သီးစုံဖျော်ရည်တစ် ခွက်သာမှာ၏။

''မမခိုင် မောင့်ဒယ်ဒီနဲ့ လိုက်တွေ့ပေးရမယ်''

''ဘယ်နေ့လဲ ... ဘယ်မှာလိုက်တွေ့ပေးရမှာလဲ''

''အပြင်မှာတွေ့ဖို့ကကျတော့ မမခိုင်ကို တန်ဖိုးမထားရာရောက် ...လို့ အိမ်မှာပဲတွေ့ပေးရမလားလို့ စဉ်းစားတယ်၊ ဒယ်ဒီကလည်း ...က်ထဲနည်းနည်းမအားဘူးဖြစ်နေတော့ ဆန်းဒေးတစ်ရက် အိမ်မှာ ...ယ်စားရင်း ဆုံကြမလား မမခိုင်''

[redacted]

www.burmeseclassic.com



"အင်း ... မောင်ကောင်းသလိုစီစဉ်ပါ၊ မမခိုင်ကတော့ မောင့် ကိုယုံလို့ပဲ လိုက်တွေ့မှာ၊ တကယ်လို့ သဘောမတူတာတွေဘာ ဖြစ်ခဲ့ရင်"

"ဒယ်ဒီ သဘောမတူတာကို မောင်ဂရုမစိုက်ဘူး မမခိုင်၊ အဲ ကိုတော့ သေချာသိထားပါ၊ မိဘတွေဆိုတာ သားသမီးရွေးချယ်လိုက် အိမ်ထောင်ရေးကို အနည်းဆုံး ဟိုလိုဒီလိုနဲ့ ကဖျက်ယဖျက်တော့လုပ် ချင်ကြတာပဲ၊ အရေးကြီးတာက မမခိုင် မောင့်ကိုလက်ထပ်ချင်စိတ် နဲ့ ချစ်နေဖို့ပါ"

"မမခိုင် မောင့်ကိုချစ်ပါတယ်ကွယ်"

"ဒါဆို အတူရင်ဆိုင်ကြမယ်လေ မမခိုင်၊ ဘာအကြောင်း မတွေနဲ့ နောက်မဆုတ်နဲ့ လက်တွဲမဖြုတ်နဲ့၊ ပြီးရင် မောင့်အပေါ်သ ရှိပေးပါ၊ ဒါဆိုရင် ဒယ်ဒီ့ကို မောင်ရင်ဆိုင်ရဲတယ်၊ ရင်ဆိုင်ရမှာလည်း မောင်မကြောက်ဘူး"

ဒီလောက်ကြီးပြောလာတော့ အထွန်းကိုပိုချစ်ပြီး အား လည်းရှိလာခဲ့သည်။ ထိုအချိန်မှာပဲ ထမင်းဟင်းပွဲတွေရောက်လာ စကားစပြတ်သွားရ၏။

"မောင် ... မမခိုင် ခွံ့ကျွေးမယ်"

"မမခိုင်စားပါ၊ မမခိုင် ဗိုက်ဆာနေတာမဟုတ်လား"

"မောင့်ကိုမြင်လိုက်တာနဲ့ မောင့်စကားတွေကြားရတာနဲ့ မ ခိုင် ဗိုက်ပြည့်သွားပါပြီ၊ ကဲပါ မမခိုင်ခွံ့ကျွေးတာကိုတစ်ဖွန်းတော့ စာ

"အင်း ခွံ့"

စိတ်မပါသော်လည်း ပါးစပ်ကိုဟာပေးလိုက်ရသည်။ ဒိ လက်နှင့်ခွံ့ကျွေးသော ထမင်းတွေကို အဆိပ်အပင်းတွေဟုသာ ခံစား

"မောင် ကောင်းလားဟင်"



"အင်း ... အရမ်းကောင်း အရမ်းအရသာရှိတယ်၊ မောင်တို့ ထပ်ပြီးရင်လည်း အဲဒီလိုပဲခွံ့ကျွေးမှာလား"

"မောင်တောင့်တမှုရှိသမျှ မမခိုင် အကုန်လုပ်ပေးမှာပေါ့ကွယ်"

"ဟိုလေ မမခိုင်၊ မောင်တို့ရင်ဆိုင်ရမှာက မောင့်ဘက်မှာ ယ်ဒီတစ်ယောက်ပဲရှိတယ်၊ မမခိုင်ဘက်ကရော သဘောမတူမယ့်သူတို့ ဆိုင်ရမယ့်သူတို့ရှိသေးလားဟင်"

"ဟင် ... မ .. မရှိပါဘူး၊ ဒေါ်လေးတစ်ယောက်တည်းရှိတာ၊ ဒေါ်လေးကလည်း မမခိုင်သဘောပါပဲ၊ မမခိုင်အိမ်ထောင်ရေးကို ဝင် ရောက်စွက်ဖက်မယ့်သူမျိုး မဟုတ်ပါဘူး"

"တခြားတားဆီးပိတ်ပင်မယ့်သူမျိုးရော၊ ဥပမာ ဒီအရွယ်ရောက် ဉ်ဆိုတော့ ချစ်သူရည်းစားလည်းရှိခဲ့မှာပဲလေ၊ အဲဒီလိုလူမျိုးထဲက အနှောင့်အယှက် အဟန့်အတားပြုမယ့်သူမျိုးရောရှိလား"

"ဟင် ... ဟို မ .. မရှိပါဘူးကွယ်၊ ဟိုဒီလိုမျိုး"

"ရှိခဲ့ရင်လည်း မမခိုင်ပြတ်ပြတ်သားသားဆက်ဆံပေးရမယ်၊ မောင်က မမခိုင်ချစ်သူရည်းစားရှိခဲ့တာကို နားလည်မပေးနိုင်မျိုးမဟုတ် ဘူးနော်၊ အရွယ်ရောက်လာရင် လူတိုင်းမှာအချစ်ရှိနိုင်တာပဲ၊ ကျွန်တော် တော့ ငယ်သေးလို့ မမခိုင်က ကျွန်တော့်ရဲ့အချစ်ဦးဖြစ်ပေမယ့်၊ မမ ခိုင်မှာတော့ အချစ်ဦးဆိုတာမျိုးရှိနိုင်တာပဲလေ၊ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ အနှောင့်အယှက်ပြုမယ့်သူမျိုးတော့ မဖြစ်စေချင် ဘူး အဲဒါကို မမခိုင်ပြတ်ပြတ်သားသားရှင်းနိုင်ရင်တော့ ပိုကောင်းမယ်"

"မောင်ရယ် ... မမခိုင်အပေါ် ဒီလောက်နားလည်ပေးနေမှ တော့ မမခိုင်ဘာပဲဖြစ်ဖြစ်ဖြေရှင်းလို့ရအောင် ဖြေရှင်းမှာပါ၊ ဟို ... မမ ခိုင် အခုမှဝန်ခံတာပါ၊ မမခိုင်မှာ ချစ်သူရည်းစားတော့ရှိခဲ့ဖူးတယ်၊ အဲဒီ သူတာလည်း"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူပဲဖြစ်ဖြစ်၊ အဲဒီလူထက် အခုချိန်မှာ မောင့်ကိုပိုချစ်ပေးမယ်ဆိုရင် မောင်ကျေနပ်ပြီမမခိုင်၊ အဲဒီလူကို အပြီးအပြတ်ဖြတ်ပြီးတော့သာ မောင့်ကိုလက်ထပ်ပေးပါ"

"မောင်ရယ်"

လူငယ်လေးဖြစ်ပါလျက် သဘောထားကြီးစွာ တောင်းဆိုမှုပြုနေသော မောင့်ကိုသူမပိုရှိချစ်ကာ လေးစားသွားမိသည်။ သူမ ဒီတစ်ခါတော့ လူရွေးမှန်သွားသည်ဟု ထင်မိ၏။ ရင်ထဲမှာကြည်နူးရင်ခုန်မှုများဖြင့် မောင့်မျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေမိသည်။ ဘာကြောင့်များ အချိန်ဦးမဖြစ်ခဲ့တာလဲဟု ရင်ထဲမှာနှမြောတသ ယူကျုံးမရလေးဖြစ်နေမိ၏။

မောင့်ကို အသည်းနှင့်အောင်ချစ်နေမိပြီမို့ ဦးကိုစကားအပြတ်ပြောရုံသာရှိတော့သည်။ ဦးကိုမရမကခေါ်တွေ့ပြီး ...။

○○○

# အခန်း (၃၃)

"ပွင့်ဖူးရယ် ဦးပြောထားသားနဲ့ကွာ၊ ဒီအတောအတွင်းမှာ ဦး ...င်ဆင်ခြင်ခြင်နေမှုဖြစ်မှာပါလို့၊ ဦးလည်း ပွင့်ဖူးကိုအရမ်းတွေ့ချင်ပြီး ...နေတာပါ၊ ညဘက်ဖုန်းဆက်ချင်တော့လည်း သားကအအိပ်အနေ ...တယ်၊ ဝရန်တာဘက်လျှောက်လိုက် ဘုရားခန်းဘက်လျှောက်လိုက် ...ခန်းဘက်လျှောက်လိုက်ဆိုတော့ မလွတ်လပ်ဘူးဖြစ်နေတာ၊ တစ် ...က်တော့ ပွင့်ဖူးတိုက်ခန်းကို ဦးလာဖြစ်အောင်လာပါ့မယ် နော်ပွင့်ဖူး"

"ဦးလာစရာမလိုတော့ပါဘူး"

"ဟင် ... ဘာပြောလိုက်တယ်ပွင့်ဖူး"

"အခု ဦးကိုခေါ်တွေ့ရတာလည်း ပွင့်ဖူး ပွင့်ပွင့်လင်းလင်း ဝန်ခံ ...ည်းရှိ ပြောစရာလည်းရှိလို့ပါဦး"

ဦးမင်းဆက်ရာ နားမလည်နိုင်ဖြစ်သွားရသည်။ ကိုယ့်ကိုဖုန်းဆက်မရ ...ာတွေ့ပေးပါလို့ ပွင့်ဖူးခေါ်တော့ မတွေ့ရသည့်ရက်တွေကြာနေ ...ကြောင့် အရမ်းလွမ်းပြီး သတိရနေသည်လို့ထင်နေတာ။

ကိုယ့်မှာလည်း မမလှိုင်နှင့်ပတ်သက်ပြီး သံသယဝင်မှာစိုး၍ သား ...မြင်စောင်းမှာစိုးနေတာကြောင့် လွမ်းသည့်တမ်းတသည့် စိတ်တွေ ...န်းပြီး အောင့်အည်းသည်းခံနေရတာပါ။ အခြေအနေအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတွေသာ အေးဆေးသွားလျှင် သားကိုနားလည်အောင်ပြော
ပွင့်ဖူးကိုလက်ထပ်ဖို့ ဆုံးဖြတ်ချက်ချထားပြီးသားပင်။

အခုတော့ ပွင့်ဖူးမျက်နှာလေးအေးခဲတင်းမာသယောင်ရှိနေ
မို့ ရင်တွေတောင်တုန်လာသည်။ အရင်တစ်ခါလို ကိုယ့်ကိုအရမ်း
ပြီး တိုက်ခန်းကိုမရမကလိုက်ပို့ခိုင်းပြီး ခေါ်သွားချင်တာမျိုးမဟုတ်
လား၊ ပွင့်ဖူးမျက်နှာလေးကို မြတ်နိုးစွာကြည့်နေရင်းနှင့်ပင်

''ပြောပါဦးပွင့်ဖူး။ ပွင့်ဖူး ဘာတွေပြောစရာရှိနေလို့လဲ၊ ပွင့်
ပြောတာကို ဦးနားထောင်ပါ့မယ်၊ ဒါပေမဲ့ မျက်နှာလေးကိုတော့ ပြုံး
ပါကွာ၊ တည်တည်ကြီးဖြစ်နေတော့ ဦးဘယ်လိုနေရမှာလဲ၊ ဦးရင်ခွင်
ကနေ အမြဲတမ်းပြုံးနေတတ်တဲ့ ပွင့်ဖူးမျက်နှာလေးကို ဦးကမြင်ချင်
ပြီး ရင်ခုန်နေရတာ''

ပွင့်ဖူးမျက်နှာလေးကို ပွတ်သပ်ကိုင်တွယ်မိသော ကိုယ့်ရဲ့
တွေကို ပွင့်ဖူးကဖယ်ချကာ

''ပွင့်ဖူး လက်ထပ်တော့မယ်ဦး''

''ဘာ ... မင်းဘာပြောတယ်ပွင့်ဖူး၊ မင်းအဲဒီစကားက''

''ပွင့်ဖူး အခုတကယ်ချစ်ရတဲ့သူကိုတွေ့သွားပြီလို့ ဦးကိုပွင့်
လင်းလင်း ဝန်ခံပါရစေ၊ ပွင့်ဖူး သူ့ကိုတကယ်ချစ်လို့ လက်ထပ်ဖို့အ
ဆုံးဖြတ်လိုက်တာပါ''

''ဘာ ... ပွင့်ဖူး။ မင်း ... ဒီစကားမျိုး မင်းငါ့ကိုပြောသင့်
မပြောသင့်ဘူးလား။ မစဉ်းစားဘူးလား ပွင့်ဖူးဟင်၊ မင်းနဲ့ငါက လက်
ထားတာလေ၊ လင်မယားလိုလည်း အတူတူနေနေကြတာ ဒါကို''

''တရားဝင်အတိအလင်းမှမဟုတ်တာဦးရယ်၊ အငယ်အနှော
လည်းမဟုတ်၊ မယားပြိုင်လည်းမဟုတ်၊ တစ်ပင်လဲလို့တစ်ပင်ထူထား
နဲ့ တရားဝင်အသိအမှတ်ပြု လက်ထပ်တာမျိုးလည်းမရှိသေးပါဘူး ဒီ



နှ်မှာ ပွင့်ဖူးလည်း ပွင့်ဖူးဘဝအတွက် ရွေးချယ်ခွင့်ရှိရမှာပေါ့ မဟုတ်
လားဦး''

''မဟုတ်ဘူး။ မဟုတ်သေးဘူးပွင့်ဖူး။ ပွင့်ဖူးကို ဦးတင့်တောင့်
တင့်တယ်လက်ထပ်မှာပါလို့ ပြောထားတယ်လေ၊ မမလှိုင် ဒီလိုဖြစ်သွား
တာလည်း ဦးတို့နှစ်ယောက်လုံးကြောင့် ပွင့်ဖူး၊ ဒီကိစ္စကြီးဖြစ်သွားလို့
လေးပဲစောင့်ပါလို့ ပွင့်ဖူးကို ဦးနားလည်အောင်ပြောထားသားပဲ၊
ဖြစ်လို့လဲ ဘာလို့ခဏလေးတောင်မစောင့်နိုင်ဘဲ မင်းဒီလိုဆုံးဖြတ်
တ်ရတာလဲ''

သွေးရူးသွေးတန်းဖြစ်ကာ ပေါက်ကွဲစွာပင် မေးမိသည်။ ပွင့်ဖူး
ခံရခက်အောင်တည်ငြိမ်လေးနက်နေလျက်

''သူ့ကိုပွင့်ဖူး တကယ်ချစ်သွားလို့ပါ၊ သူက ပွင့်ဖူးထက်ငယ်ပေ
မယ့် တည်ငြိမ်လေးနက်တယ် ရင့်ကျက်တယ်၊ ပြီးတော့ ပွင့်ဖူးဘဝကို''

''ဦး မင်းကိုတင့်တောင့်တင့်တယ်နေစေချင်လို့ တိုက်ခန်းဝယ်
ထားတယ်လေ၊ ပြည့်စုံအောင်လည်း ထောက်ပံ့နေတာပဲမဟုတ်
ဘူး''

''အဲဒီတိုက်ခန်း ဦးကိုပြန်ပေးမှာပါ''

''ဘာ''

''အထောက်အပံ့လည်း မယူတော့ပါဘူး၊ ပွင့်ဖူးဆီမှာ သိမ်း
ထားတဲ့နှစ်ဦးသဘောတူ လက်ထပ်စာချုပ်ကိုလည်း ပွင့်ဖူးဖြဲပစ်လိုက်
ပြီ''

''ဟာ ... မင်း ... မင်း ပွင့်ဖူးရာ''

ဒီလိုလုပ်လိမ့်မည်မထင်မိ။ ဒီလိုပြတ်သားစွာ ဆုံးဖြတ်ချက်ချ
က်လိမ့်မည်မထင်မိ။ တစ်ဖက်ကကောင်က ဘယ်လောက်တောင်
ကောင်းနေလို့ ယုံကြည်မှုတွေ ဒီလောက်ရှိနေတာလဲ။ ကိုယ့်အပေါ် ပွင့်ဖူး

www.burmeseclassic.com

www.burmeseclassic.com



နိုင် တကယ်ချစ်ခဲ့သည်ထင်လို့ ကိုယ့်မှာတော့ မမလှိုင်ကို အတိုက်အ
တွေလုပ်ခဲ့သည်။ ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။

ကိုယ်ရဲ့တုံ့ပြန်မှုတွေ ပြင်းထန်ခဲ့လို့ မမလှိုင်က ဘဝနှင့်အသ
ကိုတောင် အရှုံးပေး စွန့်လွှတ်သွားခဲ့သည်။ ကိုယ့်ဘက်က ဒီလောက်
ပေးဆပ်ခဲ့တာတောင် ...

"ပွင့်ဖူး ... ဦး လက်မခံနိုင်ဘူး"

"ဘာကိုလဲ ဦး"

"မင်းလက်ထပ်မှာ၊ မင်းတခြားတစ်ယောက်နဲ့လက်ထပ်မှာ
ခွင့်မပြုနိုင်ဘူး၊ မင်းကို ဦးဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ မင်းမသိ
လား ပွင့်ဖူး။ ဦးရဲ့ဇနီးမယားဖြစ်တဲ့ မမလှိုင်အပေါ် မလုပ်သင့်တာ
လုပ်ခဲ့မိလို့ မမလှိုင်အသက်တောင် ဆုံးရှုံးသွားရတယ်၊ အခုသားကလ
ဦးအပေါ်အမြင်စောင်းပြီး သားအဖနှစ်ယောက်ဆက်ဆံရေးတွေ
အေးသွားရတယ်၊ မိသားစုအသိုက်အမြုံအပျက်ခံပြီးကို မင်းကိုဦးချစ်ခဲ့
ပါ ပွင့်ဖူး"

"တကယ်ချစ်တာမှန်ခဲ့ရင် ပွင့်ဖူးကိုလွှတ်လပ်ခွင့်ပေးလို
မှာပေ့ါ ဦး၊ ဦးလိုမုဆိုးဖို ကလေးအဖေထက် လူပျိုလူလွတ်တစ်ယော
နဲ့ လက်ထပ်တာ ဦးမမြင်ချင်ဘူးလား၊ အချစ်စစ်ဆိုတာ စွန့်လွှတ်ခြ
ဒေါ်နှင်းယုလှိုင်က ဦးကိုတကယ်ချစ်လို့ စွန့်လွှတ်သွားခဲ့တာ၊ ဦးလ
ပွင့်ဖူးကို တကယ်ချစ်ရင် စွန့်လွှတ်နိုင်ရမှာပေါ့"

"အဲဒါက"

"ဘာလဲ ... ဦးကလူကိုပဲရယူချင်တာ၊ လိုအပ်တဲ့အချိန် အ
ချချင်တာလား၊ ပွင့်ဖူးက ဘဝကိုပေးလို့ ဦးကတိုက်ခန်းပေးတာ
ထောက်ပံ့တယ်၊ ဒီထက်ဘာပိုတာများရှိလို့လဲဦး၊ အချစ်ဆိုတာ
အကြောင်းမပြောပါနဲ့၊ အဲဒီအရာတွေပြန်ပေးမယ်ဆိုရင် ပွင့်ဖူးကိုလည်း လွ



မြောက်ခွင့်ပေးရမှာပေ့ါ မဟုတ်ဘူးလားဦး၊ ပွင့်ဖူးတို့နှစ်ယောက်ကြား
မှာ ဘာချည်နှောင်မှုတွေများရှိနေလို့လဲ"

ဘာပြန်ပြောရမှာလဲ။ ပွင့်ဖူးပြောနေသမျှ ဘယ်လိုတွေပြန်ပြီး
ချေပရမှာလဲ။ အမှန်တရားတွေလား။ သူမနှင့် ကိုယ့်ရဲ့ဆက်ဆံရေးက
ဒီလောက်ပဲလား။ ကိုယ့်ဘက်က နွေးထွေးတဲ့ မိသားစုဘဝတစ်ခုလုံး
ဆုံးရှုံးသွားရတဲ့ ပေးဆပ်မှုအတွက်ကျတော့ သူမဘာမှပြန်လုပ်မပေးတော့
ဘူးလား။ ရင်ထဲက ခံပြင်းမှုများဖြင့် ကျယ်လောင်သော တက်တစ်ချက်
ခေါက်လိုက်မိသည်။

"တောက် ... ပွင့်ဖူးခိုင် ... မင်းပါးစပ်က အဲဒီလိုစကားတွေ
ပြောထွက်လာလိမ့်မယ်လို့ ငါမထင်မိဘူး။ မင်းငါ့ကို တကယ်ချစ်ခဲ့တယ်
လို့ အောက်မေ့တာ၊ စွဲစွဲလမ်းလမ်း တမ်းတမ်းတတနဲ့ အတူနေဖြစ်ကြတဲ့
အချိန်တွေက အချစ်ကြောင့်မဟုတ်ဘူးလား၊ ဒါဆို မင်းငါ့ကိုဘာလို့ပြု
စားခဲ့တာလဲ ပွင့်ဖူးခိုင်၊ ငါ့မိသားစုဘဝကိုဖျက်ဆီးမိတဲ့ လူယုတ်မာတစ်
ယောက်ဖြစ်အောင် မင်းဘာကြောင့်ဖြားယောင်းခဲ့တာလဲ၊ မင်းဘဝထဲမှာ
ပဲ ပျော်မွေ့အောင် မင်းဘာကြောင့်သိမ်းသွင်းခဲ့တာလဲ"

"လက်ခုပ်ဆိုတာ တစ်ဖက်တည်းတီးရုံနဲ့မမြည်ပါဘူးဦး၊ ပွင့်ဖူး
ကပဲ ဦးကိုသိမ်းသွင်းခဲ့တာလား၊ ဖြားယောင်းခဲ့တာလား၊ ဦးဆီက ပွင့်ဖူး
တောင်းဆိုခဲ့တာ တစ်ခုမှမရှိဘူးနော်၊ ပွင့်ဖူးဆီက ဦးလိုချင်တာတွေရလို့
ဦးဖြည့်ဆည်းပေးခဲ့တာ မဟုတ်ဘူးလား၊ အခုအဲဒါတွေ ပြန်ပေးမယ်ဆို
ရင် ဦးအသာတကြည်လက်ခံပြီး လွှတ်မြောက်ခွင့်ပေးသင့်တာ၊ ခိုင်မြဲတဲ့
ချည်နှောင်မှုတွေနဲ့ မဟုတ်တဲ့နဲ့ ဦးတစ်သက်လုံး ပွင့်ဖူးကိုသိမ်းပိုက်ထား
ချင်လို့ မရဘူးလေ"

"မင်းလက်ထပ်မယ့်ကောင်က ဘာလုပ်တာလဲ"

"သူဌေးသားပါ၊ မိဘရဲ့ပိုင်ဆိုင်မှုအမွေတွေ တစ်ယောက်တည်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ရှမယ့် တစ်ဦးတည်းသောသား''

''နာမည်က''

''အထွန်း''

''မင်းအဲဒီကောင်ကို ဘယ်လောက်ထိချစ်နေပြီလဲ''

''အသက်ပေးရမယ်ဆိုရင်တောင် ပေးဖို့အဆင်သင့်ဖြစ်နေပြီ''

ရင်ထဲအင့်ခနဲဆောင့်ကန်ခံလိုက်ရသလို ခံစားရ၏။ ကိုယ့်မှာတော့ ချစ်လိုက်ရတာ။ မိသားစုဘဝပျက်စီးခံပြီးကို ချစ်ခဲ့တာ။

အခုတော့ သူမက တခြားယောကျ်ားလေးတစ်ယောက်ကို အသက်ပေး၍တောင် ချစ်နေသည်တဲ့။ ကိုယ်နဲ့ကင်းကွာနေတာ ဘယ်လောက်ကြာသေးလို့လဲ။

မမလှိုင်ပြောခဲ့သလို ပွင့်ဖူးနိုင်က တန်ဖိုးမဲ့မိန်းကလေး၊ ယောကျ်ားတွေကို ဆော့ကစားနေခဲ့ခြင်းလား။ ရင်ထဲမှာ တဆစ်ဆစ် နာကျင်ခံရခက်နေသည်။ ကိုယ့်မှာတော့ သားကိုနားလည်အောင်ပြောပြီး လက်ထပ်ဖို့အထိ ရည်ရွယ်ထားခဲ့တာ၊ ရင်ထဲမှာ ဘာကြောင့်မှန်းမသိဘဲ ပြင်းပြင်းရှရှ နင့်နင့်သီးသီးနာကျင်နေသည်။

မမလှိုင်ကိုလည်း ပြင်းပြင်းထန်ထန်ပင် သတိရမိ၏၊ ကိုယ်သာ ပွင့်ဖူးနိုင်နှင့် မပတ်သက်မိလျှင် မမလှိုင် အခုချိန်ထိသေသေးမှာမဟုတ်၊ နွေးထွေးသော မိသားစုဘဝလေးဖြင့် ကြည်နူးစရာကောင်းနေပေလိမ့်မည်။ မောင်သတိရလိုက်တာ မမလှိုင်ရယ်။

၀၀၀

# အခန်း (၃၄)

''သားချစ်သူမိန်းကလေးကို ဒီနေ့ခေါ်လာခဲ့မယ်ဒယ်ဒီ''

ဒယ်ဒီ့ကိုအသိပေးခဲ့ပြီး ပွင့်ဖူးနိုင်ကို သူမတိုက်ခန်းမှာသွားခေါ်လာခဲ့လိုက်သည်။ သူဘယ်တော့မှ ဒယ်ဒီဝယ်ပေးထားသည်ဆိုသော ပွင့်ဖူးနိုင် တိုက်ခန်းပေါ်ကိုမတက်ပါ။ တိုက်ခန်းအောက်က ကားပါကင်မှာ စောင့်နေစဉ်မှာပဲ ယောက္ခမလောင်းများ နှစ်သက်စေနိုင်သော ရိုးယဉ်သည့် အဝတ်အစားများကို ဝတ်ဆင်လျက် ကြော့မော့စွာနှင့် ပွင့်ဖူးနိုင် ဆင်းလာသည်။

သူနာကျင်မှုန်းမျက်စွာပင် ပြုံးမိလိုက်လျက်

''မမနိုင် အရမ်းလှတာပဲ''

''မမြှောက်စမ်းပါနဲ့ကွယ်၊ ဒီမှာရင်တွေတုန်နေရတဲ့အထဲ၊ မောင့်ဒယ်ဒီလက်မခံပါ့မလားလို့''

''မစိုးရိမ်ပါနဲ့ မမရယ်၊ လက်မခံဘူးဆိုရင်တောင် မောင်တို့ ရင်ဆိုင်ဖို့တွေးထားပြီးသားပဲ''

''ဒါပေမဲ့ အေးအေးချမ်းချမ်းလေး လက်ခံပေးလိုက်တာဆိုရင် ပိုကောင်းတာပေါ့မောင်ရယ်၊ မမ မောင်နဲ့မခွဲနိုင်ဘူး''

''ဘယ်သူကခွဲမှာလဲ မမရဲ့၊ လက်မခံရင် လက်ခံလာတဲ့အထိ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အဆုံးထိ တိုက်ပွဲဝင်ကြရုံပေါ့မဟုတ်ဘူးလား။ မမသာ စိတ်ပျက်အားလျှော့ပြီး မောင့်ကိုလက်လွှတ်အဆုံးရှုံးခံလိုက်မှာ စိုးရိမ်တာ၊ မောင့်လက်ကိုသေတဲ့အထိ ဆုပ်ကိုင်ထားပေးပါနော်"

"မမနိုင်ဘက်ကတော့ မောင့်ကိုချစ်နေပြီးသားမို့ ဒီစကားကိုသတိပေးစရာမလိုပါဘူးကွယ်၊ မောင်သာ မောင့်ဒယ်ဒီကန့်ကွက်ခဲ့ရင်မမနိုင်ကို စွန့်ပစ်ထားရစ်ခဲ့မှာ စိုးရိမ်တာ"

"မောင့်ကိုတော့ စိတ်ချပါ၊ မောင်က မမနိုင်ကိုအသည်းနဲ့အောင်ချစ်တာဆိုတော့ ဒီလိုကိစ္စမျိုးလုံးဝရှိမှာမဟုတ်ပါဘူး။ ကဲ...သွားကြမယ်မမနိုင်၊ ဒီနေ့ဆန်းဒေးကမ္ဘာပိတ်တာဆိုတော့ ဒယ်ဒီစောင့်နေမှာ"

"အင်း ... သွားမယ်လေမောင်"

မောင့်စကားတွေက အားရှိစေပေမယ့် ရင်တွေကတော့တုန်နေဆဲပဲဖြစ်သည်။ သူမဘက်မှာအားနည်းချက်တွေ များခဲ့တာတွေရှိခဲ့သည့်အတွက် မလုံမလဲသိမ်ငယ်နေမိတာမျိုးလည်း ဖြစ်နိုင်သည်။

"ဟင် ... မောင် ... မောင်ကားကို ဘယ်မောင်းနေတာလဲဒါ ... ဒါက"

"မောင်တို့အိမ်လေမမရဲ့၊ မောင်တို့ ဒီကွန်ဒိုမှာပဲနေတာ"

"ဟင် ... ဘာ ... ဘာပြောတယ်"

သူမ ထိတ်လန့်တကြားနှင့် အရမ်းကိုတုန်လှုပ်သွားခဲ့သည်။ ဒီဝန်းကျင်ဘက်ကိုရောက်လာတော့ စိတ်ထဲထင့်ခနဲဖြစ်နေမိပေမယ့်ကျော်သွားမည်ပဲထင်ခဲ့သည်။ အခုတော့ ဒီကွန်ဒိုဝင်းထဲက ကားပါကင်ကို သေသေချာချာပင် ထိုးရပ်လိုက်သည်။

မောင်က ကားအောက်ရောက်သွားပေမယ့် သူမကားပေါ်ကဆင်းဖို့ တွန့်ဆုတ်တွေဝေနေမိသည်။



"မမလာလေ၊ ဘာလုပ်နေတာလဲ၊ ဒယ်ဒီကစောင့်နေတော့မှာ၊ တော်ကြာ စိတ်မရှည်ဖြစ်သွားဦးမယ်"

"အင်း ... အင်းပါမောင်"

မောင်က သူမလက်ကိုမြဲမြဲဆွဲကာခေါ်၏။ ဓာတ်လှေကားထဲအရောက်မှာ ချွေးစေးတွေတောင်ပြန်လာသည်။ မောင်ဘယ်အထပ်ကိုခလုတ်နံပါတ်နှိပ်လိုက်တာလဲ။

"ဟင် ... မောင် ... ဒါ ... ဒါ"

ဓာတ်လှေကားထဲကအထွက်မှာ မြင်လိုက်ရသော အခန်းနံပါတ်ကိုကြည့်၍ သူမသွေးပျက်တုန်လှုပ်သွားမိသည်။ မောင် ... မောင်ကဘယ်သူ့သားလဲ။ ဘာကြောင့် ဦးရဲ့ကွန်ဒိုအခန်းရှေ့မှာရပ်နေရတာလဲ။

ဦးမင်းဆက်ရာ၊ ဒေါ်နှင်းယုလှိုင်တို့ရဲ့ သားများလား။

"မမလာလေ၊ ဒေါ်ချို တံခါးဖွင့်ပေးပြီးပြီ"

"ဒေါ်ချို"

ရင်ထဲက ဘုရားတမိသွားလျက် ခြေလှမ်းတွေကနောက်ဆုတ်ပြန်ပြေးချင်နေမိသည်။ မောင့်လက်ထဲက ဖွတ်အတင်းရုန်းထွက်ကာ ထွက်ပြေးလိုက်ရမလား။ ဒီအိမ်ဧည့်ခန်းထဲမှာစောင့်နေတာ ဦးမဖြစ်ပါစေနဲ့။

"ဒယ်ဒီ သားတို့ရောက်ပါပြီ"

တွန့်ဆုတ်ဆုတ်ဖြစ်နေသော ပွင့်ဖူးခိုင်ပခုံးကို ခပ်တင်းတင်းဆုပ်ညှစ်ဖက်၍ ဒယ်ဒီထိုင်နေသော ဧည့်ခန်းဘက်ကိုခေါ်လာခဲ့သည်။ သူဖက်တွယ်ထားသော ပွင့်ဖူးခိုင်ကိုမြင်လိုက်သည်နှင့် ဒယ်ဒီ့လက်ထဲက ဂျာနယ်တစ်စောင်က ပါကေးခင်းပေါ်မှာ ဖြန်းခနဲပြန့်ကျဲသွား၏။

"သား ... မင်း ... မင်းဒါဘာလုပ်တာလဲ၊ ဘယ်သူ့ကိုခေါ်လာတာလဲ"

"သားရဲ့ချစ်သူ၊ သားလက်ထပ်မယ့်မိန်းကလေး ပွင့်ဖူးခိုင်ပါ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ၊ မမနိုင် ဒါကမောင့်ရဲ့ဒယ်ဒီဦးမင်းဆက်ရာပါ၊ နှုတ်ဆက်လိုက်ပါ ဦး မမနိုင်''

''ဟို ... အဲ ... အဲဒါ''

''ပွင့်ဖူးခိုင်၊ မင်း ... မင်း ဒါဘာလုပ်တာလဲ၊ ဒါငါ့သားမင်းမျိုးဆက်၊ မင်း ... မင်း ဘယ်လိုအကြံအစည်နဲ့''

''ဒယ်ဒီ ... မမနိုင်က ဒယ်ဒီ့ဇနီးမယား ဒယ်ဒီ့စပွန်ဆာ မဟုတ်ပါဘူး။ သားလက်ထပ်မယ့် သားချစ်သူ၊ ဒယ်ဒီ့ရဲ့ချွေးမလောင်းပါ။ သိမ်သိမ်မွေ့မွေ့ ညင်ညင်သာသာဆက်ဆံပေးပါ ဒယ်ဒီ''

''သား ... မင်းဘာတွေသိထားလို့ သူ့အကြောင်း သားဘာလို့လဲ၊ ပွင့်ဖူးခိုင်က ဒယ်ဒီရဲ့''

''မမနိုင်အတိတ်မှာ ဘာဖြစ်ဖြစ် သားစိတ်မဝင်စားဘူး ဒယ်ဒီ၊ သားမမနိုင်ကိုချစ်တယ်၊ မမနိုင်ကို သားလက်ထပ်မယ်၊ ဒါပဲဒယ်ဒီ သိထားပါ''

''ကျွတ် ... မဟုတ်တာ မဖြစ်သင့်တာ၊ လုံးဝကိုမဖြစ်သင့်တာ၊ ပွင့်ဖူးခိုင် မင်းထွက်သွားလိုက်တော့၊ မင်းမျိုးဆက်က ငါ့သားဘာလဲ မင်းလက်ထပ်မယ်လို့ပြောတာ အသက်ပေးပြီးတောင်ချစ်နေပြီလို့ပြောတာ ငါ့သားကိုလား။ ဟုတ်လား ပွင့်ဖူးခိုင်''

''ဟုတ် ... ဟုတ်ပါတယ်ဦး''

''ဟား ... ဟား ပွင့်ဖူးခိုင်၊ အံ့ဩစရာကောင်းလိုက်တာ၊ မင်းတို့ ဘယ်လိုတွေ့ကြတာလဲ၊ ဘယ်လိုပုံစံမျိုးနဲ့တွေ့ပြီး ဒီလိုအခြေအနေတောင်ရောက်သွားတာလဲ၊ သား မင်းတို့ကိစ္စ ဒယ်ဒီလက်မခံဘူး။ ဒယ်ဒီခွင့်မပြုဘူး၊ သားတို့ရပ်တန်းကရပ်ပါ၊ လုံးဝရပ်ပစ်ပါ''

''ဘာဖြစ်လို့လဲ ဒယ်ဒီ၊ သားလက်ထပ်မယ့်ကိစ္စကို ဒယ်ဒီ ဒီလိုပိတ်ပင်တားဆီးခွင့်မရှိဘူးနော်၊ ဒယ်ဒီ့ကို သားကြိုပြောထားပါတယ်



သားလက်ထပ်မယ့် သားချစ်သူကို ဒယ်ဒီသဘောတူလက်ခံမှုမရှိရင် အဘိုးကိုပြောပြီး လက်ထပ်မယ်လို့၊ အဘိုးကိုတော့ ဒယ်ဒီဘာကြောင့်သဘောမတူရတဲ့အကြောင်းရင်းကို ရှင်းပြလိုက်ပေါ့''

''သား''

သားဘယ်လောက်ထိသိထားလို့လဲ။ မိန်းကလေးတစ်ယောက်နှင့်ပတ်သက်လို့ သူ့မာမီသေသွားရသည်လို့ စွပ်စွဲမှုတွေ တိုက်ခိုက်မှုတွေရှိခဲ့သည်ဆိုသော်လည်း ပွင့်ဖူးခိုင်လားဆိုတာကိုတော့ နာမည်ထုတ်မမေးခဲ့ပေ။ ဒီလိုမမေးခဲ့ခြင်းကပဲ ပွင့်ဖူးခိုင်နှင့်ပတ်သက်ဖို့ သားရဲ့လျှို့ဝှက်ချက်များလား။ ဒါဆိုလည်း သားမလုပ်သင့်တာလုပ်လိုက်ခြင်း မဟုတ်ပါလား။ ဒီအဖေနှင့် အိမ်ထောင်သည်လိုပတ်သက်ရင်းနှီးသော မိန်းမတစ်ယောက်နှင့် သားဘာကြောင့်လက်ထပ်ဖို့ ဆုံးဖြတ်ရတာလဲ။

ရင်ထဲမှာ ဗလောင်ဆူနေသည်။ သွေးတွေဆူဝေနေသည်။ ဘယ်အရာကို ဘယ်လိုနားလည်ရမှန်းမသိဘဲ၊ မဖြစ်နိုင်သည့်အရာမို့ ဘယ်လိုမှခွင့်မလွှတ်နိုင်အောင် ခံစားနေရသည်။

ပွင့်ဖူးခိုင်ကိုကြည့်လိုက်တော့ မင်းမျိုးဆက်နှင့် သားအဖတော်စပ်မှုကို ကြိုတင်မသိခဲ့သည့်အတွက် တုန်လှုပ်နေသောပုံစံနှင့် ကိုယ့်ကိုမျက်နှာချင်းမဆိုင်မိအောင် ရှောင်နေသည်။ ပွင့်ဖူးခိုင် ဘယ်လိုမိန်းကလေးလဲဆိုတာ သားမသိဘဲနေမှာမဟုတ်။

''ပွင့်ဖူးခိုင် ... မင်းပြန်လိုက်တော့ နောက်လည်းဒီအိမ်ကို ဘယ်တော့မှမလာနဲ့၊ သားနဲ့လည်းမပတ်သက်နဲ့၊ မဖြစ်သင့်လို့ လုံးဝမဖြစ်သင့်လို့ ငါဒီလိုတားဆီးရတယ်ဆိုတာ မင်းအသိဆုံးဖြစ်လိမ့်မယ်၊ မင်းသွားပါတော့''

''ဒယ်ဒီ''

စိတ်မထိန်းနိုင်စွာ ပွင့်ဖူးခိုင်ပခုံးကို တွန်းလွှတ်မိသောကိုယ့်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လက်တွေကို သားကဆွဲဖယ်ခါချလျက်

"သားချစ်သူကို အဲဒီလို ကိုယ်ထိလက်ရောက်မလုပ်ပါနဲ့ဒယ်ဒီ။ မမခိုင်တစ်ချိန်က ဘယ်သူနဲ့ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့၊ အခုချိန်မှာတော့ သားအရမ်းတန်ဖိုးထားရတဲ့ မြတ်နိုးရတဲ့မိန်းကလေးတစ်ယောက်ဖြစ်နေပါပြီ။ မမခိုင်ကို ပုတ်ခတ်စော်ကားလာရင်လည်း သားသည်းခံမှာမဟုတ်ပါဘူး"

"မဟုတ်သေးဘူး၊ မဟုတ်သေးဘူးသား။ ဒယ်ဒီက ဘယ်လိုမှ မဖြစ်သင့်လို့ တားနေတာပါ၊ သားတခြားမိန်းကလေးကို လက်ထပ်မယ်ဆိုရင်"

"မိန်းမတိုင်းကို ကိုယ်လက်ထပ်ချင်တိုင်း လက်ထပ်လို့ရလို့လားဒယ်ဒီ၊ ကိုယ်ချစ်ရတဲ့မိန်းကလေး တန်ဖိုးထားမြတ်နိုးရတဲ့မိန်းကလေးကိုပဲ မိသားစုဘဝတွေ အပျက်စီးခံပြီး လက်ထပ်ချင်ကြတာမဟုတ်ဘူးလား။ သားလည်း သားအဖသံယောဇဉ်ပြတ်ချင်အပြတ်ခံပြီး မမခိုင်ကို လက်ထပ်မှာပါ၊ အဲဒီလိုသေချာသိထားပေးပါဒယ်ဒီ၊ လာ မမခိုင် ဒယ်ဒီနဲ့ စကားပြောရတာ အဆင်မပြေဘူး။ မမကိုအရမ်းအားနာပါတယ်၊ ဘာမှ စိတ်ညစ်မသွားနဲ့နော် မမ၊ ဘယ်လိုအကြောင်းတရားတွေရှိရှိ မမကို မောင်လက်ထပ်ဖြစ်အောင် လက်ထပ်မှာပါ၊ အပြင်တစ်နေရာပဲ ခဏလောက် သွားနားလိုက်ရအောင်မမ"

"သား ... သား"

ပွင့်ဖူးခိုင်ပခုံးကို ဖက်တွယ်ကာ သားကထွက်သွားသည်။ ရင်ထဲမှာ ဆတ်ဆတ်ခါအောင် နာကျင်သွား၏။ သားကိုနမြောမိလို့ပါ။

ဒီအဖေနှင့်လွန်လွန်ကျူးကျူးတွေဖြစ်ခဲ့သည့်မိန်းကလေးကိုမှ ဘာလို့များ ဒီလောက်တန်ဖိုးထားပြီး တမ်းတမ်းစွဲသွားတာလဲ။

မသိလို့လား သိလို့လား။ သိရဲနဲ့တမင်လုပ်ခြင်းလား။ မသိချင်ယောင်ဆောင်ပြီး အမိုက်မှောင်ထဲ နစ်ခံတော့မလို့လား။



ကိုယ့်တုန်းကလည်း မမလှိုင်ကမဖြစ်သင့်ပါဘူးလို့ အူးတောက်ပြီး မျက်ရည်တွေနှင့် တောင်းပန်ခဲ့တာတောင် လက်ခံခဲ့တာမဟုတ်။ ဆယ်ကျော်သက်လေးလို အချစ်ကိုရူးမူးစွာ ခံစားချင်စိတ်တွေဖြင့် ပတ်ဝန်းကျင်ကိုလည်းမမြင် ဂုဏ်သိက္ခာ ကိုယ်ကျင့်တရားတွေကိုလည်း မမြင်။

ကိုယ့်လိုအသက်လေးဆယ်ဝန်းကျင်အရွယ်တောင် မစဉ်းစားဆင်ခြင် မရင့်ကျက်ဘဲ လူပျိုပေါက်အရွယ်သားက ရူးမိုက်စွာ ရှေ့ဆက်တိုးမှာမလွဲပေ။

ဘာလုပ်ရမလဲ၊ ဘယ်လိုတားဆီးရမလဲ။

ဒီအဖေရဲ့ပန်တော်ကျမိန်းကလေးကိုမှ သားရယ် ...။

ooo

[redacted]

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၅)

"ဘယ်လိုလုပ်ကြမလဲဟင်၊ မောင့်ဒယ်ဒီက"

"မောင်ကြိုပြောထားသားပဲ မမနိုင်၊ ဒယ်ဒီကသဘောတူလက်
မှာမဟုတ်ဘူး။ မောင်တို့နှစ်ယောက်အတူလက်တွဲပြီး ရင်ဆိုင်ရမှာပါ

"ဒါပေမဲ့ အဲဒါက မမနိုင်နဲ့ မောင့်ဒယ်ဒီ"

"မပြောပါနဲ့မမနိုင်၊ ဒယ်ဒီနဲ့ဘယ်လိုပတ်သက်တာလဲ၊ တ
သူနဲ့ဘယ်လိုပတ်သက်ခဲ့သေးလဲ၊ မမနိုင် ဘယ်လိုပုံစံနဲ့နေခဲ့တာလဲ
ဘာမှမသိချင်ဘူး၊ အခုချိန်မှာ မမနိုင်ကို မောင်မြတ်နိုးတယ်၊ ချစ်တယ်
လက်ထပ်ဖို့အထိ ဆုံးဖြတ်ထားတယ်"

"မောင်"

မောင့်ပါးစပ်က ဒီစကားတွေထွက်တာဟုတ်မှဟုတ်ပါ့မလား
သံသယဝင်မိသော်လည်း မောင်ကဆုံးဖြတ်ချက်ချထားပြီးသလို တည်
လေးနက်လို့နေသည်။ ဦးက မောင့်အဖေ။ သူမနှင့်ဦးရဲ့ပတ်သက်မှု

"မ. . . မမနိုင်တို့ ရှေ့ဆက်လို့ဖြစ်မှာမဟုတ်ဘူးထင်တယ်၊
တန်းကရပ်ပြီး နောက်ဆုတ်လိုက်ကြရင်"

"ဒယ်ဒီ့ကြောင့်လား၊ မမနိုင်က ဒယ်ဒီနဲ့ပဲ"

"ဟို . . . မဟုတ်ဘူး၊ အဲဒီလိုမဟုတ်ဘူး၊ မမနိုင်ပြောတာ

င်နဲ့မမနိုင်ကို မောင့်ဒယ်ဒီသဘောတူမှာမဟုတ်ဘူးလေ၊ အခုတောင်
သိသိ ဆက်ဆံလိုက်တာ မောင်သိတယ်မဟုတ်လား၊ မောင်နဲ့
ဆက်ဖို့ မောင့်ဒယ်ဒီနဲ့အရမ်းကိုအတိုက်အခံလုပ်ရလိမ့်မယ်ထင်တယ်"

"မမနိုင် သတ္တိမရှိဘူးလား"

"ဟင်"

"ဒယ်ဒီ့ကိုရင်ဆိုင်ရမှာ ကြောက်နေတာလားလို့မေးတာ၊ ဘယ်
တ်သက်မှုမျိုးမို့"

"ဟို . . . မမနိုင် ကြောက်လို့ပြောတာမဟုတ်ပါဘူး၊ ဒါပေမဲ့"

"မောင့်ကို ဆင်ခြေမပေးပါနဲ့ မမနိုင်၊ မောင်တို့လက်ထပ်ဖြစ်
င် လက်ထပ်ကြမယ်၊ ဒယ်ဒီ့ကို မောင်ပြောခဲ့တဲ့စကားတွေကြား
ယ်မဟုတ်လား၊ မောင်ဘယ်တော့မှ နောက်ဆုတ်မှာမဟုတ်ဘူး၊ မမနိုင်
ယ်လိုအရာကမှ မမနိုင်နဲ့ လက်ထပ်ဖို့ကိုတားဆီးလို့ရမှာ မဟုတ်ဘူး၊
ဘာဖြစ်လို့လဲဆိုတော့"

ခင်များကို မုန်းလို့ ရွံလို့ နာကြည်းလို့ ဒယ်ဒီနဲ့ရသွားမှာစိုးလို့
ပါးစပ်က ဆက်တိုက်ပေါက်ကွဲပြောထွက်လိုက်ချင်သည်။ ဒယ်ဒီက
ကိုစွ မေ့မေ့ပျောက်ပျောက်ဖြစ်သွားလျှင် ပွင့်ဖူးနိုင်နှင့် လက်ထပ်ဖို့
ဖြတ်ထားတာ သေချာသိနေလို့ပါ။

ဒီမိန်းမကြောင့် မာမီ့ကိုသေကွဲကွဲကာ ဆုံးရှုံးခံလိုက်ရပြီးပြီ
ဒီ့ကိုတော့ထပ်ပြီး အဆုံးရှုံးမခံနိုင်။ ဒီမိန်းမ ဘယ်လောက်ထိတန်ဖိုး
အောက်တန်းကျတယ်ဆိုတာ ဒယ်ဒီသိပြီး ရွံမုန်းနာကြည်းသွားအောင်
လုပ်မှာ။ စိတ်ချဒယ်ဒီ၊ ပွင့်ဖူးနိုင်ကို ဒယ်ဒီအရမ်းကြီးကို ရွံမုန်း
ကြည်းသွားစေရပါမယ်။

"မောင်"

"ဟင် ဟင် မမနိုင်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



''ဘာတွေတွေးနေတာလဲ၊ မမခိုင်ကို မောင်တစ်မျိုးမြင်''

''မောင်ပြောမယ် မမခိုင်၊ မောင့်အနာဂတ်တွေ အတိတ်... ပစ္စုပ္ပန်တွေကိုမယုံကြည်ဘူး၊ ကိုယ့်စိတ်ဆန္ဒအတိုင်း ဘဝကိုတည်ဆော... မှာ၊ အရင်တုန်းက မောင်သန္နိဋ္ဌာန်ချထားတာတစ်ခုရှိတယ်၊ အချစ်ဦး... လက်ထပ်ဖြစ်အောင် လက်ထပ်မယ်လို့''

''မောင့်ရဲ့အချစ်ဦးက မမခိုင် တကယ်လားမောင်''

''မောင်ညာမပြောတတ်ဘူးမမခိုင်၊ မောင်ရဲ့အချစ်ဦးက မ... ပါ၊ မမခိုင်ရဲ့အချစ်ဦးက မောင်မဟုတ်ဘူးဆိုတာလည်း မောင်သိတယ်၊ ဒါပေမဲ့ မမခိုင်ရဲ့အတိတ်ကို မောင်စိတ်မဝင်စားဘူး၊ မမခိုင် ဘယ်... ပုံစံနဲ့နေထိုင်ခဲ့တာလဲဆိုတာလည်း မောင်မသိချင်ဘူး၊ အဲဒါကြောင့် မ... အကြောင်းတွေကို မောင်မမေးခဲ့တာပေါ့ မမခိုင်''

ကြိုသိနေခဲ့လို့ မောင်မမေးခဲ့တာမဟုတ်ဘူးလားလို့ မေး... လျှင် မောင်စိတ်မကောင်းဖြစ်သွားလိမ့်မည်ထင်သည်။ မောင်ဘာရည်... ချက်နဲ့ သူမကိုရွေးချယ်ပြီး ချစ်ခဲ့တာလဲ။ တမင်တကာနီးစပ်အော... ကြိုးစားခဲ့တာလား။ ဦးနှင့်ကိစ္စ ဘယ်လောက်ထိအောင်သိထားလဲ။

တကယ်စိတ်ပါ၍ပဲလား။ လက်စားချေချင်တာကြောင့်လား။

သူမကို အပြစ်မမြင်ဘဲ၊ ဖအေကို အတိုက်အခံလုပ်နေ... ကရော ဘယ်လိုအကြောင်းကြောင့်လဲ၊ သူမစိတ်ထဲလည်း အရာအား... က ရှုပ်ထွေးနေပါသည်။ ဒါပေမဲ့ မောင်ရဲ့လေးနက်သောစကား... ကြောင့် သူမရဲ့စိတ်တွေ တဖြည်းဖြည်းတည်ငြိမ်ပြီး မောင့်ကိုအရ... ထက်ပိုပြီး ယုံကြည်လာမိသည်။

သူမကိုတကယ်ချစ်လို့ ဒီစကားတွေပြောနေခြင်းဟု ရင်ထဲ... လက်ခံနေမိ၏။ ဒါဆိုဦးကို အတိုက်အခံလုပ် ဆန့်ကျင်ရုံပဲရှိတော့... ပေါ့။ မောင်တစ်ယောက်လုံး သူမဘက်မှာ ရဲရင့်စွာ ရပ်တည်နေမှ...



...တာကိုမှ တွေးကြောက်နေစရာမလိုတော့။

သူမကိုနားလည်မှုပေးနိုင်သော မောင့်အချစ်တွေနှင့်ပဲ သူမ ...အားတင်းရတော့မည်။ မောင်လည်း မမခိုင်ရဲ့အချစ်ဦးဖြစ်ခဲ့ရင် သိပ် ...ကောင်းမှာပဲကွယ်...။

ooo

[redacted]

www.burmeseclassic.com

## အခန်း (၃၆)

"သား မင်းမျိုးဆက်၊ မင်းဒီကိုလာထိုင်ပါဦး"

မမနိုင်ကိုလိုက်ပို့ပြီး ပြန်အလာမှာ ဒယ်ဒီခေါ်လိုက်တာကြောင့် ခြေလှမ်းတွန့်ခနဲရပ်တန့်သွားရသည်။ ဒါပေမဲ့ ဒယ်ဒီ့ကိုလှည့်မကြည့်မိ ခြေလှမ်းတွေရှေ့လျားဖို့ပြင်ရင်း

"သား ဒယ်ဒီနဲ့ဘာစကားမှပြောစရာမရှိပါဘူးဒယ်ဒီ"

"မင်းမှာမရှိပေမယ့် ဒယ်ဒီ့မှာမင်းကိုပြောစရာတွေအများကြီး ရှိနေတယ် မင်းမျိုးဆက်၊ မင်းဒီကိုမလာရင် မင်းအခန်းထဲထိ ဒယ်ဒီ လိုက်ပြောရလိမ့်မယ်"

ရင်ဆိုင်ဖို့တွေးထားပြီးသားမို့ သူသက်ပြင်းတော့မချမိပါ။ စိတ် ပျက်သည့်ပုံစံနှင့်ပင် သူဒယ်ဒီ့ရှေ့ကခုံမှာ ဝင်ထိုင်လိုက်သည်။

ဒယ်ဒီက မျက်နှာချက်တွေ ပြင်းထန်စွာနှင့် မျက်နှာတစ်ခုလုံး တင်းထန်မှုန်ကုပ်နေသည်။

"မင်းဘာသဘောနဲ့ ပွင့်ဖူးနိုင်ကိုတွဲလိုက်တာလဲ မင်းမျိုးဆက်"

"သားချစ်လို့ပါလို့ ဒယ်ဒီ့ကိုပြောပြီးသားပါ"

"အေး . . . မင်းမချစ်သင့် မချစ်ထိုက်တဲ့မိန်းကလေးမှန်းတော့ မင်းသိနေတယ်မဟုတ်လား"



"မမနိုင်က ဘာဖြစ်နေလို့လဲဒယ်ဒီ၊ မကောင်းတာလုပ်စားနေတဲ့ ပြည့်တန်ဆာမလား။ စပွန်ဆာလိုက်ရှာနေတဲ့ ပိုင်းလုံးမလား ဘာဖြစ်လို့ သူ့နောက်ကြောင်းကိုစိတ်ကိုမဝင်စားတာ"

"အဲဒီလိုမိန်းကလေးဖြစ်နေခဲ့ရင်တောင် ဒယ်ဒီမပြောသေးဘူး။ အခုက ဒယ်ဒီနဲ့"

"ပြောပါဒယ်ဒီ၊ ဒယ်ဒီနဲ့ဘာဖြစ်လို့လဲ၊ ဘာဖြစ်ခဲ့လို့လဲ"

"သား . . . ပွင့်ဖူးက ဒယ်ဒီ့ရဲ့"

"ဘာလို့ပြောမထွက်ဖြစ်နေတာလဲ ဒယ်ဒီ၊ ဒယ်ဒီက ပွင့်ဖူးနိုင်ကို တိုက်ခန်းဝယ်ပေးထားတယ်၊ အဲဒီတိုက်ခန်းမှာ ဒယ်ဒီသွားအိပ်တယ်၊ ဆက်မှတ်ထိုး လက်ထပ်ထားတယ်၊ ဒယ်ဒီနဲ့ ပွင့်ဖူးနိုင်တို့ အဲဒီလိုနေတာ သိသွားလို့ မာမီမျက်ရည်လည်ရွဲနဲ့ ဒူးထောက်တောင်းပန်ခဲ့တယ်၊ မဖြစ်သင့်ပါဘူး၊ ပတ်ဝန်းကျင်မှာ မျက်နှာမဖော်ရဲအောင်မလုပ်ပါနဲ့၊ မမလှိုင်နဲ့သားရဲ့မျက်နှာကိုထောက်ထား ငဲ့ညှာပါဦးလို့ မာမီငိုယိုပြီး ဒယ်ဒီ့ကို ပြောခဲ့တယ်မဟုတ်လား"

"သား . . . သား မင်းဒါတွေဘယ်လိုသိ"

"ဒယ်ဒီတို့ ဇာတ်လမ်းအစကနေအဆုံးထိ မာမီရေးခဲ့တဲ့ ဒိုင်ယာရီကို သားဖတ်ရတယ် ဒယ်ဒီ"

"ဘာ"

ဦးမင်းဆက်ရာ အံ့ဩသွားရသည်။ မမလှိုင်ကခံစားရသမျှ ဒိုင်ယာရီရေးခဲ့တာတဲ့လား။ သားမျက်နှာမှာ နာကြည်းမှုတွေပြည့်လျှံနေသည်က

"မာမီ့နှလုံးသွေးတွေနဲ့ ရေးထားတဲ့ အဲဒီစာလုံးတွေက သွေးချင်း နင်းနီနေတယ်ဒယ်ဒီ၊ မျက်ရည်တွေနဲ့ရောပြွန်းနေတဲ့ခံစားချက်တွေက နင့်နင့်စေတယ်၊ ဒါပေမဲ့ မာမီ့ကိုဒယ်ဒီငဲ့ညှာခဲ့သလား။ သနားခဲ့သလား၊



www.burmeseclassic.com

www.burmeseclassic.com



စာနာခဲ့သလား။ ပွင့်ဖူးခိုင်ကိုပဲ အရမ်းတန်ဖိုးထားပြီး သိပ်ချစ်နေခဲ့တာ မဟုတ်လားဒယ်ဒီ''

''သား ... သားက ဒါဆိုပွင့်ဖူးခိုင်ကို လက်စားချေတာလား ဒယ်ဒီ့ကိုတုံ့ပြန်တိုက်ခိုက်ချင်လို့လား။ ဒါကြောင့် ပွင့်ဖူးခိုင်ကို''

''သိပ်ချစ်သွားခဲ့တာပါ၊ အနှစ်နှစ်ဆယ်နီးပါး သံယောဇဉ်တွေ နွေးထွေးမှုတွေ ပျော်ရွှင်မှုတွေ နှောင်တွယ်ရစ်ပတ်မှုတွေနဲ့ အခိုင်အမာ တည်ဆောက်လာခဲ့တဲ့ မိသားစုဘဝကို အပျက်စီးခံပြီး ချစ်ခဲ့တဲ့မိန်းမ ဘယ်လောက်တောင် ချစ်စရာမြတ်နိုးစရာကောင်းလို့လဲလို့ သားချစ်ကြည့် လိုက်တာပါ''

''သား''

''ဒယ်ဒီ့လို အသက်အရွယ်အရရော၊ အသိဉာဏ်အရရော ရင့် ကျက်နေတဲ့သူတောင် အရူးအမူးချစ်သွားခဲ့ရတဲ့မိန်းမဆိုတော့ သား အချစ်နဲ့ပတ်သက်ပြီး အတွေ့အကြုံမရှိ၊ အသက်အရွယ်အသိဉာဏ်လည်း မရင့်ကျက်သေးတဲ့သူအဖို့ ပိုဆိုးသွားတာပေါ့ဒယ်ဒီ၊ သားမမခိုင်ကို အရူး ကိုချစ်သွားမိပြီ ဒယ်ဒီ၊ မမခိုင်က အရမ်းကိုဆွဲဆောင်မှုရှိတယ်၊ သူ့ က မရှောင်နိုင်အောင် သံလိုက်ဓာတ်တွေရှိတယ်ထင်တယ်၊ သူ့ကိုလက်ထပ် ရမှကိုဖြစ်တော့မှာ၊ အခုတခြားဘာကိုမှ ဂုဏ်သိက္ခာတွေ၊ ကိုယ်ကျင့် တရားတွေ၊ အဆင့်အတန်းတွေ ပတ်ဝန်းကျင်တွေကို ဂရုမစိုက်နိုင်လော့ အောင် သူ့ကိုချစ်သွားမိလို့ သားကိုနားလည်ပေးပါဒယ်ဒီ''

''သား ... မင်း ... မင်း''

ဦးမင်းဆက်ရာ ဘာပြောရမှန်းမသိတော့အောင် ရင်မှာနင့်နင့် သီးသီး နာကျင်နေမိသည်။ နုလုံးသားနုနယ်သည့်သားလေး အချစ်နှင့် ပတ်သက်ပြီး အတွေ့အကြုံမရှိသည့်သားလေး။ ရင့်ကျက်မှုမရှိသေးသည့် အသက်အရွယ်နှင့် ပွင့်ဖူးခိုင်လိုမိန်းမကိုမှ အရူးအမူးဖြစ်သွားခဲ့သည့်



ကဲ့လား။

ဒါပွင့်ဖူးခိုင် ဖြားယောင်းတာ သွေးဆောင်တာ။ ဘာမှမသိ နားမလည်သည့် ကလေးအရွယ်သားလေးကို အတွေ့အထိတွေနှင့် သိမ်း သွင်းလိုက်တာဖြစ်မှာ။

''မဖြစ်ဘူး၊ မဖြစ်ပါဘူးသားရယ်၊ ဖအေနဲ့လင်မယားလိုနေခဲ့ တဲ့မိန်းမတစ်ယောက်ကို သားအဲဒီလိုချစ်သွားလို့ မဖြစ်ဘူး၊ ပေါင်းသင်း လို့မဖြစ်ဘူးလေသားရယ်၊ မိန်းကလေးတစ်ယောက်ကို သားအဖနှစ် ယောက်လုံးက လင်မယားလိုဆက်ဆံပေါင်းသင်းလို့ဖြစ်ပါ့မလား၊ ပတ်ဝန်း ကျင်မှာရော အသိုက်အဝန်းမှာရော လူကြားလို့မကောင်းပါဘူး သားရယ်၊ ဒယ် ... ဒယ်ဒီတောင်းပန်ပါတယ်၊ ပွင့်ဖူးခိုင်နဲ့သား အဆက်အသွယ် ဖြတ်လိုက်ပါ၊ မေ့ပစ်လိုက်ပါ၊ လုံးဝကိုပတ်သက်လို့မဖြစ်ပါဘူးသား''

''မရတော့ဘူး ဒယ်ဒီ၊ မမခိုင်က သားရဲ့အချစ်ဦးပါ၊ မိန်းကလေး တစ်ယောက်ကို သားပထမဦးဆုံးချစ်မိသွားတာပါ၊ ဒယ်ဒီ့မိန်းမမကလို့ မမခိုင်က ပြည့်တန်ဆာမတစ်ယောက်ဖြစ်နေလည်း သားသူ့ကိုလက်ထပ် နိုင်ဖို့ ကြိုးစားမှာပါ''

''သား ... မင်းမျိုးဆက်၊ မင်းမဖြစ်သင့်တာ မသင့်တော်တာ ခင်းနားမလည်ဘူးလား''

''ဒယ်ဒီရော နားလည်ခဲ့လို့လား။ အသိတရားတွေ ရင့်ကျက် တဲ့အရွယ်၊ ဆင်ခြင်တုံတရားတွေ သိနားလည်သင့်တဲ့ဒယ်ဒီ့အရွယ်မှာ တောင် ဒယ်ဒီ ဘယ်သူ့အတွက်တွေးပေးခဲ့လို့လဲ၊ မာမီ့အတွက် သား အတွက် ဒယ်ဒီတွေးပေးရမှန်း စာနာရမှန်းသိခဲ့နားလည်ခဲ့လို့လား၊ သား က ကလေးသာသာအရွယ်ပဲရှိပါသေးတယ်ဒယ်ဒီ၊ အချစ်ကိုပဲ အရူးအမူး ကိုးကွယ်တတ်တဲ့ အသိတစ်ခုပဲရှိသေးတဲ့အရွယ်ပါ၊ အခု ဒယ်ဒီဘာပြော ပြော သားဂရုစိုက်မှာမဟုတ်ဘူး နားလည်မှာမဟုတ်ဘူးဒယ်ဒီ၊ မမခိုင်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကိုပဲချစ်မှာ၊ မမခိုင်ကိုလက်ထပ်လို့ရအောင်ပဲ ကြိုးစားမှာ၊ မမခိုင်နဲ့ သား သမီးတွေ အများကြီးမွေးမှာ''

''မင်းမျိုးဆက် . . . မင်း''

စိုးရိမ်စိတ်များဖြင့် စိတ်မထိန်းနိုင်စွာ သားကိုလက်သီးနှင့်ထိုး လိုက်မိသည်။ စိတ်လွတ်သွားပြီးမှ မြတ်နိုးတန်ဖိုးထားစွာ အချစ်ပိုခဲ့ သောသားကို ထိုးမိခြင်းအတွက် စိတ်မကောင်းဖြစ်သွားရ၏။

''သားလေး . . . ဒယ်ဒီသား . . . သားကို''

''ထိုးပါဒယ်ဒီ၊ သားကိုဒယ်ဒီစိတ်ကျေနပ်သွားတဲ့အထိထိုး ပါပေမဲ့ ဒယ်ဒီ့မိန်းမကို သားခိုးတယ်လို့တော့ စွပ်စွဲလို့မရဘူး။ ပွင့်ဖူးခိုင် နဲ့သားက စိတ်တူကိုယ်တူချစ်ကြတာမို့ပါ၊ သားတို့နှစ်ယောက်ကို ဘယ်သူ မှခွဲလို့မရတော့ဘူး၊ သားနဲ့မမခိုင်လက်ထပ်ဖြစ်အောင် လက်ထပ်မှာပဲ ဒယ်ဒီ၊ သူဘယ်လောက်ထိ တန်ဖိုးမဲ့တဲ့မိန်းမလဲလို့ မတွေးနိုင်တော့ အောင်ကို သားအရှုံးအမှုးစွဲလမ်းသွားလို့ပါ''

''သားရယ်''

ရင်ထဲမှာ နင့်နေအောင်နာကျင်နေမိသည်။ အသက်ရှူလို့မ အောင်ပင် ကျပ်ဆို့လာ၏။ သားကိုတားဆီးလို့မရလျှင် ဘယ်သူ့ကို တားဆီးရမလဲ။

အသိဉာဏ်ရင့်ကျက်မှုမရှိသေးသည့်သားကို ပွင့်ဖူးခိုင် ဖြား ယောင်းတာ။ အဖေနှင့်ဖြစ်ခဲ့ပြီးသောမိန်းမတစ်ယောက်က သားနှင့် ဘယ် လိုမှမဖြစ်သင့်ဘူးဆိုတာ ပွင့်ဖူးခိုင် နားလည်လောက်ပါသည်။ မသိခင်က မှားခဲ့လည်း ဒီအသိလေးတစ်ခုတော့ ပွင့်ဖူးခိုင်ရှိသင့်၏။

မင်းဘယ်လိုမိန်းကလေးလဲ ပွင့်ဖူးခိုင်။

၀၀၀

# အခန်း (၃၇)

''ပွင့်ဖူးခိုင်ရယ် ငါရင်တွေ ပန်းတွေတုန်လိုက်တာဟာယ်၊ အခု ညည်းလက်ထပ်မယ့်ကောင်လေးက ညည်းနဲ့အတူနေတဲ့ မင်းဆက်ရာ ရဲ့သားတဲ့လား။ သားအဖအရင်းပတ်သက်မှုကြီးကို ညည်းဘယ်လိုလုပ် မှာလဲ၊ လူကြားလို့မှမကောင်း။ ပတ်ဝန်းကျင်သိလို့မှမသင့်တော်အေး၊ ကြားရတာ ကြက်သီးတောင်ထမိပါရဲ့''

''ဦးနဲ့ပတ်သက်မှုက လူလည်းမသိ ပတ်ဝန်းကျင်လည်းမသိပါ ဘူးဒေါ်လေး။ အတိအလင်းဘာမှမလုပ်ရသေးတဲ့အတွက် ပတ်ဝန်းကျင် မှာ ရှက်စရာကိစ္စလည်းမဟုတ်ပါဘူး။ အခုက ပွင့်ဖူးနဲ့မောင်နဲ့ပဲ ဆုံးဖြတ် ရမယ့်ကိစ္စပါ၊ ဦးက တားဆီးမယ်ဆိုရင်ရော ဘယ်လိုဥပဒေနဲ့တားဆီး မှာလဲ၊ ဘယ်လိုပတ်သက်မှုမျိုးနဲ့ ကန့်ကွက်မှာလဲ၊ ပွင့်ဖူးကတော့ မောင် တစ်ယောက်လုံး ပွင့်ဖူးဘက်မှာရှိနေတဲ့အတွက် ဘာကိုမှမကြောက်ဘူး ဒေါ်လေး၊ ဦးကိုပဲဖြစ်ဖြစ် ပတ်ဝန်းကျင်ကိုပဲဖြစ်ဖြစ် ရင်ဆိုင်မှာပဲ''

''အမယ်လေး . . . ပွင့်ဖူးခိုင်ရယ်၊ ဘုရားမကြောက် တရား မကြောက်၊ ညည်းမို့စဉ်းစားရဲတယ်အေး၊ ဟိုကောင်လေးက သူ့အဖေနဲ့ ညည်းနဲ့ပတ်သက်မှုကြောင့် သူ့အမေသေရတာကိုသိပြီး ညည်းကိုလက် စားချေချင်တာမျိုးဆို ဘယ်လိုလုပ်မလဲ ညည်းအဲဒါကို မတွေးမိဘူးလား''

[redacted]

www.burmeseclassic.com



"တွေးမိတာပေါ့ဒေါ်လေးရယ်၊ တွေးမိလို့ပဲ မောင့်ကိုပို့ပြီး ယုံကြည်မိတာပေါ့၊ တကယ်လက်စားချေချင်တာဆိုရင် ပွင့်ဖူးကိုချစ်တယ်တို့ လက်ထပ်မယ်လို့ ပြောနေပါ့မလား၊ သူ့အဖေနဲ့ရော အတိုက်အခံလုပ် ပြဿနာဖြစ်နေပါ့မလား။ ပွင့်ဖူးကို ရန်တွေ့ချင်တွေ့လို့ရတယ် သတ်ချင်ရင်လည်း သတ်လို့ရတာပဲ၊ အခုက ချစ်တယ်တွင်တွင်ပြောပြီး လက်ထပ်ဖို့ပဲ ကြိုးစားနေတာ၊ ပွင့်ဖူးကိုလည်း သတ္တိရှိပါတဲ့၊ သူနဲ့အရင်ဆိုင်ပေးပါတဲ့၊ တခြားဘာမှမတွေးဘဲ အတူတူနေနိုင်ဖို့ပဲ စဉ်းစားပါတဲ့"

ဒေါ်မိုးဝေ ဘာမှမစဉ်းစားတတ်တော့အောင်ဖြစ်သွားရသည်။ ဒီလိုဆိုပြန်တော့ ဟိုကလေးကိုယုံကြည်ရတော့မည်လား။ ဘယ်လို ဦးနှောက်အသိနှင့်မို့ ဖအေနှင့်လင်မယားလိုပတ်သက်ပြီးသား မိန်းကလေး တစ်ယောက်ကို လက်ထပ်ချင်ရတာများလဲ။

ပွင့်ဖူးကတော့ ငရဲမကြောက် ဘာမကြောက်ကိုရှေ့ဆက်တိုး တော့မည်ထင်သည်။ အခေါ်ဖြစ်နေတော့ စိုးရိမ်စိတ်တွေက များနေတာနဲ့

"အဲဒါနဲ့ပဲ ညည်းကရှေ့ဆက်တိုးဖို့ စဉ်းစားထားတယ်ပေါ့ပွင့်ဖူး"

"အခုချိန်မှာတော့ ပွင့်ဖူးလည်း တခြားအရာတွေ တွေးမနေချင် တော့ဘူးဒေါ်လေး၊ ဦးနဲ့လည်း ပြတ်ပြတ်သားသားဖြစ်သွားချင်လို့ တိုက် ခန်းမှာမနေတော့ဘဲ ဒေါ်လေးအိမ်ကိုပြန်လာခဲ့တာ"

"မင်းဆက်ရာကို အဲဒီလိုလွယ်လွယ်ဖြတ်လို့ရမှာတဲ့လား ပွင့် ဖူး၊ ဟိုကတခြားတစ်ယောက်နဲ့ဖြစ်တယ်ဆိုရင်တောင် ခွင့်လွှတ်ချင် ခွင့် လွှတ်ပေးဦးမယ်၊ သူ့သားနဲ့ကတော့ ဘယ်လိုမှနားလည်ပေးမှာ ခွင့်လွှတ် ပေးမှာမဟုတ်ဘူး ပွင့်ဖူး၊ ငါဆိုရင်လည်း အဲဒီလိုပဲရှိမှာ"

"ဒါဆိုရင် ပွင့်ဖူးကဘာလုပ်ရမှာလဲ ဒေါ်လေး၊ မောင့်ကိုစွန့် လွှတ်ရမှာလား၊ မောင်နဲ့ခွဲရမှာလား"

"ဟဲ့ . . . ညည်း အဲဒီလိုလုပ်မှဖြစ်မှာပေါ့၊ ဖအေနဲ့ညည်း



ညားပြီးသားလေ၊ သားနဲ့ထပ်ယူမယ်ဆိုတာ သင့်တော်သလား၊ ဖြစ်သင့် သလား။ ညည်းလူတစ်ယောက်ဦးနှောက်နဲ့ စဉ်းစားကြည့်စမ်း တွေးကြည့် စမ်းပါ"

ပွင့်ဖူးခိုင်တွေဝေငြိမ်သက်သွားရသည်။ ဒေါ်လေးပြောသလို စဉ်းစားကြည့်တော့လည်း မဖြစ်သင့်တာကမှန်နေသည်။ ဒါပေမဲ့ မောင့် ကို သူမ မခွဲနိုင်ပါ။

တခြားယောက်ျားသားတွေနှင့် ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့ မခွဲနိုင် လောက်အောင် စွဲလမ်းမှုဆိုတာမျိုးမရှိခဲ့။ ရင်ထဲမှာ တမ်းတနေလောက် အောင်လည်း လေးလေးနက်နက်ခံစားပြီး မချစ်မိခဲ့။

မောင့်ကိုတော့ အသည်းနှင့်အောင်ချစ်သည်။ ရင်ထဲက နင့်နင့် သီးသီးခံစားပြီးတော့ကို တန်ဖိုးထားမြတ်နိုးမိ၏။ အတွေ့အထိ အပွတ် အသပ် ဘာမှအခွင့်အရေးမယူတတ်သည့်ယောက်ျားမို့ ခံစားမှုတွေ ယိမ်း ယိုင်ညွတ်နူးသွားခဲ့လေသလား။ တကယ့်အချစ်စစ်ဆိုတာ အတွေ့အထိ ပေးမှမဟုတ်ဘူးဆိုတာ သူမရင်နှင့်ရင်း၍ နားလည်သွားခဲ့သည်။

ဟင့်အင်း . . . မောင့်ကိုသူမဘယ်လိုမှမခွဲနိုင်ပါ။

"ဟဲ့ . . . ပွင့်ဖူးခိုင် ညည်းဘာတွေခေါင်းယမ်းနေတာလဲ၊ ငါ ပြောတာကို လက်မခံဘူးဆိုတဲ့ သဘောလား"

"ပွင့်ဖူး မောင့်ကိုချစ်တယ်ဒေါ်လေး၊ မောင့်ကိုမခွဲနိုင်ဘူး မခွဲ ချင်ဘူး၊ မောင်လည်း အဲဒီလိုပဲ၊ ပွင့်ဖူးက မောင့်ရဲ့အချစ်ဦးဖြစ်လို့ အရူး အမူးစွဲလမ်းပြီး ချစ်မိတာလို့ပြောတယ်၊ ပွင့်ဖူးအတွက်လည်း မောင်က အချစ်ဦးဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲဒေါ်လေးရယ်"

"အခုမှညည်းအချစ်ကိုတောင့်တတတ်နေတယ်ပေါ့၊ ညည်း တကယ်ကို ချစ်တတ်သွားတာလား ပွင့်ဖူး"

"ဟုတ်တယ်လို့ ဝန်ခံရတော့မှာပဲဒေါ်လေး၊ ပွင့်ဖူး ဘာတွေဖြစ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖြစ်ခဲ့ နားလည်ပေးတဲ့မောင့်ရဲ့စိတ်ကို ပွင့်ဖူးလေးစားတယ်၊ မောင်က ပွင့်ဖူးကို တကယ်ချစ်တာပါ၊ အဲဒါကို ပွင့်ဖူးခံစားလို့ရတယ်''

''ငါလည်း မပြောတတ်တော့ပါဘူး ပွင့်ဖူးရယ်၊ ညည်းဘဝ ငါလည်း စီမံလို့မရဘူး၊ ငါ့ပြောစကားလည်း နားမထောင်ဘူး၊ ဒီလိုဖြ သင့်တယ်၊ မဖြစ်သင့်ဘူး အကြံပေးတာ ဖျောင်းဖျတာလည်း လက်မ ဘူး၊ ညည်းထိုက်နဲ့ ညည်းကံပဲလို့ ငါပစ်ထားလိုက်ရတော့မှာလား ပွင့်ဖူး''

''ဒေါ်လေးသဘောပဲ ဒေါ်လေးရယ်၊ တူမအဖြစ်က စွန့်လွှတ် ချင်လည်း စွန့်လွှတ်လိုက်ပါတော့၊ ပွင့်ဖူးလည်း ဒေါ်လေးအပေါ်ဘာ ကောင်းတာတွေ မလုပ်ပေးနိုင်ဘူး၊ ကိုယ့်ကိုယ်ကိုယ်လည်း ဘာဖြစ်ချင် မှန်းမသိဘူး၊ အခုချိန်မှာ ပွင့်ဖူးစိတ်ထဲမှာရှိနေတာက မောင်နဲ့အတူ နေချင်တယ်၊ ပြဿနာတွေ အမြန်ဆုံးပြေလည်သွားချင်တယ်၊ ဦးက မောင့်ရဲ့အဖေဖြစ်နေတာ ပွင့်ဖူးစိတ်ထဲ မဖြစ်သင့်ဘူးဆိုတာ တွေးမိ မယ့် မောင့်ရဲ့အချစ်ကိုတော့ မရှောင်လွှဲနိုင်ဘူး၊ အဲဒီတော့ ပွင့်ဖူး ဘာ လုပ်ရတော့မှာလဲ ဒေါ်လေး၊ ကိုယ့်စိတ်ခံစားမှုကို ဦးစားပေးရမယ်ဆိုရင် ပွင့်ဖူး မိုက်ရူးရဲဆန်ရုံပဲရှိတော့တယ်''

''ကောင်းသလိုလုပ်တော့လို့ ညည်းကိုလွှတ်ပေးထားခဲ့တာ လည်း များလှပါပြီ ပွင့်ဖူးခိုင်ရယ်၊ ငါ့တူမလေး ငါလည်းချမ်းသာပြည့်စုံ အောင် ဘာမှလုပ်မပေးနိုင်ဘူးဆိုပြီး ညည်းစိတ်ချမ်းသာသလို နေချင် သလိုနေခိုင်းထားတာ၊ ငါကိုယ်တိုင်ကလည်း ဗိုင်းကောင်းကျောက်ဖိနေ တတ်တဲ့မိန်းမမဟုတ်ဘူး၊ ညည်းကို ငါဘယ်လိုဆုံးမသွန်သင်လို့မှာ လဲ၊ ခက်တာပဲအေ''

ဒီတစ်ခါတော့ ဒေါ်မိုးဝေတကယ်စိတ်ပျက်လက်ပျက်ဖြစ်သွား ခဲ့တာဖြစ်သည်။ အဒေါ်တစ်ယောက်အနေနှင့် သားအဖနှစ်ယောက်လုံး ကို လင်တော်မှာ ဘယ်လိုလုပ်လက်ခံသဘောတူပေးနိုင်ပါ့မလဲ။



ဒါပေမဲ့ ပွင့်ဖူးခိုင်က တားမရတော့ ဘာတတ်နိုင်မလဲ၊ သူ့ ဆိုက်နဲ့သူ့ကံ၊ သူ့ပြဿနာ သူခံလို့လွှတ်ပေးထားလိုက်တော့ရုံသာ၊ ထို အချိန်မှာ ဖုန်းမြည်လာတာကို ပွင့်ဖူးခိုင်မကိုင်ဘဲ ကြောင်တောင်တောင် ကြည့်နေတာမို့

''ဟဲ့ . . . ဖုန်းမြည်နေတာ ကိုင်လိုက်လေ၊ ဘယ်သူ့ဖုန်းမို့ မကိုင်ဘဲ ကြောင်ကြည့်နေတာလဲ''

''ဦးမင်းဆက်ရာ ဆက်တာဒေါ်လေး''

''ဪ . . . သူဆက်လည်းကိုင်ရမှာပေါ့၊ သူ့သားကိစ္စနဲ့ အကျိုး အကြောင်းပြောစရာရှိလို့နေမှာ၊ ပြဿနာကို ရှင်းစရာရှိတာရှင်းလိုက် ပွင့်ဖူး၊ ရှောင်နေရုံနဲ့ပြီးသွားမယ့်ကိစ္စမဟုတ်ဘူး၊ သူ့သားနဲ့ထပ်မတွေ့ တော့ဘူး ကင်းအောင်နေမယ်ဆိုရင်တော့ တစ်မျိုးပေါ့''

''ဒါပေမဲ့ ရင်ဆိုင်ရမှာတစ်မျိုးကြီးပဲ''

''ဟဲ့ . . . ရင်မဆိုင်ချင်လို့ ဒီအတိုင်းနေလို့မှမဖြစ်တာ၊ ညည်း သည်း ပြောစရာရှိတာပြော၊ သူလည်း ပြောစရာရှိတာပြောလိမ့်မယ်''

''ဒါဆိုရင်လည်း''

ဖုန်းဖွင့်တော့မည့်အချိန်မှ ဖုန်းကကျသွားသည်။ ဦးမင်းဆက် ရာ နောက်ထပ်ပြန်ခေါ်တော့ သူမချက်ချင်းလိုပင် ဖုန်းကိုင်လိုက်၏။

''ဟယ်လို ပြောပါ ဦး''

''မင်းဘယ်မှာလဲ၊ ငါတိုက်ခန်းမှာရောက်နေတယ် မင်းကိုပြော ရောရှိလို့''

''ပွင့်ဖူး အဲဒီတိုက်ခန်းမှာမနေတော့ပါဘူးဦး၊ ပွင့်ဖူးဒေါ်လေး အိမ်မှာပါ၊ ဦးပြောစရာရှိရင် ပွင့်ဖူးတို့ ရပ်ကွက်ထိပ်က ကော်ဖီဆိုင်ကိုပဲ သာခဲ့ပါ''

''ငါမင်းတို့ရပ်ကွက်ထဲကိုမလာနိုင်ဘူး ပွင့်ဖူးခိုင်၊ မင်းနဲ့ငါ့ကို

[redacted]

www.burmeseclassic.com



လူတွေတွဲတွေ့သွားလို့မဖြစ်သေးဘူး။ ငါတို့နှစ်ယောက်ထိုင်နေကျ စား သောက်ဆိုင်ကိုပဲလာခဲ့ပါ။ ငါအခန်းယူထားမယ်''

''ပြီးရောလေ ပွင့်ဖူးလာခဲ့ပါ့မယ်''

မတတ်သာသည့်အဆုံးလိုက်လျောလိုက်ရပေမယ့် ရင်မှာအောင့် သက်သက်ပင်။ ဖုန်းချပြီးသောအခါ ဒေါ်လေးဘက်ကိုလှည့်ကြည့်လိုက်ပြီး

''တွေ့လားဒေါ်လေး အကြောကြီးနေ့။ သူနဲ့ပွင့်ဖူးကို လူတွေရှေ့ တွေ့လို့မဖြစ်သေးလို့တဲ့၊ လူကိုကျ ရအောင်ယူတယ်၊ သူတို့ဂုဏ်သိက္ခာ ကျတော့ နည်းနည်းလေးမှ အပွန်းအပဲ့မခံဘူး။ ပွင့်ဖူးက သူ့ကိုဘယ် အချိန်ထိစောင့်ရမှာလဲ မျှော်လင့်ရမှာလဲ''

''အဲဒါ လူပျိုလူလွတ်နဲ့ အိမ်ထောင်သည်ကွာတာ အဲဒါပဲပေါ့ လူပျိုလူလွတ်ကတော့ ဘယ်လိုမိန်းကလေးပဲဖြစ်ဖြစ်၊ မိဘရှိရင် မိဘကို ပဲ ရင်ဆိုင်ရမှာ ပတ်ဝန်းကျင်ကိုကြောက်စရာမလိုဘူး။ ထည့်တွေးစရာ မလိုဘူး။ အိမ်ထောင်သည်နဲ့ပတ်သက်မိရင်တော့ အဲဒီလိုကိစ္စတွေရှိမှာ ပဲ ပွင့်ဖူး။ ညည်းအစက ဒါတွေမတွေးခဲ့ဘူးလား''

''အစကတော့ တွေးဖို့မေ့နေခဲ့တာလေ၊ မောင်နဲ့တွေ့မှ မောင့် ရဲ့ ပွင့်လင်းလွတ်လပ်မှုကိုတွေ့မှ နောင်တရမိတာ၊ မောင်ဆိုရင် လူများ များရှိတဲ့နေရာတွေကို ခေါ်သွားတယ်၊ သူ့ကားပေါ်မှာတင်ပြီး လျှောက် သွားတယ်၊ တစ်ခုကွာသေးတာက မောင်ဘယ်တော့မှအသားမယူဘူး အခွင့်အရေးမယူဘူး။ လွတ်လပ်တဲ့နေရာဖြစ်တဲ့ ပွင့်ဖူးတိုက်ခန်းပေါ် သူ တစ်ခါမှမတက်ဘူး။ ဘဝကိုအရသာခံဝါးမျိုချင်တာ မဟုတ်ဘူး။ လူကို တန်ဖိုးထားပြီး ချစ်တယ်ဆိုတာ သိသာတယ်''

''အေး . . . ညည်းလည်း ဟိုကောင်လေးကိုပဲ အကောင်းမြင် နေ၊ ငါကတော့ ဘာကိုမှန်းမသိဘူး စိတ်ထဲမှာထင့်နေမိတယ်၊ သားအဖ နှစ်ယောက်လုံးနဲ့ပတ်သက်ရဲတဲ့ ညည်းကိုလည်း အံ့ဩမိတယ်ပွင့်ဖူးရဲ့



ညည်းတော်တော်ကိုသတ္တိကောင်းတာပါအေ''

''ပြောမနေပါနဲ့တော့ ဒေါ်လေးရယ်၊ ပွင့်ဖူးကံပေါ့၊ ကံဇာတာပဲ တက်တာလား၊ စန်းထနေတာလား၊ သားအဖနှစ်ယောက်နဲ့များဆုံရတယ် လို့၊ ပြောလည်း မပြောတတ်တော့ပါဘူး၊ ကဲ . . . ဒေါ်လေးရေ ပွင့်ဖူး သွားလိုက်ဦးမယ်''

''အေး . . . ပြဿနာလည်း အကြီးအကျယ်မတက်စေနဲ့ဦး။ သူ နဲ့လည်း ကင်းခဲ့တာမဟုတ်တော့၊ ယောကျ်ားတွေဆိုတာ အဲဒီလိုကိစ္စ နဲ့ပတ်သက်ရင် ပြင်းထန်ကြတယ်နော်၊ သားသမီးလည်း မြင်တာမဟုတ် ဘူး။ သူ့မိန်းမတုန်းကလည်း သူ့ကြောင့်စိတ်ဆင်းရဲပြီး သေကြောင်း ကြံစည်သွားရတယ်မဟုတ်လား။ အဲဒါ ညည်းအပေါ်သူမှန်နေလို့ မိန်းမကိုတောင် မိန်းမမှန်းမသိတော့ဘဲ စိတ်ဒဏ်ရာတွေပေးခဲ့တာ''

''ဟုတ်ပါပြီ ဒေါ်လေးရယ်၊ ပွင့်ဖူးအတွက် စိတ်မပူပါနဲ့နော်၊ ကြီးကြီးမားမားပြဿနာမတက်အောင် ပွင့်ဖူးထိန်းပါ့မယ်''

''အေးပါအေ. . ညည်းပြန်လာမှ ထမင်းစားမယ်နော်၊ မြန်မြန် တော့ ပြန်လာခဲ့''

''ဟုတ်ကဲ့ပါ ဒေါ်လေး''

အဝတ်အစားလဲပြီး ထွက်သွားသောတူမချောကိုကြည့်၍ ဒေါ်မိုး ဝေ သက်ပြင်းတွေချလိုက်မိသည်။ ဘာကြောင့်များ ဒီလိုကံဇာတာမျိုး ဖြစ်ရတာလဲ။ အရင်က ဒီလိုကိစ္စမျိုးတွေဆိုတာ ကြားပဲကြားဖူးခဲ့တာ။ အခု လက်တွေ့ကြုံရတော့ ရင်တွေပန်းတွေတောင် တုန်မိသည်။

တကယ်ကိုရှေ့ဆက်တိုးကြရင်ဖြင့် အမှားကြီးမှားကြပေလိမ့် မည်။ ဘယ်သူဆက်မှားမလဲဆိုတာပဲ. . ။

ooo

[redacted]

www.burmeseclassic.com

## အခန်း (၃၈)

"ပြောစရာရှိတာ အမြန်ပြောပါ ဦး။ ပွင့်ဖူးပြန်ရမှာအဝေးကြီး ရယ်"

"အခုမှ ဘာတွေလောနေတာလဲ ပွင့်ဖူးခိုင်၊ အရင်က ငါနဲ့ပဲ အချိန်ဖြုန်းချင်နေတာပါ၊ ငါနဲ့အတူရှိနေတဲ့အချိန်ပဲ မင်းပျော်တာပါဆို မင်းဘာယ်လိုမိန်းမလဲ အပြောင်းအလဲမြန်လှချည်လား။ အစကမင်းကို ဒီလောက်တန်ဖိုးမဲ့တဲ့ မိန်းမမှန်းမသိခဲ့ဘူး။ တခြားယောကျ်ားနဲ့ ကိုယ်ဝန် ဖျက်ချခဲ့တာကိုတောင် ငါကသနားငဲ့ညှာစိတ်နဲ့ ခွင့်လွှတ်နားလည်ပေး ခဲ့တယ်၊ အဲဒီယောကျ်ားက မိဘတွေ သဘောမတူလို့ မင်းကိုထားခဲ့တာ မဟုတ်ဘဲ၊ တန်ဖိုးမရှိတဲ့မိန်းမမှန်းသိသွားလို့ စွန့်ပစ်ထားခဲ့တာ မဟုတ် လား။ ရွံစရာကောင်းလိုက်တာ ပွင့်ဖူးခိုင်ရယ်"

"ဦး အားရအောင်ပြောပါ၊ ပြောချင်သလောက်ပြောပါ၊ ပြီးရင် တော့ ပွင့်ဖူးခိုင် ကိစ္စမှန်သမျှ ဦးဘာမှဝင်စွက်ဖက်တားဆီးပိုင်ခွင့်မရှိဘူး ဆိုတာ သိထားပါ ဦး"

"ဘာကွ . . . ဒါဆိုမင်းက ငါ့သားနဲ့ဆက်ပြီးတွဲမယ်ပေါ့ အဲဒီ လိုလား"

ငြိမ်သက်နေလိုက်ခြင်းဟာ ဝန်ခံလိုက်တာလို့ ယူဆသွားဟေ



ခဲ့လို့ပင်။ ဒါကိုသဘောပေါက်သော ဦးမင်းဆက်ရာက စားပွဲခုံကိုဖြန်း ခနဲပုတ်၍

"မင်းယုတ်မာလှချည်လား၊ အောက်တန်းကျလှချည်လား ပွင့် ဖူးခိုင်၊ မင်းအခုတွဲနေတာ လက်ထပ်မယ်လို့ပြောနေတဲ့ မင်းမျိုးဆက်က ငါ့သား . . . ငါ့သားကွ သိရဲ့လားပွင့်ဖူးခိုင်"

"ဟိုနေ့ကပြောလို့ သိပြီးပြီလေ၊ အဲဒါဘာဖြစ်လို့လဲ"

"ဟား . . . ဘာဖြစ်လို့လဲ၊ မင်းပြန်မေးရဲတယ်ဟုတ်လား ပွင့်ဖူး ခိုင်၊ မင်းကငါ့မိန်းမဖြစ်ခဲ့တယ်လေ၊ အတူအိပ်ခဲ့တဲ့မိန်းမလေ၊ အဲဒါကို အရှက်မတော်စေချင်လို့ ငါ့သားကိုဖြားယောင်းမြှူဆွယ်ခဲ့တာလား"

"ချစ်ကြတာပါ၊ ဦးရဲ့သားကိုပဲမေးကြည့်ပါဦး၊ ပွင့်ဖူးခိုင်က သူ့ကို အရင်မြှူဆွယ်ဖြားယောင်းခဲ့တာလား။ သိမ်းသွင်းခဲ့တာလားဆိုတာ၊ သူက အရင်မိတ်ဖွဲ့ခဲ့တာ၊ ဇာတ်လမ်းစခဲ့တာပါ"

"ဟုတ်တယ်၊ ငါ့သားကစခဲ့တာ၊ အဲဒါဘာလို့လဲသိလား"

"ပြောကြည့်ပါဦး နားထောင်ရတာပေါ့"

မထီမဲ့မြင်ပြောနေပုံက တကယ်ကိုအဆင့်မရှိသည့်မိန်းမတစ် ယောက်လိုပါ။ သီးသန့်ခန်းထဲမှာမို့ အသံလုံသည်ဆိုသော်လည်း အကျယ် အကျယ်ဖြစ်လို့မကောင်းတာမို့ အတတ်နိုင်ဆုံးစိတ်ကို လျှော့ချထားရသည်။

"သားက မင်းနဲ့ငါဖြစ်ပျက်ခဲ့သမျှအကြောင်းစုံသိနေတယ်၊ သူ့ အမိဆုံးတာ ဘာကြောင့်လဲဆိုတာကအစ"

"ဘာ"

'အေးဟုတ်တယ်၊ အဲဒါတွေသိလို့ မင်းကိုလက်စားချေချင်တာ ပွင့်ဖူးခိုင်၊ မင်းကိုယ်မင်း လူပျိုလူလွတ် လူငယ်တစ်ယောက်က အချစ်ခံ ရတယ်ဆိုပြီး အဟုတ်ကြီးထင်မနေနဲ့၊ သားက မင်းကိုအကြံအစည်နဲ့ ချဉ်းကပ်ခဲ့တာ၊ အဲဒါရော ဘာကြောင့်လို့ထင်လဲ၊ ငါ့ကိုမင်းနဲ့ဝေးသွားမှာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိုးလို့တဲ့''

''ဟင်းဟင်းဟင်း''

အံ့ဩသလိုနားထောင်နေရင်းက ပွင့်ဖူးခိုင်ရယ်လိုက်တော့ ဦးမင်းဆက်ရာ ကြောင်တောင်တောင်ဖြင့် အံ့အားသင့်သွားရသည်။

''မင်းဘာရယ်တာလဲ ပွင့်ဖူးခိုင်''

''ပုံပြင်ကနားထောင်ကောင်းလို့ပါ၊ အဖေနဲ့ရမှာစိုးလို့ သားက ယူမယ်ဆိုတာ ပွင့်ဖူးကိုစိတ်နာသွားစေချင်တဲ့ ဦးရဲ့လိမ်ဆင်ကြီးမဟုတ်ဘူးလား။ ဦးရဲ့သားကချွဲနေလို့ ဖအေရဲ့မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ မရမကကြိုးစားမှာတဲ့လား။ ဦးရဲ့သွေးနဲ့စကားတွေက ဒိတ်အောက်နေပါပြီဦးရယ်၊ အသစ်တွေပြောရင် ဒီလောက်ရယ်စရာကောင်းမှာ မဟုတ်ဘူး''

''ဟား ... ပွင့်ဖူးခိုင်၊ မင်းကမှတကယ်ရူးတာ၊ ငါ့သားက မင်းကို တကယ်ချစ်လို့လို့ ထင်မနေနဲ့၊ မင်းနောက်ဆုတ်လိုက်ပါ၊ ရပ်တန်းက ရပ်လိုက်ပါ၊ မင်းရှေ့ဆက်တိုးဖို့ လုံးဝမစဉ်းစားပါနဲ့''

''ဦးရဲ့သားကရော ဘာပြောလဲ''

''ဟင်''

''သူဘာပြောလဲလို့၊ ပွင့်ဖူးခိုင်ကို မုန်းတယ်၊ လက်မထပ်နိုင်ဘူး သူ့အမေသေသွားရတာ ပွင့်ဖူးကြောင့်ဆိုပြီး နာကြည်းစိတ်တွေနဲ့ မေ့ထားလိုက်တော့မယ်တဲ့လား''

''ပွင့်ဖူးခိုင် ... မင်း''

''ဦးပါးစပ်က အဲဒီလိုပြောလာခဲ့ရင်တောင် မောင့်ကိုပွင့်ဖူးကိုယ်တိုင်မေးကြည့်ပြီးမှ ယုံမှာပါ၊ ဘာလို့လဲဆိုတော့ ပွင့်ဖူးနဲ့မောင်က လက်ထပ်ကြမယ်၊ တစ်သက်လုံးမခွဲဘူးဆိုပြီး သစ္စာကတိတွေထားပြီးကြလို့ပါ''



''ဟား ... ပွင့်ဖူးခိုင်ရာ''

တကယ်ကိုအံ့ဩစရာကောင်းလွန်းသည့် မိန်းမပါ။ ဒီအဖေနှင့်သူ့အတူအိပ်လာခဲ့ပြီးသားဖြစ်ပါလျက်နှင့် ဒီလိုရှည်ရှယ်ချက်တွေရှိတာပြောထွက်ရဲသည်။ သားကရော တကယ်ဒီလိုဆုံးဖြတ်ချက်တွေ ချထားခဲ့သလား။ ကိုယ့်ရှေ့မှာတောင် အတိအလင်းကြေညာထားသည်ဆိုတော့ ဘုတ်ချင်လည်း ဟုတ်ပေလိမ့်မည်။ မုန်းလို့ပဲဖြစ်ဖြစ်၊ နာကြည်းလို့ပဲဖြစ်ဖြစ်၊ ဒီအဖေနှင့်ရသွားမှာစိုးလို့ပဲဖြစ်ဖြစ်၊ ပွင့်ဖူးခိုင်ကိုလက်ထပ်တော့မှာက သေချာနေသည်။ ကိုယ်ဒီလောက်ပြောနေတာတောင် ပွင့်ဖူးခိုင်သည်း နားမလည်။ သားကလည်းမွန်နေပြီ၊ ပွင့်ဖူးခိုင်ရဲ့ဖြားယောင်းသွေးဆောင် အပေးအယူအထိအတွေ့ထဲက ရုန်းထွက်တော့မှာမဟုတ်။

သားအသိဉာဏ်တွေမွဲနေပြီလို့ စွပ်စွဲရအောင် ကိုယ်တိုင်တောင်သို့ရမွှက်နှံ့နစ်ခဲ့ဖူးတာပဲ။ မိန်းမနှင့်ပတ်သက်ပြီး အတွေ့အကြုံရှိခဲ့သည့်ဒီအဖေက သားနှင့်မိန်းမကို မျက်စိထဲမမြင်အောင် အမိုက်မှောင်ထဲခုန်ဆင်းဖူးမှတော့ ဘာမှထိတွေ့ ဆက်ဆံမှုမရှိဖူးသော သားကမိုက်မဲ့ ဝန်လေးတော့မှာမဟုတ်ပေ။

''ဦး ... ဦး ဒါဘာလုပ်တာလဲ''

ပွင့်ဖူးခိုင်ရှေ့ ဦးမင်းဆက်ရာ ဒူးထောက်ထိုင်ချလိုက်၏။ ပွင့်ဖူးခိုင် လန့်ဖျပ်သွားကာ ထရပ်သည်။ ဦးမင်းဆက်ရာ မျက်ရည်တွေကျနေရင်းနှင့်

''ပွင့်ဖူးခိုင် ငါတောင်းပန်ပါတယ်၊ ငါ့သားလေးကို အမည်းစက်ဆွဲထပ်နေတဲ့ မင်းဘဝထဲကို ဆွဲမသွင်းလိုက်ပါနဲ့၊ သားက ဘာမှမသိနားမလည်သေးပါဘူး၊ လူ့လောကကြီးအကြောင်းလည်း မသိသေးပါဘူး၊ သားကဖြူစင်ရိုးသားပြီး မိန်းမကိစ္စလည်း အတွေ့အကြုံမရှိတဲ့ ကလေးသာသာအရွယ်လေးပဲရှိပါသေးတယ်၊ ငါ့ကြောင့် သေသွားရတဲ့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာမိသာ သူ့သားလေး မင်းနဲ့ဒီလိုဖြစ်တာသိရင် ငါ့ကိုအပြစ်တင်ဖို့ ဆိုးမှာမဟုတ်ဘူး၊ မင်းကလူကြီးပါ၊ နောက်ဆုတ်ပေးပါ၊ ရှေ့ဆက်မတိုး အောင်ရှောင်ပေးပါ ပွင့်ဖူးခိုင်ရယ်''

''ဦးဘယ်လိုပဲတောင်းပန်တောင်းပန် ဒါကိုတော့ ပွင့်ဖူးလုပ်နိုင် မှာမဟုတ်ဘူးဦး၊ မောင်က ဦးပြောသလို ဘာမှမသိနားမလည် မရင့်ကျက် နေတာမဟုတ်ပါဘူး၊ ပွင့်ဖူးလေးစားလောက်အောင်ကို ယောကျာ်းပီသ တည်ငြိမ်တဲ့သူပါ၊ ဦးလိုမျိုးတောင် ရှုးမိုက်တဲ့သူမျိုးမဟုတ်ပါဘူး၊ ပွင့်ဖူး အပေါ်မှာ အခုချိန်ထိ အခွင့်အရေးမယူဘဲ တန်ဖိုးထားတဲ့ ယောကျာ်း တစ်ယောက်ကို ပွင့်ဖူးကဘာလို့စွန့်လွှတ်လိုက်ရမှာလဲ''

''မသင့်တော်တာ မဖြစ်သင့်တာ မင်းသိတယ်မဟုတ်လား ပွင့် ဖူးခိုင်၊ မင်းနဲ့ငါနဲ့ညားပြီးသားလေ၊ သားကိုထပ်ယူမယ်ဆိုတာ မင်းမယုတ် ညံ့လွန်းဘူးလား၊ အောက်တန်းမကျလွန်းဘူးလား ပွင့်ဖူးခိုင်၊ မင်းငွေ ဘယ်လောက်လိုချင်လဲ၊ မင်းတခြားဘာပစ္စည်းဥစ္စာတွေလိုချင်လဲ ငါအား လုံးပေးမယ်၊ သားကလွဲရင် ငါပေးမယ်၊ သား . . . သားကိုပဲ ဒီနွံထဲက လွှတ်မြောက်ခွင့်ပေးလိုက်ပါ''

ပွင့်ဖူးခိုင် မထိတထိရယ်ချလိုက်သည်။ ဒူးထောက်နေဆဲရှိသော ဦးမင်းဆက်ရာကို ခနဲ့ခနဲ့မဲ့ပြုံးများဖြင့် ကြည့်လိုက်ပြီး

''မောင်နဲ့လက်ထပ်ပြီးရင် အားလုံးပိုင်ဆိုင်ရမှာပဲကို ဦးပေးမယ့် ဟာတွေ ပွင့်ဖူးဘာလို့မက်မောရမှာလဲဦး''

''ဘာ''

''ဒါပေမဲ့ ပွင့်ဖူးက ပစ္စည်းဥစ္စာတွေထက် မောင့်ကိုပဲတန်ဖိုးထား တာ မက်မောတာပါ၊ မောင်က ဦးပြောသလိုပဲ အရမ်းကိုရိုးသားဖြူစင် တယ်၊ မိန်းကလေးတွေအတွက် ယောကျာ်းကောင်း လင်ကောင်းဖြစ်မယ့် သူမျိုးပေါ့၊ ဒါကိုဘယ်လိုလုပ်ပြီး ပွင့်ဖူးလက်လွှတ်ဆုံးရှုံးခံရမှာလဲ၊ ဦးနဲ့



ကိစ္စကို လူမသိသူမသိပြီးသွားတယ်လို့ သဘောထားလိုက်ပါဦး''

''တောက် . . . ပွင့်ဖူးခိုင်''

''ဦးက ဘယ်မှာများ ပွင့်ဖူးကိုတန်ဖိုးထားခဲ့လို့လဲ၊ ဦးဂုဏ်သိက္ခာ အတွက် ပွင့်ဖူးကိုလူကြားထဲတောင် ခေါ်မသွားရဲဘူး၊ လူသိမခံရဲဘူး၊ သားသမီးမရအောင် ထိတ်ထိတ်ပျာပျာ တားဆီးခဲ့တယ်၊ ဦးလိုအပ်တဲ့ အချိန်သာ ပွင့်ဖူးဆီရောက်လာတတ်ပြီး အာသာဆန္ဒပြေပျောက်သွား သမယ့် ပွင့်ဖူးလိုအပ်တဲ့အချိန်မှာ ပွင့်ဖူးအနားမှာ ဦးရှိနေပေးခဲ့ဖူးသလား၊ ဦးက ဦးအတွက်ပဲ ဦးသိတာ၊ အခုတော့ ပွင့်ဖူးလည်း''

''မဖြစ်ဘူး၊ ငါ့သားနဲ့တော့မဖြစ်ဘူး၊ ငါတောင်းပန်ပါတယ် တောင်းပန်ပါတယ် ပွင့်ဖူးခိုင်ရယ်၊ သား . . . သားကို အဲဒီလိုမလုပ်လိုက် ပါနဲ့၊ ငါ့သားလေးက အရိုးခံလေးပါ၊ ဘာမှမသိသေးတဲ့ကလေးလေးပါ၊ အမည်းစက်တွေစွန်းထင်းပေကျံနေတဲ့ မင်းဘဝထဲကို အရောက်မခံနိုင် ဘူး၊ မလုပ်ပါနဲ့၊ မသိမ်းသွင်းပါနဲ့''

''အဲဒီကိစ္စ မောင်နဲ့ပဲတိုင်ပင်ကြည့်လိုက်ပါဦး၊ မောင်ထားခဲ့ရင် ပွင့်ဖူးနေခဲ့မယ်၊ မောင်စွန့်ပစ်ရင် ပွင့်ဖူးကျန်ရစ်ခဲ့မှာပေါ့၊ ကျန်တဲ့သူကတော့ ဘယ်သူမှ ပွင့်ဖူးကိုအမိန့်ပေးလို့မရဘူး၊ တောင်းပန်လို့လည်းမရဘူး၊ အဲဒီလိုပဲ သိထားလိုက်ပါဦး၊ ပွင့်ဖူးကိုခွင့်ပြုပါဦး''

''ပွင့်ဖူး . . . ပွင့်ဖူးခိုင်''

အသံကုန်အော်ကာခေါ်လိုက်သော်လည်း ပွင့်ဖူးခိုင် နောက် လှည့်မကြည့်။ ကိုယ့်ကိုယ်ကိုယ် ဒူးထောက်လျက် အနေအထားကိုကြည့် ပြီး မလှိုင် ဒူးထောက်တောင်းပန်ခဲ့တာကို မြင်ယောင်လာသည်။ မလှိုင် လည်း ပွင့်ဖူးခိုင်ကို ဒူးထောက်တောင်းပန်ခဲ့ဖူးတာပဲ။

လင်ယောကျာ်းကိုလုယူသွားမှာစိုးလို့ အသက်ကယ်တင်ပေးခဲ့ ရဖူးတဲ့မိန်းကလေးကို မျက်ရည်လည်ရွဲနှင့် ဒူးထောက်တောင်းပန်ခဲ့ရှာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သည့် မမလှိုင်။ မမလှိုင်ရယ် မောင်အခုဝဋ်လိုက်နေပါပြီ၊ သားကိုပေးလိုက်ရမှာစိုးလို့ ပွင့်ဖူးဆိုင်ကို ဒူးထောက်တောင်းပန်နေရပြီ။ မမလှိုင်လိုပဲ နားကျင်ကျင်ခံစားနေရပါပြီ မမလှိုင်ရယ် ... မောင်ခံစားနေရပါပြီ။

ooo

## အခန်း (၃၈)

"မမခိုင်ဆီ ဒယ်ဒီလာတွေ့သေးတယ်မဟုတ်လား မမခိုင်"

သတင်းအတိအကျရထားပြီးပြီမို့ မေးလိုက်ခြင်းဖြစ်သည်။ နောက်ကလိုက်သွားဖို့ စဉ်းစားလိုက်သေးသော်လည်း နောက်မှမမခိုင်ကိုတွေ့ကာ မေးကြည့်တော့မည်ဟုဆုံးဖြတ်ပြီး မမခိုင်ကိုခေါ်တွေ့လိုက်ခြင်းဖြစ်သည်။

မမခိုင် မျက်နှာကညှိုးနွမ်းနေလျက်နှင့်

"လာတွေ့တယ်၊ မမခိုင်သွားမတွေ့လို့မကောင်းတာနဲ့ သွားတွေ့လိုက်တာ"

"ဒယ်ဒီဘာတွေပြောသွားလဲ၊ မောင်နဲ့ထပ်မတွေ့ဖို့ နောက်ဆုတ်ဖို့လား"

"မောင်က မောင့်ဒယ်ဒီနဲ့ မမခိုင်အကြောင်းတွေကိုသိနေလို့ လက်စားချေဖို့အတွက် မမခိုင်ကို ချဉ်းကပ်တာဆို၊ မောင့်ဒယ်ဒီနဲ့ မမခိုင်နဲ့ ပတ်သက်သွားမှာစိုးလို့ မမခိုင်ကိုလက်ထပ်ဖို့ ကြိုးစားတာတဲ့၊ အဲဒါဟုတ်သလား"

"ဒယ်ဒီက အဲဒီလိုပဲပြောသလား"

မောင်ကမျက်နှာပျက်မသွားဘဲ တည်ငြိမ်စွာမေးတော့ အံ့သြ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။ တကယ်သာဆို မောင်ထိတ်လန့်တုန်လှုပ်သွားတာ သူ့အပေါ်အားနာသွားတာ တစ်ခုခုတော့ဖြစ်သင့်သည်။ သူမကပဲ မောင့်မျက်နှာငြိုသွားမှာ စိုးရိမ်စွာနှင့်

"မောင်မပြောခဲ့ဘူးမဟုတ်လားဟင်၊ မောင်ဘာမှမသိဘူး မောင်အဲဒီလိုရှည်ရှယ်ချက်နဲ့ မမနိုင်ကို"

"မမနိုင် ... မောင့်ကိုမယုံကြည်ဘူးလား။ မမနိုင် ဘယ်နှယောက်ကိုချစ်ဖူးလို့ အဲဒီလိုတွေးသလဲ မသိပေမယ့်၊ မောင်ကတော့ မမနိုင်ကို အပြစ်မမြင်ရက်အောင်ချစ်မိလို့ လက်ထပ်ဖို့အထိ စဉ်းစားမိဖြတ်လိုက်တာပါ"

"မဖြစ်သင့်တာ မသင့်တော်တာတွေ မောင့်ဒယ်ဒီပြောတယ် မဟုတ်လား"

"အဲဒါက မောင့်အချစ်နဲ့မဆိုင်ဘူးထင်တယ်၊ လူနှစ်ဦးအချင်းချင်း ပတ်သက်ဆက်ဆံတဲ့နေရာမှာ မဖြစ်သင့်တာ မသင့်တော်တာမျိုးရှိသလား မမနိုင်၊ ဒီလိုအသိနဲ့ ဆင်ခြင်တတ်ကြမယ်ဆိုရင် အငယ်အနှောင်းကိစ္စတွေ၊ အိမ်ထောင်ရေးဖောက်ပြန်မှုတွေ၊ သွေးသားမကင်းတဲ့သူအချင်းချင်း လက်ထပ်ကြတာတွေရှိပါ့မလား၊ ကိုယ်ကျလုပ်ချင်တာလုပ်ကြပြီး သူများကိုမှ မသင့်တော်တာ မဖြစ်သင့်တာ လာဆုံးမနေတဲ့သူတွေကို မောင်အရမ်းမုန်းတယ်၊ ဒယ်ဒီက အဲဒီလိုလူမျိုး"

"မောင်သိတော့ သိနေတယ်မဟုတ်လား"

"အဲဒါမောင်နဲ့မဆိုင်တဲ့ကိစ္စလို့ပြောပြီးပြီလေ၊ မမရဲ့အတိတ်ကို မောင်စိတ်မဝင်စားဘူး၊ ဘယ်သူနဲ့ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့၊ အခုချိန်မှာ မမအချစ်ကို မောင်တစ်ယောက်တည်းရနေတယ်ဆိုရင် မောင်ကျေနပ်ပြီ အနာဂတ်မှာတခြားအကြောင်းတွေမတွေးဘဲ မောင့်အတွက်သားသမီး လေးတွေမွေးပေးရင် မမနိုင်အပေါ် မောင်တစ်သက်လုံးသစ္စာရှိနေပါ့မယ်"



"မောင်ရယ်"

မောင့်စကားတွေကြောင့် ယုံကြည်ချက်တွေကပို၍ ခိုင်မာလာခဲ့သည်။ မောင့်အချစ်တွေက တကယ်ပဲသူမအပေါ်လေးနက်တန်ဖိုးထားနေသည်လို့ ယုံကြည်ရတော့မည်လား။ သူမလက်ကိုဆုပ်ကိုင်လာသော မောင့်လက်တွေက သူမတစ်ကိုယ်လုံး ရှိန်းဖိန်းကာ အင်အားတွေပြည့်လာသည်ဟု ခံစားရသည်။

"မမနိုင် ... မောင်တို့နောက်ရက်ကျရင် လက်ထပ်ဖို့အတွက် စပြီးပြင်ဆင်စီစဉ်ကြရအောင်၊ ဒယ်ဒီလက်မခံလည်း အဘိုးသဘောတူအောင် မောင်ပြောနိုင်ပါတယ်၊ အခုချိန်မှာ ဒယ်ဒီ့သဘောက အရေးမကြီးဘူး၊ အဘိုးလက်ခံပေးဖို့သာ အဓိကပဲ၊ ပိုင်ဆိုင်မှုတွေအားလုံးကလည်း မောင့်နာမည်နဲ့လွှဲပြီးပြီဆိုတော့ မမနိုင်ကိုမောင်တင့်တောင့်တင့်တယ်ထားနိုင်မှာပါ၊ မမ မောင့်ကိုယုံကြည်တယ်မဟုတ်လား"

"ယုံ ... ယုံကြည်ပါတယ်မောင်၊ အခုချိန်မှာ မမနိုင်က မောင့်အချစ်တစ်ခုကိုပဲ ယုံကြည်အားကိုးပြီးနေနေတာပါ၊ မမနိုင်အလုပ်ကလည်း ထွက်လိုက်ပြီ"

တိုက်ခန်းမှာမနေတော့တာလည်း သိပါတယ်ဟု မပြောဖြစ်။ သူ့အပေါ်ပွင့်လင်းခိုင်တစ်ဘဝလုံး ပုံအပ်ဖို့ဆုံးဖြတ်လိုက်တာဟာ သူ့ရည်မှန်းချက်ပြည့်ဝဖို့ နီးစပ်လာတာပဲဖြစ်၏။ ယုံကြည်အောင်တော့ သူ့ဘက်က ကျွန်ရှစွာ တည်ငြိမ်နေဖို့ပဲလိုသည်။

နာကျင်ခဲ့ရမှုတွေအတွက် တစ်ချေပြုံးရနိုင်ဖို့ဆိုလျှင်

"မမနိုင် အလုပ်မလုပ်တော့ရင် စားစရိတ်အသုံးစရိတ်တော့ လိုမှာပဲ၊ အိမ်မှာဘာလိုအပ်လဲ၊ မောင်တို့ဈေးသွားဝယ်ကြမယ်လေ မမနိုင်၊ ပြီးရင် မောင်အိမ်အထိပြန်လိုက်ပို့ပေးမယ်"

"နေပါစေမောင်၊ မမနိုင်အဆင်ပြေပါတယ်၊ မောင့်ဒုက္ခမရှာ

[redacted]

www.burmeseclassic.com



ပါနဲ့''

''ဘယ်ဟုတ်ပါ့မလဲ မမခိုင်ရယ်၊ မောင့်ကြောင့် မမခိုင်အလုပ်ထွက်ရတာ၊ အဆင်မပြေမှုတွေဟာ မောင့်တာဝန်ပဲပေါ့၊ တော်ကြာ မခိုင်အဒေါ်ကပါ ငြိုငြင်လာရင် မောင်တို့နှစ်ယောက်အတွက် ပိုပြီးခက်သွားလိမ့်မယ်''

''အဟင်း . . . ဒေါ်လေးကတော့ မမခိုင်သဘောတစ်ခုပါပဲ မိဘတွေမရှိတော့ မမခိုင်စိတ်ချမ်းသာအောင်ပဲထားတယ်''

''အဲဒါလည်း ကောင်းတာပဲမမရဲ့၊ မိဘတွေရှိရင် သူတို့ကို အတိုက်အခံလုပ်နေရဦးမယ်၊ ကဲပါ . . . မောင်တို့ကုန်တိုက်သွားရအောင် မမလိုအပ်တာဝယ်ပေါ့''

ကော်ဖီဆိုင်လေးထဲကနေ ကုန်တိုက်ကိုထွက်လာခဲ့ကြသည်၊ အဝတ်အစားအသုံးအဆောင်တွေကို ပွင့်ဖူးခိုင်က မယူချင်သော်လည်း မင်းမျိုးဆက်က အကုန်ဝယ်ပေးသည်။ ဟိုဟာယူပါ၊ ဒီဟာလေးက လိုက်ဖက်တယ်နှင့် ရက်ရောလွန်းနေတာမို့ ပွင့်ဖူးခိုင် အားနာနေသည်။ အပြန်လမ်းမှာတော့

''မောင်ရယ် ဘာလို့ပစ္စည်းတွေ အများကြီးဝယ်ပေးရတာလဲ မောင့်ပိုက်ဆံတွေ အများကြီးကုန်သွားမှာပေါ့''

''အဲဒါအရေးလား၊ မမကတိုက်ခန်းမှာမနေဘဲ အဒေါ်အိမ်ပြောင်းလာပြီဆိုတော့ လိုအပ်တာတွေများမှာပဲလေ၊ ဒီလောက်တော့ မောင်တာဝန်ယူပေးရမှာပေါ့ မမခိုင်ရယ်''

''မောင်ရယ် . . . မောင်ကအသက်ငယ်ပေမယ့် စိတ်ဓာတ်လေးက အရမ်းကိုမြင့်မြတ်လွန်းတာပဲ၊ တကယ့်လူကြီးဆန်ပြီး ပြည့်ဝလွန်းတယ်၊ မမခိုင်ကိုမခွဲနိုင်အောင် ဖြားယောင်းနေသလိုပဲကွယ်''

''အဲဒီလိုအောက်မေ့ထားရင်ပဲ တော်ပါပြီ၊ မောင်တို့လက်ထပ်ပြီ ပြင်ဆင်ကြမယ်၊ ဒါပဲတွေးထားပါ''



''အင်းပါမောင်ရယ်''

မောင့်စကားတွေကြောင့်ပဲ စိုးရိမ်စိတ်တွေကင်းကာ အားတွေရှိလာသည်။ တကယ်ပဲသူမနှင့်မောင် လက်ထပ်ဖြစ်ကြတော့မလား။ ဒါဆို ဦးကိုဘယ်လိုလုပ်ရမလဲ။ မောင်နှင့်ကိစ္စကို အေးအေးချမ်းချမ်း ခွင့်ပြုလိုက်လျှင် ကောင်းမည်။

''မမ အိမ်နားရောက်နေပြီလေ၊ ဘာတွေတွေးနေတာလဲ''

''ဩော် . . . အင်း မောင်အိမ်ထဲဝင်ဦးမှာလား။ ဒေါ်လေးရှိတယ်ထင်တယ်''

''အင်း . . . အိမ်ရောက်မှတော့ တွေ့ရတာပေါ့၊ ဝင်မယ်လေ''

မင်းမျိုးဆက်က အိမ်ရှေ့မှာကားရပ်ပြီး ပစ္စည်းထုပ်တွေ အိမ်ထဲကိုသယ်ပေးသည်။ ဒေါ်မိုးဝေ ဆက်တီခုံမှာထိုင်နေရင်းက မျက်လုံးလှန်ကြည့်၏။

''ဒေါ်လေး ဧည့်သည်ပါတယ်''

''အေး . . . မင်းမျိုးဆက်ဆိုတာလား''

''ဟုတ်ကဲ့ . . . မောင် ဒါမမခိုင်ဒေါ်လေး ဒေါ်မိုးဝေပါ''

''ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် ဒေါ်လေး''

''အေး . . . ထိုင်ပါကွယ်၊ အိမ်အထိတောင်လိုက်လာတယ်ဆိုတော့ မင်းတို့အခြေအနေက''

''ကျွန်တော်တို့ လက်ထပ်ကြမှာပါ''

မင်းမျိုးဆက် မဆိုင်းမတွဖြေလိုက်တာကြောင့် ဒေါ်မိုးဝေမျက်ခုံးပင့်သွား၏။ မင်းမျိုးဆက်နှင့် ဘေးချင်းကပ်ယှဉ်ထိုင်လိုက်သော ပွင့်ဖူးခိုင်က

''ဟုတ်ပါတယ်ဒေါ်လေး၊ ပွင့်ဖူးတို့လက်ထပ်ကြမှာပါ၊ မောင်နဲ့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စပဲ တိုင်ပင်နေတာ''

''ညည်းတို့က ဒီစကားပဲပြောနေကြတာ၊ ကိစ္စတွေက အလွယ်တကူဖြစ်မှာမို့လား။ ငါပြောချင်တာက မင်းမျိုးဆက်အဖေက''

''ဘယ်မိဘမှသားသမီးရဲ့အိမ်ထောင်ရေးကို အလွယ်တကူခွင့်ပြုတယ်ဆိုတာ မရှိပါဘူး၊ ဒါပေမဲ့ ကြာတော့လည်း ဘယ်မိဘမှသားသမီးကိုပစ်ထားရိုးထုံးစံမရှိပါဘူး။ ပြဿနာတစ်ခုကို ကျော်လွှားသွားဖို့ပဲ စဉ်းစားထားပါတယ်''

''အေး . . . မင်းပြောသလို ကျော်လွှားသွားနိုင်မယ်ဆိုရင်တော့ ကောင်းတာပေါ့လေ၊ ဒါပေမဲ့ အိမ်ထောင်ရေး ရေရှည်မြဲဖို့လည်း လိုသေးတယ်၊ မင်းကငါ့တူမနဲ့ ဘယ်လောက်ထိခိုင်မြဲဖို့ စဉ်းစားထားလဲ''

တစ်သက်လုံးအတွက် ရည်ရွယ်ထားတာမဟုတ်ဘူးလို့ ပြောထွက်လိုက်ချင်သည်။ ဒီလိုတွေစီစဉ်နေခြင်းက ဒယ်ဒီနှင့်မနီးစပ်အောင်ပါ။ ပွင့်ဖူးခိုင်ကို ဒယ်ဒီစိတ်နာသွားမှုဖြစ်မည်။ ပွင့်ဖူးခိုင်နှင့်ပတ်သက်သည့်အတွက် မာမီဒီလိုမျိုးသေဆုံးရတာကို ဒယ်ဒီနောင်တတွေနှင့် တစ်သက်စာနောင်ကြဉ်သွားစေချင်၏။ အိမ်ထောင်ရေးဖောက်ပြန်မိသည့် ဆိုးကျိုးကို ဒယ်ဒီသိကိုသိစေရမည်။

''မောင်''

''ဟင်''

''ဒေါ်လေးမေးနေတာ မောင်ကြားရဲ့လား''

''ဩော် . . . ခဏတာအတွက်ဆို ကျွန်တော်လက်ထပ်ဖို့ စိတ်ကူးစားဖြစ်မှာမဟုတ်ပါဘူး ဒေါ်လေး''

''အေးပါ၊ အဲဒါဆိုရင်တော့ ဒေါ်လေးလည်း ဝမ်းသာပါတယ် ဒေါ်လေးက ပွင့်ဖူးကို ကောင်းကောင်းမွန်မွန် ချမ်းချမ်းသာသာနေစေချင်တာ၊ ငယ်စဉ်ကတည်းက မိဘတွေက ဆုံးပါးသွားတော့ ဒေါ်လေးတို့



စောင့်ရှောက်လာရတာလေ၊ ကိုယ်ကလည်းတစ်ကိုယ်တည်းရှန်းကန်နေရတဲ့ အခါကျတော့ သူ့ကိုပြည့်စုံအောင်လည်း မထားနိုင်ဘူးမဟုတ်သား။ အဲဒါကြောင့်ပဲ''

''ဒေါ်လေး မောင့်ကိုတစ်ခုခုကျွေးဖို့ စီစဉ်ပါဦး။ ဒီအတိုင်းပြန်သွတ်ရရင် ဘယ်ကောင်းပါ့မလဲ''

''ဩော် အေး . . . ဒေါ်လေးကော်ဖီဖျော်ပေးရမလား၊ ညစာပြင်ပေးရမလား''

ဒေါ်လေးစကားတွေကျွံမှာစိုး၍ ပွင့်ဖူးခိုင်စကားဖြတ်လိုက်တာကို သူသဘောပေါက်စွာ ထရပ်လိုက်သည်။

''ကျွန်တော့်ကိုပြန်ခွင့်ပြုပါဦး ဒေါ်လေး။ မမ မောင်ပြန်မယ်၊ ထွက်လာတာအချိန်လည်း နောက်ကျနေပြီဆိုတော့''

''အင်းဟုတ်တယ်၊ ဟိုလေ မောင့်ဒယ်ဒီကို အဆင်ပြေအောင် ပြောကြည့်ပါ၊ အရမ်းကြီးပြဿနာဖြစ်နေတော့လည်း မကောင်းဘူး''

''ဒယ်ဒီ ဘယ်လိုမှလက်ခံမှာမဟုတ်ဘူးဆိုတာတော့ မမခိုင်သိတယ်မဟုတ်လား၊ ဆန့်ကျင်နေလို့လည်းပြေလည်မှာ မဟုတ်ဘူး။ ဒီတော့ မောင်တို့လုပ်စရာရှိတာပဲလုပ်သွားကြတာပေါ့ မဟုတ်ဘူးလား မမခိုင်''

''အင်း . . . မောင့်ကိုမမခိုင် ကျေးဇူးတင်ပါတယ်မောင်၊ လက်ထပ်ပြီးရင် ဇနီးကောင်းတစ်ယောက်ဖြစ်အောင် မမခိုင်ကြိုးစားပါ့မယ်၊ မောင့်အတွက် သားသမီးကောင်းရတနာလေးတွေလည်း မွေးပေးမယ်နော်မောင်''

မင်းမျိုးဆက်ခါးသီးစွာ ပြုံးမိလိုက်သည်။ ပွင့်ဖူးခိုင်ကို နီးစပ်အောင်ပြောနေရရင်း ပိုပြီးမုန်းသထက် မုန်းတီးနာကြည်းလာမိ၏။ သူ့မကို သူအရမ်းကိုလက်ထပ်ချင်နေသည်လို့ ထင်နေခဲ့သလား။

www.burmeseclassic.com



သူမအသက်အရွယ် ဦးနှောက်ရင့်ကျက်မှုများဖြင့် ဖခင်တစ်ယောက်နှင့် လင်မယားလိုပတ်သက်ပြီး သားကိုလင်ထပ်တော်ဖို့မသင့်တော်ဘူး မဖြစ်သင့်ဘူးဆိုတာ မတွေးသင့်ဘူးလား။ သူ့ရဲ့သိမ်းသွင်းမှုတွေမှာ နစ်မျောလောက်အောင် သူမက ကလေးသာသာအရွယ်မှမဟုတ်တာ။ ဒါဟာ ဒယ်ဒီအပေါ်ရော မာမီ့အပေါ်ရော အားနာရကောင်းမှန်းမသိ၊ ကျေးဇူးတင်ရကောင်းမှန်းမသိ၊ သူ့အပေါ်ရှက်ရကောင်းမှန်းမသိလို့ဆိုတာသေချာသည်။

ဒီလိုမိန်းမမျိုးကို တစ်သက်စာနောင်တတွေ သင်ခန်းစာတွေပေးလိုက်ချင်သည်။ ဒယ်ဒီ ပွင့်ဖူးခိုင်ကို တကယ်မုန်းရော မုန်းပြီလား။ တန်ဖိုးမဲ့တဲ့မိန်းမမှန်း တကယ်သိရော သိပြီလား။

မသိသေးရင် ထပ်ပြီးပိုပြီး သိအောင်လုပ်ပေးမယ်ဒယ်ဒီ။ ပွင့်ဖူးခိုင်လို မိန်းမကို ဒယ်ဒီတကယ်မုန်းတီးရွံရှာပြီး မာမီ့အတွက် နောင်တရကိုရစေရမယ်။ သားရဲ့သစ္စာတရားပါဒယ်ဒီ။

ooo

# အခန်း (၄၀)

"ဒယ်ဒီ"

အခန်းတံခါးကိုမခေါက်ဘဲ တွန်းဖွင့်ဝင်လာခဲ့သော ဒယ်ဒီ့ကိုမြင်လိုက်ရ၍ သူအံ့အားသင့်သွားမိသည်။ ဒီရက်အတွင်းမှာ ဒယ်ဒီ့မျက်နှာလေးချောင်ကျသွား၏။

သူ့ကြောင့်လား။ ပွင့်ဖူးခိုင်အတွက် ခံစားရ၍ပဲလား။ စိတ်ရောကိုယ်ရော ပင်ပန်းနေသည့်ပုံပေါက်တာမို့ ဒယ်ဒီ့ကိုသနားမိသော်လည်း မာမီက ဒီထက်ခံစားခဲ့ရလိမ့်မည်ဆိုသောအတွေးကြောင့် သူ့မျက်နှာက အလိုလို အေးစက်သွားခဲ့သည်။

"ဘာကိစ္စရှိလို့လဲ ဒယ်ဒီ"

"သားကို ဒယ်ဒီတောင်းပန်ချင်လို့ပါသား"

"ဘာအတွက်လဲ ဒယ်ဒီ"

"ပွင့်ဖူးခိုင်နဲ့ကိစ္စ ရပ်တန်းကရပ်လိုက်ပါတော့သားရယ်၊ ပွင့်ဖူးခိုင်ကို တကယ်ချစ်လို့ သားဒီလိုတွေကြိုးစားနေတာမဟုတ်ဘူးဆိုတာ ဒယ်ဒီသိတယ်၊ သားဒယ်ဒီ့ကို ဘာဖြစ်စေချင်တာလဲ၊ ဘာလုပ်စေချင်တာလဲ၊ သားပွင့်ဖူးခိုင်ကို လက်မထပ်ဘူးဆိုရင် ဒယ်ဒီအားလုံးလုပ်ပေးမယ် လုပ်ပေးနိုင်တယ်သား"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"မာမ့်ကို အခုခေါ်ပေးပါ"

"ဟင်"

"မာမ့်ကို အသက်ရှင်အောင်လုပ်ပေးပါဒယ်ဒီ၊ သားတို့မိသားစု ဘဝ အရင်ကလိုဖြစ်အောင်ပြန်လုပ်ပေးပါ၊ ဒယ်ဒီ့ဘဝထဲ ပွင့်ဖူးခိုင်မဝင်လာခင်ကအချိန်မျိုး"

"သားရယ်"

"ဒယ်ဒီ နောင်တမရသေးဘူးမဟုတ်လားဒယ်ဒီ၊ ဒယ်ဒီက အခုချိန်မှာ ပွင့်ဖူးခိုင်ကို စွန့်လွှတ်ရမှာ နာကျင်ခံစားနေရသလား၊ မသိပေမယ့် ဒယ်ဒီ့ကိုစွန့်လွှတ်ရမယ့်အချိန်က မာမိက ဒယ်ဒီ့ထက်အဆပေါင်းများစွာ နာကျင်ထိခိုက်ခံစားနေရလိမ့်မယ်ဆိုတာ ဒယ်ဒီမသိခဲ့ဘူးမဟုတ်လား အဲဒီအချိန်က မာမ့်အတွက် ဒယ်ဒီတွေးမပေးတတ်ခဲ့ဘူးမဟုတ်လား"

"သား ... အဲဒီအချိန်ကဒယ်ဒီ"

"အိမ်ထောင်ရေးဖောက်ပြန်တဲ့သူတိုင်းမှာ ဆင်ခြေတွေအမျိုးမျိုးရှိနေတတ်တယ်တဲ့၊ မာမ့်အတွက် ဘာလို့မတွေးခဲ့တာလဲ၊ သားအတွက် ဘာလို့မတွေးခဲ့တာလဲ ဒယ်ဒီ၊ ပွင့်ဖူးခိုင်က ဒယ်ဒီ့အတွက် အဲဒီလောက်တောင် တန်ဖိုးရှိတဲ့မိန်းမလား၊ အခု ဒယ်ဒီ့မိသားစုကိုစွန့်ပစ်ရက်လောက်အောင် တန်ဖိုးထားခဲ့တဲ့မိန်းမက သားကိုလက်ထပ်မယ်ဆိုတော့ ဒယ်ဒီ ဘယ်လိုခံစားရလဲဒယ်ဒီ"

သားရဲ့မေးခွန်းက ရင်ကိုမြားအစင်းပေါင်းများစွာဖြင့် ပစ်ခွင်းခံရသလို အဆမတန်နာကျင် အောင့်မျက်သွားခဲ့သည်။ သားတိုက်ခိုက်တာကို နာကျင်ခြင်းမဟုတ်ပါ။ ကိုယ်တန်ဖိုးထားမြတ်နိုးခဲ့ပါလျက် ပွင့်ဖူးခိုင် စော်ကားရက်တာကို မခံမရပ်နိုင်အောင် နာကျင်သွားမိခြင်းဖြစ်ပါသည်။

"ဒယ်ဒီ တောင်း ... တောင်းပန်ပါတယ်သားရယ်၊ သားမာမ်အပေါ် သားအပေါ် ဒယ်ဒီအရမ်းကိုမှားခဲ့ပါတယ်၊ ပွင့်ဖူးခိုင်ကိုတန်ဖိုးထားခဲ့မိတာအတွက်လည်း ဒယ်ဒီအရမ်းကိုနောင်တရမိပါတယ်သား၊ ဒီအမှားဒီအပြစ်တွေအတွက် ဒယ်ဒီဘယ်လိုပြန်ပြီးပေးဆပ်ရမလဲ၊ ဒယ်ဒီဘာတွေလုပ်ပေးရမလဲ၊ ပြောပါသား၊ သားကျေနပ်သွားတဲ့အထိ ဒယ်ဒီပြန်ပြီးပေးဆပ်ပါ့မယ်"



"ပွင့်ဖူးခိုင်ကို ဒယ်ဒီတကယ်စွန့်ပစ်နိုင်လို့လား၊ မှုန်းတီးရွံရှာသွားပြီလား"

"အဲဒီမေးခွန်းက မေးစရာတောင်မလိုတော့ပါဘူးသား၊ ဒယ်ဒီနဲ့ကောင်းတဲ့မိန်းမက မသိခင်ကမှားခဲ့တယ်ဆိုရင်တောင် သားကိုဒယ်ဒီ့သားမှန်းသိပြီဆိုရင် အရှက်တရားတွေနဲ့ သူ့နောက်ကိုဆုတ်သွားရမှာသား၊ အခုတော့ ရှေ့ဆက်တိုးဖို့ ဒယ်ဒီ့ကိုစိန်ခေါ်တယ်၊ ဒီထက်အောက်တန်းကျတဲ့မိန်းမမျိုးရှိဦးမှာလား"

ဒယ်ဒီ့စကားကြောင့် သူ့ရင်ထဲမှာကျေနပ်သွားသလိုရှိသည်။

"ဒယ်ဒီအဲဒီစကားကို ရင်ထဲကတကယ်ပါလို့ပြောတာလား၊ သားနဲ့လက်ထပ်မယ်ဆိုတာကို မနာလိုလို့ပြောထွက်လိုက်တဲ့စကားမျိုးလား"

"သားကဒယ်ဒီ့ကို အထင်သေးနေတာပဲ၊ ဒယ်ဒီက အမြဲလိုလိုသားကိုပဲ ဦးစားပေးနေတတ်တဲ့ လူပျော့လူညံ့မဟုတ်ပါဘူးသား၊ အခုချိန်မှာ ပွင့်ဖူးခိုင်ကို ဒယ်ဒီသတ်ပစ်ချင်လောက်အောင် မုန်းတီးနေပါတယ်၊ သားကအရင်ဖာတ်လမ်းစခဲ့သလား မသိပေမယ့် ဒယ်ဒီ့သားမှန်းသိရဲ့နဲ့ အခုထိသိမ်းသွင်းထားတဲ့ ပွင့်ဖူးခိုင်ရဲ့စိတ်ကို ဒယ်ဒီအရမ်းကိုရွံရှာသွားပါပြီ"

"သားတို့ဆက်ပြီး လက်ထပ်ဖို့ကြိုးစားကြမယ်ဆိုရင်ရော ဒယ်ဒီ"

"သား ... သားက ပွင့်ဖူးခိုင်ကို တကယ်အလေးအနက်ဖြစ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နေလို့ ဒီလိုစကားမျိုးပြောတာလား၊ သားတကယ်ကိုပွင့်ဖူးခိုင်ကို မေ့နိုင်တော့ဘူးလားသား"

"ဒယ်ဒီတစ်သက်လုံး ပွင့်ဖူးခိုင်နဲ့ပြတ်ဖို့ဆိုရင် သားဒီလိုလုပ်ရုံပဲရှိတယ်ဒယ်ဒီ"

"ဒယ်ဒီ့မိန်းမဖြစ်ခဲ့ဖူးတဲ့ ပွင့်ဖူးခိုင်ကို ဒယ်ဒီ့ချွေးမလုပ်နိုင်းမလို့လားသား၊ ဒယ်ဒီ့ရင်ထဲကို ဝင်ကြည့်စမ်းပါဦး၊ ပွင့်ဖူးခိုင်ကိုချစ်နေသေးလို့ ဒယ်ဒီ ဒီစကားမျိုးပြောနေတာမဟုတ်ပါဘူး။ သားမချစ်ဘဲ ပွင့်ဖူးခိုင်ကို လက်ထပ်မှာ ဒယ်ဒီရင်နာနေတာမဟုတ်ပါဘူးသားရယ်၊ ဘယ်လိုမှမဖြစ်သင့်တဲ့ကိစ္စကြီးမို့ ဒယ်ဒီနာကျင်နေမိတာပါ၊ တကယ်ဆို ပွင့်ဖူးခိုင်က မသန့်ရှင်းမစင်ကြယ်တဲ့မိန်းကလေးပါ၊ ဒယ်ဒီ့အရင် တခြားယောက်ျားတွေနဲ့ပါ ပတ်သက်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်ကို သားနဲ့ဘယ်လိုလုပ် ဒယ်ဒီသဘောတူနိုင်မှာလဲ၊ ခွင့်လွှတ်နားလည်ပေးလို့ရမှာလဲသားရယ်"

"အဲဒီမိန်းမကို အရင်က ဒယ်ဒီဘာလို့အပြစ်မမြင်ခဲ့တာလဲ မာမီ့လို မိန်းမကောင်း မိန်းမမြတ်တစ်ယောက်ကို စွန့်ပစ်ထားရစ်ခဲ့နိုင်ဆုံးဖြတ်ခဲ့ရတာလဲဒယ်ဒီ၊ ဒယ်ဒီသိပ်ချစ်တဲ့သားကို ထည့်မတွေးနိုင်လောက်အောင် ဒယ်ဒီဘာလို့ရူးသွပ်သွားတာလဲ၊ အခုသားတို့နားမှာ မာမီမရှိတော့ဘူး။ နောင်တတွေရပါတယ်ဆိုပြီး ပြန်ခေါ်လို့မရတဲ့နေရာကို မာမီထွက်သွားတာ ဒယ်ဒီဘယ်လိုလုပ်ပေးမှာလဲ"

"သားရယ်"

"အဲဒါတွေအားလုံးပွင့်ဖူးခိုင်ရဲ့မာယာတွေ ဖြားယောင်းမှုတွေကြောင့် မဟုတ်လားဒယ်ဒီ၊ တန်ဖိုးမဲ့မိန်းမတစ်ယောက်ကြောင့် သားတို့မိသားစုဘဝပျက်စီးခဲ့ရတာ၊ မာမီ့အသက်ဆုံးရှုံးခဲ့ရတာ၊ အဲဒါတွေအားလုံး ပွင့်ဖူးခိုင်ကြောင့် မိန်းမယုတ်ကြောင့် ဟုတ်တယ်မဟုတ်လား ဒယ်ဒီဟင်"



သားပြောတာကို ခေါင်းကိုတဆတ်ဆတ်ညိတ်ကာ ထောက်ခံလိုက်မိသည်။ သားပြောတာမှားမှ မမှားဘဲ။ ကိုယ့်ကိုပွင့်ဖူးခိုင်အရင်ဆုံးဖြားယောင်းသိမ်းသွင်းခဲ့တာပါ။ အစက မမလှိုင်လှနာရဲ့တူမလေး ကျေးဇူးသိတတ်မှုနှင့်လာကန်တော့တာကြောင့် လိုက်လျောမှုလေးတွေဖြင့် ဆက်ဆံခဲ့မိသည်။ နောက်ပိုင်း ရေလာမြောင်းပေးလုပ်လာတော့ ယောက်ျားဆိုတာ အခွင့်အရေးယူတတ်သည့် အမျိုးအစားမို့ သာယာမှုရာဂက ရမ္မက်ကြီးလာခဲ့သည်။ ဒါဟာ အိမ်ထောင်သည်ယောက်ျားမှန်းသိရဲ့နှင့် ဖွတ်ကိုလာသည့် ပွင့်ဖူးခိုင်ရဲ့ အမှားတွေပဲမဟုတ်ပါလား။

ကိုယ်လည်းမမှားဘူးလားဆိုတော့ မှားသည်။ အပျော်သာယာမှုတွေပေးသော ပွင့်ဖူးခိုင်ကိုတွေ့တော့ မမလှိုင်ကိုမြတ်နိုးကြင်နာစွာ ဆုပ်ကိုင်ပေးခဲ့မိသမျှ အပြစ်မြင်လာခဲ့သည်။ မယားဝတ္တရားဆိုတာတွေကို လက်ညှိုးထိုးမိ၏။

ဂုဏ်သိက္ခာ အဆင့်အတန်းဆိုတာတွေထက် ပွင့်ဖူးခိုင်ရဲ့ချိုသာစွာ သိမ်းသွင်းတတ်သော စကားလုံးလေးတွေထဲမှာပဲ သာယာနစ်မွန်းနေခဲ့သည်။

အခုတော့ ထိုအရာတွေက ကိုယ့်ကိုပြန်သတ်နိုင်သောလက်နက်တွေဖြစ်နေခဲ့၏။ ကိုယ်တင်မဟုတ် ကိုယ့်ရဲ့သားလေးကိုပါ ဘဝရှုံး ဂုဏ်သိက္ခာရှုံး အသေသတ်တော့မှာပါလား။

ကိုယ်သေတာကအကြောင်းမဟုတ်။ အခုမှအညွန့်တက်ဖို့ အားယူနေရသည့်သားဘဝလေးကိုတော့ အညွန့်ချိုးမခံနိုင်၊ ဘဝအသေမခံနိုင်ပေ။

"ဒယ် . . . ဒယ်ဒီ အများကြီးမှားခဲ့ပါတယ်သား။ အိမ်ထောင်တစ်ခုကို တစ်သက်လုံးရိုးမြေကျသစ္စာရှိရှိ ထိန်းသိမ်းစောင့်ရှောက်သွားမယ့်သူဘာ၊ ဒယ်ဒီက ခဏတာသာယာမှုကို အချစ်လို့ထင်ပြီး လူ့ဘောင်းကောင်း

www.burmeseclassic.com



ကြီးဖြစ်ချင်ခဲ့တာပါသားရယ်၊ မိသားစုအပေါ်မှာ သစ္စာမဲ့ခဲ့တဲ့အော တန်းစားအဖေပါ၊ ဒါပေမဲ့ သားကိုတော့ ဒယ်ဒီ့အဲဒီလိုအဖြစ်မခံနိုင်ဘူး သား၊ သားက အခုမှလူ့ဘဝကိုစပြီးရောက်လာရုံရှိပါသေးတယ်၊ သား မသိသေးတာတွေ ဒယ်ဒီသိတယ်''

''ဒယ်ဒီ''

''ဒယ်ဒီ့အတွက် သားဘဝကိုရင်းစရာမလိုပါဘူး၊ သားအေး အတွက် နာကြည်းမှုတွေကို သားဘဝအဆုံးရှုံးခံပြီး တုံ့ပြန်စရာမလိုပါ ဘူးသား၊ ဒယ်ဒီ့အပြစ်တွေအတွက် ဒယ်ဒီအဆုံးသတ်ပေးပါ့မယ်''

''ဒယ် . . . ဒယ်ဒီဘာလုပ်မှာလဲ''

''ပွင့်ဖူးခိုင်ကို နောက်ဆုံးအနေနဲ့ ဒယ်ဒီတောင်းပန်ကြည့် မှာပေါ့သားရယ်၊ ဟိုနေ့ကတော့ ဒယ်ဒီဒူးထောက်တောင်းပန်ခဲ့တာတော သူလက်မခံဘူး''

''ဗျာ . . . ဒယ်ဒီက''

ဒူးထောက်တောင်းပန်သည့်အဆင့်ထိရောက်ခဲ့တာတော့ မသိရပေ။ ဒယ်ဒီ ဒီလိုလုပ်ခဲ့တာတောင် ပွင့်ဖူးခိုင်ဘာတွေပြောလွှ လိုက်တာလဲ။ ဒါကြောင့် ဒယ်ဒီစိတ်ဓာတ်တွေကျကာ ပိန်ကျသွားခဲ့ပြ လား။ ဒယ်ဒီလည်း လုပ်သင့်သလောက်လုပ်ပြီးပြီဟု တွေးလိုက်မိ

ပွင့်ဖူးခိုင်ဆိုသည့်မိန်းမကတော့ လျှော့မှာမဟုတ်ပေ။ သူ့ လိုက်လျှောမှုတွေကြောင့် မာန်တက်နေဦးမှာပါပဲ။ ဒယ်ဒီ ဒူးထော တောင်းပန်ခဲ့သည်ဆိုသောအတွက် သူစိတ်မကောင်းဖြစ်မိသွားကာ

''ပွင့်ဖူးခိုင်ကို ဒယ်ဒီနောက်ထပ်မတောင်းပန်ပါနဲ့ ဒယ်ဒီ၊ ဒီ တန်ဖိုးမရှိတဲ့မိန်းမမျိုးကို မာမိကလည်း ဒူးထောက်တောင်းပန်ရတာ ဒယ်ဒီလည်း ဒူးထောက်တောင်းပန်နေရတယ်ဆိုတော့ အရှမ်းကိုရင် စရာကောင်းနေပါပြီ''



''ဒါဆိုရင်သားကရော ဘာလို့လူသိရှင်ကြား၊ ဟိုလူဒီလူမြင် အောင်တွဲနေတာလဲသား''

''ဒယ်ဒီနဲ့ပတ်သက်တယ်ဆိုတာ လူတွေမသိစေချင်လို့ပေါ့ ဒယ်ဒီ၊ ဒီမိန်းမနဲ့ဒယ်ဒီကြောင့် မာမိသေသွားရတယ်ဆိုတာ ဘယ်သူမှ သတိမထားမိစေချင်လို့ပါ''

''သား . . . သားကဒယ်ဒီ့ဂုဏ်သိက္ခာကို ဆယ်ပေးနေတာလား။ သားရယ် ဒယ်ဒီ့ရင်ထဲမကောင်းအောင်''

''ဒယ်ဒီ့ကိုအိမ်ထောင်ရေးဖောက်ပြန်တဲ့သူ၊ မိန်းမကိုသတ် သိက်တဲ့သူလို့ အထင်သေးမသွားစေချင်လို့ပါဒယ်ဒီ၊ ဒယ်ဒီက ဂုဏ်သိက္ခာ အဆင့်အတန်းရှိတာနဲ့ပဲ လိုက်ဖက်ပါတယ်၊ သားကငယ်သေးတယ်၊ တ်ဝန်းကျင်ကလည်း ငယ်ရွယ်သေးလို့ မိုက်ရူးရဲဆန်တယ်၊ အတွေ့ အကြုံမရှိလို့ ရူးမိုက်တယ်၊ အဲဒီလောက်ပဲအပြစ်တင်ကြမှာပါ''

''သားရယ်၊ သားကိုလည်း အပြစ်ကင်းတဲ့လူတစ်ယောက်ပဲ ဒယ်ဒီဖြစ်စေချင်ပါတယ်၊ ညစ်ပတ်ညစ်နွမ်းပြီး မသန့်ရှင်းတဲ့ ပွင့်ဖူးခိုင်နဲ့ ဒယ်ဒီဘယ်လိုမှအမည်းစက်စွန်းထင်းမခံနိုင်ပါဘူး။ သားကိုဒယ်ဒီအဆုံးရှုံး ခံနိုင်ဘူးသား၊ ဒယ်ဒီမှားခဲ့တာတွေ တောင်းပန်ပါတယ်၊ နောင်တတွေ ည်းရနေပါတယ်၊ သားရဲ့ပေးဆပ်မှုတွေအတွက် ဒယ်ဒီ့ရင်တွေလည်း နာနေပါပြီသားရယ်၊ ဒယ်ဒီဘာပြန်လုပ်ပေးနိုင်မလဲဆိုတာပဲ စဉ်းစားနေ ပါတယ်''

ပြောရင်းနှင့် ဦးမင်းဆက်ရာမျက်ရည်တွေကျလာခဲ့သည်။ ပွင့် ဖူးခိုင်ကို သားတကယ်မချစ်ဘဲ ဒီအဖေအတွက်ပေးဆပ်ချင်စိတ်နှင့်တွဲ ခဲ့တာပဲ ကျေးဇူးတင်ရသေး၏။ အရွဲ့တိုက်ပြီး တကယ်လက်ထပ်လိုက်မှာ ဆိုလျှင်တော့ ရင်ကျိုးရပေလိမ့်မည်။

''သား မင်းဖုန်းမြည်နေတယ်၊ ပွင့်ဖူးခိုင်ဆိုရင် စပီကာဖွင့်လိုက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ သူဘာပြောတာလဲ ဒယ်ဒီနားထောင်ချင်လို့"

"ဟုတ်ကဲ့"

ပွင့်ဖူးနိုင်ရဲ့ယုတ်ညံ့မှုတွေ ဒယ်ဒီပိုပြီးသိသွားအောင် သူစပ်ကာ ဖွင့်လိုက်သည်။

"မောင်"

ပွင့်ဖူးနိုင်အသံက အရှယ်နှင့်မလိုက်အောင်ချွဲပျစ်နေသည်။ သူဒယ်ဒီ့ကို မျက်ခုံးပင့်ကြည့်လိုက်ပြီးမှ

"ပြောပါ မမ"

"မနက်ဖြန် မင်္ဂလာခန်းဝင်ပစ္စည်းတွေ သွားကြည့်မလို့ဆို၊ မ ဘယ်ကိုလာခဲ့ရမှာလဲ၊ ဒေါ်လေးအိမ်ကို မောင်လာခေါ်မှာလား"

"မမ ဘယ်လိုလုပ်စေချင်လို့လဲ၊ လာခေါ်စေချင်ရင် လာခေါ် မယ်လေ"

"ဩော် … ဒီလိုလုပ်ပါလား။ မမတို့ရပ်ကွက်ထိပ်က အအေး ဆိုင်ကပဲ မမစောင့်နေမယ်လေ၊ မောင်အိမ်ကိုလာရင် လမ်းထဲထိဝင်နေ ဦးမှာ၊ ဒေါ်လေးနဲ့စကားပြောနေရရင်လည်း ကြာနေဦးမယ်၊ မင်္ဂလာ ခန်းဝင်ပစ္စည်းဆိုတာ အချိန်ပေးပြီး သေချာရွေးမှဆိုတော့ အဲဒီမှာ အချိန်ကုန်ခံတာကောင်းလိမ့်မယ်"

"အင်း … ဟုတ်တာပေါ့ မမနိုင်"

"အပြန်ကျရင် မမနိုင်ကို ညစာလိုက်ကျွေးမှာလားမောင်"

"မမနိုင် စားချင်ရင်ကျွေးမှာပေါ့"

"အင်း … မောင်နဲ့မျက်နှာချင်းဆိုင်စားရတဲ့ အစားအသောက် က အရမ်းအရသာရှိတာ၊ မောင်နဲ့မင်္ဂလာဆောင်ရတော့မယ်ဆိုတော့ မမနိုင်ရင်တွေ အရမ်းခုန်နေတယ်မောင်ရယ်၊ မမနိုင်တစ်သက် ဒီ မင်္ဂလာပွဲမျိုးတစ်ခါမှ မဆင်နွှဲဖူးဘူး၊ အဲဒါကတော့တကယ်ပါ မမနိုင်ရဲ့ သစ္စာတရားပါမောင်"

"ယုံပါတယ် မမနိုင်ရယ်"

"မမနိုင်ကို အဲဒီလိုယုံကြည်နားလည်ပေးလို့လည်း မောင့်ကို မမနိုင်အသည်းနှင့်အောင်ချစ်ရတာပါမောင်ရယ်၊ သားသားမီးမီးလေးတွေ နဲ့ ပျော်စရာကောင်းတဲ့မိသားစုဘဝလေးကို မမနိုင်ဖန်တီးပေးပါ့မယ်၊ ဩော် … ဒါနဲ့မောင့်ဒယ်ဒီနဲ့ရော အဆင်ပြေရဲ့လား"

သူဒယ်ဒီ့ကိုလှမ်းကြည့်လိုက်သည်။ တစ်ချိန်လုံးနားစိုက်ထောင် နင်း အံကြိတ်နေသောဒယ်ဒီက လက်မလေးထောင်ပြ၏။ ဒါကြောင့်မို့

"ပြေပါတယ်မမနိုင်၊ ဒယ်ဒီက မောင့်ကိုချစ်တာပဲ၊ မိဘဆိုတာ သားသမီးကိုချစ်ရင် လိုက်လျောရတာပဲလေ"

"အင်း … တော်ပါသေးရဲ့မောင်ရယ်၊ မမနိုင်လည်း အဲဒါမှ စိတ်သက်သာရာရမှာ မမနိုင်က ကံဆိုးတာတွေများလွန်းတော့ အဆင်ပြေ တဲ့မင်္ဂလာပွဲတစ်ခုတော့ အရမ်းကိုမျှော်လင့်မိတယ်၊ မောင့်ဒယ်ဒီကို မမနိုင် အခင်တစ်ယောက်လို ပြုစုစောင့်ရှောက်သွားပါ့မယ်မောင်၊ ဒါပဲနော် မနက် ဖြန်တွေ့မယ့်အချိန်သာ မောင် မေ့မနေနဲ့"

"ဟုတ်ကဲ့ပါ မမနိုင်"

"တောက်"

တက်ခေါက်သံက ဦးမင်းဆက်ရာရင်ထဲမှာ အကျယ်ကြီးမြည် ဟီးသွား၏။ အဖေနှင့်သားကိုတစ်လှည့်စီပေါင်းသင်းဖို့ ကြိုးစားနေတာ ပွင့်ဖူးနိုင်မျက်နှာမပူဘူးလား။ သူမအတွက်ပဲ သူမတွေးပြီး ငရဲလည်း မကြောက်ဝဋ်ကြွေးလည်းမကြောက် မဖြစ်သင့်တာ မသင့်တော်တာလည်း စဉ်းစားဆင်ခြင်မှုမရှိ။

မိန်းမတစ်ယောက်ကိုချေးမထပ်တော်ရအောင် ကိုယ်ကတီးရွှန် မှမဟုတ်တာ။

www.burmeseclassic.com



"ပွင့်ဖူးခိုင်ကို ဒယ်ဒီသွားတွေ့လိုက်မယ်သား"

"ဟင် . . . ဒယ်ဒီက သူ့ကိုဘာအတွက်သွားတွေ့မှာလဲ"

"ဟိုတစ်ခါက သားကအရာအားလုံးကိုသိပြီး လက်စားချေဖို့ ဒီလိုလုပ်တယ်ပြောတာ သူမယုံဘူး၊ အခုယုံအောင်ပြောပြီး သူ့အရှက်တရားတွေနဲ့ နောက်ဆုတ်သွားအောင်လုပ်ရမယ်"

"အဲဒါ သားလုပ်ဖို့စဉ်းစားထားပြီးသားပါဒယ်ဒီ၊ သူ့သားကို အရမ်းယုံကြည်ပြီး မျှော်လင့်ချက်တွေထားနေတဲ့အချိန်ကျမှ ဝုန်းခနဲ စိတ်ကတ်တွေပြိုလဲပျက်စီးကျသွားအောင် အရှက်တရားတွေကြီးကြီးမားမား ရသွားအောင် သားပြောဖို့ရည်ရွယ်ထားတာ၊ မဟုတ်ရင် ပွင့်ဖူးခိုင်ဆိုတဲ့ မိန်းမက လွယ်လွယ်နဲ့ပြိုလဲမှာမဟုတ်ဘူး၊ သူ့မှာ သူများမိသားစု သူများ ခံစားချက်၊ သူများရဲ့ဘဝတွေကို ကိုယ်ချင်းစာနာတတ်တဲ့စိတ်မှမရှိတာ သူဒီလိုလုပ်လိုက်လို့ တစ်ဖက်သား ဘယ်လိုတွေဖြစ်သွားမယ်ဆိုတာမျိုး သူ မတွေးတတ်ဘူး၊ အဲဒါကြောင့် သူ့ခံစားချက်အတိုင်း အားနာရမှန်း မျက်နှာပူရမှန်းမသိလုပ်နေတာ၊ ဒါကိုနောင်ကြဉ်သွားအောင် ရှက်ရ ကောင်းမှန်းသိသွားအောင် စာနာတတ်သွားအောင်လုပ်ဖို့ သားစဉ်းစား ထားတာဒယ်ဒီ"

"သား သူ့ဆီကိုမသွားပါနဲ့တော့၊ ဒယ်ဒီ့အတွက် တကယ်ဆေး ဆပ်ချင်တယ်၊ သားမာမီအတွက် လက်စားချေချင်တယ်ဆိုရင် သူနဲ့လုံး မတွေ့ပါနဲ့တော့၊ ဒီအကြောင်းကို ဒယ်ဒီသွားပြောမယ်သား၊ သားကိုပွင့် ဖူးခိုင် အမိဖမ်းလိုက်မှာစိုးလို့ပါ၊ သူ့မှာမာယာတွေရှိတယ်၊ သားကို သူ လမ်းနေပြီး သားကိုလွယ်လွယ်နဲ့ရှောင်ထွက်ခံမှာမဟုတ်ဘူး"

"ဒယ်ဒီတို့ ပြဿနာဖြစ်"

"ဒီထက်ဘာဖြစ်စရာရှိလို့လဲသားရယ်၊ သားက ဒီလိုဆန္ဒရှိတာ မင်းရှက်တတ်ရင် နောက်ဆုတ်လိုက်ပါပြောရုံပါပဲ၊ တကယ်လို့ လိုအင် ရင် သားဆီကိုဖုန်းဆက်ခိုင်းလိုက်မယ်၊ သားအမှန်အတိုင်းပြောလိုက်ပါ၊ ဒါမှသူနားလည်သွားမှာ"

"ဟုတ်ကဲ့ပါဒယ်ဒီ၊ အဲဒါဆိုလည်း သားအဲဒီလိုပဲလုပ်ပါ့မယ်၊ ဒယ်ဒီကရော ပွင့်ဖူးခိုင်ကို တကယ်စိတ်ပြတ်ရဲ့လား"

သားကမယုံသင့်ဖြစ်နေဆဲပင်။ သားယုံကြည်အောင် ဘယ် လိုသက်သေပြရမလဲ။ အခုတော့ စကားနှင့်ပင် ကတိပေးလိုက်ရသည်။

"ဒယ်ဒီ့ကိုယုံကြည်ပါသား၊ ဒယ်ဒီ ပွင့်ဖူးခိုင်ကို အရမ်းကိုရှုံမုန်း သွားပါပြီ၊ အဖေနဲ့သားနှစ်ယောက်လုံးကို ကြိစည်ရဲတာ ပြည့်တန်ဆာ ထက်နိမ့်တဲ့စိတ်ဓာတ်မျိုးပဲ၊ ယောကျ်ားတွေကို သွေးဆောင်ဖြားယောင်း လို့ရပါတယ်၊ အိမ်ထောင်ရေးဖောက်ပြန်ချင်တဲ့ ယောကျ်ားကတော့ သာယာမှုရှာမှာမဆန်းပါဘူး၊ ဒါပေမဲ့ သားအဖပတ်သက်မှုကို မရှက် မကြောက်ဖွတ်တိုးရဲတဲ့ မိန်းမမျိုးကိုတော့ ဒယ်ဒီအထင်မကြီးနိုင်တာ အမှန် ပဲ၊ ဒယ်ဒီ့ကို မစိုးရိမ်ပါနဲ့သား၊ အခုချိန်မှာ ဒယ်ဒီ့စိတ်ထဲ သားမာမီအတွက် နောင်တရနေသလို၊ သားအတွက်လည်း စိတ်ပူနေမိတယ်၊ သား ပွင့်ဖူး ခိုင်နဲ့သာ ကင်းရှင်းမယ်ဆိုရင် ဒယ်ဒီ ဘာပဲလုပ်ရလုပ်ရပါသားရယ်"

"ဒယ်ဒီရယ်"

ဒယ်ဒီ့ကိုနားလည်လာမိသလိုရှိသည်။ ဒယ်ဒီတကယ်ပဲနောင်တ ရပြီလား။

ပွင့်ဖူးခိုင်ကို တကယ်မုန်းတာရောဟုတ်ရဲ့လား။

မာမီရယ် . . . ဒယ်ဒီ့ကို အပြစ်တွေဆေးကြောဖို့ အခွင့်အရေး တွေပေးလိုက်ပါ . . .။

၀၀၀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၁)

"ကျွိ"

"ဟင် ...ဦး"

ကားပေါ်ကဆင်းလာသူက မောင်မဟုတ်ဘဲ ဦးဖြစ်နေတာကြောင့် ပွင့်ဖူးခိုင် အံ့သြတကြီးဖြစ်သွားရသည်။ ဦးက ကားပေါ်ကမဆင်းဘဲ ကားမှန်ကိုပဲလျှောချကာ

"ကားပေါ်တက် ပွင့်ဖူးခိုင်"

"မောင် ...မောင်ကရော"

"သား မလာနိုင်လို့ ငါ့ကိုလွှတ်လိုက်တာ"

"ရှင် ...မောင်နဲ့က မင်္ဂလာခန်းဝင်ပစ္စည်းဝယ်ဖို့ချိန်းထားတာ"

ကိုယ့်ရှေ့မှာတောင် မျက်နှာပြောင်ပြောင်ပြောရဲသော ပွင့်ဖူးခိုင်ကို ရွံရှာစက်ဆုတ်စွာပင် ကြည့်မိသည်။ ဒါပေမဲ့ ဣန္ဒြေမပျက်အောင်ပင် ပြုံးလိုက်ရ၏။

"သားနဲ့ အဲဒီလိုလုပ်ဖို့ဆိုရင် ငါနဲ့အရင်အပြတ်ရှင်းရမှာတွေရှိတယ်မဟုတ်လား၊ တိုက်ခန်းမှာ မင်းပစ္စည်းတွေရှိနေသေးတယ်၊ ငါက တိုက်ခန်းကိုရောင်းတော့မှာဆိုတော့ အဲဒါတွေ မင်းအကုန်ယူမှဖြစ်မယ်"

"အဲဒါတွေက ဦးဝယ်ပေးထားတာတွေမို့ ထားခဲ့တာပါ"



"ငါက ဘာလုပ်ရမှာလဲ၊ တခြားဘယ်သူ့မှလည်း ပေးစရာမရှိဘူး။ မင်းအကုန်ယူသွားပါ၊ ရှင်းသွားတာပေါ့၊ မင်းအဒေါ်အတွက်ဖြစ်ဖြစ်လိုအပ်မှာပဲ"

"အဲဒါဆိုလည်း နောက်မှပွင့်ဖူးသွားယူလိုက်ပါ့မယ်"

"သော့ကငါ့ဆီမှာ ယူမယ်ဆို မင်းတစ်ခါတည်းလိုက်ယူပါ၊ ပြီးတော့ သားမှာလိုက်တဲ့စကားတွေလည်း မင်းကိုပြောရဦးမယ်၊ ကားပေါ်တက်ပါ ပွင့်ဖူးခိုင်"

မောင်ကဘာတွေမှာလိုက်လို့လည်း သိချင်သည်။ မောင်ကသူ့ဒယ်ဒီနှင့်အဆင်ပြေလို့ပဲ မောင့်ဒယ်ဒီရောက်လာခဲ့လေသလား။ တခြားစကားတွေ ဘာမှမပြောတော့တာမို့ ကားပေါ်တက်ကာ လိုက်လာခဲ့သည်။ ဦးကတစ်လမ်းလုံး ဘာစကားမှမပြောပါ။

ငြိမ်သက်စွာနှင့် ကားမောင်းလာရင်း တိုက်ခန်းလှေကားထစ်တွေပေါ်တက်တော့လည်း ဣန္ဒြေရနေခဲ့သည်။ သော့ကိုဖွင့်ပြီး အရင်ဆုံးတိုက်ခန်းထဲလှမ်းဝင်သွားသော ဦးရဲ့ခြေလှမ်းတွေက အေးစက်စွာ တုံ့ဆိုင်းနေ၏။ အခန်းတံခါးပေါက်ကို ဂျိုင်းခနဲ နောက်ပြန်ပိတ်ကာချက်ထိုးပြီး

"ဒီအခန်းထဲမှာ မင်းနဲ့ငါအကြိမ်ပေါင်းမနည်း အတူအိပ်ခဲ့ကြဖူးတယ်နော်"

"ရှင်"

ဒီစကားမျိုးနှင့်အစပျိုးလိမ့်မည်မထင်မိ။ တစ်ခန်းလုံးကို ဝေ့ဝဲကြည့်နေသော ဦးရဲ့မျက်လုံးများက အနီရောင်သမ်းနေသည်။ သိပ်မကြာသောကာလလေးပဲရှိသေးတာမို့ အတူနေခဲ့ကြသော အရိပ်အငွေ့များက မပျောက်ပျက်သေးပေ။ သူမ ရင်ခုန်နွေးနွေးဖြစ်လာသလိုတောင်ရှိသည်။

ဒါပေမဲ့ ထိုအရာအားလုံးကိုမေ့ပြီး မောင်နဲ့လက်ထပ်ရမှာပါ။ မောင်နှင့်ပဲ မိသားစုဘဝတစ်ခုတည်ဆောက်ပြီး သစ္စာရှိရှိစွာနေတော့မည်

www.burmeseclassic.com

www.burmeseclassic.com



ဟု သူမဆုံးဖြတ်ထားသည်။

"ပစ္စည်းတွေယူပြီး ပွင့်ဖူးပြန်တော့မယ်ဦး"

"သားပြောလိုက်တဲ့စကားကို မင်းနားမထောင်တော့ဘူးလား"

"မောင် ဘာပြောလိုက်လို့လဲ"

"မင်းလိုပြည့်တန်ဆာလောက်တောင် တန်ဖိုးမရှိတဲ့မိန်းမကို သားကဘယ်တော့မှလက်ထပ်မှာမဟုတ်ဘူးတဲ့"

"ဘာ ... ဘာပြောတယ်"

"ငါပြောတဲ့စကားတွေကို မင်းမယုံရင် သားဆီဖုန်းဆက်မေးကြည့်လို့ရတယ် ပွင့်ဖူးနိုင်၊ ဒါမှမဟုတ်လည်း မင်းနဲ့ချိန်းထားတဲ့နေရာကို သားရောက်မလာတာ မင်းသဘောပေါက်နေမှာပါ"

"မဟုတ်ဘူး၊ မောင်အဲဒီလိုပြောမှာမဟုတ်ဘူး၊ မောင်နဲ့ပွင့်ဖူးနဲ့ သစ္စာကတိတွေပြုထားပြီးသား၊ ပွင့်ဖူးကိုလက်ထပ်မယ်လို့ မောင်ကတိပေးထားတယ်၊ အရင်တစ်ခါလည်း ဦးအဲဒီလိုပြောခဲ့တာပဲ၊ ဒါပေမဲ့ မောင်က မဟုတ်ပါဘူး ဒယ်ဒီ့စကားကို မမယုံသလားတဲ့၊ ဦးရယ် ဦးနဲ့ ပွင့်ဖူးတို့ကိစ္စကို မေ့လိုက်ရအောင်ပါ၊ ပွင့်ဖူးတောင်းပန်ပါတယ်၊ မောင်နဲ့ လက်ထပ်ဖို့ ခွင့်ပြုပေးပါနော်"

"မင်းတော်တော်အရှက်မရှိတာဘဲ ပွင့်ဖူးနိုင်၊ မင်းငါ့မျက်နှာကို သေချာကြည့်စမ်း၊ မင်းလင်တော်ခဲ့တဲ့ကောင်လေ"

"ဖယ် ... ဖယ်ပါဦး"

သူမ ပခုံးကိုဆုပ်ညှစ်လာသော ဦးရဲ့လက်တွေကို သူမခပ်ဆတ်ဆတ်ပင် ဆွဲဖယ်ချလိုက်သည်။ ဟိုအရင်က ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ဒီအချိန်မှာတော့ မောင့်တစ်ယောက်တည်းအပေါ်ပဲ သစ္စာရှိချင်သည်။ ဦးက မကျေမချမ်းဖြစ်သွားကာ

"အေး ... မင်းယောက်ျားသိပ်ငတ်နေရင်တော့ ငါ့ကိုလင်တော်



ချင်ရင် တော်လို့ရမယ်၊ ငါ့သားကိုတော့ မင်းဖမ်းပြီး စားချင်တိုင်းစားလို့ရမယ်မထင်နဲ့၊ သားကမင်းလိုမိန်းမကို တကယ်ချစ်မြတ်နိုးပြီးများ လက်ထပ်မယ်ထင်နေလား၊ မင်းမှီစဉ်းစားဆင်ခြင်ဉာဏ်မရှိတယ် ပွင့်ဖူးနိုင်ရယ်၊ သားက မင်းနောင်ကြဉ်အောင် အပြစ်ကိုအပြစ်မှန်း အမှားကိုအမှားမှန်း သိပြီး အရှက်တရားရအောင်လုပ်ဖို့အတွက် ဟန်ဆောင်တွဲခဲ့တာပဲ ပွင့်ဖူးနိုင်"

"ဩော် ... သူက အဲဒီလိုသေသေချာချာပြောလိုက်တာလား၊ ရှင်တို့သားအဖနှစ်ယောက်လုံး ယောက်ျားမဆန်လိုက်ကြတာ၊ ဟင်းဟင်း ပွင့်ဖူးနိုင်ကို အဲဒီလိုချိုးလို့ရမယ်ထင်လို့လား ဦးမင်းဆက်ရာ၊ ပွင့်ဖူးနိုင်ကို အဲဒီလိုလုပ်ရင် ရှင်တို့နောင်တရသွားမယ်နော်"

"ဘာ"

"ပွင့်ဖူးနိုင်မှာ ဝှက်ဖဲလှလှတစ်ချပ်ရှိတယ်"

"ဟင် ... ဘာပြောတယ်"

"ဟင်းဟင်း ရှင်တို့သားအဖတွေရဲ့ ဂုဏ်သိက္ခာတွေ မြောင်းထဲရောက်သွားမယ့်ဝှက်ဖဲလေးပါ၊ ဒီတိုက်ခန်းမှာ ကျွန်မစလာနေကတည်းက စီစီတီဗီတပ်ထားခဲ့တာ ရှင်မသိဘူးမဟုတ်လား၊ ကျွန်မတို့ကြည်နူးမှုလေးတွေကို ပြန်ပြီးခံစားချင်လို့ပါ၊ ဟင်းဟင်းဟင်း၊ အဲဒီပုံရိပ်လေး အင်တာနက်ပေါ်ရောက်သွားမယ်ဆိုရင် ရှင်သားနဲ့ရှင်တို့အသိုက်အဝန်းတင်သိမှာမဟုတ်ဘူး၊ တစ်ကမ္ဘာလုံး ပျံ့နှံ့သွားမှာနော်"

"ပွင့်ဖူးနိုင် မင်း ... မင်း"

မထင်မိ၊ ပွင့်ဖူးနိုင် ဒီလိုအောက်တန်းကျသော ဝှက်ဖဲတစ်ချပ်ကို သိုသိပ်စွာ သိမ်းဆည်းထားခဲ့လိမ့်မည်ဟု မထင်မိ၊ ခံပြင်းလိုက်သည်မှာ သွေးတွေတောင် ပွက်ပွက်ဆူဝေလာသည်။ ဒီမိန်းကလေးပြောသလို တကယ်လုပ်မည်ဆိုတာ မှယုံလို့မရ၊ သူမလည်း တစ်သက်ရှလူတော

www.burmeseclassic.com

www.burmeseclassic.com



တိုးလို့မရအောင် အရှက်ကွဲမည်ဆိုတာ ဂရုစိုက်မည့်မိန်းကလေးမဟုတ်။

တွေးတောဆင်ခြင်ဉာဏ်နှင့် အသိတရားမရှိလို့ ဒီလောက်ထိ မိုက်တွင်းနက်နေခဲ့တာပဲမဟုတ်လား။ ဘာလုပ်ရမလဲ။ ဒါကိုကြောက်လို့ လိုက်လျောရလျှင်လည်း အမည်းစက်တွေ စွန်းထင်းပေကျံညစ်ပတ်နေသော သူမဘဝထဲ သားကိုပေးလိုက်ရတော့မည်။

ဟင့်အင်း ... သားကို ဒီမိန်းကလေးလက်ထဲ လုံးဝမထည့်နိုင်။ ဒါဆို သူမနှင့်ကိုယ့်ရဲ့ပုံရိပ်တွေ အင်တာနက်ပေါ်ပျံ့နှံ့သွားလျှင်ရော သား ... သားအရှက်ရပြီး သူ့မာမီလို ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေသွားနိုင်၏။ ဟား ...။

"ပွင့်ဖူးခိုင် ... မင်း ... မင်း ယုတ်မာလိုက်တာ ကောက်ကျစ်လိုက်တာ အဆင့်အတန်းမဲ့လိုက်တာကွာ"

"ရှင်တို့ကရော ဘယ်လောက်တောင် အဆင့်အတန်းရှိနေကြလို့လဲ၊ မိန်းကလေးတစ်ယောက်ကို လိမ်ညာလှည့်ဖြားပြီးများ ပညာပေးဖို့ ချစ်ဟန်ဆောင်တယ်၊ ရှင့်သားပညာတတ်ကြီး သေချာသိအောင်ပြောပြလိုက် ဦးမင်းဆက်ရာ၊ ပွင့်ဖူးခိုင်ဆိုတဲ့ မိန်းမက အဲဒီလောက်မညံ့ပါဘူးလို့"

"ဟုတ်လား ... မင်းရော မင်းလုပ်ချင်တာလုပ်ခွင့်ရမယ်လို့ ထင်နေလား ပွင့်ဖူးခိုင်"

"ဘာလို့မရရမှာလဲ၊ ဒါမျိုးတွေကို မိန်းကလေးတွေ အရှက်ကွဲဖို့အတွက် ငွေညှစ်ဖို့အတွက် ရှင်တို့ယောကျ်ားတွေလောက်သာ လုပ်တတ်တယ်၊ ယုတ်မာကောက်ကျစ်တတ်တယ်မထင်နဲ့၊ စက္ကန့်ပိုင်းလောက်အတွင်းမှာ ရှင်တို့ဘဝတွေကို ဖျက်ဆီးပစ်လိုက်လို့ရတယ် နားလည်လား"

"ကဲ.. ဖျက်ဆီးချင်ဦး"



"အား ... အ ... အ .. ဦး ... ဦး ဘာလုပ်လိုက်"

ခါးကြားမှာအသင့်ဆောင်လာခဲ့သောဓားဖြင့် ပွင့်ဖူးခိုင် နှလုံးအိမ်တည့်တည့်ကို တခုံးထိုးထည့်လိုက်သည်။ ထင်မှတ်မထားသဲ့ အထိုက်ခံသွားသော ပွင့်ဖူးခိုင်ကိုယ်လေးက ကိုယ့်ရှေ့ကိုလဲပြိုကျလာတော့ ဖမ်းပွေ့ထိန်းထားလိုက်၏။ ပြီးမှ ဓားကိုဆောင့်ဆွဲနုတ်ပြီး အံကိုကြိတ်ကာ

"ဟောဒါ ငါ့မိန်းမရဲ့နာကျင်မှုတွေအတွက် သေဆုံးခဲ့ရမှုတွေအတွက်"

"အား"

"ဒါက ငါ့ဂုဏ်သိက္ခာတွေအတွက်"

"အား"

"ဒါ ... ဒါက ငါ့သားလေးအတွက်"

"အ"

ပွင့်ဖူးခိုင် လုံးဝမလှုပ်နိုင်၊ ဘာစကားမှမပြောနိုင်တော့ဘဲ ပါကားခင်းပေါ် သွေးပွက်ပွက်ထွက်ကျလျက် လဲပြိုခွေကျသွားသည်။ ကျေနပ်အားရစွာ ပြုံးပစ်လိုက်၏။ ကိုယ့်လုပ်ရပ်မှန်လား မှားလား ကိုယ်သည်းသေချာခွဲခြားမသိတော့။

သားနှင့် ကိုယ့်ရဲ့အရှက်သိက္ခာကို သူမဘာမှမလုပ်နိုင်တော့တာကိုပဲ ကျေနပ်သွားမိသည်။ ပွင့်ဖူးခိုင် မင်းဘာတတ်နိုင်သေးလဲ။ ယောကျ်ားတွေကို မင်းကများဆော့ကစားစရာလို့ ထင်နေလား။ ငါ့မိန်းမ ငါ့သား ငါ့ဂုဏ်သိက္ခာ အသိုက်အဝန်း ပတ်ဝန်းကျင်အတွက် ငါဒီလိုလုပ်ခွင့်ရတာ ကျေနပ်သွားပြီ။

မင်းလိုမိန်းမမျိုး နောင်ဘဝလူမဖြစ်ပါစေနဲ့ ..။

၀၀၀

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"ဒယ် ... ဒယ်ဒီ ဘယ်လိုဖြစ်ရတာလဲ၊ ဘယ်လိုဖြစ်ရတာလဲ ဒယ်ဒီရယ်"

အချုပ်ခန်းသံတိုင်တွေနောက်မှာ ဒယ်ဒီ့ကိုမြင်လိုက်ရတော့ ရင်ထဲမှာ ဝမ်းနည်းကြေကွဲဆို့နင့်သွားမိသည်။ ရဲစခန်းကနေ ဦးမင်းဆက်ရာ လူသတ်ပြီးလာအဖမ်းခံလို့ပါဟု အကြောင်းကြားလာတော့ ကိုယ့်နားကိုယ်ပင် မယုံနိုင်။ ဒယ်ဒီ လူသတ်ရဲလောက်အောင် စိတ်ဓာတ်ကြမ်းကြုတ် ခက်ထန်သူမှမဟုတ်တာ။ ဒါကြောင့် လက်တွေ့မြင်ရမှယုံမိမှာမို့ အဘိုးကိုတောင် အကြောင်းမကြားဘဲ ရဲစခန်းကို အပြေးရောက်လာခဲ့တာပါ။

ဒယ်ဒီက မျက်ရည်တွေကျနေသည်။ သံတိုင်တွေကြားကနေ သူ့လက်တွေကို တင်းကျပ်စွာဆုပ်ညှစ်ကိုင်ထားပြီး

"ပွင့်ဖူးခိုင်ကို သတ်လိုက်ရလို့ ဒယ်ဒီနောင်တမရဘူးသား။ သားမာမီအတွက်၊ သားအတွက်၊ ဒယ်ဒီ့ဂုဏ်သိက္ခာတွေအတွက် သူ့ကိုသတ်သင့်လို့ သတ်လိုက်တာပါ၊ သားနဲ့လက်မထပ်ရရင် ဒယ်ဒီနဲ့သူနဲ့ လင်မယားလိုကြည်နူးပျော်ရွှင်နေခဲ့တဲ့ပုံတွေကို စီဒီတီဗီနဲ့ ဖမ်းထားတာ အင်တာနက်ပေါ်တင်မယ်လို့ ခြိမ်းခြောက်လာတယ်"



"ဗျာ"

"ဒယ်ဒီ ဘယ်လိုမှစိတ်မထိန်းနိုင်တော့လို့ပါ သား၊ ဒီလို မိန်းကလေးမျိုးကသေသင့်တယ်၊ လူ့လောကကြီးမှာ မရှိသင့်ဘူးမဟုတ်လား။ ဒယ်ဒီသူ့ကိုသတ်လိုက်တာ မမှားဘူးမဟုတ်လား"

"ဟုတ်တယ် မမှားဘူး။ ဒီလိုမိန်းကလေးကို ဒယ်ဒီသတ်ပစ်လိုက်တာမှန်ပါတယ်၊ ဒါမှယောကျ်ားတွေက သူဆော့ကစားရမယ့် အရာတွေမဟုတ်ဘူးဆိုတာ သူနောင်ကြဉ်သွားမှာ၊ မလုပ်သင့် မလုပ်အပ်တဲ့ အရာတွေလုပ်ရင် ဒီလိုအပြစ်ဒဏ်ခံရတတ်တယ်ဆိုတာ သူသိသွားမှာပါ။ နောင်ဘဝကျရင် သူဒီလိုမဟုတ်တာ မကောင်းတာ မလုပ်ရဲလောက်တော့ပါဘူးဒယ်ဒီ၊ ဒါပေမဲ့ ဒယ်ဒီလည်း မလုပ်သင့်တာလုပ်မိလို့ အပြစ်ဒဏ်ခံရတော့မယ်မဟုတ်လားဒယ်ဒီ"

"သား"

"ပွင့်ဖူးခိုင်လုပ်ရပ်တွေက ဥပဒေနဲ့ ပုဒ်မတွေတပ်ပြီး အပြစ်ပေးလို့မရလို့ ဒယ်ဒီစိတ်လိုက်မာန်ပါနဲ့ ဒီလိုလုပ်လိုက်တာကို သားနားလည်ပါတယ်၊ ဒါပေမဲ့ လူသတ်မိတဲ့အထိ စိတ်မထိန်းနိုင်ဘဲ လူသတ်လိုက်တာလည်း ဒယ်ဒီအပြစ်လုပ်မိတာပဲ၊ အဲဒီအပြစ်အတွက် ဒယ်ဒီလည်း ထောင်ထဲမှာ အပြစ်ကြွေးတွေ ဆပ်ရတော့မယ်"

"ကျေနပ်တယ်သား။ အဲဒီအပြစ်ကြွေးကို ဒယ်ဒီကျေကျေနပ်နပ်ဆပ်မယ်၊ အပြစ်လုပ်တဲ့သူဟာ အဲဒီအပြစ်ကြွေး ပြန်ဆပ်ရမယ်ဆိုတာ အမလွန်ကနေ ပွင့်ဖူးခိုင်လည်း သိလောက်ပြီ၊ အချုပ်ထောင်ထဲကနေ ဒယ်ဒီလည်း သိသွားပါပြီ၊ တခြားအသိတရားရှိတဲ့သူတွေလည်း အပြစ်မလုပ်ဖို့ ကြောက်သွားကြမှာပါသား"

"ဒါပေမဲ့ ဒယ်ဒီရယ်"

ရင်ထဲမှာမချိအောင် ခံစားရတာမို့ ဆို့နင့်စွာနှင့် ငိုချလိုက်မိသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဘာတန်ဖိုးမှမရှိသော မိန်းမတစ်ယောက်ကြောင့် မာမီလည်းသေရ၊ ဒယ်ဒီလည်း ထောင်ကျရ၊ နာမည်ပျက်စာရင်းနှင့် တစ်သက်လုံးလည်း သိက္ခာကျရတော့မည်။

"သား . . . သားမငိုပါနဲ့ သားရယ်၊ သားငိုနေတော့ ဒယ်ဒီ့ရင်ထဲ မခံစားနိုင်တော့ဘူး သားရယ်"

"မာမီနဲ့ သေကွဲကွဲရ၊ ဒယ်ဒီနဲ့ ရှင်ကွဲကွဲရ၊ သားခံစားနိုင်ပါ့မလား ဒယ်ဒီ၊ ဒီလိုအိမ်ထောင်ရေးဖောက်ပြန်တတ်တဲ့ ဖခင်တွေကြောင့် တခြားမိသားစုတွေလည်း ဒီလိုပဲ ပူဆွေးသောကတွေနဲ့ကြုံကြရမှာပဲနော်၊ ဘာလို့ တစ်လင်တစ်မယားစနစ်၊ တစ်အိုးတစ်အိမ် တည်မိသားစုစနစ်နဲ့ ဘဝကိုရိုးရိုးဖြောင့်ဖြောင့် မဖြတ်သန်းချင်ကြတာလဲ၊ တချို့မိန်းကလေးတွေကရော ဘာကြောင့်အိမ်ထောင်သည်မှန်း မိသားစုရှိမှန်းသိရဲ့နဲ့ ကိုယ့်ဘဝလုံလောက်ဖို့အတွက် ဘာလို့များ သူများမိသားစုဘဝကို ဖျက်ဆီးချင်ရတာလဲ၊ အငယ်အနှောင်း မယားပြိုင်၊ စပွန်ဆာ၊ ပိုင်ရှင်ဆိုတဲ့ အမည်နာမတွေဟာ ဂုဏ်ရှိတယ်လို့ ထင်နေကြသလား။ မိသားစုအသိုက်အဝန်းကြားမှာ ဘယ်လောက်တောင် ရှက်စရာသိမ်ငယ်စရာကောင်းတယ်ဆိုတာ သူတို့သိသင့်တယ်။ တချို့မိန်းကလေးတွေကျတော့ ငါတို့ငတ်တာ အဆင်မပြေတာကို ဘယ်သူမှကူညီတာမဟုတ်ဘူး ဒီတွေ ဂရုစိုက်နေလို့ရမလားဆိုပြီး အရွဲ့တိုက်ချင်တဲ့သူတွေကရှိသေးတယ်"

"သား"

သားရဲ့လေးနက်ရင့်ကျက်စွာ ပြောနေသောစကားတွေက ကိုယ့်ရဲ့အမှားတွေကို ထောင်ပြနေသလိုရှိသည်။ အပြစ်ကြွေးအတွက် ဆေးဆပ်ရမှာ ဝမ်းမနည်းပေမယ့် သားကိုဒီလိုပုံစံမျိုးနှင့် ထားခဲ့ရမှာတော့ နာနာကျင်ကျင် ခံစားရ၏။ သားက မျက်ရည်တွေပြည့်အိုင်နေလျက်နှင့် . . .



"လူ့လောကကြီးမှာ ဒီလိုမျိုးကိစ္စတွေမရှိကြရင် မိသားစုတွေ အေးအေးချမ်းချမ်းနဲ့ ပျော်စရာကောင်းကြမှာပဲ၊ အခုတော့ နာကျင်စရာ ကြေကွဲစရာ ဝမ်းနည်းစရာနဲ့ လောကကြီးက စိတ်ပျက်စရာကောင်းလိုက်တာ၊ ဟင့်အင်း . . . လောကကြီးက ဒီအတိုင်းပါပဲ၊ လူတွေကပဲ စိတ်ပျက်စရာကောင်းတာ၊ လူတွေရဲ့စိတ်ဓာတ်တွေက ပျက်စီးနေတော့ လောကကြီးက နေလို့မကောင်းတော့ဘူးပေါ့၊ လောကကြီးကောင်းကျိုး အသိုက်အဝန်းကောင်းကျိုး၊ မိသားစုကောင်းကျိုးအတွက် စွန့်စားတာ စွန့်လွှတ်တာ ပေးဆပ်တာမျိုးမရှိတော့ဘဲ၊ ကိုယ့်တစ်ကိုယ်စာ စိတ်သာယာဖို့ ကြည်နူးခံစားဖို့ပဲ တွေးနေကြတော့ မဖြစ်သင့်တာတွေဖြစ်ကြရတာ ဒယ်ဒီ"

"သားက စာတွေများများဖတ်တော့ အသက်အရွယ်ထက်မကတဲ့ အသိတရားတွေနဲ့ ရင့်ကျက်လိုက်တာသားရယ်၊ သားကိုတစ်ယောက်တည်းထားခဲ့ရမှာ ဒယ်ဒီစိတ်ချပါပြီ၊ ဒယ်ဒီ့အပြစ်ကြွေးတွေဆပ်ပြီး ထောင်ကထွက်လာရင် သားအတွက် နွေးထွေးမှု၊ လုံခြုံမှုမေတ္တာတွေ အပြည့်အဝပေးနိုင်တဲ့ ဖခင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်သား"

"အဲဒီအချိန်ကို သားဂုဏ်ယူစွာနဲ့ စောင့်နေပါ့မယ်ဒယ်ဒီ၊ တကယ်တော့ အချစ်ကသန့်စင်နွေးထွေးပါတယ်၊ ဖြူစင်ရိုးသားပါတယ်၊ လူတွေကသာ ရမ္မက်အာသာဆန္ဒဖြေဖျောက်မှုကို အချစ်လို့မှားယွင်းသုံးစွဲနေကြတာ၊ မသန့်စင်တဲ့လူတွေကြောင့် အချစ်ရဲ့ဂုဏ်သိက္ခာတရားတွေ ကျဆင်းနေရတာပါ ဒယ်ဒီ၊ သားအလှည့်ကျရင်တော့ အချစ်ကိုအမြင့်ဆုံးရောက်အောင် မြေတောင်မြှောက်ပေးဖို့ စဉ်းစားထားတယ်၊ ရိုးသားတဲ့အချစ်တွေနဲ့ ဂုဏ်သိက္ခာရှိတဲ့ မိသားစုဘဝကို တည်ဆောက်မယ်ဒယ်ဒီ"

"သာဓု . . . သာဓု . . . သာဓုပါသားရယ်၊ သားမျှော်လင့်တဲ့ဘဝကို ပိုင်ဆိုင်နိုင်ပါစေ"

www.burmeseclassic.com



ဒယ်ဒီ့ရဲ့ဆုတောင်းစကားသံက အချုပ်ခန်းသံတိုင်တွေကြား
ထဲမှာ လွမ်းမောစွာနှင့် ပျံ့လွင့်ကျန်ရစ်ခဲ့သည်။ ဒယ်ဒီ့ရဲ့ ပြောင်းလဲမှုတွေ
အတွက် သူဘယ်နှနှစ်စောင့်ရမလဲ။ 'အပြစ်ကြွေးတွေကျေအောင်ဆပ်
ဖို့ ဘယ်နှစ်နှစ်ဖြစ်ဖြစ် သူစောင့်ရမှာပါပဲ။ သားက ဂုဏ်ယူရတဲ့အဖေ
အဖြစ်နဲ့ ပြန်လာခဲ့ပါဒယ်ဒီ။

သားသမီးက ဂုဏ်ယူလေးစားရသော မိဘတွေဖြစ်ကြပါစေ

ဝဝဝ

## စာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၁။ ရင်ခွင်စားငှက်
၂။ ရင်ထဲရှိတဲ့အတိုင်း – သစ္စာနှင်းဆီဗီဒီယို
၃။ အရောင်ကွဲပုံရိပ်
၄။ အခမဲ့ရင်ပြင် – အောင်သီရိဗီဒီယို
၅။ ခြယ်သမမီ တိမ်ပန်းချီ – အောင်သီရိဗီဒီယို
၆။ ရှိုက်သံကင်းမဲ့ဖုန် – အောင်သီရိဗီဒီယို
၇။ အလင်းမဲ့ည – မာန်ထက်ချီဗီဒီယို
၈။ ရွှေရင်သိမ်းသစ်စကားဗျာ – အောင်သီရိဗီဒီယို
၉။ စိတ်မျှော်စင်
၁၀။ မိန်းမလှဋီကာ – အောင်သီရိဗီဒီယို
၁၁။ အနာဂတရလေပြည် – ပါဝါကင်းဗီဒီယို
၁၂။ ပင်လယ်ရေနဲ့ဆေးပါ့မယ် –
၁၃။ ပန်းနုရောင်နီဒါန်း – မျက်ခြယ်ဗီဒီယို
၁၄။ တိမ်ပြာပြာနေ့တစ်နေ့ –
၁၅။ ရင်ခုန်သံအဓိပ္ပာယ် – ရုပါစတားဗီဒီယို
၁၆။ အချစ်ညွတ်ကွင်း – [illegible] ဗီဒီယို
၁၇။ အသည်းကွဲအောင်လက်မှတ် – သစ္စာနှင်းဆီဗီဒီယို
၁၈။ အနမ်းများနှင့်ရှေ့ဆက်ခွင့်ပြုပါ – အောင်သီရိဗီဒီယို
၁၉။ အရောင်မဲ့သင်္ကေတ – ရွှေစင်ဦးဗီဒီယို
၂၀။ ပြောဖို့လိုသေးလား – အောင်သီရိဗီဒီယို
၂၁။ မင်းအတွက်ဆို – မာန်ထက်ချီဗီဒီယို
၂၂။ သက်တမ်းရင့်သမုဒယ – သစ္စာနှင်းဆီဗီဒီယို
၂၃။ မေ့ဖို့မလွယ် – အောင်သီရိဗီဒီယို

[redacted]

www.burmeseclassic.com